# ပတ္တမြားမိုမို

## ရတနာကျောက်တို့၏ နန်းတော်



# ရတနာ ဘုရင်တို့၏ နန်းတော်

ပတ္တမြားမိုမို

# The Palace of The Jewel Kings

By

Ruby Mo Mo

Translated By

U Ohn Khine

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသား အားလုံး၏ တာဝန်ဖြစ်သည်။



# ကျီးသဲညွှန့်နိုင်၏

## အမှာစာ

ဒီနေ့ မြန်မာ့စာပေလောကမှာ ကျောက်မျက်ရတနာ အကြောင်းရေးတဲ့ စာရေးသူ အလွန်နည်းပါးလှတယ်။

ကျောက်မျက်ပညာမှာ သိပ္ပံပညာရပ် တစ်ခုဖြစ်နေတာမို့ ကျောက်မျက်သိပ္ပံပညာကို မကျွမ်းကျင်သူတွေကလည်း ဒီပညာရပ်အကြောင်းကို လက်ရှောင်နေကြတယ်။ အရေးနည်းကြတယ်။

ကျောက်မျက်သိပ္ပံပညာကို ကျွမ်းကျင်သူ ပညာရှင်တွေကလည်း (ပညာရှင်အချို့ကလွဲပြီး) စာရေးလေ့မရှိကြလို့ သူတို့စာတွေကို မတွေ့ရဘူး။

ဒီအထဲက ဘူမိဗေဒပါမောက္ခ ဒေါက်တာတင်အေးနဲ့ ဒုပါမောက္ခချုပ် ဆရာကြီး ဦးဉာဏ်သင်းတို့ရဲ့ ကျောက်မျက် ပညာဆိုင်ရာ စာတွေကိုသာ အများဆုံး တွေ့ခဲ့ရတယ်။

နောက်ပိုင်းမှာ ဘူမိဗေဒပါမောက္ခ ဒေါက်တာဦးသိန်းနဲ့ ဘူမိဗေဒတွဲဖက် ပါမောက္ခ ဦးတင်လှိုင်တို့ရဲ့ စာအချို့ကို တွေ့ခဲ့ရတယ်။ ဆရာဦးတင်လှိုင်ကတော့ နိုင်ငံတကာ စာနယ်ဇင်း အချို့မှာပါ ကျောက်မျက်ပညာကို အင်္ဂလိပ်လိုရေးနေတာ တွေ့ရတယ်။

အဲဒီနောက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှာ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ စာရေးဆရာ မောင်ကျော်သာ-ပဲခူး(ကျောက်ရိုင်း-ဘူမိ)ရဲ့ စာတွေထွက်လာတယ်။ ဆက်တိုက်လည်းရေးလာတယ်။ ဒါကြောင့်ဝမ်းသာမိတယ်။

ကျန်တဲ့ ကျောက်မျက်ပညာရှင်တွေရဲ့ စာတွေကိုတော့ စာနယ်ဇင်းအချို့မှာ ထုံ့ပိုင်းထုံ့ပိုင်း အနည်းငယ်သာ တွေ့ခဲ့ရပြီး၊ ဆက်မတွေ့ရတော့ဘူး။

ကျောက်မျက်သိပ္ပံပညာရပ်တွေကို အထူးကျွမ်းကျင်တဲ့(ပတ္တမြားဝင်းထိန်လို့ အမည်တွင်ခဲ့တဲ့) ကျွန်တော်တို့ကို ကျောက်မျက်သိပ္ပံပညာတွေ စာတွေ့လက်တွေ့ အထူးစနစ်တကျ သင်ပေးခဲ့တဲ့ ကျွန်တော့်ဆရာပါမောက္ခဒေါက်တာ ဦးဝင်းထိန်ဆိုရင် ဘူမိဗေဒဆိုင်ရာ နိုင်ငံတကာ စာနယ်ဇင်းအချို့မှာ ကိုယ်ပိုင်သုတေသန စာတမ်းအချို့ကို ရေးသားဖော်ပြခဲ့ပေမယ့်၊ မြန်မာစာနယ်ဇင်းတွေမှာတော့ မတွေ့ခဲ့ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဆန္ဒမပြည့်ဝခဲ့ကြဘူး။

ကျွန်တော်တို့ဆန္ဒက ကျောက်မျက်ပညာ လေ့လာလိုက်စားသူတွေအတွက် ဆရာတို့စာတွေအများကြီး ထွက်လာစေချင်တယ်။

ဒါမှ ကမ္ဘာပေါ်မှာ ကျောက်မျက်ရတနာအမျိုးအစားအစုံဆုံး(၃၆မျိုးအထိ)ထွက်တဲ့ မြန်မာနိုင်ငံ၊ ကမ္ဘာ့အကောင်းဆုံးပတ္တမြားထွက်တဲ့ မြန်မာနိုင်ငံ၊ ကမ္ဘာ့အကောင်းဆုံး ကျောက်စိမ်းထွက်တဲ့ မြန်မာနိုင်ငံက ပြည်သူတွေ ကျောက်မျက်ပညာအကြောင်း စနစ်တကျ နားလည်လာကြမယ်။ လုပ်တတ် ကိုင်တတ်ဖြစ်လာကြမယ်။ သူများတကာတွေရဲ့ အလိမ်အညာ မခံရအောင် ဗဟုသုတတွေ များလာကြမယ်။ ကျောက်မျက် ရောင်းဝယ်ရေးလုပ်ငန်းတွေ အောင်မြင်လာကြမယ်။ ကြီးပွားချမ်းသာ



လာကြမယ်။

ဒီအချိန်မှာ ပြင်ပက စာရေးဆရာတွေထဲမှာတော့ ဆရာဦးလှဝင်း(လေသူရဲ တစ်ဦး)က စာရေးအားကောင်းတယ်။ ကျောက်မျက်အကြောင်းအတွေ့အကြုံတွေကို လစဉ်ရေးနေတယ်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

ဟော… အခု ကျောက်မျက်လောကအကြောင်း စာရေးအားကောင်းမယ့် ကလောင်တစ်ချောင်းကို ထပ်တွေ့ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပြန်ပြီ။

ပတ္တမြားမိုမိုတဲ့…

သူ့စာတွေကို စာနယ်ဇင်းအချို့မှာ မကြာခဏတွေ့ရလို့ ဂရုထားပြီး ဖတ်ခဲ့မိတယ်။ စာအရေးအသား ညက်ညောတယ်။ သွက်လက်တယ်။ သုတအပြင် ရှသကလေးတွေပါ ပါအောင် ထည့်နိုင်တာတွေ့ရတယ်။ နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲတွေက ကိုယ်တွေ့ဖြစ်ရပ်ကလေးတွေကို ပုံဖော်နိုင်တယ်။ ပြည်တွင်း ကျောက်မျက် ရောင်းဝယ်ရေးလောက အတွေ့အကြုံကလေးတွေကို ထင်ဟပ်နိုင်တယ်။ စာဖတ်သူကို ဆွဲဆောင်နိုင်တယ်။

ဒါကြောင့် ကျွန်တော်က သူ့ကို လက်ကမ်းကြိုဆိုမိပါတယ်။

ဘယ်ပညာရပ်မှာပဲဖြစ်ဖြစ် ထူးချွန်ဖို့ဆိုရင် အထူးအားစိုက်ရတယ်။ ကြိုးပမ်းလေ့လာ၊ လေ့ကျင့်၊ သုတေသနပြု၊ တင်ပြဆွေးနွေး အသိဉာဏ်ဖလှယ်ကြရတယ်။

ကျောက်မျက်ပညာရပ်ကိုလည်း ထူးချွန်အောင်မြင်ကြီးပွားချင်ရင် အားစိုက် လေ့လာရမယ်။ ဆည်းပူးရမယ်။ ဆွေးနွေးရမယ်။ သုတေသနပြုရမယ်။ ရေးသားတင်ပြကြရမယ်။

ဒါမှ နိုင်ငံတကာနယ်ပယ်မှာ ကျွန်တော်တို့ရှေ့ကဖြတ်တက်ပြီး အောင်မြင်သွားခဲ့ကြတဲ့ နိုင်ငံတွေကို အရှုံးမပေးဘဲ

ပုခုံးချင်းယှဉ်နိုင်လာမယ်။ အောင်မြင်မှု အသီးအပွင့်တွေကို ခူးဆွတ်ယူနိုင်မယ်။

အခု မြန်မာ့စာနယ်ဇင်းတွေထဲမှာ ရေးသားဖော်ပြခဲ့တဲ့ 'ပတ္တမြားမိုမို'ရဲ့ ကျောက်မျက်ရတနာအတွေ့အကြုံ ဆောင်းပါးတွေကို စုပေါင်းပြီး 'ရတနာဧကရာဇ်တို့၏ နန်းတော် The Palace of the Jewel Kings' ဆိုတဲ့ အမည်နဲ့ မြန်မာအင်္ဂလိပ်နှစ်ဘာသာ စာအုပ်ဖြစ်လာပြီ။

ဒီစာအုပ်မှာ ကျွန်တော့်ကို အမှာစာ ရေးသားပေးဖို့ ပတ္တမြားမိုမိုက တောင်းဆိုလာတဲ့အခါ ကျွန်တော်ကလည်း အင်အားသစ်တစ်ခု တိုးတက်လာမှုကို ဝမ်းမြောက်ဝမ်းသာ အားပေးကြိုဆိုလက်ခံဆောင်ရွက်ပေးခဲ့ပါတယ်။

ပတ္တမြားမိုမိုရဲ့ ဒီစာအုပ်ကိုဖတ်ရတဲ့ ကျောက်မျက်သုတေသီတို့အတွက် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလောကအတွက် တိုးတက်ရာတိုးတက်ကြောင်း တစ်တပ်တအားဖြစ်လာနိုင်ပါကြောင်း ဖော်ပြရရင်····

ကျီးသဲညွန့်နိုင်



ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် ◆ ၄၆၄/၂၀၀၀(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၅၂၃/၂၀၀၀(၈)
ပုံနှိပ်ခြင်း ◆ ပထမအကြိမ်
အုပ်ရေ ◆ ၁၀၀၀အုပ်
ထုတ်ဝေသည့်ကာလ ◆ ၂၀၀၀ပြည့်နှစ်၊ စက်တင်ဘာလ
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ◆ ဦးဉာဏ်လှိုင်(၀၅၂၅၃)
ဗမ္ဗူတလူပုံနှိပ်တိုက်
အမှတ်(၁၁၁၀)၊ ရွှေတောင်ကြား ၅လမ်း၊
၆၃ရပ်ကွက်၊ စက်မှုဇုန်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ◆ ဦးကျော်ဆန်း(ရဲအောင်စာပေတိုက်) (၀၉၃၂)
အမှတ်(၂)၊ ချုန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။
စာအုပ်ချုပ် ◆ ဗမ္ဗူတလူ
မျက်နှာဖုံး သရုပ်ဆောင် ◆ သီရိဘို
မျက်နှာဖုံးဒီဇိုင်း ◆ ပတ္တမြားမိုမို၏အတွေးကို
မင်းသစ္စာသရုပ်ဖော်သည်
ကွန်ပျူတာ ◆ ရှုပါ
တန်ဖိုး ◆ (၃၀၀/-)

# အညွှန်း
# Index


၁။ မြန်မာ့ပတ္တမြား - - - - - - - - - ၁
1. Myanmar's Ruby - - - - - - - - 205

၂။ မြန်မာ့ကျောက်စိမ်း - - - - - - - - - ၂၅
2. Myanmar's Jade - - - - - - - - 221

၃။ မြန်မာ့နီလာ - - - - - - - - - ၅၁
3. Enchanting Sapphire - - - - - - - 241

၄။ ရတနာတို့ရဲ့ ကေရာဇ် 'စိန်' - - - - ၆၉
4. The King of Jewel - Diamond - - 255

၅။ ချစ်စရာ့မြ - - - - - - - - - ၉၅
5. Enchanting Emerald - - - - - - 279

၆။ တောင်ပင်လယ်ပုလဲ - - - - - - - - ၁၂၁
6. South Sea Pearl - - - - - - - 297

၇။ တော်ဝင်ပုလဲနက် - - - - - - - - ၁၅၃
7. The Royal Black Pearl - - - - - 315

၈။ ရတနာဝတ်ဆင်ခြင်း၏ အကျိုးကျေးဇူးများ – ၁၆၉




# ကျေးဇူးတင်ရှိပါသည်

**'ပတ္တမြားမိုမို'** ဟူသော ကလောင်တစ်ချောင်းအား ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးဖြင့် ပင်ပန်းကြီးစွာ မွေးဖွားပေးခဲ့သော ကျွန်မ၏ မောင်ငယ် **ကိုဇော်ဇော်(ဘိုအဖွဲ့)**အား လည်းကောင်း-

'မြန်မာ့ရတနာ နိုင်ငံတကာသို့' ဆောင်းပါးများဖြင့် စာပေစင်မြင့်ပေါ်သို့ ဆွဲတင်ခဲ့သော **ဦးမြတ်နိုင်(ကြီးပွားရေး)**အား လည်းကောင်း-

ရတနာဆောင်းပါးများအား လစဉ်ဖော်ပြပေးခဲ့သော အပျိုမဂ္ဂဇင်း အယ်ဒီတာနှင့် စာပေမျိုးစေ့ စတင်ကြဲချပေးခဲ့သူ **ဆရာဦးကျော်ရင်မြင့်**အား လည်းကောင်း-

**'ရတနာကေရာဇ်တို့၏နန်းတော်'** စာအုပ်ဖြစ်မြောက်ရေးအား အလုံးစုံကြိုးပမ်းကူညီခဲ့သော ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာ **ဦးဝင်းငြိမ်း**တို့အား သစ္စာစကားဖြင့် ထာဝရ ကျေးဇူးတင်ရှိပါကြောင်း ပတ္တမြားမိုမို၏ စာပေသမိုင်းကြောင်းပေါ်တွင် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ပတ္တမြားမိုမို







# မြန်မာ့ပတ္တမြား

အာရှအရှေ့ဖျားရဲ့ ဒေင်ဥယျာဉ်လို့ တင်စားခေါ်ခံရတဲ့ ဟောင်ကောင်ကျွန်းပေါ်က Exhibition စင်တာကြီးထဲကနေ မှန်ချပ်ထူထူကြီးတွေကို ဖောက်ပြီး လှမ်းမြင်နေရတဲ့ ကောင်းလွန်းတစ်ဖက်ကမ်းရဲ့ အလှဟာ ပန်းချီတစ်ချပ် ရေးဆွဲထားသလို လွမ်းမောစရာ ကောင်းလှပါတယ်။

နှင်းငွေ့ရိုက်ထားသော မြူနှင်းမှုန်တို့ကြောင့် လျှပ်စစ်မီးရောင်စုံတို့ပင် တလက်လက် မတောက်ပနိုင်တော့သည့် မှုန်ဝါးဝါး ရသတစ်ခုသည်ပင် ထွစ်စုံတစ်ခုကို ခံစားစေရတာတော့ အမှန်ပင်။

'ဟောင်ကောင်အလှကို ကြည့်ရတာ အမြင်မကြည်လင်လိုက်တာ' ဟူသော သူငယ်ချင်းရဲ့ အသံကို ပြန်ကြားရင်း ပြုံးမိသေးသည်။

အပြင်မှာ အအေးဒီဂရီက ၂၆'။ ဒီပြပွဲကြီးမှာတော့ အပြင်ကထက် ပိုနိမ့်ကျကာ အအေးဒီဂရီ ၂၄'လောက် ရှိနေသဖြင့် ဒီလောက်အေးနေမှုမျိုးကို မြန်မာမလေးတစ်ယောက် အနေဖြင့် သိပ်တော့ မကြိုက်နှစ်သက်လှပါပေ။

ခြသေ့်တောင်ပေါ်က မီးရောင်လဲ့လဲ့ဖြင့် မိုးမျှော်တိုက်ခန်းတွေကို ကြည့်ရသည်မှာ နေရောင်အောက်က စလင်းကျောက်တုံးလေးတွေကို တစ်စုတဝေးတည်း စီရရီထောင်ထားသလို ချစ်ကြည်နူးစရာ ကောင်းလိုက်တာ။

ဟောင်ကောင်နဲ့ ကောင်းလုံကြား ပင်လယ်ရေလက်ကြားထဲက မီးရောင်လဲ့လဲ့နှင့် သင်္ဘောကြီးတွေ၊ လှေငယ်လေးတွေကို မြင်ရတော့ ဟိုးတစ်ချိန်က ဟောင်ကောင်ကို ရောက်ခဲ့ရင်ဖြင့် ဒီလို ကြယ်ရောင်လရောင်အောက်မှာ ဖယ်ရီ

ကူးတို့ လှေကလေးစီးပြီး ညစာစားရင်း လင်မာကျွန်းကို သွားလည်ရရင် ကောင်းရဲ့လို့ စိတ်ကူးယဉ်အိပ်မက်တွေ မက်ခဲ့ဖူးသည်။

ခုတော့ ဒီစိတ်ကူးတွေ ဘယ်ဆီပျောက်ရှကုန်ပြီလဲ။ မနက်ဖြန်ဆို ရတနာပြပွဲကြီး ပြီးတော့မည်မို့ ဟောင်ကောင် ရတနာကုန်သည်ကြီးများအသင်းက ကျွန်မတို့လို အပြည်ပြည်ဆိုင်ရာ ရတနာကုန်သည်တွေကို ညစာနှင့် တည်ခင်းကျွေးမွေးနေခဲ့သည်။ သူတကာတွေ ရယ်မောပျော်ရွှင်နေပေမယ့် ကျွန်မမှာမူ ပင်ပန်းလွန်းနေသဖြင့် မပျော်ပိုက်နိုင်အောင် ရှိလှသည်။ အဝေးသို့ ငေးနေစဉ်-

'ဟိုင်း Ruby စံ၊ မင်းရဲ့ အပြုံးတွေ ဘယ်မှာသိမ်းထားခဲ့တာလဲ'

နှုတ်ဆက်သံတစ်ခုကြောင့် အတွေးများ ဖြတ်တောက်ပြီး လှမ်းကြည့်မိသောအခါ ကိုဘေးမှ ရတနာကုန်သည် မစ္စတာ ကီတာကာတာကို တွေ့ရပါသည်။

သူက အရန်သင့်ပါလာသော ဘူဖေးမုန့်ပန်းကန်တစ်ချပ်ကို လှမ်းပေးရင်း သူနှင့် ကျွန်မ ကောင်းလုံရဲ့ အလှကို ခံစားကြပါသည်။

'ကျေးဇူးတင်ပါသည် မစ္စတာကီတာ၊ ကျွန်မ တစ်ယောက်တည်း အလွန်ပဲ ပင်ပန်းပြီး နုံးနေတာရှင့်၊ ရှင် ရောက်လာတော့ စကားပြောဖော်ရတာပေါ့'

သူနဲ့ကျွန်မ ခြသေ့်တောင်ဘက်ကို လှမ်းကြည့်ရင်း စကားတွေ ပြောဖြစ်ခဲ့ကြသည်။ အမှတ်တရပါပဲ။ မနက်ဖြန်ဆို ရတနာပြပွဲကြီး နောက်ဆုံးနေ့မဟုတ်လား။ ဒီတော့ ဒီပြပွဲလေးသည် တစ်နှစ်တစ်ခါ ဆုံကြရသော ရတနာကုန်သည်တို့ရဲ့ နောက်တစ်နှစ်စာ ကြိုလွမ်းရမည့် နှုတ်ဆက်ပွဲလေးလည်း ဖြစ်၍ နေလေသည်။

'Ruby စံ၊ ဒီနေ့ မင်း စီးပွားရေး သိပ်အဆင်ပြေတယ်ကွာ၊ မင်းဆိုင်ရှေ့မှာ ဝယ်သူတွေ ကြိတ်ကြိတ်တိုးနေတာပဲ၊ ဒီအတွက် ကျွန်တော် သိပ်ဝမ်းသာတာပဲ'

သူ့စကားကြောင့် ကျွန်မမှာ ရယ်ရသေးတော့သည်။

'လှေလာသူတွေချည်းပါပဲ ကီတာရယ်၊ ဝယ်သူက နည်းနည်းလေးပါ၊ အားလုံးပြီးသွားရင် ကျွန်မတော့ ကြွက်တက်ပြီး လဲနေတော့တာပဲ'

သူက 'အိုး··· မိုင်ဂေါ့'ဟု ဆိုကာ ရယ်ပါသည်။

'ရှင့်ဆိုင်ရော'ဟု စပ်စုရာ





'ကျွန်တော်က မဆိုးပါဘူး'ဟု ပွင့်ပွင့်လင်းလင်း ပြောပါသည်။

ဖြစ်နိုင်ပါသည်။ သူ့ဆိုင်မှာ သုံးခန်းတွဲဆိုင်ခန်းကြီးဖြစ်ပြီး အံ့သြစရာကောင်းသည်မှာ ဂျပန်နိုင်ငံမှ လာသော ကိုဘေး၊ အိုဆာကာနှင့် တိုကျိုမှ ရတနာဆိုင် အားလုံးနီးနီးသည် 'အဖြူရောင် တောင်ပင်လယ်ပုလဲများ'နှင့် 'အနက်ရောင် တီဟီတီပုလဲများ'ကိုသာ ရောင်းချကြပြီး သူ့ဆိုင်မှာကား အံ့သြဖွယ်ကောင်းလှစွာပင် ရတနာလက်ဝတ်များကို ရောင်းချပါသည်။ အထူးသဖြင့် 'မြန်မာ့ပတ္တမြား'များကိုသာ အများအပြား ရောင်းချသည်ကို တွေ့ရပါသည်။

ပို၍ အထူးခြားဆုံးက ကျွန်မ၏ မျက်နှာချင်းဆိုင်တွင်ရှိသော သူ၏ သုံးခန်းတွဲ ရတနာဆိုင်ကြီး၏ အမည်မှာ "MO MO YO KI TO JEWELLERY LTD' JAPAN" ဟု ရေးသားထားလေရာ သူ၏ မျက်နှာချင်းဆိုင်တွင်ရှိသော "RUBY MO MO GEMS AND JEWELLERY LTD' MYANMAR" ဟူသော အမည်သည် တော်ရုံတန်ရုံ တိုက်ဆိုင်မှုမျိုး မဟုတ်တော့ဘဲ အံ့သြဖွယ်ကောင်းသော တိုက်ဆိုင်မှုကြီးပင် ဖြစ်နေလေတော့သည်။

ဤသည်နှင့်ပင် သူရော ကျွန်မပါ တစ်ဦးကိုတစ်ဦးလည်း အထူးခင်မင်ခွင့် ရခဲ့ကြလေသည်။

'မနေ့က ကျွန်တော်ရွေးထားတဲ့ ပတ္တမြားပွင့်တွေကို သိမ်းထားပေးရဲ့လား Ruby စံ'

'သိပ် သေချာတာပေါ့'

'ဘာကြောင့် တခြားဝယ်လက်ကို မရောင်းပါသလဲ'

'ထုံးစံ မရှိဘူးလေ၊ ဒါ ကျွန်မရဲ့ တာဝန်ပဲ'

'အို… Ruby စံ၊ မင်းဟာ ကျွန်တော် လေးစားရမယ့် စာရင်းထဲမှာ ပါသွားပြီကွယ့်၊ မနက်ဖြန် တို့ တွေ့ကြဦးစို့'

ည ၁၀ နာရီထိုးတော့ ကျွန်မတို့တည်းခိုရာ Houour View Hotel သို့ လိုက်ပါပို့ဆောင်ပေးပြီး ပြန်သွားပါသည်။

ဘာပဲဖြစ်ဖြစ်တော့ ကျွန်မရဲ့ စိတ်နှလုံးကိုလည်းကောင်း၊ ကျွန်မရဲ့ ပတ္တမြားထုပ်ကလေးအပေါ်တွင်လည်းကောင်း အိပ်မက်လှလှ ပေးနိုင်စွမ်းသော ဒီဂျပန်ကိုယ်တော်ချောကြီး မနက်ဖြန်တွင် တိကျသော ဆုံးဖြတ်မှုများ ရရှိပါစေဟု ဆုတောင်းမိပါသည်။ မောမောနှင့် အိပ်ရာထက် လှချဲလိုက်သော ခဏတွင်ကား နေ့လယ်ပိုင်းဆီက အရောင်းကောင်တာထဲတွင် သူ ချည်နှောင်ထုပ်ပိုးထားခဲ့သော တစ်ကာရက်အရွယ် ပတ္တမြားတာပလာလေး ၉ ပွင့်၏ မျက်နှာငယ်ငယ်လေးများသည် ကျွန်မ၏ အိပ်မက်ထဲအထိ လိုက်ပါလေခဲ့ကြလေတော့သတည်း။

* * *

## ၁၉၉၇ ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ ရတနာပြပွဲကြီး၏ ပထမရက်

နိုင်ငံပေါင်း ၈၀ကျော် တက်ရောက်ခဲ့သော ဤရတနာပြပွဲကြီးထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်တက်ရောက်ခွင့် ရခဲ့ပါသည်။ ထို Myanmar Pavilions ထဲတွင် ကျွန်မ၏ ကျောက်မျက်ရတနာ ကုမ္ပဏီတစ်ခုလည်း ကံကောင်းကြီးစွာဖြင့် တက်ရောက်ခွင့် ရရှိခဲ့ခြင်းသည်ပင် ဘဝ၏ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ပြပွဲထဲသို့ ရတနာပြပွဲပြသသူ (Exhibitor)များကို နံနက် ၉ နာရီတွင် စတင်ဝင်ရောက် ပြင်ဆင်ခင်းကျင်းစေပြီး နံနက် ၁၁နာရီတွင် ရတနာချစ်သူ ဧည့်သည်တော်များ ဝင်ရောက်စေသည်နှင့် ကျွန်မဆိုင်ရှေ့မှာ လူတွေနှင့် ပြည့်ကျပ်နေ၏။

ကျွန်မဆိုင်၏ ဘေးချင်းကပ်လျက်မှာ ဆွစ်ဇာလန်မှ လာရောက်ပြသသော ရိုးလက်နာရီကုမ္ပဏီကြီးဖြစ်ကာ အညံ့ဆုံးနာရီတစ်လုံး၏ တန်ဖိုးမှာပင်



အမေရိကန်ဒေါ်လာ တစ်သောင်းခန့် ရှိပါသည်။

မျက်စောင်းထိုးတွင် အီတလီမှလာသော Li Li Diamond ဟူသော ရောမစိန်ဆိုင်ကြီးဖြစ်နေပြီး ၎င်းနှင့် ကပ်လျက် ကိုလံဘီယာမြဆိုင်ရှိလေရာ ဒေါင်းတို့အလယ် ရောက်နေသော ကျီးမည်းတစ်ကောင်လို ဆိုင်ငယ်ငယ်လေးနှင့် ကျွန်မဝမ်းနည်း အားငယ်လိုက်ပါဘိ။

သို့ပေမဲ့ ပြပွဲဖွင့်လိုက်သော ပထမရက်မှာပဲ ကျွန်မဆိုင်သည် ပြပွဲကြည့်သူတို့နှင့် ကြိတ်ကြိတ်တိုး စည်ကားလှချေ၏။ Myanmar ဆိုသော စကားလုံးလေးမြင်သည်နှင့် ခြေလှမ်းလေးတုံ့ခနဲဖြစ်ကာ မျက်လုံးလေးတွေက ပတ္တမြားပွင့်တွေဆီ ဖျတ်ခနဲ ရောက်သွားကြလေသည်။



'ဒီ ပတ္တမြားပွင့်တွေ ပြနိုင်မလား'

ကျွန်မက ကောင်တာထဲမှ ပတ္တမြားပွင့်များ ထည့်ထားသော ဘူးကလေးယူ၍ ဇန်းဖြူ တစ်ချပ်တွင် သွန်ကာ ဇာဂနာနှင့် မှန်ဘီလူးပါ ပေးလိုက်ပါသည်။

'ရှင် ဖြည်းဖြည်းကြည့်ပါ၊ ကြိုက်မှ ဝယ်ပါ၊ ကျွန်မ တခြားဝယ်လက်တွေကို ဈေးရောင်းခွင့် ပြုပါဦး'

သူ့ကို ခွင့်တောင်းပြီး ဝိုင်းအုံနေသော ဝယ်သူတွေနှင့် လက်မလည်အောင် အလုပ်ရှုပ်နေလေတော့သည်။ ပင်ပန်းလိုက်တာ။ တစ်ချက်ကလေးမှ နားလိုက်ရသည် မရှိ။ အတန်ကြာသော် အပွင့်ရေ ၅၀ကျော်ရှိသော ပတ္တမြားထဲမှ အပွင့် ၂၀ခန့်ကို စိတ်ကြိုက်ရွေးချယ်ပြီးသောအခါ သိမ်းထုပ်စေပြီး သူ့ကတ်ပြားလေးကို ထုတ်ပေးပါသည်။

မျက်နှာချင်းဆိုင်မှ သူ့ဆိုင်ကို လက်ညှိုးထိုးပြသောအခါ "MO MO YO KI TO" ဟူသော အမည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရပါတော့သည်။

ကိုယ့်ဓာနှင့် ကိုယ်မို့ ဒီဆိုင်အမည်ကို မူလက သတိမထားခဲ့မိပါချေ။ အံ့ဩငေးမောနေစဉ်ပင် -

'သိမ်းထားပါနော်၊ ကျွန်တော် ပြန်လာကြည့်ဦးမှာပါ' ဟု ပြောပြီး ထွက်သွားလေရာ -

'ဟာ… ဘာကြီးလဲကွာ၊ ဈေးလည်းမဆစ်ဘူး၊ ကြောင်တောင်တောင်နဲ့' ဟု ညီမငယ်က မေတ္တာပို့ပါလေတော့၏။

'ပြန်လာမှာပေါ့ဟာ၊ သူလည်း ငါတို့လို Exhibitor ပါပဲ' ဟု နှစ်သိမ့်လိုက်ရသော်လည်း ဈေးဦးရက်ကြီး လုပ်သွားသော ထိုကိုရွေဂျပန်အား စိတ်ထဲကတော့ တော်တော်ကလေး သည်းခံလိုက်ရလေတော့၏။

ပြပွဲကြီးမှာ အထူးစည်ကားလှပြီး အဓိကအားဖြင့် ဟောင်ကောင်မြို့သူမြို့သား နည်းပါးကာ ပြည်ပ ဧည့်သည်တွေသာ များပြားလှကြောင်း တွေ့ရပါသည်။ လာရောက်သော ဧည့်သည်များထဲတွင် ရတနာကုန်သည်များသာ ပိုများပြီး ဝတ်ဆင်ရန် လာရောက်ဝယ်ယူသူ နည်းပါးကြောင်း တွေ့ရလေ၏။

ညနေခင်း ၃ နာရီလောက်တွင် အနည်းငယ် လူပါးသောအချိန်တွင် ထိုကိုရွေဂျပန်ကြီး ပြန်ရောက်လာပြီး သူနှင့်အတူ အဖော်တစ်ယောက်ပါ ခေါ်လာပြီး မိတ်ဆက်ပေးပါသည်။

'သူက ကျွန်တော့်ဆိုင်ရဲ့ ဒီဇိုင်းဆရာပါ၊ ကျွန်တော်ကြည့်ထားတဲ့ ပတ္တမြားတွေ ပြပါဦး' ဟု ဆိုသဖြင့် ထိုပတ္တမြားတွေ ထုတ်ပြလိုက်ရပြန်ပါသည်။ နာရီဝက်ခန့် ရပ်ကြည့်နေပြီး အချင်းချင်း ဂျပန်လိုပြောနေကာ 'ဒီဇိုင်းနာ' ဆိုသူ ပြန်သွားပါသည်။

မစ္စတာကီတာကာတာ တစ်ယောက်တည်း ကျန်ရစ်ရာ ကံကောင်းထောက်မ ဧည့်ရှင်းနေသဖြင့် ဆိုင်ထဲက စားပွဲမှာ အေးအေးဆေးဆေး ထိုင်ဖြစ်ခဲ့ကြပါသည်။

'ကျွန်တော် နာမည်က ကီတာကာတာပါ'

သူက စတင် မိတ်ဆက်လာသဖြင့် ကျွန်မက လက်ကမ်းလိုက်ရပါသည်။

'ကျွန်မ ပတ္တမြားမိုမိုပါ'



'အိုး… အဲ့ဒါ ကုမ္ပဏီအမည်ပဲ ထင်နေတာ၊ မင်းနာမည်လည်း ဖြစ်နေတာကိုး၊ သိပ်ပြီး ချစ်စရာကောင်းတဲ့ အမည်ပဲ'

သူ၏ 'ချစ်စရာကောင်းသော' ဆိုသော စကားလုံးလေးမှာ lovely ဟု မသုံးဘဲ cute 'ချစ်ဖွယ်ဖြစ်သော' ဟူသော စကားလေးကို လှပစွာ သုံးသဖြင့် များစွာ နှစ်သက်မိလေသည်။

'ကျေးဇူးတင်ပါတယ်'

'Ruby စံ၊ မင်းအမည်မှာ 'ပတ္တမြား' ဆိုတဲ့ အမည်လေးမှည့်ခေါ်ထားရခြင်းမှာ အကြောင်းရှိပါသလား၊ ကျွန်တော် သိပါရစေ' ဟု မေးလာပါသည်။ ကျွန်မ ရတနာလောကထဲ ရောက်ခဲ့တာ ၁၀နှစ်ကျော်ပြီ။ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ ဒီလို မမေးခဲ့။ ယခုမှ ဂျပန်လူမျိုးတစ်ယောက်က မေးလာသောအခါ ၁၀နှစ်ကျော်ထဲမှ ဖြေချင်ခဲ့သော အဖြေကို ယခုမှ ပြောခွင့် ရခဲ့လေတော့၏။



'ရတနာဆိုတဲ့ အဓိပ္ပာယ်ဟာ 'မြတ်နိုးအပ်သော' ဆိုတဲ့ အဓိပ္ပာယ်ရတယ်မဟုတ်လား မစ္စတာကီတာ၊ နောက်ပြီး ကျွန်မတို့တိုင်းပြည်က Ruby Land လို့ ကမ္ဘာကျော်ခဲ့တယ်လေ၊ ဒီတော့ မြန်မာမလေးတစ်ယောက်ဖြစ်တဲ့ ကျွန်မက မြန်မာပြည်ကိုယ်စားပြုတဲ့ မြန်မာ့ရတနာကိုယ်စားပြု ဒီအမည်လေးကို အမှတ်တရ မှည့်ခေါ်ခဲ့တာပါပဲ'

'သိပ်ကောင်းတဲ့ ရည်ရွယ်ချက်ပါလား၊ ကျွန်တော်သိချင်တာ တစ်ခု ရှိနေတယ်၊ ခင်ဗျား ပြောပြနိုင်မလားဗျ၊ ဥပမာ မိုင်းရှူးပတ္တမြားနဲ့ မိုးကုတ်ပတ္တားမြားအကြောင်းကိုပါ'



‘ဘုရားရေ…’။အံ့ဩစရာကောင်းလိုက်တာ။ မြန်မာတော်တော်များများပင် ဂဃနဏ မသိနိုင်စွမ်းသော မိုးကုတ်နှင့် မိုင်းရှူးပတ္တမြားအကြောင်းကို ဂျပန်ရတနာချစ်သူတစ်ယောက်က မေးလာပြီ။

ကျွန်မ မျှော်လင့်မထားခဲ့။ ဒီမေးခွန်းမျိုးထက် ယခုအချိန် သူမေးရမည့် မေးခွန်းမှာ-

‘ဒါ ဘယ်လောက်လဲ၊ ရွေးယူရင် ဘယ်လောက်လဲ၊ ပတ္တမြားစစ်ရဲ့လား၊ အာမခံပါသလား’စသည်ဖြင့်ပေါ့။

ကျွန်မ အရမ်းဝမ်းသာသွားသည်။

ကျွန်မက မြန်မာ့ပတ္တမြားတွေအတွက် ထာဝရ ဂုဏ်ယူနေချင်သူမို့ပင်။

‘မစ္စတာ ကီတာကာတာ၊ ရှင်တို့တိုင်းပြည်က ‘ဖူဂျီယာမ’တောင်လို ကျွန်မတို့ တိုင်းပြည်မှာလည်း သိပ်ချစ်စရာကောင်းတဲ့ တောင်တန်းကြီးတွေ ရှိကြတယ်ရှင့်၊ ဖူဂျီယာမမှာ ချယ်ရီတွေ ပွင့်သလို ကျွန်မတို့ ဒီတောင်တန်းတွေမှာ ရွှေဝါရောင်တောင်နေကြာတွေနဲ့ လှပလွန်းတယ်၊ ‘ဖူဂျီယာမ’ဟာ ဂျပန်လူမျိုးတွေအတွက် အပြစ်ကင်းစင်ခြင်းနဲ့ ဖြူစင်မြင့်မြတ်ခြင်းဆိုတဲ့ ခံယူချက်တွေနဲ့ အဖြူရောင်ဝတ်စုံတွေဝတ်ပြီး ခါးမှာ ခေါင်းလောင်းလေးတွေ ချိတ်ပြီး ဝမ်းမြောက်ဝမ်းသာတက်ခဲ့ကြသလို ကျွန်မတို့ရဲ့ တောင်တန်းတွေပေါ်ကို ပေါက်တူးတွေ၊ သံတူရွင်းတွေနဲ့ တက်ခဲ့ကြရင်း ကျောက်မျက်ရတနာတွေ အမှန်ပဲ ရခဲ့ကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ကျောက်မျက်ရတနာ တောင်တန်းကြီးတွေ ဖြစ်နေလို့ပဲ မစ္စတာကီတာကာတာ။

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဒီတောင်တန်းကြီးတွေဟာ ကမ္ဘာကြီးကို အံ့ဩသွားစေမယ့် ပုံပြင်တွေကြောင့် ကြီးကျယ်ထင်ရှား ကျော်စောခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ပေါင်းများစွာကပေါ့။ ဒီတောင်တန်း



တွေပေါ်မှာ ပတ္တမြားတွေဟာ သားတစ်တွေလို နီရဲပြန့်ကျဲနေလို့ လင်းတငှက်တွေဟာ သားတစ်အမှတ်နဲ့ ပျံဝဲနေကြသတဲ့၊ လူတွေတက်ကြည့်တော့ ရဲရဲတောက်နေတဲ့ ပတ္တမြားတွေဟာ ငှကျောက်တွေမှာ စွဲကပ်နေတာကို တွေ့ရခြင်းဟာ ကျွန်မတို့ တိုင်းပြည်ကို ရတနာမြေအဖြစ် စတင်ခဲ့တာပဲ ဖြစ်ပါတယ်’

‘အံ့ဩစရာပဲ၊ စိတ်ဝင်စားစရာ ကောင်းလိုက်တာ၊ ဆက်ပြောပါဦး Ruby စံ’

‘ဖူဂျီယာမကို တစ်ခါတက်မိရင် ဘဝတစ်ခုကို ပြန်လည်ဖြူစင်စေတယ်ဆိုတဲ့ ရှင်တို့ ဂျပန်လူမျိုးတွေရဲ့ ခံယူချက်လို ဒီတောင်တန်းနဲ့ ဒီမိခင်မြေကြီးဟာ ကျွန်မတို့အတွက် သူ့ရင်ထဲက သွေးစက်တွေနဲ့ ကမ္ဘာ့မြေကြီးကတစ်ဆင့် စိမ့်ထွက်စီးမျောအေးခဲရာကအစ ပတ္တမြားရယ်လို့ ဖြစ်ပေါ်ရင်း ကျွန်မတို့ကို ပေးဆပ်ခဲ့တယ်။ ဒါကြောင့် မြန်မာလူမျိုးတွေဟာ ကံ ကံ၏အကျိုးကို ယုံကြည်ကြတယ်။ မဟုတ်တာ မလုပ်ဘူး၊ ရတနာကို ချစ်ခြင်းဖြင့် ဘာသာတရားကို ပိုမိုကိုင်းရှိုင်းကြတယ်။ ဒီလိုပဲ မဟုတ်ဘူးလား မစ္စတာကီတာရယ်’

သူက လေးလေးနက်နက် ခေါင်းညိတ်ပြပါသည်။

‘ဒီမိုးကုတ်ပတ္တမြားဟာ ကိုရင်ဒန်ဖြစ်သလို မိုင်းရှူးပတ္တမြားဟာလည်း ကိုရင်ဒန်ပဲ မဟုတ်လား Ruby စံ’

‘သိပ်ဟုတ်တာပေါ့ရှင်၊ ကျွန်မ ပြောခဲ့သလိုပဲ မိုးကုတ်ပတ္တမြားဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ပေါ်ခဲ့ပေမယ့် ဒီမိုင်းရှူးပတ္တမြားတွေဟာ ကျွန်မတို့ လက်ထဲရောက်ခဲ့တာ နှစ်ပေါင်း ၁၀ ဝန်းကျင်ခန့် ရှိခဲ့ပါသေးတယ်။ လယ်သမားတစ်ယောက်က တောင်ယာလုပ်ရင်း မြေတူးခဲ့ရာက အစပြု တွေ့ခဲ့ရတာလေ။

ပတ္တမြားဆိုပေမယ့် နောက်မှတွေ့ရတဲ့ ဒီမိုင်းရှူးပတ္တမြားတွေဟာ မိုးကုတ်ပတ္တမြားလို ရှင်းသန့်ပြီး လှပမှု မရှိဘူး၊ ကျောက်ရဲ့အလယ်မှာ အူချောင်းအမည်းတွေရှိနေပြီး အရည်ဟာ ခရမ်းရောင်ဘက်များနေတယ်။ ဒါကို မီးဖုတ်ပြုပြင်လိုက်တာနဲ့ ပွင့်အားလှတဲ့ မိုင်းရှူးပတ္တမြားကို ရပါတယ်’

‘မိုးကုတ်ပတ္တမြားမှာရှိတဲ့ ခရိုမီယံကြောင့် လှပတဲ့ အနီရောင်ရှိတဲ့ ပတ္တမြားဖြစ်တယ်ဆိုရင် မိုင်းရှူးပတ္တမြားမှာ ခရိုမီယံပါဝင်မှုနည်းလို့ မည်းနေတာလား Ruby စံ’

'ကျောက်မျက်ပညာအရ ပတ္တမြားကို အလူမီနီယမ် ၂ဆ၊ အောက်ဆီဂျင် ၃ဆပါဝင်တယ် ဆိုပါတယ်။ ကိုရင်ဒန်ဟာ သဘာဝအဖြူရောင်ဖြစ်ပြီး ခရိုမီယံ ပါဝင်မှုကြောင့်သာ အနီရောင်ကို ပေးတာပါ၊ အကယ်၍ တိုက်တေနီယမ်နဲ့ အိုင်ယွန်း အောက်ဆိုဒ် ပါဝင်သွားရင်တော့ နီလာဖြစ်သွားမှာပဲပေါ့၊ ခု မိုင်းရှူးမှာတော့ ခရိုမီယံသာ ပါဝင်ပါတယ်။

ပတ္တမြားရဲ့ ပုံဆောင်ခဲဟာ အလယ်ဝင်ရိုးနဲ့အပြိုင် ဘေးပတ်လယ်မှာ လေးထောင့်ကွက်စတုဂံများပါပြီး ထိပ်နှစ်ဖက်မှာတော့ အခြေညီပြီး ပိတ်ထားတဲ့ပုံမျိုး ဖြစ်တယ်။ မိုင်းရှူး ပတ္တမြားတွေဟာလည်း မိုးကုတ်ပတ္တမြားလို ပုံဆောင်ခဲလည်း တူပါတယ်။ မြန်မာ့ပတ္တမြားတွေဟာ ပိုးမျှင်နဲ့တူတဲ့ ရူတိုင်းအောင်းဝင် (Rutile) တွေ ပါရှိကြပါတယ်။

ရှင် သတိထားမိသလား ကီတာကာတာ၊ သီရိလင်္ကာပတ္တမြားတွေမှာ ငှက်မွေးပုံအောင်းဝင်တွေရှိပြီး ထိုင်းပတ္တမြားတွေမှာတော့ အလင်းပိတ်ဆဋ္ဌဂံပုံအောင်းဝင်တွေ ရှိကြပါတယ်။ ဒီအောင်းဝင်တွေကို အလင်းပြန်ခြင်းကနေ ဂေါ်ကြိုးရယ်လို့ ဖြစ်လာရတာပဲ မဟုတ်လား'

'ဟာ… Ruby မင်း တော်တော်လေ့လာထားတာပါလား၊ ဒါထက် ကျွန်တော် သိချင်တာ မဖြေသေးဘူးလေ၊ မိုင်းရှူးနဲ့ မိုးကုတ် ပတ္တမြားကို ဘယ်လိုခွဲမလဲ ဆိုတာ ပြောပါဦး'



ဒီ ဂျပန်ကြီး ကြည့်ရသည်မှာ ခေသူတော့ မဟုတ်။ ကျောက်မျက် ဗဟုသုတ တော်တော်ရှိပုံရသဖြင့် အတော်ပင် ထိန်းပြောရသည်။ အတတ်နိုင်ဆုံးနှင့် အမှန်ဆုံးဖြစ်



စေမည့် စကားလုံးများ ရွေးချယ်ရသည်။

နည်းနည်းမှတော့ အညံ့ခံမည် မဟုတ်ပေ။

'ပတ္တမြား ၂မျိုးမှာရှိတဲ့ 'ဂေါ်'ပါဝင်မှု၊ ကျောက်သားတင်းမာမှု၊ အရည်ပျံ့ပုံတူညီမှု၊ ခရမ်းရောင်ဖောက်မှု ရှိမရှိပေါ် မူတည်ပြီး ခွဲခြားတာပါပဲရှင်။

နောက်ပြီး မစ္စတာကီတာ၊ ရှင် ပတ္တမြားတစ်ပွင့်ကို အဆတစ်ထောင်ချဲ့တဲ့ မှန်ဘီလူးတစ်ခုအောက်မှာ ရှင် တစ်ယောက်တည်း ငြိမ်ငြိမ်သက်သက်ကလေး ခံစားပြီး ကြည့်ဖူးပါသလား။

ပတ္တမြားတစ်ပွင့်ရဲ့ လှပတဲ့အနီရောင်ဟာ အဆက်မပြတ် ပေါက်ကွဲနေတဲ့ မီးတောင်ကြီးတစ်ခုထဲ ရောက်သွားသလို ခံစားရတယ်ရှင်။ ရှင်ရော အဲဒီလို ခံစားမိပါသလား။ သူ့ရဲ့ ထူးခြားတဲ့ ရောင်စဉ်တွေကို အဲဒီလို ခံစားမိပါသလား၊ သူ့ရဲ့ ထူးခြားတဲ့ရောင်စဉ်တွေဟာ ကမ္ဘာပေါ်မှာ ဘယ်လိုမှ တုနှိုင်းမမီနိုင်တဲ့ အနီရောင်တစ်မျိုးသာ ဖြစ်တယ်လေ'

သူ ကျွန်မကို ပြုံးပြီးကြည့်နေပါသည်။

'Rubyစံ၊ မင်းက တကယ့်ကို ပတ္တမြားပွင့်လေးပါပဲကွယ်၊ မျက်စိထဲမှာ ပတ္တမြားအကြီးကြီးတစ်ပွင့်ရှေ့မှာ ထိုင်ကြည့်နေရသလို ခံစားနေရတယ်ကွယ့်၊ ဒါနဲ့ ကျွန်တော် ရွေးထားတဲ့ ဒီပတ္တမြားလေးတွေဟာ မိုင်းရှူးတွေလား၊ မိုးကုတ်တွေလား Rubyစံ၊ ပြီးတော့ မီးဖုတ်ပြုပြင်ထားပါသလား၊ သိပါရစေ'

ကြည့်စမ်း။ သူ တော်တော်လူလည်ကျပါလား။ ကျွန်မ သိတာပေါ့။

'ဒါတွေဟာ မိုးကုတ်ပတ္တမြားတွေသာ ဖြစ်တဲ့အတွက် လုံးဝ မီးဖုတ်မထားပါဘူး။ သေသေချာချာကြည့်ရင် ဂေါ်လေးတွေ ကပ်ငြိနေတာ အသေအချာ တွေ့ရပါမယ်၊ မိုင်းရှူးတွေမှာတော့ ဂေါ်မရှိဘူး။ ၉၀% မိုးကုတ်ပတ္တမြားဟာ မီးမဖုတ်ဘူး၊ မိုင်းရှူး ၇၀%ကတော့ မီးဖုတ်မှ လှကြတယ်။ မစ္စတာ ကီတာကာတာ မီးဖုတ်ထားတဲ့ မိုင်းရှူးကို ရှင် ကြိုက်ပါသလား'

'ကြိုက်တာပေါ့ Rubyစံ၊ မီးဖုတ်ထားတဲ့ မိုင်းရှူးပတ္တမြားဟာ ရောင်အားလက်လွန်းလို့ စိန်နီလို့တောင် ထင်ရတယ်'

'အိုး… ရှင်ပြောတာ သိပ်မှန်တာပဲ ကီတာရယ်၊ ဒါဆို မီးဖုတ်

ကျောက်ကို လက်ခံတယ်ဆိုတဲ့ သဘောလား'

'အမှန်ကတော့ သဘာဝစစ်စစ်ကို ကြိုက်ကြတာဟာ လောကနိယာမပဲဗျ။ ဒါပေမယ့် Rubyစံ ပြောခဲ့သလို ရတနာဆိုတာ ရှားပါးခြင်းရဲ့ သင်္ကေတလေ၊ တကယ် အရည်အသွေးကောင်းတဲ့ ပတ္တမြားစစ်စစ်ကြီးတစ်ပွင့်တွေ့ရဖို့ သိပ်ခက်ခဲနေပြီပဲ။ ခုခါမှာတော့ မီးဖုတ်ပြုပြင်ထားတဲ့ သဘာဝကျောက်တွေဟာ ရတနာလောကကို ၇၀%လောက် လွှမ်းမိုးနေပါပြီ၊ ကမ္ဘာမှာ ဈေးကွက်တစ်ခုလည်း ဖြစ်နေပြီ၊ ကျွန်တော်တို့ ကြောက်တာက ကျောက်စစ်ပေမယ့် လူတွေ ပြုပြင်ထားတဲ့ (အရောင်သွင်းထားတဲ့)ဆေးသွင်းကျောက်တွေပဲ ကြောက်ပါတယ်'

ကျွန်မတို့ စကားကောင်းနေစဉ် ဧည့်သည်များ စုပြုံရောက်ရှိလာပြန်သဖြင့် စကားလက်စ ဖြတ်လိုက်ရပါသည်။ မစ္စတာကီတာကလည်း ရွေးပြီးသား ပတ္တမြားပွင့် ၂၀ မှ နောက်ထပ် ၅ ပွင့် ထပ်လျှော့ကာ ကျန် ၁၅ ပွင့်ကို ထပ်မံ သိမ်းထုပ်လိုက်ပြီး "I'll come back"ဟုဆိုကာ သူ့ဆိုင်သို့ ပြန်လည် ပြေးထွက်သွားပြန်ပါတော့သည်။

သည်လိုနှင့် ပတ္တမြားပုံပြင်တွေ အပြောကောင်းလှသော ကျွန်မ၏ ပတ္တမြားလေးငါးပွင့်သည် ထိုဂျပန်ကြီး၏ စွန့်ပစ်ခြင်းကို ဝမ်းနည်းစွာ ခံခဲ့ရပြန်တော့၏။

* * *

## ပြပွဲ ဒုတိယရက်

ပွဲဦးထွက် စည်စည်ကားကားနှင့် ပြီးသွားမှုကြောင့် ပြပွဲ ဒုတိယရက်တွင် မျှော်လင့်ချက်များဖြင့် တော်တော်ကလေး ပျော်ရွှင်မြူးကြွနေကြ၏။

ကျွန်မတို့ဆိုင်မှာ 'ရတနာပြပွဲ'ဆိုသော အရာကြီးကို တစ်ကြိမ်တစ်ခါကမှ မကြုံဖူးသဖြင့် အစီအစဉ် တစ်စုံတစ်ရာ မရှိလေရာ ပါလာသော ရတနာများမှာ ပြောက်သောက်ဖြစ်နေ၏။ လက်ကားဖြန့်၍ ရောင်းချနိုင်သော အရေအတွက်မျိုး ဘာတစ်မှမပါဘဲ ရှိလေရာ ရတနာဝတ်ဆင်လိုသူကိုသာ မျှော်လင့်ရတော့သည်။

ကျွန်မဆိုင်သည် ပတ္တမြားဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများသာ များပြားပြီး သွေးပြီးသား ပတ္တမြားပွင့်များသည် တစ်ကာရက်အရွယ်မှာ အကြီးဆုံး ပါရှိလေသည်။ တကယ့်ဝယ်လက်များသည် ပွင့်ကြီး၊ ပွင့်ကောက်



တာပလာ သွေးထားသော ပတ္တမြားများကို ကြိုက်နှစ်သက်ကြပြီး ဈေးမကြောက်တတ်ကြပေ။ ကြိုးပါသော အနာစင်သည့် ပတ္တမြားလုံးချောများကိုလည်း နှစ်သက်ကြောင်း တွေ့ရ၏။

တစ်ကာရက်အရွယ်အောက် ပတ္တမြားများမှာ မည်မျှပင် အရည်လှပြီး ကောင်းမွန်စေကာမူ လုံးဝ စိတ်မဝင်စားကြောင်း တွေ့ရလေ၏။ ကျွန်မဆိုင်တွင် တောင်ကြီးမြို့ စိုင်းဝမ်းဝမ်း ကျောက်သွေးခုံမှ လှပသော ကွန်ပါချ သွေးကွက်ဝိုင်းဝိုင်းကလေး သွေးထားသော ၁၀လုံးစီ ပတ္တမြားပွင့်ငယ်လေးများကို ရတနာ ကုန်



သည်ကြီးအချို့က အလွန်တရာ ကြိုက်နှစ်သက်ကြောင်း တွေ့ရလေသည်။

အော်ဒါမှာလျှင် အရည်တူ၊ အရွယ်တူ ကာရက်တစ်ထောင်ခန့်ထိ ရနိုင်ပါမည်လားဟု လာရောက် မှာကြားပါသည်။ လွယ်မယောင်နှင့် ခက်သောကိစ္စပါတကား။

သဘာဝ ဘုရားပေးသော ကျောက်မျက်ရတနာများဖြစ်သည်မို့ အရည်တူ၊ အရွယ်တူဖို့ အဘယ်မျှလောက် ခက်ခဲပါသနည်း။ ကျွန်မ နောက်တစ်ကြိမ်ပြန်လာလျှင် အဖြေပေးပါမည်ဟု ပြောရပါသည်။

ဝယ်လက်တော်တော်များများသည် အဖိုးနည်းသော အိန္ဒိယမှဝင်သည့် စိန်ကျင်ကလေးများဖြင့် ဆင်ထားသည့် ပတ္တမြားတစ်ရစ်၊ စိန်တစ်ရစ် လက်စွပ်ကွင်းလေးများ၊ စိန်ခြယ်ပတ္တမြားနားကပ်များ၊ စိန်တစ်ရစ်ပတ္တမြားကြိုးများကို အထူး

နှစ်သက်ကြလေရာ ကြက်ကန်းဆန်အိုးတိုးသလို ကြုံရလေသည်။

စိန်ဈေးမကြီး၍ ရောင်းချရာမှာလည်း အဖိုးနှုန်းချိုသာလေရာ ထိုတစ်ရစ်လက်စွပ်ကလေးများကို ဝင်ရောက်ကာ ကြည့်သူတိုင်း မဝယ်မရှိ ဝယ်ယူကြလေ၏။

သည်လိုနှင့် နေ့လယ်ခင်း ညှော်ပါးချိန်တွင် မစ္စတာကီတာကာတာ တစ်ယောက် ပေါက်ချလာပြန်ပါသည်။

'ပတ္တမြားပုံပြင်တွေ သိပ်ကြိုက်တာပဲဗျာ၊ ဆက်ပြောပြနိုင်မလား' ဟု ချော့လာပါသည်။

ထို့နောက် မနေ့ပိုင်းဆီက သူ ရွေးချယ်ထားသော ပတ္တမြားလေး ၁၅ပွင့်ကို ဗန်းငယ်တွင် ပြန်သွန်ကာ တစ်ကျော့ ပြန်ကြည့်ပြန်ပါသည်။

'ဒါနဲ့ မစ္စတာကီတာ၊ ရှင်တို့ ဂျပန်လူမျိုးတွေဟာ ဘယ်လို အရည်အသွေးမျိုးရှိတဲ့ ပတ္တမြားတွေကို ကြိုက်တတ်ပါသလဲ'

'အပြစ်ကင်းစင်ပြီး ပွင့်အားကောင်းရင် ကြိုက်ပါတယ်၊ ဒါပေမယ့် အရည်သိပ်ကြီးတာမျိုးတော့ မကြိုက်ဘူးဗျာ' ဟု ဖြေပါ၏။

သူ့စကားကြောင့် သူ ရွေးချယ်ထားသော ပတ္တမြား ၁၅ပွင့်အနက် အရည်ကြီးသော ပတ္တမြားပွင့်များကို လှမ်းမြင်ရလေလျှင် သူတို့၏ အနာဂတ်သည် သည်ဂျပန်၏ လက်ထဲတွင် အတော်ကလေး မရေမရာ ဖြစ်သွားရပြန်လေ၏။

'ကျွန်မ ရောက်ခဲ့တဲ့ မလေးနဲ့စင်ကာပူ ပွဲစဉ်တွေမှာတုန်းကတော့ ဒီလို အရည်ကြီးပြီး မှည့်နေတဲ့ ပတ္တမြားတွေကို ကြိုက်ကြပါတယ် ကီတာ၊ တစ်ခါတလေ ရှင်တို့ရဲ့ ဂျပန်ပြည်ဈေးကွက်မှာ စမ်းကြည့်ပါဦးလား' ဟု သိသိသာသာပင် ဖြားယောင်းသိမ်းသွင်းရလေတော့သည်။ ထိုအခါ သူက မမျှော်လင့်စွာ ပညာပါစွာ ဤသို့ ပြန်ပြောပါလေသည်။

'ပတ္တမြားတစ်ပွင့်ရဲ့ အသက်ဟာ အရည်လည်ခြင်း (Dicholam) ဖြစ်တယ် မဟုတ်လား Ruby၊ ပတ္တမြားတစ်ပွင့်ဟာ အနီရင့်နဲ့ လိမ္မော်နီ နှစ်ရောင်သာ ပြောင်းလဲနေတတ်ပါတယ်။ ဒီအရောင်သွေးမျိုးကို ယုန်သွေးရည်တွေမှာတော့ တွေ့ရမယ်၊ အရည်သိပ်ကြီးတဲ့အခါ ပွင့်အားလှပေမယ့် ဒီလို အရည်လည်ခြင်း သိပ်နည်းပါးလို့ ကျွန်တော် မကြိုက်ပါဘူး'



ဤသို့ဖြင့် ပတ္တမြားအရည် မည်းမည်းကလေး ခြောက်ပွင့်သည် အလိုလို ဖယ်ရှားခြင်း ခံရလေတော့၏။

'Ruby စံ၊ ကျွန်တော် ရွေးချယ်ထားတဲ့ ဒီပတ္တမြားပွင့်တွေကို တခြားဝယ်လက်တွေက လိုချင်ကြောင်း ပြောကြပါသေးသလား'

ခုမှပဲ ရှင့်ဆီမှာ ဒီလိုကြင်နာတဲ့ အတွေးမျိုး ရောက်ရသလား ဦးကီတာရယ်။ မေးရက်လိုက်တာ။ ကျွန်မမှာ ချမ်းသာသမျှ ပတ္တမြားလှလှရယ်လို့ ဒါပဲရှိတာရှင့်။ ဒီအထုပ်ကလေးကို ပြပွဲဖွင့်တဲ့နေ့ကတည်းက ရှင်ပဲ ယူထားတယ်လေ။ ပထမ ပွင့် ၂၀၊ နောက် ၁၅ ပွင့်၊ ခု ၉ ပွင့်ပဲ ယူမတဲ့။ အို… ဒါလည်း မသေချာသေးပါဘူး။ ရှင် ဒါ ကျွန်မကို သက်သက်နှိပ်စက်နေတာပဲပေါ့။

'Ruby စံ၊ ကျွန်တော်မေးတာ ကြားပါသလား'

'ဩော်… ဟုတ်ကဲ့၊ ကိစ္စမရှိနိုင်ပါဘူး၊ စိတ်ရှည်ပြီး သည်းခံခြင်းဟာ ကုန်သည်ကောင်းတွေရဲ့ စွမ်းရည်တစ်မျိုးလို့ ကျွန်မ မှတ်ထားပါတယ်'

ကြည့်စမ်း၊ တစ်လုံးမှ မထစ်မငေါ့ဘဲ ကျွန်မ ဖုံးဖိလိုက်နိုင်သည်။

'ကျေးဇူးတင်ပါတယ်၊ တစ်စုံတစ်ရာကိုတော့ ကျွန်တော် သေချာယူမှာပါ၊ ကျွန်တော် သိချင်တာက အရည်မီစံမီ တစ်ကာရက်အရွယ် မြန်မာ့ပတ္တမြား တစ်ပွင့်ဟာ ဘယ်လောက်ထိ တန်ကြေးရှိနိုင်ပါသလဲ'

'အမေရိကန်ဒေါ်လာ တစ်ထောင်ကနေ ငါးထောင်အထိ တန်ပါတယ်၊ ပိုရင်ပဲ ပိုမယ်၊ မလျော့နိုင်ဘူး'

'ဒါဆို ကျွန်တော့်လက်ထဲက ဒီပတ္တမြားတွေဟာ ဘယ်အဆင့်မှာရှိပြီး ဘယ်လောက်တန်ပါသလဲ'

ကျွန်မ နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိပါသည်။ ကီတာကာတာသည် တကယ့်ကုန်သည်ကောင်းတစ်ယောက် ဖြစ်လေ၏။ အကောင်းဆုံးပတ္တမြားနှင့်စာလျှင် ကျွန်မ၏ ပတ္တမြားများသည် အဆင့် ၅ ဆင့်မက နိမ့်ကျနေမည် ထင်ပါသည်။

'ရှင့်ရဲ့ ပညာမျက်လုံးထဲက ဈေးနှုန်းတွေကို ကျွန်မ ပတ္တမြားလေးတွေက လက်ခံပါလိမ့်မယ် မစ္စတာကီတာ၊ ဘာကြောင့်လဲဆိုတော့ ရှင်ဟာ တကယ့်ကို ကုန်သည်ကောင်းတစ်ဦး ဖြစ်နေလို့ပါပဲ'

သူကလည်း ပညာသားပါပါ ပြုံးပါ၏။

'ကျွန်တော် ဖတ်ဖူးတယ်ဗျာ၊ ခင်ဗျားတို့နိုင်ငံမှာ အဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားတွေ ရှိကြသတဲ့၊ ဒါဟာ တကယ်ပဲလား၊ ပြီးတော့ မကြာသေးခင်က မြန်မာနိုင်ငံက လေလံပွဲမှာ ၅ ကာရက်အရွယ် လုံးချောပတ္တမြားတစ်ပွင့်ကို ဒေါ်လာ နှစ်သိန်းရတယ်တဲ့၊ ဒါဟာ တကယ်ပဲလား၊ ခုထိရော ဒီလောက် အဖိုးတန် ပတ္တမြားတွေ ထွက်တုန်းပဲလား'

ကြည့်စမ်း၊ ဘယ်လောက် မိုက်မဲတဲ့ မေးခွန်းလဲ။ ပြပွဲဖွင့်လှစ်သည့်နေ့က သူရောကျွန်မပါ ရတနာဖက်ရှင်ပွဲထဲမှာ ရှိခဲ့ကြပါသည်။

'ကီတာကာတာ၊ ဖွင့်ပွဲနေ့က ပတ္တမြားလည်ဆွဲကြီး တစ်ကုံးကို မှတ်မိရဲ့လား၊ ထိုင်းရတနာဆိုင်တစ်ခုက ပြသွားတာလေ၊ ကာရက် ၂၀ ခန့်ရှိပြီး အရည်ကူးကျောက်ရည်ရှိတယ်၊ စိန် ၁၀ လုံးစီး အဖြူသန့်လေးနဲ့ ပတ်ခြယ်ထားတယ်။ ဒေါ်လာ ၁၅သိန်းတဲ့၊ ဒါဟာ မြန်မာ့ပတ္တမြားလို့ ဂုဏ်ယူဝင့်ကြွားစွာ ပိုင်ရှင်က ပြောသွားခဲ့တယ်လေ'

'အိုး… ကျွန်တော် မှတ်မိပြီ၊ ကျွန်တော် သိပါရစေ Ruby စံ၊ ခင်ဗျားတို့နိုင်ငံမှာ ဘယ်လောက်ထိ တန်ဖိုးရှိတဲ့ ပတ္တမြားတွေ ရှိခဲ့ဖူးလဲ'

'ကမ္ဘာကျော်တဲ့ ကျွန်မတို့ တိုင်းပြည်ရဲ့ နန်းစဉ်ရတနာ ငမောက်ပတ္တမြားဆိုတာ ရှင် ကြားဖူးမှာပါပဲ၊ အချိန် ရတီ ၉၀ ရှိပြီး ပတ္တမြားရဲ့ အနီရောင်တွေဟာ တစက်စက် ယိုစီးနေတယ်လို့တောင် ထင်ရတယ်တဲ့၊ တကယ်ဆို မူလက ဒီပတ္တမြားကြီးဟာ ကာရက် ၂၀၀ ခန့်ရှိပြီး ၂ ပိုင်းစီ ဖြတ်ပစ်ခဲ့တာရှင့်၊ ဒီပတ္တမြားကို ဝါဂွမ်းထဲမှာ ထည့်ခဲ့ရင်တောင် ဝါဂွမ်းတစ်ပိဿာထိ အနီရောင်စွဲတယ်လို့ ပြောစမှတ်ပြုခဲ့ကြတယ်၊ အဲဒီပတ္တမြားဟာ ပြည်တန်တဲ့ ပတ္တမြားတစ်ပွင့်ပါပဲ၊ ဒါတင်မကဘူး၊ အခြားသော နာမည်ကြီး နန်းစဉ်ပတ္တမြားတွေရှိခဲ့ပြီး မိုးကုတ်မြို့ကပဲ ထွက်ခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ အကြီးဆုံး ပတ္တမြားကြီးတစ်ပွင့်ကို ၁၉၆၅ခုနှစ်ကတည်းက မြန်မာ့မြေ မိုးကုတ်က ထွက်ရှိခဲ့ပါသေးတယ်၊ ကာရက်ချိန် ရှစ်ထောင်ခန့်ရှိတယ်လို့ ဆိုပါတယ်။

ရှင် ရောက်ဖူးမှာပေါ့၊ ပြင်သစ်နိုင်ငံ ပါရီမြို့မှာရှိတဲ့ Louvre ပြတိုက်ထဲမှာလေ၊ ကာရက်ချိန် တစ်ရာကျော်ရှိပြီး စိန်ခြယ်ထားတဲ့ လည်ဆွဲကြီးပေါ့၊ ဒါတွေဟာ မြန်မာ့ပတ္တမြားတွေပါပဲ။



ရှင် မှန်းကြည့်ပေါ့၊ ၁၀ ကာရက်ရွယ် အကောင်းဆုံးပတ္တမြားတစ်ပွင့်ရဲ့ တန်ဖိုးဟာ တစ်ကာရက်ကို အမေရိကန် ဒေါ်လာ ၂ သိန်းတန်ပါတယ်၊ စိန်တစ်ပွင့်ရဲ့ တန်ဖိုးထက် ၄ ဆမက ကွာနေတယ်နော်။

၁၉၉၈ ခု၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မှာ ကျင်းပသွားတဲ့ 'ဆောက်သာဘီစ်'၏ လေလံပွဲက မြန်မာ့ပတ္တမြားတစ်ပွင့်တင်ပဲ ဒေါ်လာ ၁၅သန်းနဲ့ ရောင်းချခဲ့ရတယ်ဆိုရင် မြန်မာ့ပတ္တမြားတွေရဲ့ ဂုဏ်သိက္ခာကို ရှင် သိလောက်ပါပြီနော်'

'ဗဟုသုတ ရှိလိုက်တာဗျာ၊ တစ်ခုသိချင်တာ ရှိသေးတယ်ဗျ၊ ခင်ဗျား တွေ့ရဲ့လား၊ ထိုင်းနိုင်ငံကလာပြတဲ့ ထိုင်းရတနာဆိုင်တွေမှာ ပတ္တမြားတွေကို Myanmar Ruby လို့ ရေးထားတယ်၊ တကယ်တော့ ထိုင်းကလည်း ပတ္တမြားထွက်တာပဲ မဟုတ်လား'

'မှန်ပါတယ်၊ ထိုင်းက ပတ္တမြား ထွက်ပေမယ့် အရောင်ရင့်လွန်းခြင်း၊ အသားမလှခြင်းတွေကြောင့် မြန်မာ့ပတ္တမြားလို မလှပဘူး၊ မြန်မာ့ပတ္တမြားလို





ကမ္ဘာမကျော်ဘူး၊ ဒီတော့ ထိုင်းပတ္တမြား ဆိုတာထက် မြန်မာ့ပတ္တမြားဆိုတာဟာ သူတို့အတွက် ဈေးကွက် ပိုတွင်ကျယ်နိုင်လို့ပဲပေါ့ရှင်'

'ဒါတင်မကသေးဘူး မစ္စတာကီတာ၊ ပတ္တမြားတွေကို ဗီယက်နမ်ကလည်းထွက်တယ်။အာဖဂန်နစ်စတန်နဲ့ ဆိုဗီယက်ပြည်ထောင်စု၊ဘာရာဇီး၊သြစတေးလျကလည်း ထွက်ကြပါသေးတယ်။အဲဒီထဲမှာ ဗီယက်နမ်ပတ္တမြားတစ်ခုသာ မြန်မာ့ပတ္တမြားနဲ့အနည်းငယ်တူသယောင်ရှိပြီး ကျန်တဲ့ တိုင်းပြည်တွေကထွက်တဲ့ ပတ္တမြားဟာ ညံ့လှပါတယ်'

'ဗဟုသုတ ရှိပါရဲ့ဗျာ၊ ဟာ··· ဘာလိုလိုနဲ့ ဆိုင်သိမ်းရတော့မယ်ဗျ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ မနက်ဖြန်ဟာ ကျွန်တော် ခင်ဗျားကို အဖြေပေးတဲ့နေ့ပဲ၊ ကျွန်တော် ကတိပေးတယ်၊ Promise'

* * *

## ပြပွဲတတိယရက်

ရတနာကုန်သည်တို့ရဲ့ ဒုတိယနောက်ဆုံးရက်။ ကီတာကာတာတို့လို မိမိကိုယ်မိမိ စိတ်မနိုင်သူ ဟိုဆိုင် ဒီဆိုင် ပစ္စည်းချင်းယှဉ်လိုသူ၊ ငွေကြေးချင့်ချိန်လိုသူတွေကိုပေးသော နောက်ဆုံး အခွင့်အရေးရက်ပဲ ဖြစ်ပါသည်။ အများအားဖြင့်တော့ ဘယ်သူမှ နောက်ဆုံးရက်ထိ အချိန်မဆွဲတတ်ကြပါပေ။

ဒီနေ့သည် ဒီပြပွဲခရီးရဲ့ အဖြေသိရသောနေ့လည်း ဖြစ်သည်။ ပြည်ပခရီးထိ လာရောက်ပြသသူ ရတနာကုန်သည်တစ်ဦးအတွက် ဒီပွဲသည် ရှုံးပြီလား၊ မြတ်ပြီလား။ ငွေမမြတ်စေဦး၊ အတွေ့အကြုံနှင့် ရောင်းဝယ်မှု တွင်ကျယ်ခဲ့ပါရဲ့လား။ ကုမ္ပဏီချင်း ချိတ်ဆက်မိပါရဲ့လား။ ဘာအကျိုးအမြတ်တွေ ကျန်ခဲ့ကြပါသလဲ။



ဒီအချိန်ထိတော့ အမှတ်မထင် ပြုလုပ်ခဲ့သော ဒေါ်လာတစ်ရာတန် ပတ္တမြားတန်းကွင်းလေးတွေ၊ နားကပ်လေးတွေက လှလှပပကလေး ကူညီလာနိုင်ခဲ့ကြသည်။

တန်ကြေး နည်းပေမယ့် လူတိုင်းအိတ်ကပ်ထဲက ဒေါ်လာ ၁၀၀ လောက်ကိုတော့ ဒီပတ္တမြားတန်းကွင်းလေးတွေက လှလှပပယူဆောင်နိုင်လိုက်သည်။

နိုင်ငံခြားသူတို့သည် မြန်မာဆန်ဆန် ပန်းပွင့်ပုံ ပတ္တမြားခြယ် နားကပ်ကြီးတွေကို အလွန်မုန်းကြပြီး တစ်လုံးနားကပ်ကလေးတွေ အလွယ်ကြိုက်ကြပါသည်။

ဒါတွေဟာ ပညာပဲပေါ့။ ပြည်ပရပ်ခြား ရတနာချစ်သူတွေ ဘာကြိုက်ကြသလဲ ကျွန်မသိသွားပြီလေ။

နားကပ်များကို ဝက်အူရစ် Tape မကြိုက်၊ Pin Type ကြိုက်ကြသည်။ ပိုလို့တောင် လွယ်ကူလိုက်သေးရဲ့။

ဘာပဲဖြစ်ဖြစ် ဒီအပြည်ပြည်ဆိုင်ရာ ရတနာပြပွဲကြီးတွေဟာ ကျွန်မတို့လို ရတနာကုန်သည်တို့ စုဝေးရာ၊ စုပေါင်းရောင်းချကြရာ၊ လူမျိုးစုများ၏ ယဉ်ကျေးမှုတွေ ဖလှယ်ရာ၊ ရတနာပစ္စည်းချင်းဖလှယ်ရာ ဘူမိနက်သန် နေရာမှန်ကြီးကတော့ သေချာလှပါသည်။

သည်လိုနှင့် သူနှင့်ကျွန်မသည် ညစာစားပွဲတွင် ဆုံဖြစ်ခဲ့ကြပါသည်။ သုံးရက်လုံးလုံး ဆွဲရှည်ကြီး လုပ်လာပြီးမှ 'အားနာတယ်'ဟု သူက ဆိုလာသေးသည်။

ပြပွဲနောက်ဆုံးရက်တွင်ကား အမှန်တကယ်ပင် သူ ရောက်လာခဲ့ပါတော့သည်။

'ဟိုင်း··· Ruby စံ၊ တို့ကို ဒီနေ့ ကောင်းကောင်း ကြိုဆိုလိမ့်မယ်လို့ ကိုယ် မျှော်လင့်ပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ မင်းကို ၃ ရက်လုံးလုံး နှိပ်စက်ခဲ့လို့ပေါ့'ဟု ရယ်သလို မောသလိုပြောရင်း စနောက်ရင်း ဝင်လာပါသည်။

ကျွန်မက အေးချမ်းစွာ ပြုံးရယ်ရင်း-

'မစ္စတာ ကီတာကာတာ၊ ရှင့်ကို ဗဟုသုတတစ်ခု ပြောဖို့ ကျန်သွားတယ်ရှင့်၊ ပတ္တမြားကျောက်တွေဟာ ပျော့ရွှင်ခြင်းနဲ့ ကံကောင်းခြင်းတွေကို

သယ်ဆောင်လာသော ရတနာလို့ အဓိပ္ပာယ်ရတယ်လေ၊ ဒီတော့ ပွဲတော်ရဲ့ နောက်ဆုံးရက်မှာ ရှင့်ဆီက ပျော်ရွှင်ခြင်းနဲ့ ကံကောင်းခြင်းတွေ အမှန်ပဲရလိမ့်မယ်လို့ ကျွန်မမျှော်လင့်မိပါတယ်'

'အိုး… That Right! သိပ်မှန်တာပေါ့ Ruby စံ၊ မင်း သိပ်ဉာဏ်ထက်မြက်လွန်းတယ်၊ ကျေးဇူးပြု၍ ပတ္တမြားတစ်ပွင့်ရဲ့ ကောင်းမြတ်တဲ့အယူအဆတွေ ရှိနေသေးပါသလား၊ သိပါရစေ'

'သိပ်ရှိတာပေါ့ ကီတာ၊ ဒီရတနာကို ပိုင်ဆိုင်ရသူဟာ ကိုယ့်ကိုယ်ကို ယုံကြည်ချက် ပြည့်ဝသူဖြစ်ပြီး ကိုယ်ရည်ကိုယ်သွေး မြင့်မားစေတယ်တဲ့ရှင့်၊ ဒါတင် မကသေးဘူး၊ အများရဲ့ ချစ်ခင်မှုလည်း ခံရတတ်သေးတဲ့၊ ကဲ …ခုကြည့်လေ၊ ဒီပတ္တမြားပွင့်တွေရဲ့ ပိုင်ရှင်ဖြစ်ဖို့ ရည်ရွယ်နေစဉ်မှာပဲ ရှင်ဟာ ကျွန်မနဲ့ ခင်မင်နေရပြီ၊ ဒါဟာ ဒီပတ္တမြားကျောက်တွေရဲ့ ကျေးဇူးပဲပေါ့'

သူသည် ကျွန်မစကားဆုံးလျှင် ဖြုန်းခနဲ ထရပ်ပြီး ကျွန်မ လက်အစုံကို ပျော်ရွှင်စွာ ဆွဲယမ်းလှုပ်ခတ်ခဲ့ပါသည်။

'ခိုးရေဝနီဟွန်း အယ်မော်ချို ခဂဲရ မိလာဂယ် ဒက်စ်'ဟု ဂျပန်ဘာသာဖြင့် အော်လေရာ ဂျပန်စကား နားမလည်သော ကျွန်မမှာ ပြုံးရင်းငေးနေရ





လေသည်။ သူက အတန်ကြာ သတိမေ့လျော့စွာ ပြောနေပြီးမှ-

'အိုး… အိုး… ကျွန်တော် အလွန်ပျော်သွားပါတယ်၊ ဂျပန်လိုပြောမိပါတယ်။ မင်းရဲ့ စကားလက်ဆောင်တွေကို ဂျပန်ပြည်ကို အမှတ်တရ ယူသွားမယ်လို့ ကိုယ်ပြောမိတယ်'ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောလေရာ-

'ကျေးဇူးတင်ပါတယ် ကာတာ၊ ပြီးတော့ ရှင်ဘာနေ့ ဖွားလဲဟင်၊ ဇူလိုင်လမှာ မွေးဖွားသူတွေရဲ့ အဆောင်ကျောက်လို့ သတ်မှတ်တဲ့အတွက် ပတ္တမြားတစ်ပွင့် သူနဲ့အတူရှိနေရင် ဒီပတ္တမြားဟာ ရောဂါမျိုးစုံ ကင်းစင်စေသတဲ့ရှင်'

သူက မျက်လုံးလေးပြူးပြီး တကယ်လားဟု မေးသည်။

'တကယ်ပေါ့ ကီတာရယ်၊ ရှင်တို့နိုင်ငံမှာရော ဒီလိုအယူအဆတွေ ရှိကြတယ်မဟုတ်လား'

'ဟိုက်၊ ဟိုက်၊ ရှိပါတယ် Ruby စံ၊ Ruby ကျွန်တော့်ရဲ့ ရတနာကုမ္ပဏီဟာ ဘန်ကောက်မှာလည်း ရှိပါတယ်၊ မင်းသာ စိတ်ဝင်စားရင် ကျွန်တော့်ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်'

'ကျေးဇူးကုဋေကုဋာပါ မစ္စတာကီတာကာတာ၊ ကျွန်မရဲ့ ကုမ္ပဏီဟာ သေးသေးလေးပါ၊ ဒါပေမယ့် ကျွန်မရဲ့ အုပ်ချုပ်မှုအောက်မှာ အခိုင်အခံ့ တည်ရှိနေတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်'

'ခြသေ့်ဆိုတာ မြက်မစားဘူးလို့' ခင်မင်ရင်းနှီးရင်ဖြင့် စနောက်လိုက်ချင်သေးတော့သည်။ ပြီးတော့ ကျွန်မက မြန်မာရှင့်၊ ဘယ်နိုင်ငံခြားသား လက်အောက်မှ အခစား မလုပ်ဘူးလို့ စကားလုံးကြီးကြီး တစ်ခုနှင့် သူ့နဖူးပြောင်ပြောင်ကို မှတ်လောက်အောင် ပစ်ပေါက်လိုက်ချင်သေးတော့သည်။

စကားဆုံးတော့ သူ့ထံမှ ကျွန်မ ထင်မထားသော စကားကို ကြားရသည်။

'Ruby စံ၊ ခင်ဗျားရဲ့ စိတ်ဓာတ်ကို လေးရက်စလုံး စမ်းသပ်ခဲ့တာ၊ ခင်ဗျားဟာ တကယ့်ကို စိတ်ရှည်တဲ့ ကုန်သည်ကောင်းတစ်ယောက်ပါပဲဗျာ၊ ခင်ဗျားတို့ကုမ္ပဏီက ထုတ်လုပ်နိုင်မယ်ဆိုရင် စိန်သွေးကွက်ပုံ သွေးထားတဲ့ ပတ္တမြားပွင့် အရွယ်တူတွေ၊ ဘဲဥပုံအရွယ်တူတွေ ရသလောက်သာ သွင်းပါ၊ ခုပတ္တမြားအပွင့် ၂၀လုံးလည်း ယူပါ့မယ်၊ ဈေးနည်းနည်းလျှော့ပါ'ဟု ဆိုသဖြင့် ကျွန်မဘက်မှ

အနည်းအကျဉ်း လျှော့ပေးခြင်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။

'ခွဲရှိခြင်းသည် ဗုဒ္ဓ၏ သူရဲကောင်း' ဆိုသောစကား မှန်လေစွ။ အဘယ်ကြောင့်ဆိုသော် ထိုပတ္တမြားပွင့် ၂၀ တန်ဖိုးမှာ ကျွန်မ မှန်းထားသော ပတ္တမြားပွင့် ၅၀ ၏ တန်ဖိုးလည်း ဖြစ်သောကြောင့်ပင်တည်း။

မစ္စတာကီတာကာတာ ပြန်လည်ထွက်ခွာသွားချိန်မှာတော့ မိုးကုတ်မြို့က တောင်တန်းကြီးတွေရယ်၊ ထိုတောင်တွေပေါ်က ရွှေဝါရောင် တောင်နေကြာပန်းတွေရယ်၊ အဖြူရောင် ကျောက်တွေမှာ ကပ်ငြိနေသော ပတ္တမြားရဲရဲလေးတွေရယ်ဟာ အနေးပြရုပ်ရှင်လို ပေါ်လာကြ၏။

ထို့နောက်တွင်ကား မြန်မာ့ပတ္တမြားတွေအကြောင်း စစ်စစ်ပေါက်ပေါက် မေးနိုင်လွန်းခဲ့သော ဂျပန်ရတနာကုန်သည် တစ်ဦးကြောင့် စိတ်ကူးထဲရှိသမျှ ပြောပြနိုင်အောင် ကူညီခဲ့ကြသော ကျွန်မနှလုံးသားထဲမှ ဆရာကြီး ဦးဉာဏ်သင်းအားလည်းကောင်း၊ ဆရာ လေသူရဲ ဦးလှဝင်အားလည်းကောင်း၊ ဆရာ ဘူမိကျောက်ရိုင်း၊ ဆရာကျိုးသဲညွှန့်နိုင်နှင့် ပြည်ပ ကျောက်မျက်ရတနာမဂ္ဂဇင်း ဆောင်းပါးများမှ ဆရာများကိုပါ ဤဆောင်းပါးဖြင့် လေးလေးစားစား ဦးခိုက်ကန်တော့လိုက်ရတော့သည်ရှင့်။

ပတ္တမြားမိုမို

အပျိုမ မဂ္ဂဇင်း၊ ၁၉၉၈ စက်တင်ဘာ









# မြန်မာ့ကျောက်စိမ်း

'ဒါပါပဲကွာ'

ဒီလောက်ဆိုရင် မြတ် ဘာကိုဆိုချင်တာ မင်း သဘောပေါက်လောက်ရောပေါ့။ မင်းကို-ကိုယ်ယုံတယ် သူငယ်ချင်း။

ကျောင်းတုန်းက 'ငယ်ငယ်'ဆိုတဲ့ ပိုးတောင့်တဲလို ပျော့စိစိနဲ့ ကောင်မလေးတစ်ယောက်ဟာ ခုလို ခိုင်မာတဲ့ သံမဏိစိတ်ဓာတ်တွေနဲ့ ဘဝကို ဘယ်လိုရှင်သန်ခဲ့မယ်ဆိုတာကိုယ် ကောင်းကောင်းသိခဲ့ပြီ။ ဘယ်အရာမဆို တိကျတဲ့၊ ခိုင်မာတဲ့၊ ရဲရင့်တဲ့ မင်းရဲ့ ဆုံးဖြတ်ချက်တွေနဲ့ မင်းရဲ့ လုပ်ရပ်တွေဟာ ဒီနေ့ 'ပတ္တမြားမိုမို'ရယ်လို့ လက်တွေ့ပြနိုင်ခဲ့ပြီ။ ဒီလို ကိုယ့်သူငယ်ချင်းက ကိုယ်လိုချင်နေတဲ့ ဘဝတစ်ခုကိုလည်း မင်း ဖန်တီးပေးနိုင်လိမ့်မယ်လို့ ကိုယ်ထင်ပါတယ်။ မျှော်လည်းမျှော်လင့်ပါတယ်။ ဩော် ကိုယ် တစ်ခုပြောဖို့ မေ့နေတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ကျော် ကျောင်းတုန်းက မင်းကိုပေးရမယ့် အကြွေးတစ်ခုလေကွာ။ မင်းမှတ်မိရဲ့လား။ နှစ်လတည်းကြီးခဲ့တဲ့ ကိုယ်က မင်းကို အမြဲတမ်း အစ်မကြီးလုပ်ပြီး အနိုင်ကျင့်ခဲ့တာလေ။ ခု ကိုယ့်အမျိုးသားက ကိုယ့်ထက် သုံးလငယ်တယ်ကွ။ ကဲ... ဒီတော့ ဒါပါပဲကွာ။

မင်းရဲ့ ချစ်လှစွာသော ကိုကိုရယ်၊ မင်းရဲ့ သမီးလေး နှစ်ယောက်ရယ်၊ ထာဝရ ထာဝရ ပျော်ရွှင်ချမ်းမြေ့ပြည့်စုံကြပါစေ။

မင်းရဲ့ မြတ်တော်ဝင်

ချစ်သူငယ်ချင်း မြတ်ရဲ့စာလေးကို ရင်ဘတ်ပေါ် အသာတင်ပြီး မျက်စိလေးတွေ မှေးစင်းလိုက်တဲ့အခါ ကျွန်မရဲ့ အတိတ်ပုံရိပ်တွေဟာ ဟိုးငယ်ငယ် တက္ကသိုလ်ကျောင်းသူဘဝကို ရောက်ရှိလို့ သွားခဲ့ပါတော့တယ်။

မန်းတက္ကသိုလ်မှာ 'ငယ်ငယ်၊ အောင်နှင့် မြတ်တော်ဝင်' ဆိုတဲ့ မိုးကောင်းသူ ကောင်မလေးတစ်ယောက်တို့ဟာ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ကြလေသည်။ ကျွန်မတို့ သုံးယောက်တွင် အောင်က အကြီးဆုံး၊ မြတ်က ကျွန်မထက် နှစ်လကြီးပြီး အနိုင်ယူကာ ကျွန်မက အငယ်ဆုံးမို့ အားလုံးကို ရှုံးခဲ့ရပါသည်။ ကျောင်းပြီးလို့ မြတ် မိုးကောင်းပြန်သွားသောအခါ မန္တလေးက ကျောက်စိမ်းကုန်သည်တစ်ဦးနှင့် အိမ်ထောင်ကျသွားသည်ဟူ၍သာ ကြားရပြီး လုံးဝ အဆက်အသွယ် ပြတ်ခဲ့၏။

ကျွန်မလည်း အိမ်ထောင်ကျပြီး ခင်ပွန်းသည် တာဝန်ကျရာနောက် လိုက်ခဲ့ပြီး၊ ရတနာကုန်သည်ဘဝ ရောက်ပြန်တော့လည်း ကျောက်စိမ်းလောကနှင့် ဝေးလေသူ ကျွန်မက သူတို့နှင့် ဘာမှမပတ်သက်ခဲ့ပါ။ ကျွန်မ၏ ကျောက်မျက်ရတနာ ကုမ္ပဏီရှိရာ ရန်ကုန်မြို့တွင်သာ အနေများပြီး မန္တလေးသို့ ပြန်သည့်တစ်ခဏ တစ်ခုသော ညနေ ရွှေဆိုင်တစ်ဆိုင်ရှေ့တွင် မြတ်နှင့် မတော်တဆ ဆုံစည်းမိရာက အစ။

## ၅၂၈ တို့ဖြင့် မွှန်းထုံသော

ကျောက်စရစ်တို့ကို ရှပ်တိုက် စီးဆင်းနေသည့် ဆည်တော်လေး အနီးတစ်ဝိုက် အထက်မြန်မာပြည် ဓာတ်ပုံအသင်းမှ ဓာတ်ပုံဆရာပေါင်းများစွာတို့ ပြိုင်ပွဲဝင် မော်ဒယ်တစ်ဦးကို ဓာတ်ပုံရိုက်ယူနေကြပါသည်။

မော်ဒယ်မယ်မလေးမှာ ကိုနီကာပထမဆုရ (မျိုးမျိုးအောင်)ဖြစ်ပြီး ညီမ မစန္ဒာမှာ မျိုးမျိုးအောင်နှင့် အဖော်လိုက်ပါခဲ့ရပြီး ဆည်တော်လေးကို မရောက်ဖူးသူ ကျွန်မကပါ သူတို့နှင့် အလည်အပတ် လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။

မေလ နေသည် ပူပြင်းလှချေ၏။ ခဏတစ်ဖြုတ် ရပ်ကြည့်ရသည်ပင် မူးမိုက်လာပြီမို့ အရိပ်ရရာ ကျွန်းပင်တစ်ပင်အောက်သို့ ပြေးဝင်ခဲ့ကြပါသည်။ ဒရောသောပါး ပြေးဝင်လာစဉ် ထိုသစ်ပင်အောက်တွင် ကျွန်မတို့ထက် စောစောကတည်းက ရောက်နေသူ လူတစ်ယောက်က ပြုံးခနဲ ထရပ်ပါသည်။ ညီမစန္ဒာက



'ဟာ... ဦးရဲပါလား၊ ဓာတ်ပုံမပြိုင်ဘူးလား၊ ဘာလို့ ဒီမှာ လာထိုင်နေတာလဲ' ဟု ပြောပြောဆိုဆို ဝင်ထိုင်ရင်း မေးခွန်းတွေ တရစပ်မေးတော့ရာ ထိုသူမှာ ပထမကြောင် အမ်းအမ်းနှင့် ငေးနေပြီးမှ စန္ဒာမှန်းသိတော့ ပြုံးပြပါသည်။

'ဦးရဲ မပြိုင်ဘူးကွ၊ ကိုယ့်ဆိုင်က ညီလေးတွေ ပြိုင်ကြတာ၊ ဒါနဲ့ ဒီက' ဟုဆိုကာ ကျွန်မကို ကြည့်ပြီးမေးသည်။

'မမကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ မန္တလေးမြို့က Famous Photographer လေ၊ ၃၃လမ်း၊ 7th Story အဖွဲ့က ဦးရဲရင့်တဲ့၊ ဂျပန်နိုင်ငံ ကလေးသူငယ်များ ဓာတ်ပုံပြိုင်ပွဲမှာ ကမ္ဘာကျော်ဆုရ ဓာတ်ပုံပညာရှင်ပေါ့၊ ဦးရဲ ဒါ စန္ဒာတို့ မမ ပတ္တမြားမိုမိုပေါ့'

'သြော်... တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ခုလောလော ဆယ်တော့ ကျွန်တော့်ညီမ စန္ဒာမြှောက်လို့ မြေကြီးနဲ့တောင် တစ်တောင်မက လွတ်နေပါပြီ၊ ဒါနဲ့ ဒီက... ဟို...'

'ကျွန်မကို အစ်မလို့ ခေါ်နိုင်ပါတယ်'

'ခင်ဗျာ'

'အဲ... ရှင်က ကျွန်မရဲ့ မောင်ကလေးနဲ့ ရုပ်ချင်းသိပ်ဆင်နေလို့ပါ၊ ထိုင်မယ်နော်'

ကျွန်မက ပြောပြောဆိုဆို သူနှင့် မလှမ်းမကမ်း ကျောက်တုံးတစ်ခုပေါ် ထိုင်ချလိုက်ကာ ညီမလေးနှင့် သူတို့ စကားလက်ဆုံကျနေကြသည်ကို နားထောင်နေလိုက်ပါသည်။

'ဦးရဲ ဘာလို့ ဓာတ်ပုံပြိုင်ပွဲတွေ ဝင်မပြိုင်တော့တာလဲ' ကစ၍ အမေးအဖြေ လုပ်နေကြသည်။ ကျောက်တုံး၊ ကျောက်ခဲလေးများကို ဖြတ်စီးဆင်းနေသော ချောင်းရေကို ငေးမောရင်း သူ လိုချင်သော အတိုင်းအတာတစ်ခုကို ရပြီးပြီမို့ မပြိုင်တော့ကြောင်း၊ **ယှဉ်ပြိုင်မှုဆိုသည်မှာ ကြိုးစားမှု၏ ပြယုဂ်သာဖြစ်လိုကြောင်း၊ တိုက်နိုက်ခြင်း၏ နိမိတ်ပုံဆိုလျှင် မနှစ်သက်တတ်ပါကြောင်း** စသည့် ဒဿနဆန်သော သူ့စကားဆန်းတို့သည် စိတ်ဝင်စားစရာ ကောင်းလာပါသည်။ သူ့ခံယူချက်တွေနှင့် သူ့ဒဿနတွေသည် လိုက်ဖက်လှသဖြင့် အလိုလိုငေးမောကြည့်ရှုမိသော အခါ ပိရိပြတ်သားသော နှုတ်ခမ်းတွေ၊ ထူထဲမည်းနက်နေသော မျက်ခုံးတွေအောက်

က ကြင်နာရိပ်တို့ဖြင့် ဖုံးလွှမ်းပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ပါသည့် အကြင်နာ မျက်ဝန်းတစ်စုံကို တွေ့ရလေသည်။ တူသည်၊ တော်တော့်ကို တူနေသည်။ ကြည့်စမ်းပါဦး၊ ကျွန်မ၏ ချစ်လှစွာသော မောင်ကလေး။

ကျွန်မအောက်က မောင် ကိုသိန်း။

သည်လူနှင့် အံ့ဩတိုက်ဆိုင်လှစွာ ချွတ်စွပ်လာတူနေမှုသည် ကျွန်မအတွက် ကံကောင်းခြင်းများစွာနှင့်အတူ ဝမ်းသာစရာတစ်ခု ဖြစ်သွားပါတော့သည်။ အဓိက သူ၏ မျက်ခုံးနှင့် မျက်လုံးတစ်စုံသည် ကျွန်မ၏ မေမေနှင့်ပါ တစ်ထပ်တည်း တူလှချေသည်တကား။ အံ့ဩဖွယ် တိုက်ဆိုင်မှုတစ်ခုပေပဲ။

မတော်တဆငေးရင်း အံ့အားတသင့်နှင့် အကြာကြီး ကြည့်နေမိသော ကျွန်မကို ညီမက ကျွန်မလက်ကိုကိုင်ပြီး ရယ်ပါသည်။

'ဘာလဲ၊ ဦးရဲကိုကြည့်ပြီး မမ အံ့ဩနေတယ် မဟုတ်လား၊ ကိုကိုသိန်းနဲ့ ချွတ်စွပ်တူလို့လေ၊ ညီမလေးတောင် တွေ့စက ကိုကိုသိန်း မှတ်လို့'ဟု သူ့ဟာသူပြောရင်း ရယ်မောသည်။

'ဟုတ်ပါရဲ့၊ ကျွန်မမောင်လေးနဲ့ တူလိုက်တာ၊ ကျွန်မကိုလည်း အစ်မလို့ပဲခေါ်ပါ'ဟု ပြောသောအခါ

'ကျွန်တော်တို့ ရွယ်တူတွေလောက်ပဲ ဖြစ်နေမလား'ဟု ပေကတ်ကတ် ဂျစ်ကန်ကန်အသံနှင့် ဈေးဆစ်လာပါသည်။

ကျွန်မက တစ်စုံတစ်ရာကို သတိရသည်မို့ ရယ်ပြုံးမိရင်း-

'ရှိုင်းတယ် မထင်ပါနဲ့ ရှင် ဘယ်နှစ်မွေးလဲ'

'၂၅-၈-၅၉'ဟု တိုးတိုးဖြေသည်။

'ကဲ… ဒါဆိုရင်တော့ ကျွန်မကို အစ်မလို့သာ မှတ်လိုက်တော့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ၇-၇-၅၉မွေးမို့လို့ ရှင်ထက်တစ်လတိတိကြီးတယ်'

သူက 'ဗျာ'ခနဲ ဖြစ်သွားသည်။ တစ်ခဏမျှ တည်သွားပြီးမှ သူ ရယ်ပါသည်။ လှိုက်လှိုက်လှဲလှဲ ရယ်မောပါလေသည်။

'ကျွန်တော် ရှုံးပါတယ်ဗျာ၊ သေသေချာချာကို ရှုံးပါတယ်၊ တစ်လတည်းနဲ့ကို ကပ်ရှုံးပါတယ်၊ သည့်အတွက် အစ်မလို့လည်း ခေါ်ပါ့မယ်၊ အစ်မ မရှိတဲ့ ကျွန်တော့်ဘဝထဲကို အစ်မတစ်ယောက် မိုးပေါ်က ကျလာသလို



အောက်မေ့လိုက်ပါ့မယ်၊ တစ်သက်လုံး မောင်လေးအရင်းတစ်ယောက်လို သဘောထားပါ'ဟု ပြောသောအခါ ညီမငယ် စန္ဒာလေးက -

'မမအတွက် မောင်လေးရတယ်ဆိုရင် ညီမလေးအတွက် မောင်ကြီးတစ်ယောက်ရတာပဲ၊ ဒီနေ့ကစပြီး ဦးရဲဟာ ညီမလေးအတွက် မောင်ကြီး'ဟု ဝမ်းသာအားရပြောကာ မောင်နှမပွဲတော်ကလေးကို အဆုံးသတ် ဆုံးဖြတ်ပြီးကြသော ထိုခဏတွင် ကျွန်မတို့တစ်တွေ၏ '၅၂၈ ဖြင့် မွှန်းထုံသော ချစ်ခြင်းမေတ္တာရနံ့တို့သည် လောကကြီးတစ်ခုလုံးအား မွှေးပျံ့သွားစေခဲ့ပါသည်။

## သားကောင်ဖြစ်သွားသော ပတ္တမြားမိုမို

၁၉၉၈ ခုနှစ်၊ ဖွန်လလယ်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် ကူမင်း ကုန်စည်ပြပွဲအတွက် ကျောက်စိမ်းအလွှတ်ပွင့်များ ဝယ်ယူလိုသဖြင့် မန္တလေးမြို့ ၈၅ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ကျောက်စိမ်းဝိုင်းဘက်သို့ ခြေဦးလှည့်လိုက်ပါသည်။ ရတနာလောကသို့ (၁၀)နှစ်တာ ခရီး ရောက်ခဲ့သော်လည်း ကျောက်စိမ်းလောကနှင့် တစ်ကြိမ် တစ်ခါမျှ ထိတွေ့ခဲ့ခြင်း မရှိခဲ့။ ကျောက်စိမ်းမှအပ အခြားသော ရတနာမျိုးစုံကို တန်သင့်သလောက် နားလည် တီးခေါက်မိသည့်တိုင် ကျောက်စိမ်းနှင့်တော့ ဝေးလိုက်ပါဘိခြင်း။ ဘာမှ အတွေ့အကြုံ မရှိခဲ့။ တစ်ကြိမ်တစ်ခါလောက်ပင် ဝယ်ဖူးခြင်း၊ ရောင်းဖူးခြင်း မရှိခဲ့။ ၁၉၉၇ ကူမင်း ကုန်စည်ပြပွဲသည် ကျောက်စိမ်း ပွဲတော်ကြီးဖြစ်မှန်း အဲဒီ



ရောက်တော့မှ သိခဲ့ရလေသည်။ ထိုစဉ်က ကျောက်စိမ်းဆို၍ မူးလို့မှ ရှူစရာမပါသော ကျွန်မတို့ ဆိုင်သည် မျက်နှာငယ်ခဲ့ရပါသည်။ ကျောက်စိမ်းကိုမှ မြတ်နိုးသော တရုတ်လူမျိုးတို့ကလည်း ကျွန်မ၏ ဆိုင်ရှေ့ရောက်လျှင် ဖျတ်ခနဲကြည့်၊ ဆတ်ခနဲကျော်နှင့် 'ရပ်၊ ကြည့်၊ ဖြတ်လျှောက်' ဘဝဖြင့်သာ ကျော်လွှားခံနေရလေ၏။ ထို့ကြောင့်…။

ဒီတစ်နှစ်တော့ (ပတ္တမြားမိုမို)တို့ နည်းနည်းပါးလာသည်ပေါ့။ ကျောက်စိမ်းလေး ဘာလေးဝယ်ရင်း တရုတ်ကုန်သည်တို့အကြိုက် လိုက်ရဦးမည်ဟု တွေးမိသည်။ ဒီလိုနှင့် ကိုယ့်ကိုယ်ကို ယုံကြည်ချက်တွေအပြည့်နှင့် ထိုရှုပ်ထွေးပွေလီလှသော ကျောက်စိမ်းလောကထဲသို့ သုံးသိန်းတန် ကျောက်စိမ်းတစ်ပွင့်ကို ဝယ်ယူမိခဲ့ရာကအစ ထိုရှုပ်ထွေးပွေလီလှသော ကျောက်စိမ်းလောကကြီးထဲသို့ ရုပ်ပျက်ဆင်းပျက်နှင့် ကျရောက်ခဲ့ရလေတော့သည်။

## ပျော်ရွှင်မှုတွေ ထောင်သောင်းရှိသော ရတနာ

ထိုစကားသံတို့သည် တရိပ်ရိပ်ပြေးနေသော ကျွန်မ၏ ကားနောက်က ဟားတိုက်၍ လိုက်လာ၏။ ၂၆ ဘီလမ်း၊ ကျုံးဘေးတစ်လျှောက်ရှိ ကုက္ကိုပင်တန်း စိမ်းစိမ်းကြီးများတွင် ကျောက်စိမ်းပွင့်တွေ တွဲလဲခို ချိတ်ဆွဲထားသလို မြင်နေရသည်။ ရန်ကုန်မြို့၊ ကမ္ဘာအေးလမ်းရှိ ကျောက်မျက်ရတနာ ပြတိုက်ရှေ့ အမှတ်တရစိုက်ထူထားသော ကျောက်စိမ်းတုံးကြီးကို စိမ်းတစ်ခါ ဝါတစ်လှည့်နှင့် ပြန်မြင်လာသည်။

ယခုအချိန် ကျွန်မရင်ထဲက ဒေါသ အတုံးအခဲကြီးသည် ထိုကျောက်စိမ်းတုံးကြီးထက် ပိုကြီးပြီး မခံချင်စိတ်တွေက အတုံးလိုက် အတစ်လိုက် ထွက်လျက်ရှိနေသည်။ ထိန်းချုပ်ထားသည့်ကြားမှ တောက်တစ်ချက် ခေါက်လိုက်မိလျှင် အရှိန်ကလေးနှင့် မောင်းလာသော ညီမက လန့်၍ ဘရိတ်အုပ်လိုက်သည်။

'ဘာလဲ၊ ဘာလဲဟင် မမ၊ ကျောက်သွားစစ်မယ်ဆို'

'မသွားတော့ဘူး၊ ပြန်ကွေ့၊ ငါ ညှံ့တာကို လူသိတာပဲ ရှိမယ်' ဟုဆိုကာ ကားကို ဦးတည်ရာပြောင်းခဲ့ကြသည်။ ၃၃လမ်းမှ 7th Story ရှေ့ ရောက်သောအခါ နဂ္ဂတစ်တွေ နေမှာ ထောင်ကြည့်နေသော သူ့ကို တန်း၍တွေ့ရသည်။

'ရဲရင့်ရေ၊ အစ်မကို ဒါလေး ကြည့်ပေးပါနော်' ဟု ဆိုကာ ကျွန်မ လက်ပွေ့အိတ်ထဲမှ ကျောက်စိမ်းလေးတစ်ပွင့်ကို ထုတ်ပြမိသည်။

ကရင်ဆိုဒါရောင်၊ အပြစ်အနာအဆာကင်းသော အလေးချိန် ငါးကလပ်ရှိ ဘဲဥခြမ်းပုံ ကျောက်စိမ်းလုံးချောကလေးပင် ဖြစ်သည်။ ကျွန်မက ထိုကျောက်စိမ်းပွင့်ထက် ကျောက်စိမ်းကြည့်နေသော ရဲရင့်၏ မျက်နှာကို စက္ကန့်မလပ် လိုက်၍ စာဖတ်နေမိသည်။ မျှော်လင့်ချက်ရောင်ခြည် တစ်စုံတစ်ရာကို တွေ့ရလေမှာ





လား။ စိတ်တိုင်းကျအောင် ကြည့်ပြီးသောအခါ သူက ကျွန်မထံသို့ ပြန်လျှောက်လာပြီး 'အစ်မ၊ ဝယ်သွားပြီးပြီလား' ဟု မေး၏။

'မနေ့က ဝယ်လိုက်တာ'

သူက တစ်ချက်မျှ တွေခနဲဖြစ်သွားပြီး

'ဒီကျောက်ရည် ကျောက်သားက ၅ိ/-အထက်တန်တယ်၊ ဒါပေမယ့်'

သူ့ရဲ့ ဒါပေမယ့်သည် ကျွန်မ သိပြီးသော စကားကို ပြောတော့မည်ဟု သိနေပြီ။ သေချာပြီ။ ပွဲဦးထွက် ထိပြီပေါ့။ သည်လောကထဲ ဘုရင်တစ်ဆူလိုမင်းမူဖို့ ဝင်လာတာ၊ ခု မုဆိုး မဖြစ်ဘဲ သားကောင် ဖြစ်ရပြီ။ ဖြစ်စမ်း၊ ဘယ်လောက်ထိ ဖြစ်နိုင်မလဲ။

'အစ်မ ဘယ်လောက်ပေးလိုက်ရလဲ'

'သုံးသိန်း'

'ဒါဆေးဆိုးကျောက် အစ်မ' ဟု ရဲရင့်က စကားကို ထိန်းပြီး ဖြည်းဖြည်းပြောပေမယ့် ကျွန်မနားထဲမှာတော့ ဗုံးတစ်လုံးလိုပင် ပျက်စီးမှုဟာ ပြင်းထန်သည်။ သူ့မျက်နှာသည် စိတ်မကောင်းခြင်းတို့ဖြင့် ယှက်သန်းဝေ့ဝဲနေ၏။

'ဖြစ်မှဖြစ်ရလေ အစ်မရယ်၊ ငွေမချောင် ပြကြည့်ရောပေါ့။

ခု ပြန်ပြောပြီးပြီလား’

‘မသေချာသေးလို့၊ ပြီးတော့ လိုချင်တဲ့ ခံစားမှုထိ မရောက်သေးလို့ ပညာယူပြီး ခံစားနေတာ’

‘ဗျာ’

ရဲရင့်က ကျွန်မစကားကို နားမလည်နိုင်စွာ ‘ဗျာ’ သည်။ များများထိတော့ မြန်မြန်သိတာပေါ့ ရဲရင့်ရယ်။ ငွေသုံးသိန်းဆိုတာ နည်းလို့လား။ မိန်းမသားတစ်ယောက် ရှာထားခဲ့ရတာ။ မျက်ရည်လေးတစ်စက်လောက်နဲ့တော့ လဲပြီး နှမြောပေးလိုက်သင့်သည်ပေါ့။ ‘ပြန်များမရရင်တော့’ လို့ တွေးလိုက်မိရင် ရင်ထဲမှာ ပူချစ်လာပေမယ့် ခံနိုင်ပါသည်။ ကျောက်စိမ်းလောကထဲကို အဖော်မပါဘဲ ဝင်လာသူ ကျွန်မ ထီခနဲမှ မမြည်ခင် ကွဲပြီ။ ကွဲစမ်းပါစေ။ မှုစရာလား။ ဒါပေမယ့် ဒါဟာ ဝမ်းနည်းစရာတော့ သေချာ၏။ ဘယ်တော့မှ ငိုလိမ့်မယ်မထင်ပါနဲ့။

အဘယ်မျှ ကြေကွဲစရာ ကောင်းလိုက်ပါသနည်း။ မျှော်လင့်ချက်တွေ ခါးလယ်က ရိုက်ချိုးခံလိုက်ရသလိုပဲ။ လှည့်ဖြားမှုတွေ၊ အလိမ်အကောက်တွေနဲ့ ရှုပ်ထွေးနေတဲ့ လောကကို ပြပါဆိုလျှင် ကျောက်စိမ်းလောကပဲဟု ပြချင်သည်။

‘အစ်မ ကျွန်တော် ကျောက်စိမ်းလုပ်ဖူးတယ်၊ အတော်အတန်လည်း သိခဲ့တယ်၊ အစ်မကို ကျွန်တော် တတ်နိုင်သလောက် ကူညီမယ်ဗျာ၊ ခု အစ်မ ဘာဖြစ်ချင်လဲ’

ရဲရင့်က ရဲရင့်လှစွာ ကျွန်မရှေ့က ရဲရဲရင့်ရင့် ရပ်တည်လာပြီ။ အားရှိလိုက်တာ။ ဟုတ်ပေတာပဲ။ ငါတို့မှာ မောင်လေးတစ်ယောက် ရထားပြီပဲ။ ကြေကွဲစိတ်ဖြင့် ငြိမ်နေသော ကျွန်မကို ရဲရင့်က တပ်လှန့်ကာ လှုပ်နှိုးလိုက်ပြီ။ ရဲရင့်ရယ် တို့မောင်ကလေး ပါလာလို့တော့ကလေ နည်းနည်းမှ ဂရုမစိုက်။

‘ပတ္တမြားမိုမို လာပြီ၊ ကျောက်စိမ်း ကမ္ဘာရေ’

* * *

ကျောက်စိမ်းဝယ်ယူခဲ့သူ မိတ်ဆွေထံရောက်တော့ ရဲရင့်က လေပြည်အေးကလေးနှင့် ရှင်းပြသည်။ ပထမတော့ ထိုသူမျက်နှာ တင်းခနဲ ဖြစ်သွားသည်။ နောက်တော့ ရောင်းချပြီးသော ထိုကျောက်ကို ပြန်လက်ခံသည်။ သည်တစ်



ချက်နှင့်ပင် ကျေနပ်လိုက်ပါဘိ။ ဘာပဲပြောပြော ငွေချေပြီး ကျောက်တစ်ပွင့်ကို ပြန်လက်ခံသည်မှာ တော်တော်တန်တန် သိက္ခာထိန်းသိမ်းမှုတစ်ရပ်ပဲ မဟုတ်လား။ ရည်ရွယ်၍ လုပ်ကြံမှုတစ်ခုဟု မယူဆမိစေရန် ‘သူက ပွဲစားပါ’ ဟု လေပြည်ထိုးပြီး လက်ခံလိုက်သည်။ ငွေတော့ ပြန်မပေးပေမယ့် အခြားသော ကျောက်ထုပ်တွေပြသည်။

ငွေသုံးသိန်းနှင့် သင်ခန်းစာတစ်ခု ရယူခဲ့သည်။

ရဲရင့်က တစ်ထုပ်ပြီးတစ်ထုပ်ကြည့်ရင်း ကျွန်မကို ယှဉ်ယှဉ်ပြရင်း သင်သည်။

ထို့နောက် အခြေအနေကောင်းတယ်ဟုဆိုကာ အသစ်တွေ ဝယ်ခဲ့သည်။ တစ်ထုပ်ကြည့်တိုင်း ကျောက်စိမ်းနှင့် ပတ်သက်သည့် ဗဟုသုတတွေကို ပြောပြသည်။ မှတ်သားမိသလောက် ဆိုရင်တော့-

ကျောက်စိမ်းဝယ်တော့မယ်ဆိုရင် အဓိက,က **ပစ္စည်းစစ်မှန်ဖို့၊** ဒုတိယ **ဈေးမှန်ဖို့နဲ့ တတိယ ထွက်ရပ်မှော်(ကျောက်ထွက်သည့်နေရာ)မှန်ဖို့ပဲဟု** သင်ခန်းစာ အခြေခံတစ်ခု ရခဲ့သည်။

ထိုအချိန်မှစ၍ ထိုရှုပ်ထွေးမွေလီလှသော၊ အလိမ်အကောက်များလှသော၊ သဘာဝတရားကြီး၏ လျှို့ဝှက်နက်နဲလှသော၊ ကျောက်စိမ်းများအကြောင်းကို ရဲရင့်က စိတ်ဝင်စားဖွယ်၊ ရင်ခုန်ဖွယ်၊ လွမ်းမောဖွယ် ရသစုံစုံ ဗဟုသုတတွေ အစုံအလင်နှင့် သူ့ညီမလေးအား ပြောပြခဲ့ပါတော့သည်။



* * *

## နှစ်ပေါင်း ၅၀၀၀ ကျော်က အစိမ်းရောင်မင်းသမီးလေး

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တရုတ်လူမျိုးတို့ရဲ့ နှလုံးသည်းပွတ်ထဲမှာ ‘အစိမ်းရောင် မင်းသမီးလေးတစ်ပါး’ ဟာ တန်ခိုးရှင်မလေး တစ်ဦးအဖြစ်နဲ့ ရှင်သန်လွှမ်းမိုးခဲ့ပါတယ်။

အဲဒီတုန်းက သူတို့ အမြတ်တနိုး ကိုးကွယ်သိမ်းဆည်းခဲ့တဲ့ 'ကျောက်စိမ်း' လို့ ရိုးရှင်းစွာ အမည်ပေးခဲ့တဲ့ အစိမ်းရောင် မင်းသမီးလေးဟာ (Nephrite)ကျောက်လေးတစ်ပွင့်သာ ဖြစ်ပါတယ်။ အဲဒီကျောက်လေးဟာ 'ကမ္ဘာမြေကြီးနဲ့ ကောင်းကင်ဘုံကို ဆက်သွယ်ပေးနိုင်တဲ့ တမန်တော်' လို့တောင် ထင်မှတ်ကိုးကွယ်ခဲ့ကြတာ ဖြစ်ပါတယ်။ သူ့ရဲ့ အသွေးအသားနဲ့ အငွေ့အသက်တွေဟာ နန်းတော်ကြီးတစ်ခုလုံးကို မွှန်းထုံနိုင်စေခဲ့တယ်။ ရှင်ဘုရင်တွေရဲ့ ပလ္လင်တွေ၊ နန်းတော်တိုင်ကြီးတွေ၊ စားပွဲလှလှကြီးတွေ၊ ယုတ်စွအဆုံး ပန်းကန်ခွက်ယောက်၊ ပုံတူရုပ်တုတွေနဲ့ လှပတဲ့ လက်ဝတ်ရတနာတွေအထိ သူ့အသွေးအသားနဲ့ တည်ဆောက်ဖန်တီး သုံးစွဲဝတ်ဆင်ခဲ့ကြတယ်။



ဒါပေမယ့် ဒီလို ကျောက်စိမ်းလို့ အမည်လှလှပေးပြီး ဝတ်ဆင် သုံးစွဲ မြတ်နိုးခဲ့ကြတဲ့ အဲဒီကျောက်ဟာ (Jadite) ဂျေဒိုက်လို့ ခေါ်တဲ့ ကျောက်စိမ်းမဟုတ်ဘဲ နက်ဖရိုက်(Nephrite)သာ ဖြစ်ခဲ့ပါတယ်။

၁၈ရာစု နှစ်ရောက်တော့ မျှော်လင့်ဘဲ ပြင်သစ်ကျောက်မျက် ပညာရှင်တစ်ယောက်ဟာ မြန်မာနိုင်ငံကထွက်တဲ့ ကျောက်စိမ်းရုပ်တုလေးတစ်ခုနဲ့ ဟိုရှေးက တရုတ်တွေ သုံးခဲ့တဲ့ ကျောက်စိမ်းကာဗင်လေးတစ်ခုကို နှိုင်းယှဉ်ကြည့်မိရာကအစ သည်ကမ္ဘာကြီးပေါ်မှာ နက်ဖရိုက် ကျောက်စိမ်း မင်းသမီးလေးထက် လှတဲ့၊ ကောင်းတဲ့၊ သာလွန်တဲ့ အရည်အချင်းတွေ ပြည့်ဝနေတဲ့ မင်္ဂလာရှိတဲ့ ဂျေဒိုက်လို့ခေါ်တဲ့ 'ကျောက်စိမ်း စစ်စစ်ကလေး' ဟာ ဘုရင်ကြီးတစ်ပါးလို ဝင့်ကြွားစွာ ပေါ်ထွက်လာခဲ့ပါတယ်။



'ဘယ်နေရာတွေမှာ တွေ့နိုင်တာလဲ မောင်ကြီးရဲ့' ဟု ညီမငယ်က စိတ်ဝင်စားစွာ မေးသည်။

'တစ်ခုတည်းသော အကောင်းဆုံးနေရာကတော့ မြန်မာနိုင်ငံက ချင်းတွင်းမြစ်နဲ့ ဥရုချောင်းဒေသက ထွက်ပါတယ်။ တခြားထွက်တဲ့နေရာတွေကတော့ အများကြီး ကျန်သေးတာပေါ့ကွာ။ တို့တိုင်းပြည်က ရတနာမြေပဲ၊ လက်ညှိုးထိုး မလွဲဘူး၊ ရတနာတွေရှိကြတာတော့ ညီမလေး သိမှာပါ'



'ဆက်ပြောပါဦး ရဲရင့်၊ အဲဒီ ဂျေဒိုက်နဲ့ နက်ဖရိုက်ဆိုတဲ့ အရောင်တူ ကျောက်စိမ်းနှစ်မျိုးဟာ ဘာတွေ ကွဲလွဲမှုရှိတယ် ဆိုတာလေ'

ကျွန်မက လောဘကြီးစွာ မအောင့်အည်းနိုင်ဘဲ ဝင်မေးမိသည်။

'သြော်… အစ်မရယ်၊ 'ဂျိတ်' ဆိုတဲ့ 'ဂျေဒိုက်' နဲ့ နက်ဖရိုက်ဟာ အရောင်သာ တူတာပါ၊ တည်ဆောက်ပုံ၊ လှပမှု၊ မာကျောမှု၊ ညှို့အားကောင်းတဲ့ ဆွဲဆောင်နိုင်မှုတွေ၊ ဝါ၊ စိမ်း၊ နီ၊ ပြာ၊ ညိုစတဲ့ သက်တံ့ရောင်စဉ်တွေဟာ ကျောက်စိမ်းမှာသာရှိပြီး နက်ဖရိုက်နဲ့ ဘာမှ မယှဉ်သာအောင် ကောင်းမွန်လှပါတယ်။ Jade ရဲ့ ဖွဲ့စည်းမှုက ဆိုဒီယမ်၊ အလူမီနီယမ်ဆီလီကိတ်ဖြစ်ပြီး၊ Nephrite ရဲ့ ဖွဲ့စည်းမှုက ကယ်လ်ဆီယမ် ဆီလီကိတ်၊ မဂ္ဂနီဆီယမ် ဆီလီကိတ်ဖြစ်တယ်။ သူက သံဓာတ်တွေများတယ်။ အရောင်မှာ အဖြူနဲ့အစိမ်း ၂ မျိုးသာ တွေ့နိုင်တယ်။ မာဆင့်နိမ့်တယ်။ အရောင်ပြတ်မှု သိပ်မရှိဘူး။ သည်တော့ Jade တစ်ပွင့်နဲ့ ယှဉ်လိုက်တိုင်း သူမဲ ရှုံးတော့တာပေါ့။

ပြီးတော့ အံ့သြစရာက သည်ကမ္ဘာကြီးပေါ်မှာ နက်ဖရိုက်

ကျောက်တွေ အများကြီး ရှိနေခြင်းပါပဲ။ များများတွေ့၊ ပေါပေါရ၊ အမျိုးကညံ့ဆို တော့ နက်ဖရိုက်ဆိုရင် Semiprecious Stone လို့တောင် သတ်မှတ်ခံကြရပြီး မျက်နှာ ငယ်ကြရတာပေါ့၊ အရည်အသွေးတွေ၊ ဂုဏ်အင်္ဂါတွေ၊ လှပမှုတွေနဲ့ ပြည့်စုံနေတဲ့ ဂျေဒိုက်ဆိုတဲ့ ဒီ Jade လေးတစ်ပွင့်မှာတော့ ရှားလွန်းလို့ ကောင်းလွန်းလို့ Precious Stone ရယ်လို့ ဂုဏ်ယူဝင့်ကြွားစွာ ခေါ်ခဲ့ကြတယ်လေ။

'ဒါဆိုရင် သည်လောက် တန်ဖိုးချင်းကွာပေမယ့် အသွေးတူ အရောင်တူ ဖြစ်နေတဲ့ နက်ဖရိုက်တစ်ခုနဲ့ ဂျိတ်တစ်ခုကို အလွယ်တကူနဲ့ ခွဲခြားနိုင်အောင် ဘယ်လိုယှဉ်မလဲ' ညီမငယ်က တစ်ဖန် ဖြတ်မေးပြန်သည်။ ပြုံးတုံ့တုံ့ မျက်နှာဖြင့် ရဲရင့်က–

'မောပြီကွာ၊ နောက်နေ့မှ ပြောတော့မယ်'ဟု ဆိုကာ ရေနွေး တစ်ခွက် ငှဲ့သောက်ဟန်ပြင်တော့ သူ့ညီမက ဖျပ်ဖျပ်လူးကာ အတင်းဂျီကျလေသည်။

'မရဘူး၊ မရဘူး၊ ဒါ ပညာပြတာ၊ ကောင်းခန်းရောက်မှ၊ ပြော… ခုပြော၊ မပြောရင် ကျောက်စိမ်းရတနာ အပျိုမအတွက် မော်ဒယ်လ် မထိုင်ပေးဘူး' ဟု ခြိမ်းခြောက်လေတော့သည်။

ထိုအခါမှ စာချစ်သူရဲရင့်က Seven Story ၏ ပင်တိုင်မော်ဒယ် အပျိုမ စန္ဒာကို ပျာပျာသလဲ တောင်းပန်ရတော့သည်။

'အံမယ်လေး‥ ခြိမ်းခြောက်မှုတွေကတော့ ရှယ်ပဲ'ဟု ဆိုရာ သူ့ညီမက မျက်စောင်းထိုး၍ 'ရွှန်းတောင် တပ်ထားသေး'ဟု ပြောသဖြင့် သူ့အစ်ကို က ဟားတိုက်၍ ရယ်သည်။ ဘာတွေမှန်း မသိ၍ ကျွန်မက စိတ်မရှည်လှစွာ–

'ပြောမှာ ပြောစမ်းပါ ရဲရင့်ရယ်၊ မိစံကလည်း ငြိမ်ငြိမ်နားထောင်' ဟု တစ်လတည်းနှင့်ကပ်၍ အနိုင်ပိုင်းလိုက်ရလေသည်။ ရဲရင့်က ပြုံးရယ်စွာ ကျောက် စိမ်းပုံပြင်လေးတွေ ဆက်ပြောပါလေသည်။

'လွယ်လွယ်လေးပါ ညီမရယ်၊ အလွယ်ဆုံးက ညီမတို့ အမြဲ ဆောင်ထားတဲ့ မြကြည့်ကိရိယာ (Chealsea Colour Filter) လေးနဲ့ ကြည့်လိုက်လျှင် စိမ်းသွားတာ ဂျိတ်ပေါ့ကွာ။ ဒုတိယက (မီသိုင်းလင်းအိုင်အိုဒိုက်) SG 2.9 ဖျော်ရည်ထဲ နှစ်ခုစလုံးထည့်လိုက်၊ ပေါလောပေါ်နေတာ နက်ဖရိုက်ပေါ့၊ မြုပ်တာ ဂျိတ်၊ တတိယ စမ်းသပ်ချက်ကတော့ မှန်ဘီလူးနဲ့ အသေအချာကြည့်၊ မျက်နှာမှာ 'ဒင်ပင်' ခေါ်တဲ့





အချိုင့်ကလေးတွေ တွေ့တာက Jade၊ မတွေ့တာက Nephrite ပေါ့၊ ကဲ… ဒီလောက်ဆိုရင် အလွယ်တကူ သိနိုင်ရောပေါ့'ဟု ပြောရာ ကျွန်မဖြင့် တော်တော် ဝမ်းသာသွားသည်။ ပွဲစစချင်း ကွဲခဲ့ရတဲ့ ကျောက်စိမ်းလေးကို ငါ့မှာရှိတဲ့ မြကြည့်ကိရိယာနဲ့ ကြည့်ခဲ့ရင်တောင် ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့ တွေးရင်း နောင်တ ရမိသည်။

'မောင်ကြီးရေ… ညီမလေးသိသလောက်ဆို မြန်မာ နိုင်ငံမှာ ကျောက်စိမ်းမျိုးကွဲတွေ အများကြီး ကြားဖူးတယ်၊ ဘယ် နေရာတွေက ထွက်တယ်၊ ဘယ်လိုခေါ်တယ်၊ ဘယ်လောက် တန်တယ်ဆိုတာ ရှင်းပြပါဦးနော်'ဟု မေးသောအခါ မောလာဟန်ရှိသော ရဲရင့်က–

'လျှပ်တစ်ပြက်မှာ လုပ်စားရင်တော့ စောကလျာဦးတို့ထက် တို့ ညီမက နာမည်ကြီးနိုင်တယ်'ဟု ပြောရာ သူ့ညီမက 'ကြုံလို့ ဗျူးတာပါ၊ နာမည် ကြီးရပါစေမယ်'ဟူ၍ စလေသည်။

'အစ်ကိုတို့ မြန်မာနိုင်ငံမှာ ကျောက်စိမ်းရယ်ဆိုပြီး မျိုးတူတွေ နေရာအနှံ့က ထွက်တယ်ကွ၊ ဒါပေမယ့် အစိမ်းရောင်တိုင်း ကျောက်စိမ်း မဟုတ်ဘူး။ ကျောက်စိမ်းမှော်တွေထဲမှာကို အစိမ်းရောင်ကျောက်တွေ အများကြီးရှိတယ်။ ဥပမာ စိမ်းရည်ပလွှန်၊ ကုန်းပလွှန်၊ ပထော့၊ ထုံးကုံး၊ လမုန်း၊ ပူတာအို စသည်ဖြင့်ပေါ့လေ၊ အားလုံးကို ခြုံလိုက်ရင်တော့ (**မှော်တိမ်းကျောက်**)လို့ ခေါ်ကြတယ်။ အံ့ဩဖွယ် တိုက်ဆိုင်မှုတစ်ခုကတော့ ဒီလို မှော်တိမ်းကျောက်တွေဟာ တရုတ်၊ ကိုရီးယား၊ နယူးဇီလန်၊ အာဖရိက စတဲ့ အခြားနိုင်ငံတွေကထွက်တဲ့ ကျောက်တွေနဲ့လည်း အတူတူ

ဖြစ်နေတယ်ကွ။

'ဒါဆို အဲဒီမှော်တိမ်းကျောက်တွေနဲ့ Jadeနဲ့ ခွဲခြားရင်ကော'ဟု ထပ်မေးရ၏။

'အချက် ၅ ချက်နဲ့ ခွဲလို့ရတာပေါ့'ဟု ဆိုသည်။

(၁) အရောင်တင်ကြည့် (အရောင်ပြတ်ရင် Jade ၊ မပြတ်ရင် မှော်တိမ်း)။ (၂) မျက်နှာပြင်ကြည့် (ဒင်ပယ်ပါတာက Jade)။ (၃) ထိခိုက်မိလို့ ပွန်းပဲ့ခြစ်ရာတွေ့ရင် မှော်တိမ်း၊ မတွေ့ရင် Jade ။ (၄) Jade က ပိုလေးတယ်။ (၅)မြကြည့်ကိရိယာကို သုံးပေါ့။

'ဒါဆို ဆေးဆိုးကျောက်ကို ခွဲချင်ရင်ကော'ဟု မေးပြန်၏။

'မှန်ဘီလူးနဲ့ကြည့်၊ ပြီးတော့ မြကြည့်ကိရိယာနဲ့ ကြည့်၊ နီသွားရင် ဆေးဆိုးပေါ့ကွာ'ဟု ဆိုလေသည်။ ကျွန်မက သူတို့နှစ်ဦးကြားက ရယ်ချင်လာသည်။ ညီမ စန္ဒာက လျှပ်တစ်ပြက် အင်တာဗျူးတို့ထက်ပင် မေးခွန်းတွေက သွက်နေသည်။

ရရင့်ကလည်း အင်တာဗျူးအလုပ်ခံရတာ ဝါရင့်နေပုံရသည်။ အကွက်စေ့စေ့ ထောင့်စေ့စေ့ ဖြေနိုင်သည်။ အတော်ကြာတော့ မေးခွန်းတစ်ခုက လာပြန်သည်။

'ပူတာအို ကျောက်စိမ်းက ဘာလဲ'ဟု ထပ်မေးသည်။

'ပူတာအိုက ကျောက်စိမ်း မဟုတ်ဘူး၊ အစိမ်းရောင် ဥဒေါင်းသာ ဖြစ်တယ်၊ Grussular Garnet လို့ ခေါ်တယ်။

'OK ဒါဆို လင်ခေးကျောက်ကရော'

'လင်းခေးကျောက်က Green Marble ပေါ့၊ အစိမ်းရောင် စကျင်ကျောက်တွေလေ၊ ဒါတွေကိုတော့ မန္တလေး ဘုရားကြီးဈေးတန်းက ဆိုင်တွေမှာ အများကြီး တွေ့နိုင်တယ်။ ကဲ… မေး နောက်ထပ် ဘာဗျူးဦးမလဲ'

'အမယ်လေး မောပြီ၊ တို့အစ်ကို အရမ်းကြီးတော်တယ်ကွာ၊ ဒီပညာတွေ တတ်ထားလျက်နဲ့ ဘာကြောင့် လျှို့ထားတာလဲ'

'ဟိုး… ဟိုး… အထင်မကြီးနဲ့နော်၊ အစ်ကို ၁၈နှစ်သား ကတည်းက ကျောက်စိမ်းလောကထဲ ရောက်ခဲ့တာ၊ အင်မတန်မှ ကလိမ်ကကျစ်များ



ပြီး အင်မတန်မှ ရှုပ်ထွေးပွေလီလှတဲ့ ဒီလောက,က လူတွေရဲ့ အလိမ်အညာမခံရအောင် ကာကွယ်ရင်း၊ ရှာဖွေရင်း လိုက်စားခဲ့ရတာ၊ စာတွေ အများကြီးဖတ်၊ ကျောက်မျက်သင်တန်းတွေတက်နဲ့ စာအုပ်တိုင်းဟာ အစ်ကို့ဆရာတွေပေါ့'ဟု ဆိုလေလျှင် သည်နေရာတွင် အကွက်ဆိုက်လာသော ကျွန်မက ကြားဖြတ်ကာ ဝင်လိုက်ရပါတော့သည်။

'ရဲရင့်ကို အစ်မ တစ်ခုမေးမယ်၊ တို့များမောင်ကလေး ဒီလောက် သဘာရင့်နေပါလျက်နဲ့ ဘာလို့ ဒီလောက,က ထွက်ခဲ့ရသလဲ၊ သိခွင့်ရှိရင် သိပါရစေ' ဟု မေးသောအခါ ရယ်မောနေသော သူ့မျက်နှာသည် တစ်ခဏမျှ ငေးစင်းတည်ငြိမ်သွားလေသည်။ ပြီး အတော်ကြာတော့ မထင်ထားသော သူ၏ ဒဿနများကို မှတ်သားထိုက်ဖွယ် ကြားသိရလေတော့သည်။

## ဟာဒံပင်အောက်က ကျောက်သမား ရဲရင့်

ကျွန်တော် ဒီလောကကို ရောက်တော့ ကျွန်တော့် အသက် ၁၈နှစ်တောင် မပြည့်သေးဘူး။ ၃၄လမ်း၊ ဟာဒံပင်ဝိုင်းက စခဲ့တာ၊ ယုဇနဝိုင်းဆိုတာလည်း ရှိတယ်။ ကျွန်တော့် အဘိုးက ကျောက်စိမ်းသွေးဆရာကြီးလေ။ အဖေက ပန်းချီဆရာ။ ကျွန်တော့်ကျတော့ အဘိုးနဲ့ အဖေ့သွေးတွေစပ်ပြီး ကျွန်တော့်ရင်ထဲမှာ အနုပညာတွေ ချစ်ဖို့၊ ကျောက်မျက်ရတနာတွေချစ်ဖို့ သန္ဓေတည်ခဲ့တော့တာပါပဲ။

မိဘ ဘိုးဘွားကစ တာရာထိုင်၊ ပုတီးစိပ် လုပ်ခဲ့ရရင်း တစ်နေ့တစ်နေ့ ငါးပါးသီလခံ၊ ဘုရားရှိခိုးပြီးတာနဲ့ မနက်လင်းတော့ ကျောက်ဝိုင်းရောက်၊ ဝယ်တော့လည်း အမျိုးမျိုးပြော၊ ရောင်းတော့လည်း မလိမ်ချင်ဘဲလိမ်၊ ခဲတွေခွဲဖြစ်ပြန်တော့လည်း စိတ်လှုပ်ရှားလိုက်ရတဲ့ လောဘရဲ့ ဝေဒနာတွေ အရမ်းခံစားလာရတယ် အစ်မရယ်။ တစ်ခါတစ်လေ ကျောက်ရိုင်း(ဂဲ)တစ်လုံးရဲ့ လှို့ဝှက်နက်နဲတဲ့ လှည့်စားမှုတွေဟာ အသက်ငယ်ရွယ်တဲ့ လူငယ်လေးတစ်ယောက်ရဲ့ စိတ်ဓာတ်ကို အရမ်းပဲ ချောက်ချားစေခဲ့တယ်။ ဈေးအများကြီး ဝယ်ခဲ့တဲ့ ကျောက်ဟာ ခွဲလိုက်တော့မှ သုညတွေပြုတ်သွားပြီး ရှုံးခဲ့ဖူးသလို ဈေးနည်းနည်းလေးနဲ့ ဝယ်ခဲ့တဲ့ ဂဲတစ်လုံးဟာ သုညတွေ အများကြီးတိုးလာတဲ့ သိန်းဂဏန်းတွေနဲ့ လောဘတွေကို တက်စေခဲ့ပြန်ရော။ ဒီလိုနဲ့ လူတွေရဲ့ ညစ်ပတ်မှု၊ လှည့်စားမှုတွေ အောက်မှာ ကျွန်တော့်စိတ်ဓာတ်နဲ့ သမာဓိတွေ ယိုင်နဲ့လာတာ မခံနိုင်တော့လို့ အနိုင်ပိုင်းပြီး ထွက်လာတာ။

အဓိက,ကတော့ ဒါပါပဲ။ ဒါတွေကို ကျော်ခိုင်းခဲ့ပြီး ဝင်လာတဲ့ အနုပညာဆန်တဲ့ ခတ်ပုံလောကဟာ ကျောက်စိမ်းလောကလို လောဘ မရှိဘူး။ ဒေါသမရှိဘူး။ လှည့်စားမှု မရှိဘူး။ သဘာဝရဲ့ အလင်းအမှောင်နဲ့ အလှအပတွေအောက်မှာ ကိုယ့်ရဲ့ စိတ်ကူးဉာဏ်ကို လက်ညှိုးလေးတစ်ချောင်း နှိပ်လိုက်ရုံနဲ့ အလှပုံရိပ်တွေ တစ်ခုပြီး တစ်ခု ဖန်တီးနိုင်ရင်း ကျွန်တော် ပျော်တတ်လာခဲ့ရတာပဲ။

'ကျောက်သမားလိုတော့ မချမ်းသာနိုင်ဘူးပေါ့ မောင်ကြီးရယ်'ဟု သူ့ညီမလေးက ဝင်ပြောသောအခါ 'လူချမ်းသာမှုထက် စိတ်ချမ်းသာမှုက ရာထောင်မက သာပါတယ် ညီမရယ်'ဟု သူ့ညီမလေး၏ ဦးခေါင်းကို ပွတ်ကာ ညင်သာစွာ ဆိုလေသည်။

'ဒါဆို နောက်ပိုင်း ဘာလို့ မောင်ကြီး ဓာတ်ပုံပြိုင်ပွဲတွေ ဝင်မပြိုင်တော့တာလဲ'ဟု အခွင့်ရသည်နှင့် သည်ကိစ္စကို မကျေနပ်စွာ ဆိုပြန်လေသည်။



'အစ်ကို မပြိုင်ချင်လို့ မဟုတ်ပါဘူးကွာ၊ ကိုယ့်နောက်မှာ ကလေးတွေ အများကြီး ရှိသေးတယ်လေ၊ သူတို့အတွက် နေရာပေးတာမျိုးပါ'ဟု ဆိုသောအခါ ကျွန်မမှာ-

'ဟောတော့၊ ဒါဆို ရဲရင့်က အစ်မထင်ထားသလို ကျောက်စိမ်းလောကကို စိတ်နာစရာရှိလို့ ထွက်လာတာ မဟုတ်ဘူးပေါ့'

'စိတ်နာတာ မဟုတ်ပါဘူး အစ်မရယ်၊ စိတ်ကုန်သွားလို့'ဟု အေးအေးဆေးဆေးပင် ပြန်ပြောသည်။

သည်လိုဆိုလျှင်တော့ မျှော်လင့်ချက် တစ်စုံတစ်ရာဖြင့် ဆန္ဒတစ်ခု



ပြည့်ဝနိုင်သေးရဲ့လို့ မဝံ့မရဲ တောင့်တမိသည်။ အခွင့်အခါရသည်မို့ ရဲရင့်ကို ကျောက်စိမ်းလောကထဲ ပြန်ဝင်ရန် သိမ်းသွင်းရဦးမည်။

'ဒါဆိုရင်တော့ မိန်းမသားဖြစ်တဲ့ အစ်မတို့အတွက် မောင်တစ်ယောက်အားကိုးနဲ့ သည်လောကထဲ ဝင်ကြည့်ချင်တယ်ဆိုရင် ရဲရင့် လိုက်မှာလား'ဟု အကူအညီ တောင်းသောအခါ ရဲရင့်က ကျွန်မစကားနောက်မှ အဓိပ္ပာယ်တွေ အများကြီးပါသော အပြုံးတစ်ခုကို တည်ငြိမ်စွာ ပြုံးပါလေသည်။

'အစ်မ မပြောခင်ကတည်းက ကျွန်တော် ဆုံးဖြတ်ခဲ့ပြီးသားပါ။ ကျွန်တော် စွမ်းသရွေ့ ကူညီပေးပါ့မယ်။ သည်လောကထဲကို ဒုတိယဘဝအဖြစ်နဲ့ ကျွန်တော် ပြန်ယူမယ်'ဟု ပြောသောအခါ အင်အားတွေ တစ်လှေကြီးနဲ့ ကျွန်မမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ခံစားရလေသည်။

ကျေးဇူးပဲ ရဲရင့်ရေ၊ Welcome ပါပဲနော်။

## နာမည်များတဲ့ ကာဗင်များ

'ကာဗင်လှလှလေးတွေ ဝယ်ချင်သေးတယ်'ဆိုသဖြင့် ရဲရင့်က ကျောက်စိမ်းပန်းပုထည် တော်တော်များများ ယူလာလေသည်။ ၎င်းတို့ထဲမှ အဖြူခံတွင် အစိမ်းအပြောက်ကလေးတစ်စက်၊ နှစ်စက်ပါသော ကာဗင်ကလေးကို 'ခိုင်စူး' ဟု ခေါ်သည်ဟု ပြောသည်။

အသားတစ်ခုလုံး အစိမ်းပျောက်ကလေးများရှိသော ပန်းပုရုပ်တုကလေးကို 'ပန်းကျား'ဟု ခေါ်ပြီး ကျောက်သား တစ်ပြင်လုံး စိမ်း၍ပိတ်နေသည်ကို 'ပိတ်စိမ်း'ဟု ခေါ်ကြောင်း ရှင်းပြသည်။ ထိုကျောက်များကို ပန်းပုထုရာတွင် အသုံးပြုပြီး အရည်အသား အလွန်ကောင်းသော ကျောက်များကို 'အရည်ကျောက်' ဟု ခေါ်ပြီး လက်ဝတ်ထည်များအဖြစ် သုံးကြောင်း ရှင်းပြပါသည်။

'မောင်ကြီး ဂဲ(အရိုင်း) မခွဲဘူးလား၊ ပြီးတော့ တော်တော်လေး အီအောင်ရော ရှုံးဖူးလား'ဟု မထင်မှတ်သော မေးခွန်းကို ညီမလေးက မေးလာပါသည်။ မေးခွန်းက ထိလှသည်မို့ ကျွန်မပင် အားနာသွား၍ မိစံကို ဆိတ်ရသည်။ 'ကြိုက်တယ်ကွာ၊ သည်မေးခွန်း သိပ်လှတာပဲ၊ မေးသင့်ပါတယ် အစ်မရယ်၊ လူငယ်တွေရဲ့ စိတ်ကို ကျွန်တော် အရမ်း သဘောကျပါတယ်။ မေးထိုက်တဲ့ မေးခွန်းပါပဲ၊

ခု ကြည့်ပါဦး၊ သူ့စိတ်ဝင်စားမှုတွေက စနစ်ကျတယ်၊ သေသပ်တိကျတယ်၊ အထူးသဖြင့် ငယ်ငယ်ရွယ်ရွယ် မိန်းကလေး တစ်ယောက်က ဒီလောကကို ဒီလို စိတ်ဝင်စားမှုမျိုးဟာ ချီးကျူးစရာပဲ၊ တော်ရုံ ဒီလောကထဲ ကျင်လည်နေတဲ့သူတောင် သည်လောက် နိုက်နိုက်ချွတ်ချွတ် လေ့လာဖူးမှာ မဟုတ်ဘူး'

'သူက အပျိုမလေးတွေရဲ့ ကိုယ်စားပြုပြီး မေးနေတာကွယ့်' ဟု ကျွန်မက အားနာပါးနာ ထောက်ရှုရလေသည်။

'ကျွန်တော်ဖြေမှာပါ အစ်မရယ်၊ ဒါပေမယ့် ကျွန်တော်က 'ဂျမိုလော်ဂျစ်' (Gemmologist) တစ်ယောက် မဟုတ်ဘူး၊ သည်တော့ လွဲမှားမှုတစ်စုံတစ်ရာ ရှိခဲ့ရင် နားလည်မှုတွေနဲ့ နားလည်ခွင့်လွှတ်စေချင်တယ်' ဟု အစချီကာ သူ ဂဲခွဲရသည့် အကြောင်းများ ပြန်ပြောင်းကာ ပြောပြလေတော့ရာ သည်းထိတ်ရင်ဖို ဇာတ်လမ်းကြီး ကြည့်ရသလို ရင်ဖိုစွာ ခံစားနားထောင်ခွင့် ရရှိခဲ့လေ၏။

## ဘုရားပေးသောဆု

သည်ကျောက်စိမ်းလောကမှာ လိုင်းတွေက များလှပါတယ်။ ဥပမာ **အထည်လိုင်း၊ အယဉ်လိုင်း၊ အရိုင်းလိုင်း၊ ဝွင်လိုင်း၊ အသားလိုင်း၊ ပန်းပုလိုင်းနဲ့ အပါးထည်လိုင်း** ဆိုတာတွေပေါ့။ ခု ကျွန်တော်တို့ခွဲမှာက ဂဲလို့ခေါ်တဲ့ အရိုင်းလိုင်းပေါ့။ ကျောက်သမားတစ်ယောက်ရဲ့ ဘဝကို နည်းနည်းလေး အရှိန်ရလာတဲ့တစ်နေ့ ကျွန်တော့်ရဲ့ ကံကြမ္မာကို ကျွန်တော်သိချင်လို့ အဲဒီနေ့က တော်တော်လေး ပေးခဲ့ရတဲ့ ဂဲတစ်လုံးကို စတင်ပြီး ခွဲခဲ့ကြတယ်။ ရှယ်ယာ တစ်ယောက်မှ မခေါ်ခဲ့ပါဘူး။ ကျွန်တော်နဲ့ ကျွန်တော့်ညီလေး 'ရဲမာန်' ရယ်၊ ဒါပဲ။ ညီလေးက စိုးရိမ်စိတ်တွေနဲ့ သူ့ရဲ့ မျက်နှာ ပျက်နေတာ တွေ့ရတော့ ဘုရားပေးတဲ့ ဆုပေါ့ကွာလို့ ချောခဲ့ရသေးတယ်။ ဂဲတစ်လုံး ခွဲတော့မယ်ဆိုရင် ငွေစုနေရတဲ့အချိန်ကစပြီး စိတ်လှုပ်ရှားရတဲ့ ဝေဒနာကို စာနဲ့တောင် ရေးမပြတတ်ဘူး။ 'ဂဲ ကြည့်ရအောင် အစ်ကို' လို့ ရဲမာန်က တိုးတိုးလေး ပြောလာတော့ ကျွန်တော်တို့ ညီအစ်ကို ဒီဇာတ်လမ်းစခဲ့ကြတာပါပဲ။ ကျောက်သားကို သေသေချာချာကြည့်တော့ 'မန်း' ပေါ်မှာ ရှိနေပြီး အပွေးမှာ 'တီဖောက်' နေတယ်။ 'ကြိုး' ရှိ၊ မရှိလည်း ဂရုတစိုက် ကြည့်ကြရပြန်တယ်။ အခွံက ဘာလဲ၊ အသားက ဘာလဲဆိုတာ သေချာဂရုစိုက် ကြည့်ရလွန်းလို့



မှုံးတောင်နေတယ်။ မြင်သားအရကတော့ မျှော်လင့်ချက် အပြည့်ပဲ။ ထွက်ရပ်မှော်ကို သိဖို့က အဓိက ကျနေပြန်လို့ ရေကျောက်လား၊ ကုန်းကျောက်လား၊ ဂရုစိုက်ဝယ်ရတယ်။ ''အစ်ကို 'ရှင်း' ပါနေဦးမယ်'' ဟု ရဲမာန်က သတိပေးလာပါသည်။ ဂရုစိုက်ရပါသည်။ Crystal ခေါ် 'ယမ်း' သည် အသေလား၊ အရှင်လားဆိုတာလည်း လေ့လာရသည်။

စိတ်ပိုင်းဖြတ်ပြီး ငွေချေလိုက်မည်ဟု ဆုံးဖြတ်လိုက်သောအခါ ရဲမာန်က ဘုရားကို တစ်ချက်လှမ်း အာရုံပြုလိုက်သည်ကို မြင်လိုက်ရသည်။ အပြင်းအထန် စိတ်လှုပ်ရှားနေသည့်ကြားမှ ပညာနဲ့ အတွေ့အကြုံဟာ ၃၀%သာ ရှိပြီး ကံတရားဟာ ၇၀%ရှိသည်ဆိုသဖြင့် ဘုရားတမိကြခြင်း ဖြစ်သည်။ ကံဆိုးလွန်းရင်ရော၊ အပြင်မှာ အရည်လမ်းကို မြင်နေရပါလျက်နဲ့ အထဲမှာ အရည်မပါလို့ကတော့ သွားပြီပေါ့။

'ကွမ်ထားတဲ့ ကျောက်ကို ဘယ်နိုင်ငံခြားသားကမှ မဝယ်ချင်ကြဘူး' ဟူသော စကားကို ပြန်ကြားလာသည်။ သူတို့ကတော့ ထင်သားမြင်သားတွေကိုသာ ကြိုက်တတ်ကြသည်။ တော်ရုံနဲ့ လောဘ မထားကြ၊ မစွန့်စားကြ။

'သို့ဆိုလျှင် ကျွန်တော်တို့ကရော'။ ဖြတ်ခါနီးလက်တွေ တုန်နေကြသည်။ သဘာဝတရားကြီး၏ လျှို့ဝှက်မှုတွေနဲ့ ဖန်တီးထားသော ကျောက်စိမ်းအရိုင်းတစ်တုံးကို စွန့်စားကာ ဖြတ်လိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချမည့်အချိန်တွင် မှော်ညှံ့ထဲက ကျောက်ကြီးကို ယူလာပြီး မှော်ကောင်းလို့ ပြောလေသလားဟု ကိုယ့်ကိုယ်ကို ယုံတဲ့ကြားက သံသယ ဝင်လာမိပြန်သည်။ မသမာတဲ့ လူတစ်စုလက်ထဲ ရောက်ခဲ့ပြီးမှ လုပ်ကြံခံထားရတဲ့ ကျောက်စိမ်းတုံး ဖြစ်နေခဲ့ရင်ကောဆိုတဲ့ သောကစိတ်တွေ၊ လောဘစိတ်တွေ၊ ပူပင်မှုတွေ၊ စိုးရိမ်မှုတွေ ရောပြွမ်းကာ ခံစားရင်း မျှော်လင့်ချက်တွေဖြင့် စွန့်စားကာ ခွဲခဲ့မိရာအခု ဘယ်တုန်းကမှ မမျှော်လင့်ထားသော အနာဂတ်တစ်ခုသည် ကျွန်တော့်ဘဝထဲကို လှလှပပကြီး ဝင်ရောက်လာခဲ့ပါတော့သတည်း။

'ဟင်… မောင်ကြီး၊ အောင်လားဟင်၊ အောင်လား၊ ဒါမှမဟုတ်ရှုံးရောလား' ရဲရင့်၏ စကားအဆုံး မျှော်လင့်တကြီးနှင့် စိတ်ပန်းကြီးစွာ နားထောင်ခဲ့ကြသော ကျွန်မတို့ ညီအစ်မမှာ ပြိုင်တူမေးမိတော့မလိုပင် ဖြစ်သွားသည်။ ရဲရင့်

ကတော့ တည်ငြိမ်စွာပင်-

'အဲဒီနေ့က အစ်ကို့ဘဝရဲ့ ဂဲခွဲခြင်းဟာ နောက်ဆုံးပဲ၊ ကိုယ့်အနိုင်နဲ့ ပိုင်းလိုက်တာ' ဟု ဆို၏။

'ဟာ… ဒါဆို အောင်တယ်ပေါ့' ဟု ညီမက ထပ်၍ မေးသောအခါ သူက နှစ်လိုဖွယ် ပြုံးလျက်နှင့်ပင်-

'ကိုယ့်လောဘကို သတ်နိုင်တဲ့စိတ် သိပ်ရှုပ်ထွေးပြီး လှို့ဝှက်မှုတွေများလှတဲ့ ဒီလောကကြီးကို အေးငြိမ်းစွာနဲ့၊ ပျော်ရွှင်စွာနဲ့၊ မင်္ဂလာရှိလှစွာနဲ့ တိခနဲဖြတ်ပြီး အနိုင်ယူနိုင်တဲ့ စိတ်ဟာ အစ်ကို လိုချင်တဲ့ အနိုင်ဆိုကာ ရလိုက်တာပဲ' ဟု ကျောက်သဘောတရားတွေထဲက ကျွန်မတို့ လုံးဝလိုက်မမီနိုင်သော (နားမလည်နိုင်လှစွာသော) 'တရား' သဘောတွေနဲ့သာရောပြီး သူ့ရဲ့ ဂဲခွဲခြင်းသင်ခန်းစာကို အေးချမ်းစွာ အဆုံးသတ်ခဲ့ကြပါတော့သည်။

## အမှတ်တရားလိုတော့ အထိနာအောင် လှီးဖြတ်ခြင်းမပြု

အပြန်လမ်းတစ်လျှောက် ရဲရင့်ပြောခဲ့သော စကားများကို ကြားယောင်လာသည်။ ပညာသားပါသော ဗဟုသုတများပါသော တည်ကြည်လေးနက်ပြတ်သားလှသော သူ့ခံယူချက်တွေကို လေးလေးစားစား ကြားယောင်လာသည်။ တရုတ် အတွေးအခေါ် ပညာရှင်ကြီး ကွန်ဖျူးရှပ် ပြောခဲ့သော စကားများကိုလည်း ပြန်ကြားယောင်လာပြန်ပါသည်။

ကျောက်စိမ်းလှလှလေးတစ်ခုသည် ပျော့ပျောင်း ချောမွတ်သော ဉာဏ်ရောင်ပမာ ထွန်းပြောင်၏။ ကျောက်စိမ်း၏ အစွန်းများသည် ထက်မြက်၏။ သို့သော် အမှန်တရားလိုတော့ အထိနာအောင် လှီးဖြတ်ခြင်းမပြု။ ကျောက်စိမ်းသည် ကောင်းကင်ဘုံလိုလင်းလက်ပြီး မြေသားတစ်စုလို ခိုင်မာ၏တဲ့။ ကျေနပ်လိုက်တာ၊ အားရလိုက်တာ၊ ဘဝတစ်ခုကို ဒီလို မျှော်လင့်ချက် ရောင်ခြည်တွေ ပြန်လင်းလက်လာပြီဆိုလျှင်တော့-

'ရဲရင့်ရေ၊ အစ်မတော့ ဒီအစိမ်းရောင်တောကြီးထဲမှာ ရဲရဲဝံ့ဝံ့ဝင်လို့သာ လျှောက်လိုက်ချင်စမ်းပါဘိတော့'

'မမရေ ကျောက်စိမ်းဟာ ဘယ်နေ့ဖွားရဲ့ အဆောင်လဲ'



ညီမလေးက ကားမောင်းရင်း မေးလိုက်သဖြင့် ကျွန်မ အတွေးများ ပြတ်တောက်သွားသည်။

'ကျောက်စိမ်းဟာ ဇူလိုင်လဖွားနဲ့ ဘယ်လမဆိုဖွားတဲ့ ၇ရက်၊ ၁၆ရက်၊ ၂၅ရက် မွေးတဲ့သူတွေရဲ့ အဆောင်ကျောက်ပေါ့'

'ဒါဆိုရင် ၇ရက်၊ ၇လမွေးတဲ့ မမဟာ ကျောက်စိမ်း ပိုင်ရှင်ပေါ့လေ၊ ဒါဆိုရင် ကံကောင်းခြင်းပဲပေါ့၊ မမသာ ကျောက်စိမ်းလုပ်ရင်တော့ သေချာပေါက် ကြီးပွားမှာ' ဟု ညီမငယ်က ပြောသောအခါ အစိမ်းရောင်ကျောက်၏ ပွဲဦးထွက်တွင် အီနေအောင် ခံလိုက်ရသော ကျွန်မမှာ ကျောထဲကတောင် တွန့်သွားမိသည်။

'ကြီးပွား မပွားတော့ မသိဘူးဟယ်၊ တာထွက်တော့ မကောင်းလိုက်တာ၊ မှတ်လောက်သားလောက်ပါပဲ'

'မမ မေ့နေလို့ပါ၊ မမက ဆင်ဆို၊ ဆင်တွေဟာ ရှေ့နှစ်လှမ်းတိုးဖို့ နောက်ကို တစ်လှမ်းဆုတ်တတ်ကြတယ်၊ အဲဒီလိုမျိုးပေါ့' ဟု ဆိုကာ အားပေးလာသည်။ အာဂ ကောင်မလေး ညီမစန္ဒာ။

ဗုဒ္ဓဟူးသမီး ကျွန်မကို ကြံဖန်အားပေးခြင်းလည်း ဖြစ်သည်။ ၂၆ လမ်းမှ လမ်း ၈၀ သို့ ကွေ့မည်အလုပ် မေမေ့အတွက် ဆေးဝယ်ရန် သတိရလာသည်။ နောက်ပြီး တစ်နေ့ကုန် ကားတစ်စင်းနှင့် သွားပြီး ပြန်လာတိုင်း 'မောလိုက်တာ' ဟု ဆိုလျှင် ကျွန်မ၏ အစ်ကိုကြီးဖြစ်သူက Caxon F ဆေးပြားနှင့် ဂလူးကို့(စ)ကို ဖျော်တိုက်မြဲဖြစ်သဖြင့် Caxon F ကုန်နေသည်ကို သတိရမိသည်။

'ဈေးချိုကို ဝင်ကွာ၊ ဆေးဝယ်ပေးရဦးမယ်' ဟု သတိပေးသောအခါ ညီမလေးက ကားမောင်းရင်း တစ်စုံတစ်ခုကို သတိတရဖြင့် 'မမ မောင်ကြီးပြောသွားတဲ့အထဲမှာ ဆေးဖက်ဝင်တဲ့ ကျောက်စိမ်းတွေအကြောင်း ပါတယ်လေ'

'ပင်ပန်းနွမ်းနယ်မှုမှ ကင်းဝေးပြီး အသက်ရှည်စေလိုလျှင် ကျောက်စိမ်းကို အမှုန့်ပြုလုပ်၍ သောက်ပါတဲ့၊ ကဲ… ဒါဆို ဒီနေ့ မမဝယ်လာတဲ့ ၃သိန်းတန် ကျောက်တစ်ပွင့်လောက် မှုံချကြည့်ပါလား၊ အမောပြေမပြေ စမ်းရအောင်' ဟု နှစ်လိုဖွယ် စနောက်ရာ ကျွန်မက သူ့ခေါင်းကို ဒေါက်ကနဲ ခေါက်ချလိုက်မိပါတော့သည်။

'ဒါ နောက်စရာလား၊ လူကြီးကို'

'တစ်ခါက ကျောက်မျက်ပညာရှင်တစ်ဦး ရေးတာ ဖတ်ဖူးပါတယ်၊ ကျောက်စိမ်းဟာ မေလဖွားတို့ရဲ့ အဆောင်လို့၊ ခု မမက ဇူလိုင်လဖွားတို့ရဲ့ အဆောင်လို့ ပြောပြန်တယ်၊ ဘယ်သူမှန်နိုင်သလဲ'

'ရတနာဟောကိန်း ဗေဒင်က ပိုမှန်နိုင်ပါတယ်၊ တစ်ခါတလေ မြသားအရည်ဝင် ကျောက်စိမ်းလို့ ခေါ်ထားတဲ့အတွက် မြနဲ့ကျောက်စိမ်းကို တစ်တန်းတည်းထားပြီး မေလဖွားတို့ရဲ့ အဆောင်ကျောက်လို့ ရေးတာလည်း ဖြစ်နိုင်ပါတယ်'

'မမပြောတာနဲ့ မေးရဦးမယ်၊ မြသားရည်ဝင်နေတဲ့ ကျောက်စိမ်း လှလှလေးတစ်ပွင့်နဲ့ မြလုံးချောချောလေးတစ်ပွင့် ယှဉ်တွေ့ကြပြီဆိုလျှင် ညီမလေးတို့လို နားမလည် သူတွေအတွက် ဘယ်လိုခွဲမလဲ'ဟုမေးရာ ကျွန်မ လက်ထဲတွင်ရှိ မြကြည့် ကိရိလေးကိုပြ၍ 'ဒါလေးနဲ့ကြည့်၊ စိမ်းသွားရင် မြ၊ စိမ်းသွားရင် ကျောက်စိမ်းပေါ့'ဟု ရဲရင့်ရဲ့ ဒိုင်တွေနဲ့ လူတတ် ကြီးလုပ်ကာ ပြောလိုက်မိပါတော့သည်။

## ကျောက်များ၏ ကေရာဇ်



ကျောက်ကို့ရဲ့ဘုရင် ရတနာတို့ရဲ့ ဧကရာဇ်အဖြစ် 'ကျောက်စိမ်းရတနာ' ကို သတ်မှတ် ခေါ်ဆိုခဲ့ကြပါတယ်။ 'မင်္ဂလာရှိတဲ့ ကျောက်'ဟုလည်း ခေါ်ဆိုခဲ့ကြရာ ကျောက်စိမ်းပွင့်လေးတစ်ပွင့်ရဲ့ အရှင်သခင်၊ ပိုင်ရှင်ဖြစ်ခဲ့ရရင်တော့ သည် ဂုဏ်အင်္ဂါ(၇)ပါးနဲ့ သေသေချာချာကို ပြည့်စုံစွာ ခံစားကြရပါမယ်။ အဲဒီဂုဏ်ကျေးဇူးတွေက-

(၁) သဒ္ဓါတရား ရက်ရောခြင်း၊ (၂) ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်း၊ (၃) တရားမျှတသော စိတ်ဓာတ်ရှိခြင်း၊ (၄)မိမိကိုယ်ကိုမိမိ နှိမ့်ချလိုသည့် နိဝါတ တရားရှိခြင်း၊ (၅) အသိလိမ္မာ-ပညာကြီးခြင်း၊ (၆) ဘေးအန္တရာယ် ကင်းရှင်းခြင်း၊ (၇) စီးပွားဥစ္စာ ရတနာတို့ တိုးတက်ခြင်း စသည့် ကောင်းချီမင်္ဂလာတို့နဲ့ ပြည့်စုံခြင်းဆိုတာတွေပါပဲ။ **ကျွန်မကတော့** ဘာနေ့ဖွားမို့ ဆောင်ရတာဆိုတာထက် ရတနာ



ဝတ်ဆင်သူ ဘယ်လိုလူမျိုးကိုမဆို ဘယ်လောက်တန်တဲ့ ရတနာကို **ဝတ်ဝတ်** 'ဝံ့ကြွားစိတ်' 'ပလွှားစိတ်' ဂုဏ်ယူစိတ် 'စိတ်ကြီးဝင်'ဆိုတဲ့ စိတ်တွေတော့ **ခံစား** ရမှာ ဓမ္မတာပါပဲ။ သို့ပေမဲ့ သည်ကျောက်စိမ်း ရတနာမှာတော့ ကျောက်တို့ရဲ့ ဂုဏ်အင်္ဂါတိုင်းမှာ မရှိနိုင်တဲ့ 'ဝံ့ကြွားမှု'ရဲ့ ဆန့်ကျင်ဘက်၊ မိမိကိုယ်မိမိ နှိမ့်ချလိုသည့် နိဝါတ တရားရှိခြင်းဆိုသော အကျိုးကျေးဇူး တစ်ခုတည်းနှင့်ပင် 'အဆောင်' သဘော ဝယ်ဝတ်စမ်းချင်ပါဘိသည်။

အဘယ်ကြောင့်ဆိုသော် ရံဖန်ရံခါ စေတနာအလျောက် ပြောမိဆိုမိ ရေးသားမိသော အကြောင်းများတွင် 'ငါ'ဆိုသော အတ္တစိတ်များ ကပ်ငြိခဲ့ပါလျှင် ပဒ္မမြားမိုမို၏ မမြင်နိုင်သော ညံ့ဖျင်းသေးသိမ်မှုတစ်ခုသာ ဖြစ်ပါလိမ့်မည်။

ထို ငါဆိုသော အတ္တစိတ်ကို 'မိမိကိုယ်ကို နှိမ့်ချသော နိဝါတ တရား'ရရှိစေနိုင်သော ထိုကျောက်စိမ်းလေးတစ်ပွင့်ကို ဆောင်ခြင်းဖြင့် နိဝါတ တရားကို ရလိုလှပါ၏။

၁၉၉၈ခုနှစ်၊ ဩဂုတ်လဆန်းပိုင်း(၁)ရက်က ရန်ကုန်မြို့ရှိ ကျွန်မ၏ ကုမ္ပဏီသို့ ကျွန်မ၏ ချစ်သူငယ်ချင်း မြတ်ထံမှ စာလေးတစ်စောင် ရောက်လာရာ ဝမ်းသာအားရဖြင့် ဖောက်ဖတ်မိပါသည်။

**ချစ်သူငယ်ချင်းရေ…**

**ကိုယ်တို့မိသားစုအားလုံး လိုချင်တဲ့ မျှော်လင့်ချက်တစ်ခု** ပြီးပြည့်စုံသွားပြီ။ သူငယ်ချင်း **အရင်လိုဘဝကို တို့ပြန်ရကြပြီလေ**။ ခုဆိုရင် ရဲရင့်ဟာ 'စာပေလောကက ရဲရင့်' 'ဓာတ်ပုံလောကက ရဲရင့်'သာမက 'ကျောက်သမားရဲရင့်' ဘဝနဲ့ ကျောက်လောကထဲကို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ပြန်ဝင်ခဲ့ပြီ။ ဒါတွေဟာ မင်းရဲ့ ကျေးဇူးတွေပဲ။

**မင်းကို အရမ်းဝမ်းသာစရာတစ်ခု** ပြောရဦးမယ်။

98.Kunming Fair မှာ ရဲရင့်တစ်ယောက် အပြည့်ပြည့်ဆိုင်ရာ ရတနာကုန်သည်တစ်ဦးအဖြစ်နဲ့ လိုက်တော့မယ်လေ။ မင်းတို့နဲ့ မင်္ဂလာဒုံလေဆိပ်မှာ ဆုံကြလိမ့်မယ် ထင်တယ်။ ကိုယ်ကတော့ ကလေးတွေ စာမေးပွဲရှိလို့ မလိုက်တော့ပါဘူးကွာ။ မင်းတို့ ညီအစ်မကို စောင့်ရှောက်ဖို့လည်း ကိုယ် သေသေချာချာ မှာလိုက်ပါတယ်။ ကိုယ်တို့ သူငယ်ချင်းနှစ်ယောက်ရဲ့ လှည့်ကွက်ထဲမှာ ရတနာ

ကုန်သည်ဘဝ ဖြုန်းစားကြီး ပြန်ရောက်သွားရတဲ့ ရဲရင့်က ပထမတော့ စိတ်ဆိုးချင်တယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ 'မြတ်တို့ကွာ နောက်တယ်' ဆိုတဲ့ စကားတစ်လုံးနဲ့ 'တစ်လကည်းနဲ့ ကပ်ရှုံးခဲ့ရတဲ့ သူ့အသက်' ကို တွက်ပြီး ပြုံးတတ်နေပြီကွ။

သူ့အပြုံးရဲ့နောက်မှာ ဘာတွေရှိနေတယ်ဆိုတာ သူ သိပ်သိပ်ချစ်တဲ့ သူ့ဇနီးမြတ်က သိနေပြီလေ။

မင်းမိသားစု ပျော်ရွှင်ချမ်းမြေ့ ပြည့်စုံကြပါစေ။

**မှင်းရဲ့ မြတ်တော်ဝင်**

ချစ်သူငယ်ချင်းရဲ့ စာကလေး ပိတ်သိမ်းလိုက်တဲ့အချိန် ကျွန်မရဲ့ မျက်လုံးထဲမှာ ပြန်မြင်လိုက်ရတာကတော့ ရဲရင့်ရဲ့ လက်ဖဝါးပေါ်က ကျောက်စိမ်းလှလှလေးတစ်ပွင့်ပင်။

'ပျော်ရွှင်မှုတွေ ထောင်သောင်းရှိသော ရတနာ'

ပတ္တမြားမိုမို
**အပျိုမ မဂ္ဂဇင်း၊ ၁၉၉၈ ဒီဇင်ဘာ**









# မြန်မာ့နီလာ

'ဒေါ်မိုမို၊ ရတနာလောကထဲ ရောက်တဲ့အခါ ရောင်းမှား ဝယ်မှားဆိုတာ ကြုံဖူးပါသလား၊ ကျွန်တော်ဆိုလိုတာက ရတနာကုန်သည် တစ်ဦး အနေနဲ့ ရောင်းမှား ဝယ်မှားဆိုတာ အနည်းနဲ့အများ ကြုံရတတ်ပါတယ်။ ဒီလို ကြုံရတဲ့အခါ ဖြစ်ပေါ်လာတဲ့ အခက်အခဲပြဿနာတွေကို ဘယ်လို ဖြေရှင်းခဲ့ပါသလဲ'

၁၉၉၇ မတ်လမှာ ကျင်းပပြီးစီးခဲ့တဲ့ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ ရတနာပြပွဲက ပြန်အရောက် ခနမဂ္ဂဇင်းမှ ဆရာဦးကျော်ရင်မြင့်က ကျွန်မကို အဲသလို အင်တာဗျူး လုပ်ခဲ့ဖူးပါတယ်။

ဒီမေးခွန်းမျိုး မေးခံရမည်လို့ ယောင်လို့တောင် မတွေးခဲ့မိတဲ့ ကျွန်မက ဆရာ့ဦးနှောက်ထဲ ရောက်လာတဲ့ ဒီ အဆီအနှစ်ရှိတဲ့ မေးခွန်းမျိုးကို အလိုက်အသင့်ဖြေဆိုရန် အဖြေ မရှိခဲ့ပါပေ။

'ဒီလိုအဖြစ်မျိုး ကျွန်မ တစ်ခါမှ မကြုံရဖူးသေးတော့ ဘယ်လို ဖြေရမယ်ဆိုတာ မတွေးမိဘူး ဆရာ'တဲ့။ ဘယ်လောက် ဆိုးရွားပက်စက်တဲ့ အဓိပ္ပာယ်မဲ့တဲ့ အဖြေပါနည်း။ ဆရာရဲ့ တန်ဖိုးရှိတဲ့ မေးခွန်းကို ကျွန်မ အလွန်တရာ ညံ့ဖျင်းစွာ ပေါ့ရှပ်ရှပ်ကလေးဖြင့် ဆင်ဝှေ့ရန်ရှောင် ဖြေပစ်လိုက်ခဲ့မိပါသည်။

နောင်အခါ ပြန်တွေးမိတိုင်း ဒီမေးခွန်းအတွက် စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရလေသည်။ ထိုမေးခွန်းထဲတွင် အလွန်တရာမှ လေးနက်လှသော အဖြေတစ်ခုခုသည် အသေအချာ ရှိနေခဲ့ပါလိမ့်မည်။

ဆရာ့ကို လေးစားစိတ် ကြည်ညိုစိတ်ရှိရကား တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဆရာ လိုချင်သည့် တိကျပြည့်စုံသော အဖြေတစ်ခုတော့ သေသေချာချာ

ပေးနိုင်ပေလိမ့်မည်ဟု မျှော်လင့်နေစဉ်မှာပင် ထိုတစ်နေ့သည် အင်မတန်မှ အံ့သြဖွယ် အင်မတန်မှ ကြေကွဲဝမ်းနည်းဖွယ် ကျရောက်ခဲ့ရပါလေတော့သည်။

* * *

## ခြသေ့်-မျက်ရည်

ခြသေ့်တစ်ကောင်အတွက် မျက်ရည်ကျတယ်ဆိုတာ ဘယ်သမိုင်းမှာမှ မရှိကောင်းဘူး ထင်ပါရဲ့။ သူတို့အတွက် ကျရှုံးခြင်းဆိုတာကို မမျှော်လင့်ခဲ့သလို အရှုံးဆိုတာကိုလည်း ထည့်တွက်ခဲ့မှာ မဟုတ်ဘူး။ ဒါပေမယ့် သူတို့ရဲ့ ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ ခိုင်မြဲခြင်းဆိုတဲ့ ခွန်အားတွေနဲ့ တစ်ဖက်ရန်သူကို တိုက်ခိုက်တဲ့အခါမှာ မလွဲမရှောင်သာဘဲ ရန်သူကို လက်လွှတ်ဆုံးရှုံးရမည်ဆိုရင်တော့ တောတစ်ခုလုံးပျက်အောင် ဟိန်းမှာပဲ။ တောင်တစ်ခုလုံးပြိုအောင် ဖျက်ဆီးမှာပဲ။ ဒီအတွက် မျက်ရည်စက်တွေ ကျခဲ့မယ်ဆိုရင် ဒီမျက်ရည်စက်တွေဟာ မာနနဲ့ သိက္ခာကြောင့် တင်းတင်းကြိတ်ဝါးလို့ ကျခဲ့တဲ့ အံသွားတွေအောက်က သွေးစက်တွေပဲ ဖြစ်တယ်။ မျက်ရည်မဟုတ်ဘူး။

ငိုကြွေးတာ မဟုတ်ဘူး။ နာကြည်းခြင်းကြောင့် ကျတဲ့မျက်ရည်၊ သွေးမျက်ရည်။

* * *

'ဒါ သိသိကြီးနဲ့ တမင်လာလုပ်တာ၊ လူလည်ကျတာ၊ နောက်တော့ သတိထားမှ ဖြစ်တော့မယ်'တဲ့။

ကြည့်စမ်း၊ ဒါ ကျွန်မကို ချစ်လှပါချည်ရဲ့၊ ယုံကြည်လှပါချည်ရဲ့၊ အားကိုလှပါချည့်ရဲ့ဆိုတဲ့ သူမရဲ့ ပါးစပ်က ထွက်လာခဲ့တဲ့ စကား။

မြန်မာလိုပြောလိုက်တာတော့ မဟုတ်ဘူး။ သူတို့အချင်းချင်း တရုတ်လို ပြောလိုက်တာ။ တရုတ်စကား မတောက်တခေါက် တတ်ထားတဲ့ ကျွန်မ အကြီးအကျယ် ကံဆိုးသွားခဲ့လေရော့သလား။ ကျွန်မတစ်ကိုယ်လုံး အေးစက်တောင့်တင်း သွားခဲ့သည်။

အံကို တင်းတင်းကြိတ်ရင်း သူမမျက်နှာကို စိုက်ကြည့်တော့



နှုတ်ခမ်းထောင့်စွန်းမှာ သွေးစတွေ စီးကျလာသည်။ အဲဒီနောက် မျက်လုံးထဲက မျက်ရည်စက်တွေ ကြည့်စမ်း။

ကျွန်မ မငိုခဲ့ပါဘူး။ ငိုကျင့်လည်း မရှိခဲ့ပါဘူး။ ဒါပေမယ့် သူမရဲ့ရှေ့မှာ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်။

သူမ ထင်ထားသလို ကျွန်မသာ တရုတ်စကား နားမလည်ခဲ့ရင်လည်း ကောင်းသားလို့ ရှာဖွေကာ စိတ်ဖြေသိမ့်မှု ရှာခဲ့ပေမယ့် အထင်မြင်သေးသိမ်စွာ ကြည့်ခံနေရတဲ့ သူတို့ မျက်လုံးတွေအောက်မှာ ကျွန်မဟာ ဘာမှ တန်ဖိုး မရှိတော့သလို ဘာမှ အဖတ်ဆယ်မရတော့တဲ့ မိန်းမတစ်ယောက်အဖြစ် တွန်းပို့ခံရတာတော့ သေချာသွားပြီ။



ဘယ်ကလောက်များ မခံချင်စရာ ကောင်းလိုက်ပါသလဲ။ သူတို့ကို မကြည့်ဘဲ ကျွန်မလက်ဝါးထဲက တရားခံလေးတွေကို ရှုစိုက်နေမိသည်။

ကျွန်မ မျက်လုံးထဲမှ အကြည့်တွေမှာ ရောင်ခြည်တွေ ထွက်ခဲ့ပါအံ့။ ထိုရောင်ခြည်သည် နေရောင်ခြည်လို ပူပြင်းသော အရောင်အဖြစ်နှင့် ထိုအရာဝတ္ထုလေးများပေါ် ကျရောက်ခဲ့မည်ဆိုလျှင်တော့ ကျွန်မ[illegible]သည် အဆတစ်ထောင်အားရှိသော မှန်ဘီလူးကို ဖောက်ထွက်လာတဲ့ နေရောင်လို စက္ကန့်ပိုင်းအတွင်းမှာ ထိုအရာဝတ္ထုတွေ အရည်ပျော်တာ အငွေ့အဖြစ်နှင့် ဒီကမ္ဘာကြီးထဲက ပျောက်သွားလောက်ပြီထင်၏။

ခုတော့ ရောင်ခြည်တွေမထွက်၊ မျက်ရည်စက်တွေသာ ထွက်နေသဖြင့် မျက်ရည်စတို့ဖြင့် ရွှဲနေသော ၁၀ ကာရက်အရွယ် အလွန်တရာ အပြစ်ကင်းပြီး လှလွန်းသည့် နီလာတာပလာကြီး သုံးပွင့်သည် ကျွန်မ လက်ဝါးထဲမှာ သည်အတိုင်း ပြူးပြူးပြဲပြဲကြီး ရှိနေကြလေ၏။



'ဒီလောက် စိတ်မကောင်း မဖြစ်ပါနဲ့၊ ပိုင်ရှင်နဲ့ ပြန်ညှိပါဦးလား'

သူတို့ထဲမှ တစ်ယောက်က နှစ်သိမ့်လာ၏။

'ဘာကြောင့် ဒီလိုဖြစ်ရသလဲ'

တမြည့်မြည့်နှင့် နာကျင်ကြေကွဲနေတဲ့ အသိက လောလောဆယ်တော့ ဝမ်းနည်းခြင်းကိုသာပေး၏။ အရှိန်ကလေး နည်းနည်းရလာတော့ ဒေါသဘက် ကူးပြောင်းလာ၏။ အံသွားတွေ ကျစ်ကျစ်ကြိတ်ထားတဲ့ကြားထဲ အလိုက်ကမ်းဆိုး မသိကျလာတဲ့ ပါးပေါ်က မျက်ရည်စက်တွေကို လက်ဖမိုးနဲ့ ခပ်ကြမ်းကြမ်းသုတ် ဖယ်ရင်း-

'သိန်း ၃၀ ဆိုတဲ့ငွေဟာ လူတစ်ယောက်ရဲ့ ဘဝ တစ်ခုလုံးကို လုံးဝမပြောင်းလဲနိုင်ဘူးဆိုတာ ရှင် ယုံထားပါ မရှုမေ၊ ကျွန်မ ရှင့်ငွေကို တစ်ပြားတစ်ချပ်မကျန် ပြန်ပြီး စိုက်လျော်ပေးလိုက်မယ်၊ စိတ်အေးအေးထား'

အထင်သေးစွာ ဖော့ဖော့ကလေး ငေးနေသော သူမ ခန္ဓာကိုယ်ဆတ်ခနဲ တောင့်တင်းသွားတာ တွေ့ရသည်။

'ကျွန်မ ဒီသဘောပြောတာ မဟုတ်ဘူး၊ ဒါဟာ နီလာ မဟုတ်ဘူးဆိုတာ ရှင်မသိဘူးဆိုတာကို လက်မခံနေတာ၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ ပညာတတ်တစ်ယောက်မို့ပဲ'

'ကျွန်မ ဂျင်မိုလိုးဂျစ်(စ)တစ်ယောက် မဟုတ်ဘူး၊ ဒါဟာ တွင်းထွက်ရတနာအစစ်ဆိုတာပဲ ကျွန်မ သိနိုင်တယ်'

'နီလာ မဟုတ်ဘူးဆိုတာပဲ ရှင် ဝန်ခံစမ်းပါလေ'

ဒုတိယအကြိမ် ကျွန်မ ခန္ဓာကိုယ် တောင့်တင်းသွာ[illegible]။ ဒါပေမယ့် ဒေါသကို ထိန်းထားရ၏။

'ကျွန်မ ပြောသလိုပဲ တွင်းထွက်ရတနာစစ်စစ်ဆိုတာ ရှင် ငြင်းနိုင်သလားပြော။ ဒီ နီလာဟာ မြေကြီးထဲက ထွက်တဲ့ နီလာ၊ တွင်းထွက်တဲ့ သဘာဝကျောက်ပဲ။ ဒီနီလာ ဖြုန်းခနဲ ပေါ်ထွက်လာမှုနောက်မှာ ကပ်ရက်ပါလာတဲ့ အမှားတွေ



ကို ရှင်ရော ကျွန်မပါ တူတူခံစားရတာပဲ၊ ဘယ်သူ့ ဘယ်သူမှ အပြစ်ဖို့ အပြစ်ယူစရာ မလိုဘူး။

ရှင့်မှာလည်း ပေါချောင်ကောင်း ရချင်တဲ့ လောဘစိတ်နဲ့ မှားခဲ့တာပဲ။ ကျွန်မဘက်ကလည်း အင်မတန် နက်နဲတဲ့ ကျောက်မျက်ရတနာတွေအကြောင်း လေ့လာမှု ညံ့ဖျင်းခဲ့ရလို့ပဲ။

'ဒါပေမယ့် ရှင် မမေ့နဲ့။ ကျွန်မက ခြသေ့်၊ သေတောင် မြက်မစားဘူး၊ စောင့်၊ ရှင့်ငွေကို အားလုံး ကျွန်မ စိုက်လျော်လိုက်မယ်'

သူမ ဆိုင်ထဲက လှည့်ထွက်ခဲ့တော့ မထေမဲ့မြင် မဲ့ပြုံးတစ်ချက်နဲ့ သူမမျက်ခွက်က တောက်လျှောက်လိုက်ကာ ဒုက္ခပေးခဲ့သည်။ သည်းခံ၊ သည်းခံလို့ တွေးမိပေမယ့် ဝမ်းနည်းစိတ်က လျော့မသွား။

ကျောက်ထုပ်ကို ပိုက်ဆံအိတ်ထဲ ပစ်ထည့်ရင်း ဒေါသတကြီး ကားမောင်းထွက်ခဲ့တော့ မျက်လုံးထဲမှာ ဘာမှမမြင်မိ။ ကျုံးရေပြင်၊ ဓာတ်တိုင်များ၊ ကုက္ကိုင်ပင်တန်းတွေ၊ ဖြူနီဝါပြာ လူရောင်စုံတွေသည် ဒေါသမြစ်မှာ ဇေးပျစ်စွာ မျှောပါရင်း မြင်ကွင်းထဲမှာ ခုန်ပေါက်နေကြ၏။

အရာရာသည် ယိမ်းထိုးလျက်။ ကျုံးဘေးမှာ ကားထိုးရပ်ရင်း စိတ်ကို လျှော့ပစ်တော့ အရာရာအားလုံးကို အနေးပြ ရုပ်ရှင်လို ပြန်မြင်လာသည်။

သူနဲ့ ကျွန်မ စီးပွားဖက်တွေပါ။ ဘာမဆို ဆိုးတူကောင်းဖက် ဝယ်နေကျ၊ ရောင်းနေကျ၊ ယခုလည်း မိတ်ဆွေတစ်ဦးလာပြ၍ (၁၀)ကလပ်ခန့် နီလာ တာပလာ ကတ္တီပါရည်ကျောက်ကြီး ၃ ပွင့်ကို (သိန်း ၃၀)နှင့် နှစ်ဦးသဘောတူ ရှယ်ယာဝယ်ယူဖြစ်ခဲ့ကြသည်။



သည်မျှ အဖိုးတန်သည်ကို သိနေသဖြင့် ပေါချောင်ကောင်း ရသည်ဖြစ်ရာ ဝမ်းသာအားရ တစ်ဦးလျှင် ၁၅သိန်းခန့်နဲ့ ဝယ်ယူခဲ့ကြခြင်းလည်း ဖြစ်သည်။

နောက်တစ်ရက် စိုးရိမ်စိတ်ဖြင့် ကျွန်မ၏ တိုက်တွန်းမှုကြောင့် ကျောက်မျက်စစ်ဆေးရေးသို့ နှစ်ဦးသား ရောက်ခဲ့ကြရာမှ ဒီဇာတ်လမ်း အစပြု၏။

စစ်ဆေးသူ ပညာရှင်က ကျွန်မလှမ်းပေးသော နီလာသုံးပွင့်ကို မြင်သည်နှင့်-

'လှလိုက်တာ၊ ဘယ်လောက်တဲ့လဲ'ဟု မေးရာ သိန်း ၃၀နဲ့ တည့်ပြီးပြီဟု သူမက ပြော၏။

ဆရာက အံ့သြကြီးစွာ 'ဘယ်လောက်?'ဟု ထပ်မေးရာ 'သိန်း ၃၀ဆရာ'ဟု ပြောရာ တစ်ပွင့်ကိုလားဟု ပြောတော့ သုံးပွင့်လုံးဟု ပြန်ဖြေပါသည်။ ဆရာက သေချာကြည့်ရင်း-

'နီလာစစ်လို့ကတော့ ဒါမဖြစ်နိုင်တဲ့ ဈေးပဲ။ သိန်း ၁၀၀ မက တန်တယ်'ဟု ပြောရာ သူမမျက်နှာ မဲ့ခနဲ တစ်ချက်ပျက်သွားလေတော့၏။

ချက်ချင်းဆိုသလို ဆရာသည် မိုက်ခရိုစကုတ် မှန်ဘီလူးအောက်မှာ ကြည့်ပါသည်။ ထို့နောက် နေရောင်မှာ ထပ်ကြည့်ပါသည်။ ဆေးရည် စိမ်ကြည့်သည်။

ထိုစမ်းသပ်နေသော ကာလတွင် ကျွန်မအား ဝေဒနာများစွာ ဖြစ်စေလေ၏။ နှလုံးသားတို့သည် စိုးရိမ်မှုဖြင့် တဒုံးဒုံးခုန်လျက် ရှိ၏။

ဘာပဲဖြစ်ဖြစ်တော့ သိန်း ၃၀ ဆိုသော ငွေပမာဏသည် လူတစ်ယောက်၏ စိုးရိမ်မှုကို အတိုင်းအတာတစ်ခုထိ ဒုက္ခပေးတာတော့ အမှန်ပင်။

တဖြည်းဖြည်း ပြန်စဉ်းစားလိုက်တော့ ကုန်သည်၏ စကားကို ပြန်ကြားလာရသည်။

'ဆရာမရယ်၊ ဒီကျောက်တွေဟာ တွင်းထွက်ရတနာအစစ် ဖြစ်တယ်ဗျ။ ကျောက်မစစ်ရင် ၂ဆ ပြန်လျော်ပါ့မယ်။ ဒါ ကျောက်ပြာသာဒ်စတော့ မဟုတ်ဘူးဗျ၊ မိုးညှင်းက ထွက်တာတဲ့၊ ဈေးကလည်း ခု ဆရာမ မြင်တဲ့အတိုင်းပဲ ချိုမှချို'

ကြည့်စမ်း။ ဒါ ကျွန်မအ[illegible]လား။ သူ့စကား အခြေခံထဲမှာပဲ ဒီကျောက်ရဲ့ ထွက်ရပ်ကို သူ ပြောခဲ့ပါရဲ့၊ ဒါ[illegible]မယ့် မြန်မာနိုင်ငံဟာ ရတနာမြေဖြစ်လို့ မြန်မာပြည်အနှံ့က ရတနာတွေ ထွက်ခဲ့ကြတယ် မဟုတ်လား။ ပင်လုံ





ပတ္တမြား၊ နမ်းဆာပတ္တမြား၊ မိုင်းရှူးပတ္တမြားတဲ့။ မိုးကုတ်က ထွက်တဲ့ ပတ္တမြားရဲ့ အရည်အသွေးကိုသာ လိုက်မမီခဲ့ပေမယ့် စီးပွားဖြစ်တန်းဝင် ကမ္ဘာသိ လူသုံးများခဲ့တဲ့ မြန်မာ့ပတ္တမြားတွေပဲ။ ဘာပဲဖြစ်ဖြစ် ကမ္ဘာကျော်ခဲ့တာချည်းပဲ မဟုတ်လား။

မြန်မာကထွက်တဲ့ ကမ္ဘာကျော်နီလာတွေကို မိုးကုတ်မှာတောင် ကျောက်ပြာသာဒ်၊ ကျပ်ပြင်၊ ကသဲ၊ ဗားနတ်၊ လေသာ၊ ပန်းရှီး၊ မိုးမိတ်၊ မိုးဟောက်၊ မိုင်းခတ်ဘက်မှာ တွေ့ကြရတယ်။ ကျောက်ပြာသာဒ်က နီလာသာ အလှဆုံး ဖြစ်ပေမယ့် အားလုံးသော နီလာများဟာ မျိုးစိတ်တူတဲ့ တန်းဝင် နီလာတွေသာ ရခဲ့ကြတာ မဟုတ်လား။

ခုနီလာလည်း ရောင်းသူက 'ကွက်သစ်က နီလာ' 'မိုးညှင်းနီလာ' လို့ ပြောခဲ့ပေမယ့် ကျောက်ပညာ အတွေ့အကြုံ မပြည့်စုံသူ ကျွန်မကို ဒီတစ်ခါ

တော့ ကောင်းကောင်းကြီး ပညာပေးလိုက်ပြီးထင်ရဲ့လို့ တွေးလေ တွေးလေ စိုးရိမ်စိတ်က ငယ်ထိပ်တက်လာလေတော့၏။

ဆရာက Microscope အောက်မှ အနုစိတ်ကြည့်ရင်း Imclusion တွေ ကြည့်ပြီးတယ်ဆိုရင်ပဲ သေလုဇောမြောနေတဲ့ လူနာရှင်တွေရဲ့ မျက်နှာကို ကြင်နာဖွယ်အကြည့်နဲ့ ကြည့်ရှာတဲ့ ဆရာဝန်ရဲ့ မျက်နှာပေးမျိုးနဲ့ ဆိုလာတာကို တွေ့ရ၏။

'ဒါဟာ မိုးညှင်းနီလာကွယ့်၊ ခုခါမှာတော့ ရန်ကုန်-မန္တလေး ဈေးကွက်ထဲမှာသာမက နယ်စပ်ဈေးကွက်တွေထဲအထိ အလုပ်ဖြစ်နေကြပါပြီ၊ ဒါပေမယ့် နီလာလောက် ဈေးကွက်မခိုင်မာဘူး၊ ငွေရင်းနီးမြှုပ်နှံမှု မသေချာဘူး၊ ခုမင်းတို့ ရင်းလိုက်တဲ့ငွေလောက် ပြန်ရမယ်၊ မရဘူး မပြောနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကျောက်ဟာ နီလာ မဟုတ်လို့ဘဲ'



'ကဲ… ကျွန်မ မပြောလား'

သူမက ဝင့်ဝင့်ကြွား အသံနဲ့ ကျွန်မရဲ့ နှလုံးသားတည့်တည့်ကို ရက်စက်တဲ့ လက်သီးချက် စကားလုံးတွေနဲ့ လှမ်းပြီး ထိုးနက်တိုက်ခိုက်လာသည်။ ခုခါမှာတော့ ကျွန်မက ခံစစ်။ ကျွန်မ နားထဲမှာတော့-

'ကျောက်မစစ်ရင် နှစ်ဆ အမ်းမယ်ဗျာ'ဟူသော ကျောက်ရောင်းသူ၏ အသံက တစ်ရှိန်ထိုး အားပေးလာပြန်၏။

လူနာကတော့ ကုစ၍မရတော့။ ဆုံးတော့မှာ သေချာပြီ။ ဒါပေမယ့် အသက်သာဆုံးနဲ့ အညင်သာဆုံးဖြစ်ဖို့ နောင် ဒီလို ဝေဒနာတွေ နောက်လူတွေ မခံစားရဖို့ စိတ်ကိုငြိမ်ငြိမ်ထားပြီး ကုစားခွင့်တောင်းသလိုမျိုး ဆရာကို မေးရတော့သည်။

'ဒါဆိုရင် ဒါဟာ ဘာကျောက်ဆိုတာ ပြောပါ ဆရာ၊ ပထမဆုံး ကျွန်မ မေးချင်တာ ဒါဟာ တကယ်ပဲ တွင်းထွက်ရတနာပါလား၊ ရောင်းသူက ရတနာအစစ် ထွက်ရပ်အသစ်၊ မိုးညှင်းနီလာလို့ ပြောရောင်းတာ'



'ဟာ… ဒါ သူ့အမှန်တွေပြောတာဗျ၊ ကျောက်မျက်သုတ၊ ဈေးကွက် နားမလည်ကြတာ တစ်ခုပဲ၊ ဒါ လိမ်ရောင်းတာ မဟုတ်ဘူး၊ ခင်ဗျားတို့ ရောင်းမှား ဝယ်မှား ဖြစ်ကြတာ၊ ပြန်ညှိကြပါ၊ မစိုးရိမ်ပါနဲ့'

'ရောင်းမှား ဝယ်မှား'တဲ့။ ဒီအသံတွေ နားထဲမှာ အဖန်တလဲလဲ ကြားယောင်လာပြန်လေ၏။ ဆရာဦးကျော်ရင်မြင့်၏ မျက်နှာသည် ထိုစဉ်က ကျွန်မ၏ စိုးရိမ်မှုနဲ့ ပူပန်လှသော နှလုံးသားထဲတွင် မမေ့မလျော့စွာ ထင်းထင်းကြီး မြင်လာခဲ့ပြန်လေ၏။

'ဆရာ… ကျွန်မ… ခု…'

'ဒါဟာ နီလာနဲ့တူတဲ့ ကျောက်တစ်မျိုးဗျ၊ ကျာယနိုက် (Kyamite)လို့ ခေါ်တယ်၊ အလင်းပေါက်အနေအထား၊ အရောင် ပါဝင်မှုဟာ နီလာနဲ့ ဆင်တူပေမယ့် ဓာတ်သဘော ဖွဲ့စည်းပါဝင်မှုတွေဟာ လုံးဝ မတူပါဘူး၊ နီလာနဲ့ လုံးဝခြားနားတယ်။

နီလာဟာ ပတ္တမြားနဲ့ မျိုးရင်းတူတဲ့ ကိုရင်ဒမ်တွင်းထွက်ဖြစ်ပြီး ဓာတုဖွဲ့စည်းပုံအရ အလူမီနီယမ်အောက်ဆိုဒ် ဖြစ်တယ်။

ဒီ Kyamite ထဲမှာတော့ စီလီကာ၊ အလူမီနီယမ်၊ ဖဲရစ်အောက်ဆိုဒ်တွေ သူ့အမျိုးနဲ့သူ ပါဝင်ကြတယ်။



နီလာမှာတော့ အလူမီနီယမ်အောက်ဆိုဒ်ကလွဲပြီးအခြားဒြပ်စင်မပါဝင်ခဲ့ရင် 'နီလာဖြူ'ဖြစ်လာပြီ၊ တိုက်တေနီယမ်နဲ့ အိုင်းယွန်းအောက်ဆိုဒ် ရောနှောပါဝင်လာလို့ အပြာရောင်အဖြစ် တွေ့ရတာပဲ ဖြစ်တယ်။



တကယ်လို့ ဒီနီလာထဲမှာပဲ သံဓာတ်အချိုးအစား အနည်းအများ ပါဝင်မှုရှိတဲ့အခါ ဒီအချိုးအစားကိုလိုက်ပြီး အဝါ၊ အညို၊ အစိမ်းနဲ့ လိမ္မော်ရောင်တို့ကိုလည်း တွေ့နိုင်သေးတယ်။

ဒီကျာယနိုက်မှာလည်း အရောင်မဲ့ကနေ အပြာရောင်၊ အစိမ်းရောင်အပြင် အနီရောင်အဖြစ်နဲ့လည်း တွေ့နိုင်ပါသေးတယ်။

ဒီအပြာ၊ အစိမ်း၊ အနီရင့်ရောင်တွေမှာ Fluorescemce ရောင်ပြောင်းတောက်ခြင်းကို တွေ့နိုင်တယ်။

နီလာရဲ့ မာဆင့်က ၉ နဲ့ ၉ အထက်မှာ ရှိတယ်၊ ကျာယနိုက်ရဲ့ မာဆင့်ကတော့ ပုံဆောင်ခဲရဲ့ ကန့်လန့်ဖြတ်အနေအထားမှာတော့ အလျားလိုက်က ပိုမာပြီး မာဆင့်(၆) မှ (၇)ထိပဲ ရှိတယ်။

ပြောရရင်တော့ ပုံဆောင်ခဲရဲ့ ဒေါင်ပတ်ဝင်ရိုးအတိုင်းမှာ သူ့ရဲ့ Hard-mess ကို အလျားလိုက်စမ်းရင် Mohs မိုးရဲ့ မာဆင့်(၄.၅)ပဲ ရှိတယ်လို့ ဆိုချင်တာပါပဲ။

ဒါ့ပြင် နီလာရဲ့ သိပ်သည်းဆက (၄) ဖြစ်တယ်၊ Kyamite ရဲ့ သိပ်သည်းဆက (၃.၆၅)သာ ရှိတယ်။

ဒီတော့ ဒီကျာယနိုက်တွေဟာ မာဆင့်နိမ့်ကျတဲ့အတွက် ဖြတ်တောက်ရမှာဖြစ်စေ၊ အရောင်တင်ရမှာဖြစ်စေ အလွန်ခက်ခဲလှပြီး မတော်တဆ အမာတစ်ခုခုပေါ် ကျရင်တောင် ကွဲတတ်တယ်။

ဒီကျောက်ရဲ့ သွေးကွက်လှပမှုကို ကြည့်တဲ့အခါ လက်ရာကောင်းမွန်လွန်းကြောင်း၊ သေသပ်လှပခြင်း၊ အပြာရဲ့အရောင် လှပခြင်းတွေကြောင့် သာမန်လူတွေအတွက် နီလာလို့ပဲ သတ်မှတ်မိပါလိမ့်မယ်။

နောက်ပြီး တွင်းထွက်အစစ်လည်း ဖြစ်နေပြန်တယ်၊ ရတနာလည်း ဖြစ်နေတယ်၊ ဒီတော့ ရတနာဆိုတာ နှစ်သက်သူရဲ့ မျက်စိထဲက စိတ်ခံစားမှုကပေးတဲ့ တန်ကြေးမို့ နည်းတယ်၊ များတယ်ဟာ ပြဿနာ မဟုတ်ပါဘူး၊ ရောင်းကွက်ရှိ၊မရှိကသာ ပြဿနာပါ။

နောက် ဝယ်သူရဲ့ နှစ်သက်မှု၊ အသုံးဝင်တန်ဖိုးနဲ့ ဈေးနှုန်းပေါ်မူတည်ပြီး ဒီကျောက်မျက်ရဲ့ တန်ဖိုးဟာ တိုက်ရိုက်အချိုးကျတယ်လို့ ဆရာ ထင်ပါတယ်'

ပြောတတ်လိုက်တာ၊ နှစ်သိမ့်တတ်လိုက်တာ ဆရာ။ အထက်က ကျွန်မ တွေးခဲ့သလိုပဲ ဆုံးတော့မယ့် လူနာရှင်လိုပဲ။ ဒီလူနာရဲ့ ဝေဒနာတွေကြားရ



တော့ ခံစားရမှာထက် မခံစားရဘဲ သေရမှာကိုပဲ ကျေးဇူးတင် ဝမ်းသာပေးရမလို ခံစားလာရအောင် သက်သောင့်သက်သာ ဖြစ်လာစေခဲ့သည်။

ဒီအထဲက အမြတ်ထုတ်ပြီး နမူနာယူစရာ ရှာလိုက်ရင်တော့ နောင်ဒီလိုဝေဒနာမျိုး မဖြစ်ရအောင် ဘယ်လို ကစားမလဲဆိုတဲ့ 'ကာကွယ်မှု' အပိုင်းသာ တကယ်လိုတော့ကြောင်း ကြည်ကြည်လင်လင် ဖြစ်လာသောစိတ်ဖြင့် လိုအပ်တာမှန်သမျှ မေးရလေသည်။

'ကြားရတာ တန်ဖိုးရှိလိုက်တာ ဆရာ၊ ကျွန်မ ဒီကျောက်တွေအတွက် နည်းနည်းမှ မပူပင်တော့ဘူး၊ ဝမ်းလည်းမနည်းတော့ဘူး၊ သေချာတာ တစ်ခုကတော့ ကျွန်မ ပြောနိုင်ပြီဆရာ၊ အဲဒါ ဒီကိစ္စနဲ့ပတ်သက်ပြီး မရှုမေရဲ့ ရှယ်ယာ ငွေ ၁၅သိန်းကို ကျွန်မ သေသေချာချာ စိုက်လျော်လိုက်တော့မယ်၊ ဒီအတွက်လည်း ကျွန်မ အရမ်းဝမ်းသာသွားပြီ ဆရာ၊ အချိန်ရရင် နီလာနဲ့ (ကျာယနိုက်)ကို နောက်ထပ်ယှဉ်ပြီး နားလည်အောင် ရှင်းပြပေးပါဦး'



သူမမျက်နှာကို ကြည့်မိသောအခါတွင်လည်း အနည်းငယ်မျှ ကြည်လင်လာပြီးကျွန်မပေါ်ထားရှိသော အထင်လွဲရိပ်များ လွင့်ပြယ်စပြု၏။

'ပညာရှင်စကားနဲ့ ပြောရရင် သာမန်လူတစ်ယောက်အတွက် နည်းနည်းခက်ခဲပေလိမ့်မယ်၊ ဒါပေမယ့် ရတနာကို ချစ်တဲ့သူတွေရဲ့ I.Q ဟာ မနိမ့်တတ်ကြဘူးဗျ၊ ဒီတော့ ဆရာရှင်းပြမယ်၊ နီလာနဲ့ ကျာယနိုက်ကို စိစစ်ပြီး ခွဲခြားတဲ့နည်းထဲမှာ အကောင်းဆုံးကတော့ အဆ ၂၀ရဲ့ ကျောက်ကြည့်တဲ့ မှန်ဘီလူးနဲ့ အောင်းဝင်ကိုကြည့်ပြီး စိစစ်တဲ့နည်းပါပဲ'

ကျာယနိုက်ရဲ့ အလင်းယိုင်ညွှန်းကိန်း Refractive Index မှာ

(၁.၇၁၅)ဖြစ်တယ်။ နှစ်ဖြာအလင်းယိုင်ကိန်း Double Refraction (၀.၀၁၇)ဖြစ်ပြီး အလင်းဖြာထွက်မှုနှုန်း Dispersion (၀.၀၂၀)ရှိတယ်။ Pleochroism မှာ တောက်ပတဲ့ အပြာမှ အရောင်မဲ့ထိ ရှိတယ်။ ပိတ်မှောင်နေတဲ့ အပြာရင့်တွေကိုလည်း တွေ့ရမယ်။ စုပ်ယူရောင်စဉ် Absorption Spectrum မှ (၇၀၆၀)ကနေ (၄၃၃၀)ထိ ရှိတယ်။ ဒါတွေဟာ နီလာနဲ့ ခြားနားတဲ့ အဓိကကွဲလွဲချက်တွေပါပဲ။

Microscope နဲ့ ကြည့်လိုက်တဲ့အခါ ဒီကျောက်နိုက်ရဲ့ အထဲမှာ Mimerals Imclusion တွေဟာ အင်တီနိုလိုက် (Actinolite)အဖြစ် အစင်းလိုက် အကွက်လိုက် စတုရန်းပုံ လေးထောင့်ကွက်အဖြစ် တွေ့ရမယ်။

နီလာမှာတော့ ဒီလိုမဟုတ်ဘူး။ ငှက်မွေးပုံ၊ လက်ဗွေပုံ၊ အောင်းဝင်တွေကို တွေ့ရမယ်။

ဒါဟာ နီလာနဲ့ ကျောက်နိုက်ကို အသိသာဆုံး ခွဲခြားနိုင်မှု တစ်ခုပါပဲ။ ကဲ ဒီလောက်ဆိုရင် နီလာနဲ့ ကျောက်နိုက်ကို ကောင်းကောင်းကြီး ခွဲခြားတွက်တတ်ကြပြီလို့ ထင်ပါတယ်။ ဒါကတော့ မမိုဖတ်ဖို့ ရတနာနဲ့ ပတ်သက်တဲ့ စာအုပ်ကလေး၊ ဖတ်ကြည့်ပေါ့။ ကဲကဲ **တစ်ခါမှားခြင်းဟာ အခါတစ်ရာမှန်ဖို့လို့ပဲ ယူဆလိုက်ကြပါ။** ပြေလည်အောင် ညှိကြပါ။ ကျွန်တော် ထင်ပါတယ်။ မမိုမိုရဲ့ မိတ်ဆွေဟာ ဘယ်လိုမှ အဆင့်နိမ့်မယ့် သူတွေ မဟုတ်ဘူး။ ဘာကြောင့်ဆိုတော့ သူတို့ဟာ ကျောက်မျက်သုတနည်းပါးလို့ ကျောက်နိုက်လို့သာ မပြောတတ်ခဲ့တာ။ မိုးညှင်းကျောက်လို့ ပြောကတည်းက အမှန်တရားတစ်ခုကိုပဲ ပြောခဲ့တာကြောင့်ပဲ၊ ကဲ ပြေလည်ကြပါစေဗျာ'



ဆရာပြောလိုက်သော စကားအမှန်အတိုင်းပဲ ဖြစ်နေပါတယ်။ ကျွန်မ၏ မိုးကုတ်ကြပ်ပြင် အနောက်ပိုင်းမှ မိတ်ဆွေများသည် ကျွန်မအပေါ် တကယ်ပဲ မိတ်ကောင်းဆွေစစ် ပီသကြ၏။ ရိုးသားဖြူစင်ကြ၏။ ကံ-ကံ၏ အကျိုးကို ယုံကြည်ကြ၏။

ကျွန်မက အကျိုးအကြောင်းအစုံအလင် ပြောပြလိုက်သောအခါ တစ်ချက်



ကလေးမှ မငြိုမငြင် မျက်နှာတစ်ချက်ပျက်ယွင်းခြင်း မရှိဘဲ ထိုသိန်း ၃၀ ငွေကို တစ်ပြားမကျန် ပြန်ပေးကြလေ၏။

(သည်လို သိက္ခာရှိသော၊ ကုန်သည်ကောင်း ပီသသော၊ သမာဓိရှိသော ကျွန်မ၏ဝန်းကျင်မှ မိတ်ကောင်းဆွေစစ်များကို ထာဝရ လေးစားဂုဏ်ယူမိပါကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားအပ်ပါ၏။)သည်လိုနှင့် ကျွန်မ မိုးကုတ်က ပြန်ရောက်သည်နှင့် တစ်ချက်ကလေးမှ မနားဘဲ သူမထံအပြေးသွားကာ သူမ၏ ရှယ်ယာငွေ ၁၅ သိန်းကို တစ်ပြားမလျှော့ဘဲ ချက်ချင်းပြန်ပေးနိုင်ခဲ့၏။

ထိုငွေနှင့်အတူ 'ရတနာ စစ်၊မစစ် ရှာဖွေဝယ်ယူတတ်ဖို့ထက် မိတ်ကောင်းဆွေစစ် ရရှိဖို့ကတော့ ပိုလို့ခက်တယ်ဆိုတာ မရှုမေတစ်ယောက် အမှန်အတိုင်း သိပါစေ'ဟု ဆုတောင်းလေး တစ်ခုပါ အဆစ်ထည့်၍ ပေးလိုက်မိပါသည်။

အပြန်လမ်းတစ်လျှောက် တစ်ယောက်တည်း ကားမောင်းရင်း စိတ်နှလုံး ကြည်လင်ချမ်းမြေ့စွာ မနေ့က စိတ်မကောင်းကြီးစွာ ထိုင်ဖြစ်ခဲ့သော ကျုံးနံဘေးက ထိုင်ခုံကလေးပေါ်မှာ ပြန်ထိုင်ရင်း ဆရာပေးလိုက်တဲ့ စာအုပ်ကလေး ဖွင့်မိသည်။

ထိုစဉ်က ဒီလိုအေးမြနေတဲ့ မြောက်ပြန်လေမွှေးမွှေးကလေး၏ အရသာကို ပူလောင်ကြေကွဲနေတဲ့ ကျွန်မ ခံစားသိရှိမှုများ ကင်းမဲ့ခဲ့တာ အမှန်။

ကြည့်စမ်း၊ တိုက်ဆိုင်လိုက်ပါဘိ။ ကျောက်မျက်တို့ရဲ့ ဝိညာဉ်လို့ တင်စားခံရတဲ့ နီလာလေးတစ်ပွင့်ကို ဒီလို အေးမြလတ်ဆတ်သော မြောက်ပြန်လေဝင်ရောက်လာစ ဆောင်းဦးရာသီရဲ့ အမှတ်သားလို့ အဆိုရှိခဲ့ပါသတဲ့။

'စက်တင်ဘာလဖွားတို့ရဲ့ အဆောင်ကျောက်'လို့ နီလာလေးတစ်ပွင့်ကို တင်စားခေါ်ခံရမယ်ဆိုရင် ကျွန်မ စိတ်နှလုံးထဲကို ထဲထဲဝင်ဝင် ဝင်ရောက်သွားခဲ့သော ကျောက်နိုက်လေးသည် ဘယ်လဖွားတို့ရဲ့ အဆောင်ကျောက်လေးများ ဖြစ်ရာလိမ့်လေမလဲ။

နီလာသည် လက်ငင်း ရင်ဆိုင်နေရသော လိမ်လည်လှည့်ဖြားခြင်းမှ ကင်းပျောက်နိုင်၏ဟူသော စကားသည် လက်တွေ့ခံစားနေရသော ကျွန်မအတွက် တကယ်ပဲ မှန်သွားခဲ့လေပြီလား။ ဆရာ လက်ဆောင်ပေးလိုက်သော 'ဆရာကျောက်ရိုင်း(ဘူမိ)'ရဲ့ ဆယ့်နှစ်လရာသီဖွားတို့ရဲ့ အဆောင်ကျောက်ဆိုတဲ့ စာအုပ်ကလေးကို

အမြတ်တနိုး ဖွင့်ဖတ်မိတဲ့အခါမှာတော့-

'နီလာ ဝတ်ဆင်သူသည် မနာလိုခြင်း၊ ဝန်တိုခြင်း၊ မာန်မာနထားခြင်းမှ ကင်းဝေးစေပြီး ဘာသာတရားကို သက်ဝင်ကိုင်းရှိုင်းလာစေ၏' ဟု တွေ့ရပြန်တော့ နီလာကိုပဲ တစ်သက်လုံး ဝတ်တော့အံ့ဟု ဆုံးဖြတ်မိ၏။ စိတ်ဝင်တစားနဲ့ နီလာတစ်ပွင့်ရဲ့ ဂုဏ်အင်္ဂါရပ်တွေကို စေ့စေ့စပ်စပ် လေ့လာလိုက်တော့ နီလာကျောက်မျက်ရတနာသည် သမားတော်တစ်ပါးလည်း ဖြစ်နေကြောင်း အံ့သြကြီးစွာ တွေ့ရလေသည်။

'နီလာသည် အဆိပ်အတောက်ကို ပြေစေပြီး နီလာကို အမှုန့်ကြိတ်ပြီး အနာတွင်သိပ်လျှင် သွေးထွက်ခြင်းကို ရပ်တန့်စေ၏။ နီလာအား ရေအေးတွင်နှစ်ပြီး မျက်လုံးပေါ် ဖိကပ်ပါက မျက်စိနှင့် ပတ်သက်သော ဝေဒနာကို ပျောက်ကင်းစေ၏' တဲ့။

သြော်··· ရောင်စဉ် အမျိုးမျိုး ပေးစွမ်းနိုင်တဲ့ နီလာ။ အပြာရောင်တစ်ခုတည်းသော မဟုတ်။ အဝါရောင်၊ ပန်းရောင်၊ ခရမ်းရောင်တို့ကိုပါ တွေ့ရှိနိုင်ပြီး ရောင်စဉ်တွေများသလို လျှို့ဝှက်နက်နဲ သိရခက်တဲ့ ဂုဏ်ဒြပ်တွေနဲ့ လွှမ်းမိုးနိုင်လွန်းတဲ့ နီလာ။ ဝိညာဉ်တစ်ကောင်ရဲ့ လျှို့ဝှက်ဖွယ်စကားများကို အဓိပ္ပာယ်ဖွင့်ပေးနိုင်ရုံမက ရှေးဖြစ်နောက်ဖြစ်တို့ ဟောကြားနိုင်အောင် ကူညီပေးနိုင်အောင် အစွမ်းသိဒ္ဓိရှိတတ်ပေသော နီလာ။ ထိုထိုသော နီလာလေးရေ ရှင်ဟာ တကယ်ပဲ ကျွန်မရင်ထဲမှာတော့ ထာဝရ အမှတ်ရစရာ စွဲနစ်သွားခဲ့ပါပြီ။

ဒါဆို ကျွန်မ မြတ်နိုးလှတဲ့ နီလာတွေ ဘယ်ကထွက်နိုင်သလဲ။ ဒီလို ပုံမှားရိုက် ဝင်လာနိုင်တဲ့ ကျာယနိုက်လို ကျောက်ပြာပွင့်တွေ ကမ္ဘာမှာ ဘယ်မှာရနိုင်သေးလဲ။

အို မိုးညင်းနီလာရယ်။ ရှင်··· ရှင်လိုဟာမျိုးလေးတွေ ဘယ်ကရနိုင်ဦးမလဲ၊ ပြောစမ်း၊ ပြောစမ်းပါ။ (၁) မြန်မာ၊ (၂) ဘရာဇီး၊ (၃) ကင်ညာ၊ (၄) အမေရိကန်ပြည်ထောင်စု၊ (၅) သြစတြေးလျနဲ့ (၆) ဆွစ်ဇလန်တဲ့။ ဟင်··· ဒါဆို မြန်မာနိုင်ငံမှာ မိုးညင်းတစ်နေရာကပဲ ထွက်သတဲ့လား။

မဟုတ်ဘူး။ မိုးကုတ်၊ ကသာ၊ ကျောက်ဆည်၊ ယင်းမာပင်၊ ရမည်းသင်း၊ တောင်ငူကလည်း ထွက်သတဲ့။ ဘုရားရေ··· ဒါဆို မြန်မာဆိုတာ





တကယ့်ကို ရတနာမြေဆိုတာ မှန်နေပါရောလား။ အံ့ချီးစရာ။ နီလာဟာ မြန်မာတင်မက သီရိလင်္ကာ၊ ကက်ရှမီးယား၊ သြစတြေးလျ၊ အမေရိကားနဲ့ ထိုင်းကလည်း ထွက်ရှိရာ ကမ္ဘာမှာ နီလာအလှဆုံး ထွက်ရာကတော့ သီရိလင်္ကာလို့ ပြောနေကြပါပြီ။

တစ်ခါက စင်ကာပူ Orchard Point က ကျွန်မရဲ့ မိတ်ဆွေကျောက်ကုန်သည် Mr. Gosh တစ်ယောက် ကျွန်မ ခံစားခဲ့ရတဲ့ သူ့အထင် ကျွန်မလိုပဲ နီလာလို့ထင်ပြီး ဝယ်ထားရှာခဲ့တဲ့ ကျာယနိုက်လေးတစ်ပွင့်ကို ထောင်ပြပြီး ဒါဘာလဲလို့ မေးခဲ့ဖူးပါတယ်။ ဘယ်က ရနိုင်သလဲ၊ ဘယ်က ထွက်ပါသလဲ၊ ဘယ်လောက် တန်းဝင်တဲ့ ကျောက်ပါလဲတဲ့။ ဟိုတုန်းက ဒီမေးခွန်းတွေဖြေဖို့ ခက်လိုက်တာ။ ခုတော့ Mr. Gosh ရေ၊ ကျွန်မ ဒီတစ်ခေါက် စင်ကာပူကို ရောက်ခဲ့ရင်ဖြင့် မြန်မာပြည်အနှံ့အပြားကလည်း ထွက်ပါတယ်ရှင်လို့ပြောရင် ကျွန်မရဲ့ အမှတ်တရ ကျာယနိုက်ဇာတ်လမ်းကလေးကို စိတ်ဝင်စားစရာ ရှင်းပြရဦးတော့မည်။

**'ဩော် အမှတ်ရစရာ ကျွန်မရဲ့ နီလာ'**

(ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ဆရာကြီးသဲညွန့်နိုင်၊ ဆရာကျောက်ရိုင်း(ဘူမိ)နှင့် ကျောက်မျက်ပညာရှင် အားလုံးအား ကျေးဇူးတင်ရှိစွာ ဂါရဝပြုပါ၏။)

၃၀-၅-၉၉
အပျိုမ
ပတ္တမြားမိုမို
အပျိုမ မဂ္ဂဇင်း အောက်တိုဘာ ၁၉၉၉









# ရတနာတို့ရဲ့ ကေရာင် 'စိန်'

ဖျိုးဖျိုးဖျတ်ဖျတ်နဲ့ တပ်မက်ဖွယ်ကောင်းလှတဲ့ စိန်ပွင့်ကလေး တစ်ပွင့်ဟာ မမြင်နိုင်စွမ်းတဲ့ အင်အားကြီးတစ်ခုနဲ့ ကျွန်မကို တင်းတင်းကျပ်ကျပ် တုပ်နှောင်ဆွဲဆောင်နိုင်ခဲ့သည်ဆိုလျှင် အံ့သြစရာ မဟုတ်ဟု ထင်စရာပေပဲ။

ဒါပေမယ့် ဘာကြောင့် ကျွန်မစိတ်နှလုံးကို အကြီးအကျယ် တုန်လှုပ်ချောက်ချားစေခဲ့ရပါသလဲ။

အပြင်မှာ လသာနေသလား၊ ကြယ်တွေလင်းလက်နေသလား မသိခဲ့။ တစ်ခန်းလုံး မှောင်မိုက်နေပေမယ့် ကျွန်မရဲ့ စားပွဲပေါ်က စပေါ့လိုက်မီးရောင် အောက်မှာတော့ စိန်စမ်းစက်တစ်ခု၊ ဇာဂနာတစ်ချောင်း၊ မှန်ဘီလူးငယ်တစ်လုံးနဲ့ အသည်းပုံ စိန်လက်စွပ်လေးတစ်ကွင်းတို့ ငြိမ်သက်စွာ အိပ်ပျော်နေကြလေသည်။

သူတို့ရှေ့မှာ ကျွန်မတစ်ယောက်တည်း ငေါင်စင်းစင်း ထိုင်နေတဲ့ အချိန်တွေ မနည်းတော့ဘူး။ မလှုပ်မယှက်နဲ့ ပျင်းရိပျော့တွဲစွာ ကျဆင်းနေတဲ့ ကျွန်မရဲ့ လက်ချောင်းကလေးတွေဟာ ၁၀၁ကြိမ်မြောက်နဲ့ စိန်လက်စွပ်ကလေးကို လှမ်းယူပြီး မှန်ဘီလူး ကြည့်မိပြန်တယ်။ နည်းနည်းမှ စိတ်လျှော့လိမ့်မယ် မတင်ပါနဲ့။

ဂန္ထဝင်လက်ရာမြောက်လှတဲ့ အသည်းပုံလက်စွပ်ကလေး ပေးခဲ့တဲ့ ဒုက္ခဟာ ၄၈နာရီတိတိ ပြည့်ခဲ့ပြီ။ ၁၀ဆရဲ့ မှန်ဘီလူးမှန်ချပ်ထဲမှတစ်ဆင့် စိန်သားတွေက သွေးကွက်စိပ်စိပ်ညက်ညက်ကလေးနှင့် ပွင့်အားကောင်းကာ လှပလင်းလက်နေဆဲ။ ကျွန်မကို ပြုံးစစနှင့် လှောင်ပြောင်ဆဲ။ ခံရခက်လိုက်ပါဘိ။

မှန်ဘီလူးလေးကို ပြန်ချ၊ Diamondselector(စိန်စမ်းစက်)ကလေး ပြန်ဖွင့် တို့ထိကြည့်ပြန်တော့ စီစီညံညံ အသံကလေးတွေက ဆူညံစွာနဲ့ 'အစစ်ပါ၊ အစစ်ပါ' လို့ အော်ဟစ်နေကြ၏။

မှန်ဘီလူးထဲက မြင်ရတဲ့ အမည်းစက်ငယ်လေးကလည်း စိန်တစ်ပွင့်ရဲ့ အောင်းဝင်ကို ထင်းထင်းကြီး ပြနေလေရဲ့။ 'မယုံနိုင်သေးဘူးလားဟင်' တဲ့။ ဒါ အစစ်တဲ့။ မနေ့ပိုင်းဆီက သူမ ပြောခဲ့သော စကားတွေက ခြောက်လှန့်ဆဲ။ 'ချွန်းနည်းနည်းထူလို့ ဖြုတ်သွေးလိုက်တော့မှ…' တဲ့။

ဒီစိန်လက်စွပ်ကလေးမှာ မှားယွင်းမှု တစ်စုံတစ်ရာနဲ့ ဆက်စပ်နေတာတော့ သေချာပြီ။

ဘယ်လို မှားယွင်းမှုမျိုးလဲ။ ဒီတစ်စုံတစ်ရာထဲမှာ အမှားဆိုတဲ့ အင်အားကြီးတစ်ခု ထူးဆန်းစွာ ပါဝင်နေပြီပဲ။ ကဲ ဘယ်နေရာမှာလဲ။ 'ပယ်' ဆိုတဲ့ မျက်နှာမှာလား။ 'ချွန်း' ဖက်မှာလား။ 'ခါးပတ်' ထဲမှာလား။

လှည့်စားမှု။ ကလိမ်ကကျစ်နဲ့ ရှုးသွပ်စွာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။

သဘာဝတရားဟာ အရာရာကို ခမ်းနားပြည့်စုံအောင် သပ်သပ်ရပ်ရပ်ကလေး ဖန်တီးခဲ့ပြီးသားပါ။

စိန်ဆိုတာ 'ထာဝရ ရှုံးနိမ့်ခြင်း မရှိသောအရာ' တဲ့။ ကျွန်မကတော့လေ ဒီစိန်ပွင့် လက်စွပ်ကလေးထဲက ဆိုးရွားယုတ်မာမှု တစ်စုံတစ်ရာကို နည်းနည်းမှ မဖွေရှာနိုင်သေးပါကလား။



ထိုအရာကို အဆုံးမဲ့ ရှာဖွေဖျက်ဆီးပစ်ချင်သည်။ 'ကျွန်မရဲ့လုပခံညားမှုအောက်မှာ ရှင် အေးအေးပဲ ခံစားနေပါတော့လား၊ ဘာဖြစ်လို့ အပင်ပန်းခံပြီး စာဖတ်ချင်ရတာ



လဲ' လို့ ရန်စွာနေတဲ့ စိန်ကလေးရဲ့ မျက်ခွက်ကို ကုတ်ဖဲ့ပစ်ချင်သည်။



အကြိမ်များစွာ မှန်ဘီလူးကြည့်ရင်း မျက်ဝန်းထဲက သွေးကြောတွေ အောင့်နေပြီ။ ကျွန်မ အရှုံးပေးရတော့မှာလား။

'ငါညံ့တာ' လို့ အခါခါတွေးမိရင်း ကျောက်မျက်ပညာ စာအုပ်တွေ နှစ်ညလုံးလုံး ဖတ်ဖြစ်ခဲ့သည်။

လသည် ဘယ်နေရာ ရောက်နေပြီလဲ။ (ဩော် မနက်မိုးလင်းတော့မှာပါလား)။ အရုဏ်ဦး စထွက်လာတော့မယ့် နေမင်းကြီးရေ၊ ရှင့်ရဲ့တောက်ပတဲ့ ရောင်စဉ်တွေဟာ ကျွန်မစားပွဲပေါ်က စိန်ကလေးထက် လင်းလက်ခဲ့မယ်ဆိုရင်တော့။ ကျွန်မကိုယ်စား ရှင်ပဲ အနိုင်ယူလိုက်ပါတော့…။

## ဗိုလ်ချုပ်ဈေးမှာ သာတဲ့လ

ညနေရီ နေခြည်တစ်ပတ်ကျ ရတနာတို့ရဲ့ လင်းလက်လှပစေတဲ့ ဒီအချိန်။ ရန်ကုန်မြို့၊ ဗိုလ်ချုပ်ဈေးရဲ့ မိန်းလမ်းမကြီးထဲ ကျွန်မ ရောက်နေခဲ့သည်။

သည်နေရောင်ခြည်ကလေး သနားစရာ။ ရွှေဆိုင်တွေပေါ်က မီးပွင့်ငယ်တို့အကြား အတင်းတိုးဝေ့ ဝင်ရောက်ဖို့ ကြိုးစားခဲ့ပေမယ့် စပေါ့လိုက်မီးတို့ကသာ အောင်နိုင်သူလို ရတနာတွေပေါ်မှာ ခုန်ပေါက်လျက် လင်းလက်ဖြာကျနေကြနေ၏။

ဟေလိုဂျင်စပေါ့လိုက်မီးတွေရဲ့ ကန့်ကျောက်ခြင်းခံရတဲ့ ဒီနေရောင်ကလေး ဘယ်ချောင်မှာ ပုန်းနေပြီလဲ။ မီးရောင်လင်းလက် တောက်ပလျက်သား စိန်ရွှေရတနာတို့ကသာ ဖျတ်ဖျတ်လက်။

မြင်မြင်သမျှ ဘယ်ကလောက်များ တပ်မက်ယစ်မူးဖွယ် ကောင်း

လိုက်ပါသလဲ။ ဒီဈေးကြီးရဲ့ ဇဟိုလမ်းတစ်လျှောက် ဖြတ်လျှောက်မိတိုင်း မွှေးပျံ့ပျံ့ ရနံ့တစ်မျိုးနဲ့ စိန်ရွှေကျောက်မျက်တို့ရဲ့ အလယ် ဝင့်ဝင့်ထည်ထည် သွားနေရတာကိုက အရာရာ ပြည့်စုံနေသလို ခံစားရသည်ပဲလေ။

တစ်ခါတလေများ ရတနာတွေနဲ့ အတိပြီးတဲ့ ရောင်စုံပန်းတော ကြီးထဲမှာ ပျံသန်းခွင့်ရတဲ့ လိပ်ပြာတစ်ကောင်ရဲ့ ဝိညာဉ်ဟာ ကိုယ်ဖြစ်လို့နေလေရဲ့။

တစ်ခါတစ်ခါတော့လည်း စိန်ပွင့်ငယ်တို့ အတိပြီးတဲ့ စိန်စီး ကြောင်းမြစ်ထဲမှာ လူးလွန့်လူးခပ်နေတဲ့ ရွှေငါးလေး တစ်ကောင်ဟာ ကိုယ်ဖြစ်လို့ နေပြန်ပါရော။

ဘယ်လောက်များ ကြည်နူးချမ်းမြေ့ဖွယ် ကောင်းလိုက်ပါသလဲ။ ကဲ ခုကြည့်လေ။ ကျွန်မရဲ့ မျက်လုံးအစုံက ပတ္တမြား၊ မြ၊ နီလာဆိုတဲ့ ရတနာတွေရဲ့ အလယ်မှာ ဘုရင်တစ်ဆူလို မင်းမူနိုင်လွန်းတဲ့ စိန်ပွင့်ငယ်တွေရဲ့ နက်ရှိုင်းလှပတဲ့ တောက်ပမှုသက်တံ့ရောင်စဉ်အချို့နဲ့ လူးလိမ့်ခုန်ပေါက်နေတာကိုပဲ တမ်းတမ်းစွဲ မြင် ယောင်နေမိပြန်သတဲ့။

ရှင် ကျွန်မကို ဒီလိုမဆွဲဆောင်ပါနဲ့နော်။

ဟင့်အင်းလို့ ငြင်းမိတဲ့တိုင် သံလိုက်ဓာတ်နဲ့ ညှို့ခံရသလို တိကျ ညီညာတဲ့ ခြေလှမ်းအစုံက စိန်ပွင့်ငယ်တို့အရှေ့ မှုးယစ်ရီဝေစွာ ကျရောက်ခဲ့ရတာပါပဲ။

'မှန်ကောင်တာ'ထဲက ဟေလိုဂျင်မီးရောင်အောက်က ခု ခေတ် စားနေတဲ့ စိုးမြတ်သူဇာပုံ ဘဲဥပုံစိန်လက်စွပ်ကလေးတွေ၊ စိန်ခြယ်နားကပ်တွေ၊ စိန်ပွင့် အချို့တွေဟာ ဟိုးဟိုးဟားဟား ရယ်မောနေကြသည်။

'မလှဘူးလား ဟင့်၊ ရှင် မှတ်မိနိုင်ရဲ့လား'ကျွန်မတို့လေ စိန်ထဲ မှာ အညံ့ဆုံးနဲ့ ဈေးအသက်သာဆုံးဆိုတဲ့ အိန္ဒိယကဝင်တဲ့ စိန်ကျင်လေးတွေပေါ့။ စကော့ဈေးရဲ့ အရှေ့ဘက်က ရူပါဝေါ်ဆိုတဲ့ အရောင်တင်ဌာနရဲ့ စွမ်းဆောင်ချက်နဲ့ ပလက်တီနမ် အရောင်သုတ်လိုက်တာ ခုဆို အဖြူသန့်လိုလို ဘာလိုလို အဝေးကြည့် ရင်တော့ တော်ဝင်စိန်ဖြူတွေဖြစ်ကုန်ရော။ ဪ... တစ်ဆိတ် ကျေးဇူးပြု၍ ကြုံရင် ပြောလိုက်ပါကွယ်။ သက်တမ်း တစ်လျှောက်လုံး မျက်နှာငယ် အရောင်းမသွက်ခဲ့တဲ့ ကျွန်မတို့ကို ခု ရူပါဝေါ်ရဲ့ ကျေးဇူးကြောင့် ဝယ်သူရော ရောင်းသူပါ ကောင်းစား နေကြပါပြီလို့။





ကျွန်မ ပြုံးတုံ့စွာ ခေါင်းညိတ်ပြလိုက်မိပါသည်။ ဪ... ခေတ်မီတိုးတက်တဲ့ နည်းစနစ်တွေ၊ သိပ္ပံပညာတွေနဲ့ ပညာရှင်တွေရယ် ပေါင်းလိုက်တဲ့အခါ ခုလို လူသားတို့ကို အကျိုးပြုစေတဲ့ အဓိပ္ပာယ်ရှိတဲ့ လှပမှုတွေ၊ ရောင်းအားမြင့်တင်လာနိုင်မှုတွေဟာ တကယ်ဂုဏ်ယူဖို့ ကောင်းပါကလား။ ဟုတ်ပါတယ်၊ ဟိုအခါကများဆို(စိန်ကျင်)ဟော့ဆို လူတွေက ကြဉ်ဖယ်သွားတတ်ကြတယ်။ ဘယ်လောက်သန့်တယ်ဆိုဆို မှန်ဘီလူး မတင်ရဲလောက်အောင် ၇၀%လောက်က အနာများပြီး အဖြူမရှိသလောက် ရှားလှလို့ပါပဲ။

ခုတော့ ဒီလိုဈေးသက်သာပြီး အရည်အသွေးနိမ့်တဲ့ စိန်ကျင်လေး တွေကို ခုလို ဆေးဖြူတင်လိုက်တဲ့အခါ မူလအရောင်တွေပျောက်ပြီး အဖြူဘက်လဲ ကာ လှပလာတော့တာကလား။ ဝယ်သင့်ပါတယ်၊ ဝတ်သင့်ပါတယ်။ ဒါပေမယ့် တိုးတိုးလေးတော့ မှာလိုက်မယ်နော်။ မျက်စိလည် လမ်းမှားပြီး ဈေးတော့မများပါ နဲ့လို့ သေသေချာချာကြည့်ပြီးမှ ဝယ်။ ဘာပဲဖြစ်ဖြစ် ဒီမျက်နှာမွဲ စိန်ကျင်ကလေး တွေဟာ ဈေးချိုချိုနဲ့ မျက်နှာပန်းလှလှနဲ့ အပျိုမလေးတွေကြား ရေပန်းစားလာတာ ကတော့ အမှန်။ ဒါဟာ လုံးဝ ဖြစ်သင့်တဲ့ကိစ္စ။ ကျွန်မကတော့ အားပေးမယ်လေ။ ပယ်ပါ။ အဲဒီဆိုင်ရှေ့က ပြုံးစိစိနဲ့ ပြန်ထွက်လာတဲ့ ကျွန်မက 'ဆေးလွယ်ပုလဲရတနာ' ဆိုင်ရှေ့ ရောက်တယ်ဆိုရင်ပဲ လှပတဲ့ ပုလဲနက်မြစ်မှာ နစ်မွန်းခဲ့ရပြန်ပါရော။

၁၉၉၉ ခုနှစ်ရဲ့ မဂ်လာနှစ်သစ်မှာ Royal Pearl လို့ခေါ်တဲ့ နာမည်ကြီးလှတဲ့ ပုလဲနက်လှလှတွေဟာ မဟူရာရောင်လက်တွေနဲ့ ကျွန်မတို့ကို ဖမ်းစားလှချေကလား။

ဗိုလ်ချုပ်ဈေးဆိုတာ ပန်းတွေပွင့်တဲ့ နေရာ။ လမင်းတွေ အစင်းတစ်ရာမက သာတဲ့နေရာပါကလား။ ကြယ်စင်တွေ လင်းလက်သလို အရာရာ လှပပြည့်စုံလှချေတကား။

အပျိုမ လှလှကလေးတွေကလည်း ခေါင်းကလေးတွေ တမော့မော့နဲ့ တစ်စုံတစ်ရာကို ပျော်ရွှင်ဖွယ် ရင်ခုန်ဖွယ် ရည်ရွယ်ချက်အချို့နဲ့ ဟိုမှသည်မှ သွားလာနေလိုက်ကြတာ ပျော်စရာကောင်းလိုက်တဲ့ အဖြစ်။ အလင်္ကာ ရနေသလိုပဲနော်။

လှပစွဲလမ်းဖွယ် ပုလဲနက်လှလှလေးတစ်လုံး လက်ဝါးပေါ် တင်ကြည့်ပြီး စိတ်ကူးမြစ်ထဲ ကူးခပ်နေဆဲ။

'ဟာ မမရယ်၊ တွေ့ချင်နေတာ အတော်ပါပဲ၊ ညီမ မေးစရာရှိတယ်'လို့ အားရဝမ်းသာ ဆိုလာသူကလေးကို ငုံ့စောင်းကာ ကြည့်မိတော့ F.M.I အပေါ်ထပ် 'ခင်ရတနာ' ရွှေဆိုင်က ညီမငယ် 'မခင်လေး'။

လှပတဲ့ ရတနာတွေနဲ့ အပြိုင်လှလွန်းတဲ့ 'ခင်လေး ညီမ'ကို ငေးကြည့်ရင်း-

'ကဲ ဆို၊ ရှင်ကလေး ကျွန်မကို ဘာတွေ မေးချင်တာလဲ၊ ဘာတွေ ပြောမှာလဲ၊ ဘာတွေ အကူအညီ ပေးရမှာလဲ'လို့ ဆိုမိတော့-

'ခုတစ်လော စိန်အတုမျိုးပေါ်နေတယ် မမရဲ့၊ အဲဒီစိန်က အရမ်းအဆင့်မြင့်တယ်၊ အဲဒီစိန်ဟာ စိန်စမ်းစက်နဲ့ စမ်းလည်းအောင်တယ်၊ မှန်ဘီလူးတင်တော့လည်း စိန်စစ်တယ်၊ အဲ... ချွန်းထူလို့ ပြန်သွေးကြည့်မှ လုံးဝ စိန်သားမဟုတ်တော့ဘူးတဲ့။ ကဲ... ကြောက်စရာ မကောင်းဘူးလား။ ခင်လေးတော့ အဖြူသန့်တွေတောင် မကိုင်ရဲတော့ဘူး။ ကိုယ့်လက်ထဲရောက်မှ တစ်ထုပ်လုံး အဲလိုစိန်တွေ ဖြစ်နေရင် ကွဲပြီပေါ့'တဲ့။

သူမ ဆိုလာသည်။ ကျွန်မ အံ့သြကြီးစွာ။ သူ့စကားက ဆန်းလှချေကလား။ စိန်စမ်းစက်လည်း အောင်တယ်။ မှန်ဘီလူးတင်တော့လည်း စိန်စစ်တယ်။





သွေးလိုက်တော့မှ တဲ့။ ထူးဆန်းလှချေတကား။ စိန်နှင့် ပတ်သက်သမျှသော အကြောင်းအရာ သင်္ကေတသည် ထိုတဒင်္ဂ၌ အသိစိတ်စီးကြောင်းထဲမှ ပျောက်ကွယ်နေကြ၏။ အံ့သြမှုနှင့် ရင်အစုံသည် ဖျတ်ခနဲ နိမ့်ဆင်းသွားသလို အဝေးကို ပြေးလွင့်ကြ၏။ ဘာကြောင့်လဲကွယ်။

ကျွန်မ အားကိုးရာ မဟာရံတံတိုင်းကြီးနှင့် တူသော G.G.A ကျောက်မျက်စစ်ဆေးဌာနကြီးကို မျက်စိထဲမှာ ဝင်းခနဲ၊ လက်ခနဲမြင်ယောင်လာသည်။

ဒီစိန်ဟာ ဘာစိန်မို့လို့လဲ။

'မမ စိန်အကြောင်းတွေ ပြောပြမလား၊ အတုတွေ ဘယ်အတိုင်းအတာထိ ရှိနိုင်တယ်ဆိုတာလေ၊ ခင်လေးတို့ အားလုံး သိရအောင်ပေါ့'ဟု သူမက မြွက်လာပြန်သည်။ ထိုအချိန်က ကျွန်မ ဘာမှ ပြန်ပြောခွင့် မကြုံခဲ့။

ရှာရှာဖွေဖွေ မေးနိုင်သော ဒီကလေးမကိုသာ အံ့သြတကြီး။ သူမသည် ကျွန်မ မျက်လုံးထဲမှာ စာအမေးတော်လှသည့် ဆရာမလေး တစ်ယောက်။ ဒါမှမဟုတ် တစ်စုံတစ်ရာကို တက်ကြွစွာ စူးစမ်းရှာဖွေလိုသော ကလေးလေးတစ်ယောက်။ ဒါမှမဟုတ် ပဟေဠိတစ်ခုကို ခက်ခက်ခဲခဲ ပညာစမ်းလို၍ စကားထာ



ဝှက်နေသော ပညာရှိလို သင်္ကေတများစွာ ပေးနိုင်သူလေးလို့ မြင်လာသည်။ ကျွန်မကလည်း ပတ္တမြားမိုမိုပဲ၊ နောက်မဆုတ်ဘူးရှင့်။

စိန်ခေါ်ရင် တိမ်ပေါ်ထိ လိုက်ဦးမှာ။ ခင်လေး ညီမငယ်ရေ၊ ရှင်ကလေးရဲ့ ပဟေဠိပုစ္ဆာထဲက စိန်တုံးလေးအကြောင်း သိရဖို့ အစ်မ ကြိုးစားရမယ်ကွယ့်။ စိန်ကလေးရေ၊ တောင်ပံပါရင်တောင် မင်းပြေးလို့ မလွတ်စေရဘူး မှတ်ပေတော့။

ဆုံးဖြတ်ချက်ချပြီးတဲ့ တစ်ခဏ သက်တံရောင် လှပတဲ့ ရောင်စဉ်စူးစူးကလေးကို ပိုင်ဆိုင်တဲ့ ကျောက်တုံးကလေးတချို့ကို သယ်ပိုးရင်း သူတို့ဘဝ၊ သူတို့အလှနဲ့ သူတို့ရဲ့ ဒဿနတွေ စုဝေးရာ သူတို့ရဲ့ အခမ်းနားဆုံးဖြစ်စဉ်တွေ



တည်ရှိရာနေရာ တစ်ခုဆီသို့ ထွက်ခဲ့စဉ်မှာတော့ချစ်စရာကောင်းသလောက် ကြောက်စရာကောင်းလှသည့်အသည်းပုံ စိန်ပွင့်ငယ်လေးတစ်ခုသည် ကျားကုတ်ကျားခဲနှင့် အတင်းတွယ်ကပ်၍ ဒုက္ခပေးကာ လိုက်ပါလာခဲ့လေတော့တည်း။

မရှုံးနိမ့်နိုင်သူ

"ကမ္ဘာမှာ
မြန်မာဟာ
ကဗျာ ခြသေ့်"ဆိုတဲ့



မောင်ပန်းမွှေးရဲ့ တို-မိ-ထိ-ရှလှတဲ့ ကျွန်မကြိုက်တဲ့ အသည်းခိုက်ကဗျာလေးကို သတိရတိုင်း ပြည်ပနိုင်ငံတွေမှာ ရတနာတွေရောင်းတိုင်း ကျွန်မက ပြောလေ့ရှိပါတယ်။

စိန်ဆိုတာ
ကမ္ဘာမှာ
ရတနာ ခြသေ့်လို့။

ကျောက်တို့ရဲ့ ဘုရင်လို့ တော်ဝင်ခဲ့တဲ့ ဟောဒီ စိန်ပွင့်ကလေး တစ်ပွင့်ရဲ့ ကြီးမြတ်လှတဲ့ ဂုဏ်တစ်ပါးဟာ ဘာကြောင့်များ ဘုရင်ကြီးတစ်ပါးလို မင်းမူနိုင်ခဲ့ရပါသလဲ။

ကမ္ဘာပေါ်မှာ ရရှိသမျှသော အရာအားလုံးရဲ့ အမာဆုံးဆိုတဲ့ အရာကတောင် သူ့လောက်မမာနိုင်ဘဲ သူကသာ အမာဆုံးမို့ပါတဲ့။ ဒါဟာ သူ့ရဲ့ မဟာဂုဏ်အင်္ဂါတစ်ရပ်လို့ပြောရင် ကြီးမြတ်မှု အမှတ်တစ်လို့ ပြောရတော့မှာပါ။ မာဆင့် ၁၀တဲ့။ ထို့အပြင် တုနှိုင်းမမီနိုင်သည့် အလင်းရောင်ကွဲခြင်း (dispersion) ရှိလို့ မီးလိုတောက်ပတဲ့ ရောင်စဉ်ဟာ စိန်၏ နှစ်လိုဖွယ်ကောင်းသော ဒုတိယ အင်္ဂါရပ်ပဲ ဖြစ်ပါတယ်တဲ့ ရှင်။ မာဆင့်မြင့်သလို ပျဉ်းတွဲသော သဘောရှိလို့ ပွန်းပွဲ့ခြင်း၊ အစင်းထင်ခြင်း မရှိသဖြင့် "ထာဝရ တည်သောအရာ"လို ဖြစ်ခဲ့တော့တာကိုး။

ကမ္ဘာပေါ်မှာ တူးဖော်ရသမျှ စိန်ဖြုံးများထဲက ၈၀%သော စိန်များဟာ သုံးမရဘဲ ၂၀%သော စိန်ထဲမှ ၂ ကာရက် စိန်ရိုင်းတစ်ပွင့်ရဖို့ ခက်ခဲလှတယ်။ ဒါကြောင့် ကမ္ဘာကြီးကို ထာဝရစိန်ခေါ်ခဲ့သော စိန်ဟာ သရဖူဆောင်းခဲ့သလို လှပမှုတွင်လည်း တုနှိုင်းမရှိ တာရှည်ခံခြင်း၊ အစဉ်သစ်လွင်ခြင်း၊ သဘာဝတွင်းထွက်မှာလည်း အလွန်ရှားပါးခြင်း၊ ကျောက်မျက်တကာတို့ထက် ကျောက်တွင်းမှ ထုတ်လုပ်စရိတ်မြင့်မားခြင်း၊ ကျောက်သွေးရာတွင် လက်ဝင်ခြင်း၊ ခက်ခဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံရှိခြင်း စတဲ့ အကြောင်းအချက်တို့ကြောင့် ကမ္ဘာကြီးနဲ့ ရတနာလောကကြီးကို စိန်ခေါ်ပြီး တိမ်ပေါ်တက်နိုင်ခဲ့ခြင်းပဲ ဖြစ်ပေလိမ့်မယ်။

ကမ္ဘာပေါ်ရှိရှိသမျှ ရတနာဈေးကွက်မှာ ၉၀%ဟာ စိန်အရောင်းအဝယ် တစ်ခုတည်းသာ ရှိခဲ့သည်လည်း မဟုတ်ပါလား။ ဒါကြောင့် ကျွန်မ ပြောခဲ့တာပေါ့။

စိန်ဆိုတာ
ကမ္ဘာမှာ
ရတနာခြသေ့်ပါလို့။

## နှစ်ထပ်စိန်ခေါ်တဲ့ လူလည်စိန်ကလေး

နှစ်ရက်နဲ့ နှစ်ညလုံးလုံး ကျွန်မကို ဒုက္ခပေးခဲ့တဲ့ စိန်လူလည် ကလေး။ သူ့ရဲ့ ဂန္ဓဝင်ရွှေသားလက်စွပ်ကလေးထဲကနေ ဇာဂနာနဲ့ ထိုးဆွ ဆွဲထုတ် လိုက်တော့ ကျွမ်းထိုးမှောက်ခုံ ထွက်ကျလာပါသည်။

လာစမ်း၊ မှန်ဘီလူးလေး ဆွဲကိုင်၊ ဇာဂနာလေးနဲ့ ညှပ်ပြီးဒင်း ကလေးရဲ့ ခါးပတ်ကို စစ်ကြည့်လိုက်တော့ လားလား ကျွန်မကို အိပ်မက်ဆိုးတွေ ထဲ တွန်းပို့ခဲ့တဲ့ စိန်ကလိမ်ကကျစ်ကလေး၊ တွေ့ပြီ။

မနေ့ညဦးတွေထဲက ဘာကြောင့်များ လက်စွပ်ကလေးထဲက ထုတ်မကြည့်မိပါလိမ့်။ ကုန်သွားတဲ့ အချိန်တွေ နှမြောတသမိသည်။ မျက်စိ နှစ်ဖက် လုံး ဖွင့်ကြည့်ပြီး မှန်ဘီလူး ကြည့်တတ်အောင် သင်ခဲ့သော်လည်း အာရုံစိုက်ရလွန်း၍ မျက်လုံးထဲက သွေးကြောတွေတောင် အောင့်ပြီးနာနေပြီ။

'စိန်တစ်ပွင့် စစ်,မစစ်ကြည့်ဖို့ စိန်တစ်ပွင့်ရဲ့ အသက်ဆိုတာ ခါးပတ်မှာကြည့်'ဆိုတဲ့ ဆရာကြီး ဦးဉာဏ်သင်းရဲ့ တန်ဖိုးရှိတဲ့ စာတွေ့တွေကို ဘာကြောင့် မေ့ခဲ့မိပါသနည်း။

စိန်သွေးဆရာတို့သည် ဘယ်သောအခါမှ ခါးပတ်ကို အရောင် တင်လေ့ မရှိ။ ပါးလွန်း၍ တင်လျှင်တောင် ခါးတစ်နေရာရာမှာ Nick ဟုခေါ်သော အထစ်ကလေးတစ်ခုခုတော့ ချန်ခဲ့ကြသည်။ စိန်တုဖြစ်တဲ့ ရုရှားစိန်၊ အမေရိကန်စိန် တွေမှာ ဒီလို ခါးချန်ထားလျှင် မပွင့်တော့သဖြင့် ခါးပတ်မရှိတတ်ကြချေ။ ဤနည်း သည် အတုအစစ်ခွဲရာ အလွယ်ကူဆုံးနည်း ဖြစ်သည် မဟုတ်လား။

နောက်ပြီး 'အောင်းဝင်'ခေါ်တဲ့ အစက်ကလေးတွေ။ စိန်ဆိုသည် မှာ ကာဗွန်မှ ဖြစ်လာသဖြင့် စိန်စစ်စစ်များတွင် ကာဗွန်အမည်းစက်ကလေးတွေ ပါစမြဲ။ ကင်းတာလည်း ရှိရဲ့။ ဒါကြောင့် ခင်လေးကပြောတာ၊ မှန်ဘီလူးကြည့်တော့ လည်း အောင်းဝင်အစက်ကလေးတွေ တကယ်တွေ့ရသတဲ့။



ခုတော့ ကျွန်မ သိပြီ။

ကရောင်းပိုင်း (ပယ်ပိုင်း)မှာ စိန်စစ်ပါးပါးကလေးနဲ့ ပြုလုပ် ထားပြီး ချွန်းပိုင်းမှာတော့ စိန်နှင့် လွန်စွာတူသော ဥဿဖရား(သို့)သလင်းစတဲ့ ကျောက်စစ်စစ်တစ်ခုနှင့် ကပ်ထားသဖြင့် ကရောင်းပိုင်းကို စိန်စမ်းစက်နဲ့ စမ်းစမ်း၊ မှန်ဘီလူးနဲ့ ကြည့်ကြည့် စိန်စစ်စစ်လို့သာ ထင်နေရတာကိုး။

ခုလို ခပ်စောင်းစောင်း ထားကြည့်လိုက်တဲ့အခါမှာတော့ စိန်လူ လည်ကလေးရဲ့ အမှားကို 'ဝိ'ကနဲ တွေ့ရပြီ။

ထိပ်ကွက် အနားစောင်းများမှာ သိပ်ကောင်းလွန်းတဲ့ကော်ကပ် ထားလို့ ဆက်ထားတဲ့ အလွှာကလေးမှာ ရောင်ပြန် ဟပ်နေတာပင် တွေ့ရသေး သည်။



ဟွန်း…
'ကျောက်မျက်စစ်ဆေးဌာန' ရောက်ရင်လည်း သူကလေး ပြေးမလွတ်နိုင်ဘူး။တောင်ပံ ပါတောင် ပြေးမလွတ်နိုင် ဘူးကွယ့် စိန်ကလေးရဲ့။

သိုင်းလင်းအိုင် အိုဒိုဒ်အရည်ထဲ နှစ်ကြည့်လိုက်ရင်ပဲ ကရောင်းပိုင်းနဲ့ ချွန်းပိုင်းအကြား ခြားနားမှုကို ထင်ထင်ကြီး တွေ့ရမှာပဲ။

ဩော်… ဒါကြောင့် ညီမငယ်ခင်လေးပြောတဲ့ စကား နားထဲမှာ ပြန်ကြားလိုက်မိရဲ့။ မှန်လိုက်တာ။

'ပြန်သွေးလိုက်တော့မှ'တဲ့။

မပူနဲ့တော့ ခင်လေး ညီမငယ်ရေ။ ဒီလို စိန်လေးတွေဟာ အထုပ် ဘဝနဲ့ မလာတတ်ကြပါဘူးကွယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကို ဒီအတိုင်းမြင်ရ တာကိုက သဘာဝမကျနေသလို ခံစားရတယ်။ ဒီတော့ တစ်ပွင့်စ၊ နှစ်ပွင့်စ လှပတဲ့



လက်ရာအချိုးနဲ့ မျက်စိလည် လမ်းမှားပြီး ဝင်တတ်တာပါကလေးရယ်။ မကြောက်ပါနဲ့။ ဒီကနေ့ ညတော့လေ မမတော့ ဆောင်းပါးကလေးတစ်ပုဒ် ကောက်ရေးလိုက်ချင်တယ်။

'လှလည်စိန်ကလေးကို အောင်နိုင်ခြင်း' လို့။

* * *

## ခြောက်လှန့်တတ်သော အိပ်မက်များ

စိန်နဲ့ပတ်သက်တဲ့ လူတိုင်း အိပ်မက်ဆိုးတွေ မက်တတ်ကြတယ်။ အဲဒီအိပ်မက်တွေထဲမှာ ခြောက်လှန့်တဲ့ တစ္ဆေကလေးတွေကလည်း စိန်ပွင့်ကလေးတွေပဲ ဖြစ်နေပြန်တယ်။ ဒါပေမယ့် အဲဒီစိန်ပွင့်လေးတွေဟာ စိန်စစ်စစ်လေးတွေတော့ မဟုတ်ဘူး။

စုတ်ပဲ့ကြမ်းကြုတ်တဲ့ စိန်တုကလေးတွေပါပဲ။

အစစ်ကို တုတတ်တဲ့ အတုလေးတွေရဲ့ အားနည်းချက်ကလည်း အစစ်ထက်ကောင်းအောင် သန့်ပြီးဖြူစင်နေတတ်ပြန်ပါသေးတယ်။

ဒါကြောင့် ပြောတာ။ စိန်ပွင့်လေးတစ်ပွင့် သိပ်ဖြူစင်လွန်းလျှင်လည်း အမှန်တရားရော၊ အကြောင်းအရာပါ ပျောက်ပျက်တတ်တယ်။ ဒါကိုတော့



သတိထားရမယ်။

နှစ်ပေါင်းများစွာထဲက နေရာယူခဲ့တဲ့ ရုရှားစိန်၊ အမေရိကန်စိန်လေးတွေ အတုပါ။ ဒါပေမယ့် နေရာရဆဲနော်။ တိုးတက်ခေတ်မီတဲ့ ကိရိယာတွေနဲ့ နားလည်သိတတ်လာတဲ့ ဗဟုသုတငယ်ငယ်လေးတွေကြောင့် ဒီစိန်ကလေးတွေကိုတို့တွေ အောင်နိုင်ခဲ့ပြီးပါပြီ။

ခါးပတ်ကလေးကြည့်ရုံ၊ မှောက်ကြည့်ရုံနဲ့ သိသာပြီလေ။ စိန်အစစ်ကို မှောက်ကြည့်၊ အလင်းမပေါက်ဘူးနော်။ ရုရှားစိန်ကလေးတွေကိုတော့ လက်ပေါ်တင်မှောက်ရင်တောင် လက်ဖွေကလေးတွေအထိ မြင်ရမယ်။

ကဲ… ဒါကြောက်စရာလား။ ဒီအတုတစ္ဆေကလေးတွေက သေးသေးလေးပါ။ မှင်စာလေးပါ။ ဒါပေမယ့် ခုတစ်လော ချောက်ချောက်ချားချား ခြောက်လှန့်လာတဲ့ စိန်တုကလေးတစ်ခုအကြောင်း ကြားခဲ့ရပြန်ပါတယ်။ ဘာတဲ့။ သူကနည်းနည်းတော့ အဆင့်မြင့်သား။

ကာဗွန်ပစ္စည်းတစ်ခုကို ဖိအားတစ်သိန်းနဲ့ အပူချိန် ၂၇၀၀ စင်တီဂရိတ်ပေးလိုက်လျှင် စိန်စစ်စစ်အဖြစ် ဖန်တီးလို့ ရပြီဆိုတဲ့ စကား။

ဟုတ်တယ်၊ အမှန်ပေါ့။ ဒါပေမယ့် မကြောက်နဲ့၊ မကြောက်နဲ့ ညီမတို့ရေ။

စိန်စစ်ကလေးတွေတော့ ရပါတယ်။ အလွန့်အလွန် သေးငယ်သော စိန်ကလေးတွေသာ ရပါတယ်။ ရောင်းတမ်းဝင် ကျောက်မျက်အဖြစ် မထုတ်လုပ်နိုင်သေးကြောင်း အတိအလင်း ဖော်ပြထားပါတယ်။

ဒီတော့ စိတ်အေးအေးသာ ထားပါတော့။ နောက်တစ်မျိုးကတော့ 'ယက်'လို့ အခေါ်များတဲ့ 'ယစ်ထရီယင်စိန်' (Yittrium)ဖြစ်ပါတယ်။ မကြာမီကာလမှ စိန်ဈေးကွက်မှာ တက်မွှေခဲ့တဲ့ 'ကက်စပါ'လို တစ္ဆေလေးတစ်ကောင်ပါပဲ။

ဒီစိန်လေးဟာ ဥဒေါင်းချက်ကျောက်ဖြစ်ပြီး စိန်အစစ်နဲ့ များစွာတူလှပါတယ်။ အရောင်မဲ့ခြင်း၊ ကြည်လင်လှပခြင်း၊ မာနှုန်းများခြင်း၊ ယိုင်ညွှန်းကိန်း ၁.၈၃၄ ရှိခြင်း၊ စံယိုင်ညွှန်းကိန်းတိုင်း ကိရိယာမှာ ဖတ်မရခြင်းစတဲ့ တန်ခိုးတွေရှိနေလို့ ပါဝါကြီးလှတဲ့ စိန်သရဲလေးတစ်ကောင်ပေါ့။

ဒါတင် မကသေးဘူး။ အရောင်ကွဲခြင်းတန်ဖိုး ၀.၀၂၈ရှိလို့

ရောင်စုံကွဲခြင်းဟာ စိန်လောက်ကောင်းမွန်ပြီး အနောက်နိုင်ငံမှာတော့ ဟန်ဆောင်ကောင်းသူ သူဌေးတွေရဲ့ အသုံးအဆောင်အဖြစ်တောင် တော်ဝင်ပန်း ပန်နိုင်ခဲ့ပါတယ်။

သူ့ကို စိန် စစ်,မစစ် စစ်ဆေးရင်တောင် ယိုင်ညွှန်းကိန်းမြင့်လွန်းလို့ ယိုင်ညွှန်းကိန်းတိုင်းအရည်နဲ့ မရတော့ဘဲ သူ့ကို X Ray ရောင်ခြည်ကသာ နိုင်နိုင်ပါတော့တယ်။

ဒီတစ်ချက်ကလေး ကယ်ပေလို့။ ခရမ်းလွန်ရောင်ခြည်အောက်မှာ 'ယက်' စိန်လေးတွေဟာ အဝါရောင်သာ ပြနိုင်ပြီး စိန်တွေဟာ အပြာရောင်ပြပါတယ်။ ဒါပေမယ့် ဒီစိန်တွေ မြန်မာပြည်ရောက်လာတယ်လို့ တစ်ခါမှ မကြားမိသေးပါဘူး။ ဒီတော့ ဒီကိစ္စနဲ့ မပူနဲ့တော့နော်။

ဒီလောက်ဆိုရင်ဖြင့် စိန်အတုကို ကြောက်တတ်တဲ့ ညီမ ခင်လေးရယ်၊ ဒါတွေကို ဖတ်ပြီးတာနဲ့ စိတ်နှလုံးချမ်းမြေ့လောက်ပါပြီနော်။

ဒါတောင် စိန်နဲ့မှားတတ်တဲ့ ဂေါမိတ်၊ ရှုတိုင်းချက်ကျောက်၊ ကိုရန်ဒမ် အညွှံကျောက်၊ ဥဿဖရား၊ သလင်းစတာတွေဟာလည်း ဖြုန်းခနဲ စိန်နဲ့မှားယွင်းနိုင်တာပါပဲ။

ဒါပေမယ့် မင်းသိထားရမှာက မြန်မာနိုင်ငံရဲ့ ကျောက်မျက်ခေတ်ခွဲစမ်းသပ်ခန်းတွေဟာ အတုတန္တေကောင်တို့ရဲ့ သချိုင်းတစ်ခုပဲ ဆိုတာ။

* * *

## ရောင်စုံပန်းခင်းထဲက စိန်ပွင့်တွေ

အစ်မ ငယ်ငယ်တုန်းက စိန်ဆိုရင် ရိုးရှင်းစွာနဲ့ အဖြူရောင်လို့ပဲ မှတ်ထင်မိပါတယ်။ နည်းနည်းကြီးလာတော့ ကျင်ဝါစိန်ကလေးတွေကို မြင်ဖူးလာရသလို မေမေရဲ့ ကြယ်သီးတွေမှာ တပ်ထားတဲ့ ကြက်ဆီရောင်တွေနဲ့ အညိုရောင်ကိုသာ မြင်ဖူးခဲ့ရပါတယ်။

၁၉၉၆ခုနှစ်၊ နိုင်ငံတကာ ရတနာပြပွဲတွေကို ရောက်တော့မှ အံ့ဖွယ်သုတပဲ ရှင်ရေ။

စိန်စစ်စစ်တွေရဲ့ အရောင်ဟာ အဖြူ၊ အဝါ၊ အညိုတင် ဘယ်ကလိမ့်မလဲ။ အဝါနု၊ အစိမ်းနဲ့ လှပတဲ့ ပယင်းရောင်အပြင် ပတ္တမြားအနီရောင်ကို



လည်း တွေ့ခဲ့ရပါတယ်။ ဒါတင်မက နီလာပြာရောင် စိန်ကိုလည်း အံ့အားတသင့်မြင်ခဲ့ရပါသေးတယ်။

ပိုပြီး အံ့သြစရာက ဟောင်ကောင်မှာ မမတို့ တည်းခိုခန်းနဲ့ မနီးမဝေး စိန်တိုက်ကြီးတစ်ခုမှာ ခရမ်းရောင်နဲ့ စိမ်းပြာပြာ စိန်လည်ဆွဲကြီးဟာ တဒင်္ဂဆွံ့အလို့ သွားခဲ့ရတယ်။

မမက မစပ်စုမ မဟုတ်လား။

စိန်တိုက်ကြီးထဲ အတင်းဝင်ပြီး ဒါဟာ စိန်အစစ် ဟုတ်လို့လားလို့ မေးခဲ့ပါတယ်။ စိန်တိုက်ပိုင်ရှင်ကြီးဟာ သဘောသဘာဝကောင်းလှပြီး တောသား အစ်မကို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါတယ်။

စိန်တစ်ပွင့်ကို အက်တမ်များနဲ့ အချိန်ကြာကြာ ပစ်ခွင်းတဲ့အခါ စိန်ရဲ့အတွင်းပိုင်း အက်တမ်တွေ တည်ဆောက်မှု ပြောင်းလဲပြီး အရောင်ဆိုတာ ဖြစ်ပေါ်လာပါသတဲ့။

ဒါပေမယ့် ဒီစနစ်ဟာ စရိတ်စက အလွန်ကြီးလှတာမို့ ဒီခေတ်မှာတော့ အရှိန်ပေးကိရိယာ (accelerator)နဲ့ အက်တမ်ကို ပစ်ခွင်းပြီး အရောင်ထည့်သွင်း လုပစေခဲ့ပါတယ်။

စိန်ကို အရောင်ဆိုးတယ်ဆိုလို့ ဆေးဆိုးစိန်ဆိုပြီး ဈေးလျှော့မယ်လို့ ထင်နေသလား။ သဘာဝ ဆေးမကူတဲ့ အဖြူရောင်စိန်ထက် ဒီအရောင်သွင်းစိန်က ဈေးနှစ်ဆဖြစ်တယ်လို့ ပြောလိုက်တဲ့အခါ ယောင်ချာချာနဲ့ ကမ္ဘာကြီးဟာ တစ်မျိုးပဲနော်လို့ အံ့သြမိတယ်။

ညီမလေးပဲ စဉ်းစားကြည့်လေ။ သဘာဝတွင်းထွက် အရည်ဆိုတဲ့ ပတ္တမြား၊ မြ၊ နီလာနဲ့ (ကျောက်စိမ်းက ရေချိုးကျောက်)တွေကို ဓာတုဗေဒနည်းနဲ့ တိုးတက်တဲ့ ခေတ်ပညာတွေနဲ့ ဆေးဆိုးလိုက်တဲ့အခါ တန်ကြေးက ဘယ်လောက်နိမ့်ကျသွားသလဲ။ အဲလိုပဲ သိခဲ့တာ။

ဟော… ခုလို သဘာဝစိန်ဖြူဖြူလေး တစ်ခုတည်းကို စရိတ်စက များစွာ အကုန်ခံပြီး အရောင်သွင်းတဲ့အခါမှာတော့ မြင်မြင်သူ မဝယ်ဘဲမနေနိုင်လောက်အောင် တန်ဖိုးနှစ်ဆနဲ့ ဖွဲလမ်းစေသတဲ့ကွယ်။

အံ့ဖွယ်သုတ တစ်ပါးပေါ့နော်။

တစ်ခါတလေမှာတော့ လူသားတွေရဲ့ စွမ်းရည်သတ္တိတွေဟာ သူ မတူနိုင်တဲ့ အစွမ်းသတ္တိတွေကို ပေးနိုင်သလို လူသားတို့ရဲ့ လုပ်ဆောင်မှုကြောင့် ခုလိုမြင့်မြတ်ခြင်း၊ ပြည့်စုံခြင်းဆိုတာတွေနဲ့လည်း မွှန်းထုံတတ်ပြန်တယ်။

ဒါဟာ မဟာလူသားတွေရဲ့ နည်းနည်းကောင်းတဲ့ အရာတစ်ခုကို ပိုပြီးကောင်းအောင် လုပ်ပေးချင်တဲ့ ထူးဆန်းတဲ့ စိတ်ဆန္ဒတစ်ခုကြောင့်ပဲ။

အဲဒီက အခြေခံစီးဆင်းလာတဲ့ မြစ်တစ်စင်းဟာ 'အရည်လို ကျောက်စိမ်းတစ်ပွင့်'၊ ဒါမှမဟုတ် 'အရည်ချိုပတ္တမြားတစ်လုံး'စတဲ့ တန်ဖိုးမဲ့ ကျောက်မျက်ရတနာတစ်ပါးထဲ ထည့်သွင်းလိုက်တဲ့အခါမှာတော့ တန်ဖိုးနည်း (B.Jade)တစ်ခုလို ဖြစ်ပေါ်ခဲ့ရပြီး အစစ်ကို တကယ်ယှဉ်လာတော့တာပါပဲ။

အတုဟာ အတု၊ အစစ်ဟာ အစစ်ပါပဲ။

ဒါပေမယ့် အတုဆိုတိုင်း ကြောက်စရာလား။

လူသားတွေရဲ့ တီထွင်ကြံဆမှုဟာ လိမ်ညာဖို့ မဟုတ်ဘူးဆိုတာ သိထားရမယ်။ ရိုးရှင်းစွာ နားလည်ထားစေချင်တယ်။

လူ့လောကမှာ ဘယ်အရာမဆို တန်ဖိုးရှိ ကောင်းမွန်လာတိုင်း အတုဆိုတာ ပေါ်စမြဲပဲ။

အတုနဲ့အစစ်မှာ သူတို့ရဲ့ ကိုယ်ပိုင်တန်ဖိုးတွေနဲ့ ရှိနေကြပြီး ဒီတန်ဖိုးညီမျှဖို့ လူတစ်ယောက်ရဲ့ ကတိနဲ့သစ္စာကသာ ထိန်းချုပ်သင့်တာပါ။

ရောင်းသူက သစ္စာရှိရသလို ကတိလည်း တည်ရမယ်။ ဝယ်သူဘက်ကလည်း သတ္တိရှိရမှာဖြစ်သလို ဦးနှောက်အသိဉာဏ်နဲ့ ပိုင်းဖြတ်သင့်တာပါ။

ဒီကနေ့ မမတို့ရဲ့ ကျောက်မျက်ကုမ္ပဏီဟာ သေးသေးလေးပါ။ ပီဘိ သေးသေးလေးပါနော်။ ဒါပေမယ့် ကတိသစ္စာတရားနဲ့ ဂုဏ်သိက္ခာပိုင်းမှာတော့ မိုးလောက်ကြီး ကြီးပါတယ်။

ကိုယ့်တာဝန် ကိုယ်ယူရဲတယ်။ ပတ္တမြားမိုမိုရဲ့ ကျောက်မျက်ရတနာတွေဟာ မူလတန်ကြေးပေါ်မှာ မူမတည်ဘူး။ ပတ္တမြားမိုမိုရဲ့ ကိုယ်ကျင့်တရားပေါ်မှာ မူတည်တယ်။ သိက္ခာကို ငွေထက်လေးစားတယ်။

ဒါဟာ ပတ္တမြားမိုမိုရဲ့ သစ္စာပဲ။

မမတို့ဆိုင်က ရတနာတွေဆို ခုများ ပိုလို့ စိတ်ချသင့်နေပြီ။



ဘာလို့လဲ သိလား။ အပြည်ပြည်ဆိုင်ရာ ရတနာကုန်သည် ဖြစ်နေလို့ပေါ့ကွယ်။

ပြည်ပ ကမ္ဘာ့ရတနာပြပွဲသွားတိုင်း ကျောက်မျက်ဌာနရဲ့ အသေးစိတ်စစ်ဆေးမှုတွေ၊ ရာဖြတ်မှုတွေ ခံယူပြီးမှ မြန်မာ့ ရတနာရယ်လို့ ရောင်းခွင့်ရလို့ပါပဲ။

ဆိုချင်တာလေ။

ဆေးဆိုးကျောက်တွေ၊ အတုတွေ၊ ဘာတွေပဲရှိရှိ ရောင်းသူရဲ့ ကိုယ်ကျင့်တရားပေါ် မူတည်ပြီးဝယ်ပါ။ ပွဲစား အားကိုးယူပါ။ အာမခံသူ ထားပါ။ ကျောက်မျက်ဓာတ်ခွဲခန်းတွေ အားကိုးပါ။ ကဲ... ဒါဆို မှားနိုင်သေးရဲ့လား။

ဘယ်အရာမဆို ရောင်းမှားဝယ်မှားဆိုတာ ရှိတတ်ပါတယ်။ ဒါပေမယ့် လောဘတက်နေသူဟာ ပိုပြီး အလိမ်ခံရဖို့များတာ သတိပြုရမယ်နော်။

သတ်မှတ်ဈေးထက် လျှော့နည်းလာတဲ့ စိန်တစ်ထုပ်ဟာ (ဘာကြောင့်လဲ)ဆိုတဲ့ မေးခွန်းတစ်ခုလောက်တော့ ဦးနှောက်ကို ခပ်မြန်မြန် သတင်းပို့မေးမြန်းပါ။ ပြီးမှ မိမိရမယ့် အမြတ်အစွန်းကို မျှော်ပါလို့ ပြောပါရစေလား။ ဒီတော့ မင်းလောဘမကြီးနဲ့။

## ရွှေရောင်အိပ်မက်ထဲက သမိုင်းဝင်စိန်ကြီးများ

ဟိုးငယ်ငယ် ကလေးဘဝကတည်းက အိပ်ရာဝင်ပုံပြင်တွေထဲမှာ စိန်ပွင့်တွေကို သိပ်ချစ်တတ်တဲ့ အစ်မက ခဏခဏပဲ နန်းတော်ကြီးတစ်ခုထဲမှာ ရောက်ခဲ့ရတယ်။

တစ်ခါတလေ စိန်တွေရဲ့ ဘုရင်မဖြစ်လို့၊ တစ်ခါတလေ စိန်တောင်ကြီးပေါ်က စိန်တွေရှာရင်း ကြောက်အား လန့်အားနဲ့လိမ့်ကျလာကျနဲ့၊ တစ်ခါတလေတော့လည်း(အလန်ကွာတာမိန်း)လို စိန်သိုက်တွေကို အမဲလိုက်ရင်း စိန်တွေနဲ့ နပန်းလုံးနေရပြန်ရော။

အဲဒီကနေ စိန်တွေနဲ့ ပတ်သက်လာတော့ ငယ်ငယ်က အိပ်မက်ထဲမှာတွေ့ရတဲ့ ဧရာမ အပြာရောင်စိန်ကြီးတစ်ပွင့်ဟာ ကမ္ဘာကြီးပေါ်မှာ တကယ်ရှိခဲ့ပါလားလို့ သိလိုက်ရတဲ့အခါမှာတော့-

**ငါဟာ တကယ်ပဲ စိန်အင်ပါယာမှာ ဘုရင်မတစ်ပါး ဖြစ်ခဲ့ဖူး**

ပါသလားလို့ ရူးသွပ်စွာ တွေးထင်ခဲ့မိတယ်။

အိပ်မက်ထဲမှာ အစ်မတွေ့ခဲ့ရတဲ့ စိန်ကြီးတွေကို ရှာလိုက်တော့ လားလား တကယ်ပဲ၊ တကယ်ပဲ။ ကမ္ဘာမှာ တကယ်ရှိခဲ့ကြသတဲ့ကွယ်။

အိန္ဒိယနိုင်ငံရဲ့ သမိုင်းဝင်စိန်ကြီးတစ်ခု။ 'မျှော်လင့်ခြင်း' လို့ အမည်ရတဲ့ အပြာရောင် (Hope) စိန်ကြီးပေါ့။ အလေးချိန် ၁၁၂ ကာရက်ရှိပြီး အခုအခါမှာတော့ အမေရိကန်ပြည်ထောင်စုရဲ့ စမစ်ဆိုနီယမ်ပြတိုက်ကြီးထဲမှာပဲ ရှိပါတယ်။

နောက်တစ်ပွင့်ကတော့ အရိုင်းဘဝမှာ အလေးချိန် ၈၀၀ ကာရက်ရှိတဲ့ ကို-ဟီ-နူးဆိုတဲ့ စိန်ကြီးပါပဲ။ ဒီ လှပလင်းလက်နေတဲ့ စိန်တုံးကြီးကို တွေ့လိုက်တယ်ဆိုရင်ပဲ (တောက်ပနေသော တောင်)လို့ အဓိပ္ပာယ်ရှိတဲ့ (ကို-ဟဲ-နူး)လို့ လန့်အော်မိရာက ကမ္ဘာတွင်ခဲ့ရတဲ့ စိန်ကြီးပေါ့။ ခုခါမှာတော့ ဒီစိန်ကြီးကို ဒိုင်ယာနာတို့ နန်းတော်မှာ တွေ့နိုင်ပါတယ်။

နောက်တစ်ပွင့်ကတော့ အလေးချိန်ကာရက် ၄၁၀ရှိတဲ့ ရီဂျင်စိန်ကြီးပါ။ ပြင်သစ်နိုင်ငံ လော်ဗာပြတိုက်မှာ ထားရှိသတဲ့။ ကံကောင်းလို့များ ပြင်သစ်ကို ရောက်ခဲ့ရင်တော့လေ။

တကယ်တော့ ဒီသမိုင်းဝင် စိန်ကြီးတွေရဲ့ အတိတ်သမိုင်းမှာ ပုံပြင်တွေ များစွာရှိခဲ့ပြီး နှစ်ပေါင်းရာထောင်ကတည်းက လူသားတွေရဲ့ အသည်းနှလုံးမှာ ပျော်ရွှင်ဖွယ်၊ တမ်းတဖွယ်၊ ရူးသွပ်ဖွယ် တည်ရှိခဲ့ကြပါတယ်။

ဒီလို သမိုင်းဝင်စိန်ကြီးတွေဟာ အိန္ဒိယကသာ ထွက်ရှိခဲ့ကြတာ မဟုတ်ဘူးနော်။ ဘရာဇီးနိုင်ငံကလည်း (ကမ္ဘာတောင်ပိုင်းကြယ်)လို့ခေါ်ကြတဲ့ ကမ္ဘာကျော်စိန်ကြီးနဲ့ (ဒရက်ဆင်)လို့ အမည်ရတဲ့ စိန်ကြီးတွေ၊ တောင်အာဖရိက,က ထွက်တဲ့ 'ယူကာရက်' စိန်ကြီးအပြင် အာဖရိကကြယ် အမှတ်(၂)ဆိုတဲ့ စိန်ကြီးကိုလည်း ထွက်ရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

မမတို့ မြန်မာတွေရဲ့ ပါးစပ်ဖျားမှာ မမြင်ဖူးခဲ့ပေမယ့် လူတွေရဲ့ အသည်းနှလုံးထဲမှာ ရေပန်းစားခဲ့တဲ့ တော်ဝင်စိန်ကြီးတွေလည်း ရှိခဲ့တာပါပဲ။ (ကူလီနန့်စိန်) (ဝှျန်ကာစိန်) (ဂျူဗလီစိန်) (အိပ်ဆယ်စီရာစိန်)တို့လည်း တောင်အာဖရိက, ကပဲ ထွက်ခဲ့ပါတယ်။



အဲဒီထဲကမှ (ကူလီနန့်) စိန်ကြီးဟာ ဘာကြောင့် ကမ္ဘာကျော်ခဲ့ရသလဲဆိုရင် အရိုင်းချိန် (၃၁၀၆) မက်ထရစ်ကာရက်ရှိပြီး ဒီစိန်ကြီးကို ခွဲပြီးသွေးလိုက်တဲ့အခါ စိန်ပွင့်ငယ်များ များစွာနဲ့ မိုးစက်ပုံရှိ အလေးချိန်(၅၁၆)ကာရက်ရှိတဲ့ (အာဖရိကကြယ်)အမှတ်(၁)ရယ်လို့ ကမ္ဘာကျော်ခဲ့တော့တာကြောင့်ပါပဲကွယ်။

စိန်ကိုချစ်တဲ့ ညီမလေးရယ်၊ စိန်တွေကို ချစ်ရင်တော့ ဒီလို သမိုင်းဝင်တဲ့ စိန်ကြီးတွေရဲ့ ပုံပြင်ကိုတော့ အိပ်မက်ထဲမှာ ထည့်မက်သင့်တာပေါ့နော်။

* * *

## ကဲ စိန်ဝယ်ကြည့်ရအောင်ပါ မေ

အစ်မငယ်ငယ်က စကားတစ်ခွန်း ပြောခဲ့ဖူးတယ်။ 'ချစ်သူမျက်နှာကို တစ်နေ့လုံး ထိုင်ကြည့်နေရတာထက်စာရင် စိန်ပွင့်လေးတစ်ပွင့်ကို တစ်မိနစ်လောက် ကြည့်ရတာနဲ့ မလဲနိုင်ဘူး' လို့ ရူးသွပ်စွာ ပြောခဲ့မိတော့ ချစ်သူက ပြန်ပြောတယ်။ 'မင်းမျက်နှာကို ပေါက်နိုင်ဖို့ ငါကလည်း စိန်တုံးကြီးကြီး တစ်တုံး ဝယ်နိုင်အောင် ကြိုးစားရဦးမယ်' တဲ့။ ကြည့်စမ်း၊ ဒီယောကျ်ား ဘယ်လောက်များ 'ကဗျာ' မဆန်လိုက်သလဲလို့။

ဘယ်လို ရသကြီးပါလိမ့်နော်။ ဒီတော့ အစ်မက ဟက်ဟက်ပက်ပက်ရယ်မောရင်း 'စိန်တုံးကြီးနဲ့ ပေါက်ခံရလို့များ သေရမယ်ဆိုရင်တော့လေ ကျွန်မကလည်း ဂန္ထဝင်မြောက်အောင် သေကြည့်စမ်းချင်ပါဘိတော့' လို့ ပြန်ပြောပစ်ခဲ့မိတယ်။

ဒီလိုပါပဲ၊ ချစ်သူနဲ့ ကျွန်မအကြားမှာ လှပတဲ့ စစ်ပွဲတွေလည်း ရှိခဲ့ဖူးရဲ့။ ချစ်သူတွေရဲ့ ရက်စက်ခြင်းမှာ ဒီရက်စက်ခြင်းလောက် နှစ်သက်မြတ်နိုးဖွယ်ကောင်းတာ မရှိလို့ ပျော်ရွှင်စွာ ခံစားခဲ့ရသေးတယ်။ ဘာပဲဖြစ်ဖြစ် စိန်နဲ့ နေရသောအချိန်တိုင်း နေဝင်တာကို မသိလိုက်တာတော့ အမှန်။

အပျိုမလေး တော်တော်များများလည်း စိန်ကြိုက်တတ်ကြတာပဲ မို့လား။

'ကျွန်မမှာ စိန်လေးတစ်ပွင့်ရှိတယ်' လို့ ကိုယ့်ဘာသာကိုယ် တိုးတိုးလေးပဲ ပြောကြည့်လိုက်စမ်းပါလား။

တစ်ယောက်တည်း ဘယ်ကလောက်များ ကြီးကျယ်မြင့်မြတ်စွာ ဂုဏ်ယူနေမိသလဲလို့။

အဲသလောက်တောင် သူကလေးက လွှမ်းမိုးနိုင်လွန်းတယ်။ မမတို့လို ကုန်သည်တွေဆို မပြောနဲ့တော့။ ကဲ··· ဒါဆိုလာ၊ စိန်ကလေးတစ်ပွင့်ဝယ်ကြည့်ရအောင်နော်။ စိန်ဝယ်မယ်ဆိုတာနဲ့ ဘာတွေအခြေခံထားရမလဲ။

ပထမဆုံး အလင်းရောင် ကောင်းစွာရတဲ့နေရာတစ်ခုရှာပါ။ စိန်ပွင့်လေးတွေကို အဖြူခံမှာ တင်ပါ။ ဆယ်ဆချဲ့ မှန်ဘီလူးကလေးနဲ့ ခါးပတ်ကလေးက စစ်။ ပြီးတာနဲ့ စီလေးလုံးလို့ ခေါ်တဲ့ သွေးကွက် (Cut) အရည်အသွေး ကြည်လင်မှုဖြစ်တဲ့ (Clarity)၊ အရောင်ခေါ်တဲ့ (Colour)နဲ့ အလေးချိန် (Carat) ကြည့်ပြီး ဝယ်ရပါမယ်။

အထည်ဖြစ်ပြီး စိန်ကိုဝယ်တဲ့အခါ အများအားဖြင့် ပလက်တီနမ်ဆေးရည်သုတ်ထားတဲ့ စိန်အကျင်လေးတွေဟာ အရောင်ပြောင်းနေတတ်တာမို့ ဈေးမများရအောင် ဂရုတစိုက် ကြည့်ဝယ်စေလိုပါတယ်။

နောက်တစ်နည်းကတော့ ဖြူဖွေးနေတဲ့ စိန်တွေမှာတော့ မှန်ဘီလူးမတင်မီ စိန်ကလေးတစ်ပွင့်ကို လက်နဲ့ကိုင်လိုက်ပါ။ ပြီးမှ ဇာဂနာကလေးနဲ့ သေချာကိုင်ပြီး မှန်ဘီလူးကြည့်လိုက်ရင် စောစောကကိုင်ထားတဲ့ လက်ရာကလေးကို တွေ့ရပါလိမ့်မယ်။ စိန်အစစ်တွေရဲ့ သဘောသဘာဝက ဆီကြိုက်တဲ့သတ္တိကြောင့် မိမိလက်ရာကို တွေ့ရခြင်းပါပဲ။ ဒါဟာလည်း စိန်စစ်စစ်ရဲ့ အကြောင်းရင်းတစ်ခုပဲ။ ဒီတော့ စိတ်အေးရတာပေါ့။

ဘယ်အပျိုမကလေးကမှ ကိုယ်ဝတ်မယ့်စိန်ကို ချွန်းထူတာ ကြိုက်မှာ မဟုတ်ဘူးနော်။ ချွန်းထူတော့ အလေးချိန်များမယ်။ ပွင့်အားနည်းမယ်။ ဒီတော့ မကောင်းဘူးပေါ့။ မဝယ်နဲ့နော်။

ဒီလိုစိန်မျိုးတွေကို အိန္ဒိယစိန်တွေမှာ အမြဲတွေ့ရပြီး ကမ္ဘာမှာ ဈေးကွက်မှာ အလှဆုံးကတော့ (ဘယ်လဂျီယံ)သွေးကွက်ပါပဲ။ သွေးကွက်စုံတယ်။ ချွန်းပါးတယ်။ အမြဲသပ်သပ်ရပ်ရပ်နဲ့ ပွင့်အားကောင်းလှပါတယ်။ ချွန်းပါးတော့ အချိန်ပါ ပေါ့တယ်။ အလေးချိန်ပေါ့တော့ ဈေးလျော့တယ်။ ဈေးလျော့တော့ ရှင်တို့ ပျော်မယ် မဟုတ်လား။





အဲ··· မှန်ဘီလူးကြည့်ဖို့တော့ နည်းနည်းမှ မပျင်းရဘူးနော်။ ခက်လည်းခက်တာ မဟုတ်ဘူးကွယ့်။ မျက်စိနဲ့ ထိကပ်ပြီး မျက်စေ့နှစ်လုံးစလုံးဖွင့်ပြီး ဇိတ်ကို အေးအေးလေးထားပြီး လျှော့ချကြည့်ကြည့်စမ်းပါ။ စိန်ရဲ့ စိတ်ဝင်စားဖွယ်အောင်းဝင်လေးတွေကို မထိတထိ တွေ့ရပါလိမ့်မယ်။ ကဲ··· ဒီနည်းလေးတွေနဲ့ စိန်ဝယ်ကြည့်ပါနော် မေ။ ဒါဆို OK ပေါ့။

* * *

## စိန်ဝယ်ပြီးရင် ဘာလုပ်မှာလဲ

ရတနာကုန်သည် မဟုတ်တဲ့ အပျိုမလေးတွေကို ပြောပါတယ်။ ငွေနည်းနည်းရှိရင်တောင် စိန်ပဲဝယ်ပါလို့။ ဥပမာ ကျင်စိန်ပေါ့ကွယ်။ ဈေးလည်းမများဘူး၊ သိရဲ့လား။ တစ်ရတီ ၂သောင်းကနေ အလွန်ဆုံး ၅သောင်းဈေးပဲ ရှိတတ်တာပါ။ တစ်ရတီ ၂လုံးစီးကတော့ နည်းနည်းဈေးပိုတတ်ပါတယ်။

ဒီစိန်လေးတွေဟာ အဖြူသန့်တွေလို စိုးရိမ်ပူပန်စရာ မလိုလောက်အောင် စိတ်အေးအေးဝယ်ယူနိုင်တဲ့ စိန်လေးတွေပါပဲ။ မှန်ဘီလူးမလို ဘာမလို စိန်မစစ်ဘူးဆိုတာ မရှိသလောက် စိတ်ချရတဲ့ မင်းရဲ့ အဖော်လေးတွေပါကွယ့်။

'ကျင်'ဆိုရင်တော့ မှန်ဘီလူး မတင်နဲ့တော့။ တင်မိရင် မဝယ်ချင်လောက်အောင် အစက်အပြောက်နဲ့ မဲ့အနာကင်းတာ ရှားလို့ပေါ့။ ကျင်ဖြူဟာ သိပ်ဖြူရင် နာသွားတတ်သေးတယ်။ အဲဒီအခါ ရေခဲသားလို လက်အား 'ဆို့'နေပြီး မလှတော့ဘူး။

ကျင်ဝယ်မှတော့ ဝါချင်ဝါ ပွင့်တာလေးပဲ ဝယ်ပါကွယ်။ ပြီးရင် ပလက်တီနမ်ရည်သုတ်ပြီး ဝတ်ပေါ့။ ထင်ယောင်ရိုးမှား ဝိုးတဝါးအဖြူပေါ့။

အဖြူသန့်ကိုတော့ စီးပွားဖြစ် စဉ်းစားရင် လက်လွှဲပယ်ရောင်း

လုပ်စေချင်ပါတယ်။ အထည်ကပ်တာ သိပ်မမြတ်တတ်ဘူး။ အချို့ကတော့ ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ဝယ်ကြတယ်။ ဒါလည်း ဖြစ်သင့်တာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ ၉၇နဲ့ ၉၈ ကြားမှာ စိန်ဈေးဟာ အကြီးအကျယ် 'ဟ'နေလို့ပါပဲ။

**ဟိုတုန်းက ဝယ်ဈေးထက် ရောင်းဈေးဟာ ၁၀%လောက် မြတ်တတ်ပါတယ်။ ခုခါမှာတော့ ၃၀%လောက်ထိ ခုန်တက်သွားတာ တွေ့ရပါတယ်။**

စိန်ဝယ်သူတွေဟာ အများအားဖြင့် ပုံစံနှစ်မျိုးနဲ့ ဝယ်တတ်ကြပါတယ်။ တစ်မျိုးက စွဲလမ်းစိတ်နဲ့၊ မြတ်နိုးစိတ်နဲ့၊ ချစ်စိတ်ကလေးနဲ့ တပ်မက်ယစ်မူးပြီး အထိမ်းအမှတ်တစ်ခုအဖြစ် ဝယ်ကြတာ။ အချို့ကတော့ မမပြောခဲ့သလို ငွေကြေးကျဆင်းမှုကို ကာကွယ်ချင်လို့။ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုအတွက် ဝယ်တာပါပဲ။

ကဲ… ချစ်ညီမလေးတို့ကကော ဒီ ချစ်စရာစိန်ကို ဘယ်လိုခံယူချက်နဲ့ ဝယ်မှာလဲတဲ့ကွယ်။

အဲ… အဲ… မမရဲ့ ချစ်သူလိုတော့ စိန်မက်မကြီးဆိုပြီး မျက်နှာကို စိန်နဲ့ပေါက်ဖို့ ဝယ်မယ်ဆိုရင်တော့ 'ဟုပ်'စိန်ကြီးလောက် ကြီးပါစေနော်။ ပြုံးပြုံးလေးနဲ့ အပေါက်ခံနိုင်ဖို့သာ တို့ကြိုးစားရလိမ့်မကွယ့်။ သိရဲ့လား အပျိုမလေးရဲ့၊ မအနဲ့ကွယ့်။

* * *

## တန်ခိုးကူဒ္ဒိပါဒ်နဲ့ ပြည့်စုံတဲ့ ရတနာ

ဟိုးတစ်ခါတုန်းက ချစ်သူကို မေးခဲ့ဖူးပါတယ်။

'လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ကျော်က ကျွန်မသာ လူဖြစ်ခဲ့မယ်ဆိုရင် ဘုရင်မတစ်ပါး မဖြစ်နိုင်ဘူးလား မောင်'လို့ မေးမိတော့ ချစ်သူက ယုံကြည်ချက်ပြည့်ဝစွာဖြင့် ခေါင်းခါပြခဲ့တယ်။

'သေချာတာကတော့ ငါ့ရဲ့ မိဖုရားပဲ ဖြစ်ခဲ့လိမ့်မယ်'တဲ့။ ရယ်သံကြောင့် ပန်းတွေတစ်ပြိုင်နက် ပွင့်ကြစတမ်းဆိုရင် အဲဒီနေ့က ပွင့်တဲ့ ပန်းတွေဟာ ကျွန်မ ရယ်သံကြောင့်ပဲ ဖြစ်မှာပေါ့။

'အဲဒီအခါ ကျွန်မရဲ့ နန်းတော်ကြီးတစ်ခုလုံးဟာ စိန်အတိနဲ့



ပြီးစေရမယ်၊ စိန်ကမ္ဗလာ ကော်ဇောကြီးပေါ်မှာ ကျွန်မနဲ့မောင် ပျော်ရွှင်စွာ နားစက်ကြဦးမယ်လေ၊ ကောင်းကင်ပေါ်က ကြယ်ပွင့်တွေကိုလည်း စိန်ပွင့်ငယ်တွေအဖြစ် ဖန်တီးရဦးမယ်၊ ရေပြင်ပေါ်က ရေစက်တွေဟာလည်း စိန်တွေပဲ ဖြစ်စေရမယ်'လို့ ပြောတော့ သူက တစ်ကျော့ဟားပြန်တယ်။

'အေးကွယ့်၊ အဲဒီတုန်းက လီယိုနာဒတ် (Leonardus) ဆိုတဲ့ ပညာရှင်ကြီးက ပြောခဲ့ဖူးတယ် မဟုတ်လား၊ စိန်ဟာ အရူးရောဂါကို ပျောက်စေသတဲ့၊ မင်းအတွက်တော့ တကယ်ဆေးကောင်းပဲ'လို့ အမနာပ ပြောရက်လိုက်တာ။

ကျွန်မကလည်း ချစ်သူကို ရေဆုံးမြေဆုံး စိတ်ဆိုးပစ်ခဲ့လိုက်သည်။ ဖြစ်နိုင်ရင် ဒီလူ့ကို တန်ဖိုးနည်းစိန်မည်းမည်းကြီး တစ်ပွင့်လောက်နဲ့တောင် အလိုက်မယူဘဲ လဲပစ်လိုက်ချင်သည်။

သူနဲ့ ကျွန်မကြား ဘာကဗျာမှ မရှိခဲ့ပါကလား။

မသကာ 'ထာဝရခိုင်မြဲတဲ့ရတနာ' 'ဘာညာ'ဆိုပြီး ချစ်သက်လက်ဆောင် လက်ထပ်လက်စွပ် တစ်ကွင်းတလေနဲ့ ဖော်လံဖားသင့်ပါရဲ့။ အသေချာဆုံးက အရူးရောဂါ ပျောက်သတဲ့၊ ပြောသေးတယ် သူက။

'စိန်ဆောင်ရင် သတ္တိရှိတယ်၊ ရဲရင့်တယ်တဲ့၊ မင်းကပဲ ကိုယ့်ကို အဆောင်အဖြစ် ဝတ်ပေးလိုက်ပါလား၊ ဒါမှ မင်းကိုအနိုင်ရမယ့် သတ္တိတွေ ကိုယ်ရချင်လို့ပါ'တဲ့လေ။

'သွားစမ်းပါ'လို့ ဆိုပြောရင်း လက်ရှိစိန်ဝတ်ထားသူ ကျွန်မကသာ ၁၀မဲ၊ ၁မဲနဲ့ အနိုင်ရရှိခဲ့ပါရဲ့။ ကဲ… အစွမ်းသတ္တိရှိချင်ရင် စိန်ကိုဆောင်၊ မယုံမရှိနဲ့နော်။ မမရဲ့ ကိုယ်တွေ့ကွယ့်။

စိန်ဆိုတဲ့ ရတနာကို ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တန်ဖိုးရှိ ကျောက်မျက်ရတနာတစ်ပါးဖြစ်တဲ့အပြင် တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ပါ ပြည့်စုံလို့ အဆောင်ကျောက်အဖြစ် သဘောထားပြီး ဝတ်ဆင်ဆောင်ယောင်ကြတာလို့ သိရပါတယ်။

ထာဝရရှုံးနိမ့်ခြင်း မရှိတဲ့ အရာကလေး။
ရတနာတို့ရဲ့ ဧကရာဇ်။
ကျောက်မျက်နန်းတော်ကြီးထဲက ဘုရင်။

စိန်ဆိုတဲ့ ရတနာကြီးကတော့ တကယ်ပါပဲကလား။ ခွန်အားကြီးမြတ်ခြင်း၊ ရဲရင့်ဖျတ်လတ်ခြင်း၊ မဖျက်ဆီးနိုင်ခြင်းဆိုတဲ့ သင်္ကေတတွေကို ပိုင်ဆိုင်ပြီး ကမ္ဘာကြီးကို အနိုင်ပိုင်းခဲ့တယ်။

လူသားတွေရဲ့ နန်းတော်ကြီးထဲမှာ ဘုရင်ဧကရာဇ်တွေရဲ့အသည်းစွဲ ရတနာတစ်ပါးလည်း ဖြစ်ခဲ့ရသေးတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစိန်ဟာ လူတွေရဲ့ ဘုန်းတန်ခိုးဂုဏ်ရောင်ကို ပိုမိုထွန်းပြောင်နိုင်စေတဲ့ အစွမ်းရှိတယ်လို့ ယုံကြည်ခဲ့လို့ပါပဲ။

ဒါတင်မက စိန်ဟာ ဆေးဖက်ဝင်ရတနာတစ်ပါးဆိုတာ ကျမ်းအဆူဆူက ပြခဲ့ပြီး ဖြစ်ပါတယ်။

စိန်ဟာ အဆိပ်အတောက်ကို ပြယ်စေနိုင်သလို စိန်ဆောင်ရင် အဆိပ်မမိဘူးဆိုတဲ့ အယူအဆကလည်း ကြီးမားခဲ့ပါတယ်။ စုန်း၊ တစ္ဆေ၊ ကဝေ၊ မှော်နဲ့ ပယောဂတွေလည်း ကင်းသတဲ့ရှင်။

စိတ်တွေ အင်မတန်ညစ်ညူးလို့ ရှုးချင်ချင်ဖြစ်နေရင်တော့ စိန်ကိုသာ ဆောင်ပါတော့။ ဓမ္မဓိဋ္ဌ အရူးရောဂါ ပျောက်ပါသတဲ့။

ဒါတင်မက စိန်ဟာ မိမိကိုယ်ကို ယုံကြည်ချက်တွေနဲ့ ပြည့်ဝစေသလို ခွန်အားသတ္တိရှိစေတာလည်း ငြင်းစရာ မလိုပါတဲ့။ ပြီးတော့ ဧပြီလဖွားတို့ရဲ့ အဆောင် ကျောက်မျက်လည်း ဖြစ်ပါတယ်တဲ့ကွယ်။

ကဲ··· ချစ်ညီမလေးတို့ရေ

စိန်ဇာစ်ပွင့်ရဲ့ ဖြစ်တည်မှုတွေ၊ တန်ဖိုးတွေ၊ ဂုဏ်ရောင်တွေ၊ရဲရင့်တဲ့ အရည်အချင်းတွေကို သိပြီဆိုရင်တော့ ရှင်ကလေးတို့ ဘာလုပ်သင့်ကြပြီလဲဟင်။

သေချာတာကတော့ သည်ညဦးယံ မက်တော့မယ့် မင်းရဲ့ ရွှေအိပ်မက်ထဲက စိန်နန်းတော်ကြီးထဲမှာတော့ "HOPE" စိန်ကြီးရဲ့ ဘုရင့်မဟာ မင်းပဲ ဖြစ်လိမ့်မယ်။

ရတနာချစ်သူတိုင်း
ရွှင်လန်းချမ်းမြေ့ ပြည့်စုံကြပါစေ။
အပျိုမ၊ ဧပြီ၊ ၁၉၉၉ခုနှစ်။









# ချစ်စရာ့မြ

'ဟယ်… စောစောစီးစီး ခင်ဖုန်းပါးလား၊ good morning ကွယ်'

နံနက်စောစော တံခါးဘဲလ်သံကြောင့် အပြေးအလွှားသွားရောက်ဖွင့်ပေးရာ ကျွန်မနှင့် ညီအစ်မအရင်းလို ချစ်ခင်သည့် 'ခင်ဖုန်းမို' ဆိုသော မိန်းမလှလေးကို တွေ့လိုက်ရလေသည်။

ကျွန်မက ပြုံးပြုံးရယ်ရယ်နှင့် နှုတ်ဆက်စကား ပြောကြားသည့်တိုင် သူမ မျက်နှာမသာမယာနှင့် ဆက်တီခုံတွင် ဝင်ရောက်ထိုင်လိုက်သည်။ ထို့နောက် သူမ၏ လက်ထဲတွင် အသင့်ယူလာသော စာအိတ်လေးတစ်အိတ်ကိုလည်း ကျွန်မအား လှမ်း၍ပေးလိုက်ပါသည်။

'ဘာလဲကွယ့်၊ အစ်မ မုန့်စားရတော့မယ်နဲ့ တူတယ်၊ ဟုတ်လား' ဟု စနောက်ကျီစယ်ရင်း သူမပေးလာသော စာအိတ်ကလေးကို လှမ်းယူလိုက်ပါသည်။ အကြောင်းမှာ သည်မိန်းကလေးတွင် သူမ၏ မိဘများက သဘောတူထားသော (သူမ၏ ချစ်သူလည်းဖြစ်သော) 'မောင်မောင်' ဆိုသည့် သဘော်အရာရှိလေးတစ်ဦးနှင့် စေ့စပ်ကြောင်းလမ်း ပြီးစီးထားသောကြောင့် ဖြစ်သည်။ သူမက စာအိတ်ကိုလှမ်းပေးရင်း-

'ချစ်မ ဖတ်ကြည့်လေ' ဟုဆိုကာ ခေါင်းကို ကပျာကယာ ငုံ့ချလိုက်ပါသည်။

သူ့အမူအရာက ကျွန်မပင် တွေဝေသွားစေပါသည်။

သည်ကလေးမ ဘာတွေဖြစ်လာပါလိမ့်။ အင်မတန်မှ သိမ်သိမ်မွေ့မွေ့ နေတတ်သည့် မိန်းကလေး။ တစ်စုံတစ်ခုတော့ အမှားအယွင်း ဖြစ်လာပြီထင်သည်။

သူ ပေးလာသော စာအိတ်ကလေးကို ကြည့်မိတော့ စင်ကာပူနိုင်ငံ တံဆိပ်ခေါင်းနှင့် နိုင်ငံရပ်ခြားမှ ပေးပို့လိုက်သော စာတစ်စောင်။

ယောင်နနနှင့်ပင် ဖွင့်ဖတ်ရလေသည်။

ခင်ဖုန်း…

နေကောင်းရဲ့လား၊ ကျွန်တော်တို့သင်္ဘော စင်ကာပူဆိပ်ကမ်းကို ဧပြီလ (၁) ရက်နေ့က ရောက်တယ်။ ဒီစာဖတ်နေရတဲ့ အချိန်ဆိုရင် ခင်ဖုန်းအတွက် ပေးလိုက်တဲ့ မွေးနေ့လက်ဆောင် လက်စွပ်ကလေးလည်း ရရောပေါ့။

ခင်ဖုန်းကြိုက်ရဲ့လား။

တိုက်တိုက်ဆိုင်ဆိုင် ခင်ဖုန်းရယ်၊ ကျွန်တော်တို့စင်ကာပူရောက်တော့ Suntactcity(ဆန်းတက်စီတီ)မှာ အပြည်ပြည်ဆိုင်ရာ ရတနာပြပွဲလည်း ရှိနေတယ်လေ။ အဲဒီပွဲမှာ မြန်မာနိုင်ငံက ကုန်သည်တွေ လာတယ်ဆိုလို့ မြန်မာအလွမ်းပြေသွားရင်း 'ပတ္တမြားမိုမို' ကုမ္ပဏီကို သွားရှာခဲ့သေးတယ်လေ။

World Trade မှာ ကျင်းပမယ့် မြန်မာ့ရတနာပြပွဲနေ့တိုက်နေလို့ မလာဖြစ်ကြောင်း သိရတယ်။

မေလ(၅)ရက်နေ့ဟာ ခင်ဖုန်းမွေးနေ့ မဟုတ်လား။ အဲဒီပွဲမှာပဲ ခင်ဖုန်းအတွက် ကျွန်တော် ဒီလက်စွပ်ကလေး ဝယ်ဖြစ်ခဲ့တာ။ ဒီလက်စွပ်ကလေးနဲ့အတူ မွေးနေ့တစ်ရာတိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ဒီအချိန်မှာဆို မြန်မာပြည်မှာ ပိတောက်တွေ ပွင့်ပြီပေါ့။

လွမ်းတယ် ခင်ဖုန်းရယ်။

**ခင်ဖုန်းရဲ့ မောင်မောင်**

စာမှာ ဘာမျှ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုမှ မတွေ့ရပါ။





ကျွန်မက ဖတ်အပြီး မော့ကြည့်လိုက်တော့ ငုံ့နေသော သူမ၏ပါးပြင်ပေါ်တွင် မျက်ရည်အပုံးကြီးတွေ လိမ့်ဆင်းကာ ငိုနေသည်ကို တွေ့ရလေသည်။

ဘုရားရေ။

သည် ကောင်မလေး ဘာဖြစ်ပါလိမ့်။

တစ်ခုခုတော့ လွဲမှားနေပြီ။ စိုးရိမ်တကြီးနဲ့ ကျွန်မ သူ့ဘေးမှာ ဝင်ထိုင်မိသည်။

'ဘာဖြစ်တာလဲ ခင်ဖုန်းမို၊ အစ်မကို ပြောလေ' ဆိုတော့ တစ်ချက်မျှ ရှိုက်ပြီး သူ့စလင်းဘက်အိတ်ထဲမှ အသည်းပုံ ကတ္တီပါဘူးလေးကို ဖွင့်ပြသည်။

အလို… လှပလွန်းသော ကိုလံဘီယာ မြလက်စွပ်လေး တစ်ကွင်းပါလား။

စိန်အချောင်းလေးတွေကို လှိုင်းတွန့်သဏ္ဌာန် ကွေ့ဝိုက်ပြီး အိညက်နေအောင် ပြုလုပ်ထားသော ဂန္ထဝင်မြောက် အနုစိတ်လက်ရာ တစ်ခုအဖြစ် ခြယ်မှုန်းထားသည့် လက်စွပ်ကလေးကို တွေ့ရသည်။

လက်စွပ်မှာ စက်ဖြင့် ပြုလုပ်ထားသော ဟောင်ကောင် လက်ရာတစ်ခုဖြစ်သည်။ သည်ပုံနှင့် သည်ဒီဇိုင်းကို ဟောင်ကောင်က ကျွန်မ၏ မိတ်ဆွေ Arrion Shan 'စိန်နှင့်မြ' လက်ဝတ်ရတနာ ကုမ္ပဏီတွင် တွေ့ခဲ့ဖူးသည်။ အလေးချိန်(၃)ကာရက်ခန့်ရှိပြီး ပထမတန်းစား ဖြစ်မျိုးမဲ့မထင်မြမျိုး မဟုတ်သည့်တိုင် အနည်းဆုံးတော့ အမေရိကန်ဒေါ်လာ နှစ်ထောင်ခန့်ရှိသည့် ကိုလံဘီယာ မြတစ်ပွင့် ဖြစ်သည်။

ဒါဟာ ငိုစရာလား။

ကျွန်မအတွက်တော့ မြင်ရသည်နှင့်ပင် ပျော်စရာကြီးဖြစ်နေပြီ။

ဘာမျှ နားမလည်နိုင်။
-သည်လက်စွပ်ရယ်
- မောင်မောင်ရယ်
- ခင်ဖုန်းရဲ့ မျက်ရည်စက်တွေရယ်
ဘယ်လိုတွေ ဆက်စပ်နေကြပါသနည်း။

အတန်ကြာတော့ ခင်ဖုန်းက မျက်ရည်တွေကို သိမ်းပြီး စကားစလာသည်။

'ချစ်သူနှစ်ယောက်ရဲ့ ဆုံစည်းခြင်းအတွက် အစိမ်းရောင်ဟာ ကွဲကွာခြင်းရဲ့ နိမိတ်ပဲ မဟုတ်ဘူးလား'ဟု သူမက မျှော်လင့်မထားသော မေးခွန်းတစ်ခု မေးလာသည်။



တဒင်္ဂ၌ ကျွန်မပင် ယောင်အအ ဖြစ်သွားလေသည်။

'ဘာ… ဘယ်အစိမ်းရောင်လဲ ခင်ဖုန်းမို'

'ခင်ဖုန်းရဲ့ အမုန်းဆုံးအရောင်လေ၊ အစိမ်းရောင်ပေါ့၊ အစိမ်းရောင်ကို ခင်ဖုန်း သိပ်မုန်းတာ၊ သိသိကြီးနဲ့ သူ ခင်ဖုန်းဆီကို ဒီလက်စွပ် အစိမ်းရောင်ကြီး ပို့လိုက်တာ၊ ပြီးတော့ ဦးကျော်ကြီးက ပြောသွားသေးတယ်၊ မောင်မောင် ဟိုမှာ အရမ်းစွံနေတယ်တဲ့၊ သူ…'ဟု ပြောရင်း မျက်ရည်ပေါက်တွေ ပိုးပိုးပေါက် ကျလာပြန်သည်။



'သြော်… လက်စသတ်တော့ သည်လိုကိုး'

မောင်မောင့်လို လူယဉ်ကျေးလေးတစ်ယောက်ကို မြင်သူတိုင်းက ခင်မင်ကြပုံရသည်။ ဒီကိစ္စ အထင်လွဲနေတာလည်း ဖြစ်နိုင်သည်။

'ဒါနဲ့များကွယ်'

တန်တော့ လက်စွပ် လူကြုံလာပို့ရင်း မောင်မောင့် သူငယ်ချင်းက စနောက်သွားခဲ့ပုံရသည်။

သည်အထဲ မောင်မောင်ပေးလိုက်သော လက်စွပ်က အစိမ်းရောင် မြလက်စွပ်တစ်ကွင်း ဖြစ်နေပေရာ 'အစိမ်းရောင်'ကို မုန်းသော ခင်ဖုန်းလို မိန်းကလေးအတွက် အတွေးတွေ ကယောက်ကယက်ဖြင့် ကျွန်မထံ ရောက်လာခဲ့ပုံ ရသည်။

အားလုံးကို သဘောပေါက် ရိပ်မိသွားပြီဖြစ်သော ကျွန်မက ခင်ဖုန်း၏ ပခုံးလေးကိုဖက်ကာ ဟန်မဆောင်ဘဲ ရယ်ပြုံးမိလေသည်။

'ဖြစ်ရလေ ခင်ဖုန်းရယ်၊ ရှင်ကလေး အစိမ်းရောင်တွေကို ချစ်တာ၊ မုန်းတာ ခဏထား၊ ချစ်မ ပြောတာကို နားထောင်နော်၊ ဒီလက်စွပ်လေးဟာ တကယ့်ကို ကံကောင်းခြင်းများစွာနဲ့ ရှင်ကလေးဆီ ရောက်လာတာတော့ အမှန်ပဲကွယ့်၊ ပြီးတော့ ရတနာနဲ့ ပတ်သက်တဲ့ အထွေထွေဗဟုသုတနဲ့လည်း အကျွမ်းတဝင် ရှိပုံ ရတယ်၊ ဥပမာ အစ်မ တစ်ခုမေးမယ်၊ ခင်ဖုန်းလေး ဘယ်လဖွားလဲ'

'မေလ၊ ပြီးတော့ (၅)ရက်နေ့မွေးတာ'

'ကဲ… ဟုတ်ပြီ၊ ဒါဆိုရင် ခင်ဖုန်းကို ချစ်မ တစ်ခုပြမယ်၊ ဟုတ်ပြီလား'ဟုဆိုကာ 'နဝရတ်ကိုးသွယ် ဗေဒင်ရတနာဟောကိန်း'မှ မေလဖွား (သို့မဟုတ်) (၅)ရက်၊ (၁၄)ရက်၊ (၂၃)ရက် စသော မည်သည့်လတွင် ဖွားမြင်သည် ဖြစ်စေ ဤရက်ဖွားမြင်သူ သင်သည် မြပိုင်ရှင် တစ်ယောက်ဖြစ်သည်။ ထို့နောက် သင်၏ အဆောင်ကျောက်မှာ မြကျောက်ပင် ဖြစ်သည်တဲ့။

ထိုအခါမှ ခင်ဖုန်းသည် 'ဟင်… ဟုတ်လား'ဟုဆိုကာ မျက်လုံးလေးဝိုင်းသွားပြီး သူမ၏ ထူထဲမည်းနက်သော မျက်ခုံးလေးနှစ်ဖက်က ကျုံ့ပြီး မြင့်တက်သွားသည်။

'နောက်တစ်ခု ခင်ဖုန်း မောင်မောင်ကို လုံးဝ စိတ်မဆိုးတော့မယ့် အကြောင်းတစ်ခုလည်း ရှိနေတယ်၊ မောင်မောင်က ခင်ဖုန်းဆီကို အစိမ်းရောင်

မြတစ်ပွင့်ပေးခြင်းဟာ စိမ်းကားဖို့ မဟုတ်ဘူး၊ အဓိပ္ပာယ်တွေ အများကြီးနဲ့ ပေးခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ **'မြဆိုတဲ့ ရတနာလေးရဲ့ အဓိပ္ပာယ်ကိုက ချစ်သူတွေရဲ့ အချစ်သင်္ကေတ၊ နိုင်မာမှု၊ အစွန့်ရှည်ကြာမှုကိုပြတဲ့ အထိမ်းအမှတ် ကျောက်မျက်တစ်ပွင့်ဖြစ်တယ်လို့ ရှေး အီဂျစ်တွေကတည်းက လက်ခံခဲ့ကြတာ။**

ကဲ… ခင်ဖုန်းမို၊ ဒါဆိုရင် ဒီမြလက်စွပ်လေး ပို့လိုက်ခြင်းရဲ့ အဓိပ္ပာယ်ကို ငါ့ညီမ သဘောပေါက်ပြီလား' ဟု မေးသောအခါ ရှက်စနိုးလေးဖြင့် ပြုံး၍ ခေါင်းညိတ်ပြလေသည်။

အားလုံးကို သဘောပေါက်သွားသောအခါ ခင်ဖုန်း၏ မျက်နှာကလေးသည် တိမ်စင်လလို ဝင်းပလာသည်။ သူမ၏ လက်ညှိုးထိပ်မှ လက်သည်းစွန်းလေးကို ကိုက်ရင်း ဖြည်းဖြည်းလေး ပြုံးလာသော နှုတ်ခမ်းလေးတွေက တစ်စုံတစ်ခုကို ပြောမည်လုပ်ပြီးမှ ဘာမျှမပြောတော့ဘဲ ငုံ့ချလိုက်လေသည်။

ရှည်လျားသော သူ့ဆံနွယ်တို့က သူ့မျက်နှာလှလှလေးကို ကဗျာဆန်ဆန် ငြိမ့်ခနဲဝဲ၍ ဖုံးအုပ်သွားလေတော့သည်။

'ကဲ… မမကလေး၊ ကိုးနာရီ ထိုးတော့မယ်နော်၊ ရုံးသွားရဦးမယ်၊ ဟုတ်၊ ရော့… ဒါ အပျိုမ မဂ္ဂဇင်းကိုပို့မယ် မမရဲ့စာမူ၊ အားတဲ့အခါ ဖတ်ကြည့်'

'ဒီဆောင်းပါးလေးကို ဖတ်ပြီးတဲ့အခါ ခင်ဖုန်းတို့လို အစိမ်းရောင်ကို မုန်းတတ်တဲ့ အပျိုမလေးတွေ အစိမ်းရောင်ကို ချစ်တတ်လာပြီး မြစိမ်းရောင် အလှပိုင်ရှင် မင်းသမီးလေးတွေဖြစ်လာကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်' ဟုဆိုကာ လှမ်း၍ ပေးလိုက်သော ကျွန်မ၏ စာမူကို ခင်ဖုန်းက ငုံ့၍ဖတ်လိုက်ပါသည်။

* * *

## အပျိုမတို့ အလှပြာဖို့ ချစ်စရာ့ မြရတနာ

ပြီးခဲ့သောလ အပျိုမ မဂ္ဂဇင်းတွင် 'အပျိုမတို့ အလှဖြာဖို့ ချစ်စရာ့ ပုလဲရတနာ' ဟူသော ပုလဲဆောင်းပါးလေးတစ်ပုဒ်ကို ကျွန်မ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထိုဆောင်းပါးနှင့် ပတ်သက်ပြီး မြကလေးဆိုသော အပျိုမလေး



တစ်ယောက်က ကောက်ခါငင်ခါနှင့် မေးခွန်းတစ်ခု မေးလာပါသည်။ သူမ၏အမည်မှာ 'မြခွာညို' ဟုခေါ်ပြီး ကြာသပတေးသမီးဖြစ်ကြောင်း၊ (၅-၆-၇၇)ဖွားမြင်သူဖြစ်သဖြင့် သူမ၏ အဆောင်ကျောက်မှာ ပုလဲရတနာဟုတ်ပါသလားဟု မေးလာပါသည်။

သည်ကိစ္စ ကျွန်မ၏ အပြစ်ပင်။ မေ့လျော့ပြီး မရေးဖြစ်ခဲ့သောအကြောင်း။

'နဝရတ်ကိုးသွယ်' ရတနာဗေဒင်ယောကိန်းအရဆိုလျှင် ခြောက်ဂဏန်းပိုင်ရှင် အပျိုမလေးတိုင်း ပုလဲပိုင်ရှင်လေးတွေ ဖြစ်သည်ဟု ဖော်ပြပါရှိပါတယ်ကွယ်။

မြကလေးမှာတော့ ထူးထူးခြားခြား ကံပိုကောင်းတဲ့ အကြောင်းတစ်ရပ်က မွေးရက်ဟာ (၅)ဂဏန်းဖြစ်နေတာမို့ မြပိုင်ရှင်မလေးတစ်ဦးလို့လည်း ပြောနိုင်ပါသေးတယ်။ ဒါဟာ မြကလေးအတွက် ကံကောင်းခြင်းတွေထဲက ကံကောင်းခြင်း တစ်ခုပါပဲ။

တိုက်ဆိုင်ချင်တော့ ဒီတစ်လ ချစ်မရေးမယ့် လက်ဝတ် ရတနာဟာ မြရတနာလေးတစ်ပါး ဖြစ်နေလို့ပါပဲ။

ပြီးတော့ မေးခွန်းမေးလာသူ အပျိုမလေးရဲ့ အမည်နာမကလည်း အင်မတန့် အင်မတန်မှ ချစ်မြတ်နိုးဖွယ်ရာ ကောင်းသော 'မြခွာညို' ဆိုတဲ့ 'မြကလေး' ဖြစ်နေလို့ပါပဲ။

နောက်တစ်ခုက ညီမလေးမေးခဲ့သော 'ရတနာအပျိုမ' ဆောင်းပါးအတွက် လိုအပ်ပါလျှင် လှပသော ရတနာဒီဇိုင်းများနှင့် ရိုက်ကူးထားသော ညီမတို့လို အပျိုမလေးတွေ၏ ဓာတ်ပုံများ ပေးပို့ ကူညီမည်ဆိုလျှင် လက်ခံပါမည်လားဟု ပါရှိရာ ဝမ်းသာအယ်လဲနှင့် ကြိုဆိုလျက်ပါရှင်။

ချစ်မတို့ ညီအစ်မတစ်တွေ စုစည်းပြီး ရတနာအပျိုမလေးကို ပုံဖော်ကြရလျှင် ပိုပြီး ရသစုံစုံနဲ့ ခံစားကြရမှာပေါ့။ လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်ပါတယ် မြကလေး။

ကဲ… သည်တစ်လတော့ မြကလေးနဲ့ ရတနာချစ်သူ အပျိုမလေး အားလုံးအတွက် ချစ်မ ရေးလိုက်ပြီနော်။

* * *

## မြတစ်ပွင့်ရဲ့ ဒဏ္ဍာရီ



ဟိုး ရှေး ရှေးတုန်းက အချစ်နတ်သမီးလေး ဗီးနပ်စ်ကို ကိုယ်စားပြုပြီး ရည်ညွှန်းဖွဲ့ဆိုလိုတဲ့အခါ မြလေးတစ်ပွင့်နဲ့ပဲ ရည်ညွှန်းဖွဲ့ဆိုခြင်းဖြင့် ပြီးပြည့်စုံခဲ့ကြတယ်လို့ အဆိုရှိခဲ့ကြပါတယ်။

ကျွန်မ ဘဝမှာတော့ ရတနာကုန်သည်ဘဝ စတင်ကာ အခြေချခဲ့ရတဲ့ပုံကို ဘဝမမေ့နိုင်အောင်လို့ဆိုပြီး ကျွန်မ၏ အစ်ကိုက ခပ်ညှံ့ညှံ့ မြလေးတစ်ပွင့်နဲ့ ကိုယ်စားပြုညွှန်းဆိုရင်း မှတ်မှတ်ရရ ရှိစေခဲ့ပါတယ်။

'ကျွန်မတို့ ဘဝမမေ့ဖို့၊ ကိုယ် ကျော်လွှားခဲ့ရတဲ့ ဒုက္ခတွေ၊ အခက်အခဲတွေ၊ ခယောင်းလမ်းတွေကို ဘယ်တော့မှ မေ့ပစ်မသွားမိအောင်လို့ ကျွန်မ ကိုယ်စား သိမ်းဆည်းခဲ့သည်ဆိုသော ကျွန်မအစ်ကို၏ လက်ထဲက မြလေးတစ်ပွင့် အကြောင်းပင်'။

အစ်ကိုကြီးသည် ကျွန်မတို့ကို ငယ်စဉ်ကတည်းက ထိန်းကျောင်းရင်း ဘဝကို ရင်းခဲ့ရလေသူ။ ၁၅၀၀ အချစ်တွေနဲ့ ဝေးပြီး ၅၂၈ သံသရာတွင် ဖန်ခါခါလည်ရင်း မောင်၊ ညီမလေးတွေ၏ ဒုက္ခသုခတွေကြားမှာ နှမသည်ကျွန်မ၏ ငယ်ဘဝကို သည်လို မြလေးတစ်ပွင့်နှင့် ယှဉ်ထိုးပြီး မြတ်မြတ်နိုးနိုး ကိုးကွယ်ကာ ဝတ်ဆင်ခဲ့လေသူ။

ယခုအခါ ရတနာကုန်သည်ဘဝနှင့် တိုးတက်မှုတွေ ရှိခဲ့သလို အောင်မြင်မှုတွေလည်း ရှိခဲ့ပြီ။ အတိုင်းအတာတစ်ခုအထိလည်း နာမည် ရခဲ့ပြီးပြီ။

သို့ပေမဲ့ ဘဝတွေ ဘယ်လိုပြောင်းပြောင်း၊ အချိန်တွေ ဘယ်လို ညောင်းညောင်း ပေါင်းနေတဲ့ သည်မြကလေးတစ်ပွင့်က ယခုထိတိုင် ကျွန်မအစ်ကို



ရဲ့ လက်ထဲမှာ အမှတ်တရ ရှိနေဆဲ။ သမိုင်းဝင်မှတ်တိုင်တစ်ခုလို စိုက်ထူဆဲ။

တစ်နေ့-

'စွန်ကုပ်တွေ ကျိုးကုန်လို့ လက်စွပ်ကလေးကို ပြင်ခဲ့စမ်းပါ ညီမယ်ရယ်'ဟု ဆိုလာသဖြင့် ကြည့်မိရာ နှစ်တွေကြာညောင်း ပေါင်းနွမ်းလှပြီဖြစ်သော မင်ရိုးများပွန်းပဲ့နေပြီဖြစ်သော ကိုကြီး၏ မြလေးကို တွေ့ရသည်။ စိမ်းပုပ်ပုပ် အရောင်ဖြင့် အမည်းရောင်ဘက်လုနေသော အနာဗရပွနှင့် ချေးညှော်တွေ အထပ်ထပ် တက်နေသည့်ကြားမှ 'ဒင်းမဲ'ခေါ် မြ၏ အောင်းဝင်မှဲ့ကြောင်း အမည်းစင်းကြီးတစ်ခုက ကန့်လန့်ဖြတ်ပါရှိကာ အရုပ်ဆိုး အကျည်းတန်လှစွာ တွေ့ရသည်။

'ကိုကြီးရယ်၊ ဒီထက်ကောင်းတဲ့ မြတွေ သူ့ညီမလေးပိုင်နေပြီပဲ၊ ကြိုက်တာ တစ်ပွင့်လောက်နဲ့ လဲယူပြီး ကိုကြီး'မြလေး'ကို အနားပေးလိုက်တော့'လို့ ပြောရာ အစ်ကိုဖြစ်သူက ပြုံး၍ ခေါင်းခါသည်။

'မြတစ်ပွင့်ရဲ့ ဂုဏ်သိက္ခာနဲ့ အရည်အသွေးကို မြတ်နိုးပြီး ဝတ်ခဲ့တာမှ မဟုတ်ဘဲ၊ ကျုပ် နှမလေးကို ရတနာကုန်သည်မကြီး ဘဝရောက်အောင် စခဲ့ရတဲ့ 'မြလမ်း'ပေါ်က ကျောက်လေးတစ်ပွင့်အဖြစ်နဲ့ အမှတ်တရနဲ့မြတ်မြတ်နိုးနိုး ဝတ်ခဲ့တာ၊ ငါ သေတဲ့အထိ ဝတ်သွားမယ့် မြ'လို့ ပြောတော့ ဝမ်းနည်းဝမ်းသာနှင့် ဘာမျှ မပြောနိုင်အောင် မျက်ရည်ဝဲသည်အထိ ခံစားခဲ့မိသည်။

စားပွဲပေါ်က ရေးလက်စ 'မြပုံပြင်'တွေက ကျွန်မကို လှောင်ပြောင်သလို ခံစားရသည်။

မြကျောက်တစ်ပွင့်၏ လှပသော အရောင်အသွေးကို အစိမ်းရောင်ရှိသော အခြား မည်သည့်ကျောက်မျက်ရတနာတို့နှင့် နှိုင်းယှဉ်စေကာမူ မြ၏အရောင်သည် တုနှိုင်းမမီသော အနှိုင်းမဲ့သည့် အရောင်အဖြစ် တွေ့နိုင်သည်။

ထိုအရောင်သည် စိမ်းမြမြနှင့် အေးချမ်းလှသည်။ နက်ရှိုင်းရှိုင်း အရောင်မျိုးအဖြစ် ခံစားတွေ့ရှိနိုင်သည်တဲ့။

ကြည့်စမ်းပါဦးကွယ်။

ကျွန်မအစ်ကို၏ မြကလေးမှာကျတော့ ဒီလောက်ရုပ်ဆိုးအကျည်းတန်တဲ့ မည်းညစ်ညစ် စိမ်းပုပ်ပုပ်အရောင်ကြီးတွေနဲ့ ဖုံးလွှမ်းနေခဲ့ရသလဲ။

တစ်ခါက ကျွန်မ သိခဲ့ရသော 'ကာလီဗာမြများသည် အရောင်

အဆင်း၌ အလွန်တရာ ညှို့ဖျင်းကြပြီး စိမ်းပုပ်ပုပ်အရောင်ရှိကာ အလှမဲ့နေကြလေသည်။ ထို့အပြင် အောင်းဝင်များ အလွန်များလှသဖြင့် အများအားဖြင့် လုံးချောအဆင့်ဖြင့်သာ လုံးချာလိုက်ရင်း တန်းမဝင်ရှာသည့် မျက်နှာငယ် မြကလေးများသာ ဖြစ်ကြသည်တဲ့'။ ဘုရားရေ၊ ဒါဆိုရင် ရတနာကုန်သည်ဘဝ ကျွန်မ စခဲ့စဉ်က ကျွန်မရခဲ့သည့် မြထုပ်လေးတစ်ထုပ် (ကိုကြီး၏ မြလေးတစ်ပွင့် အပါအဝင်)သည် 'ကာလီဗာ' မြကလေးတွေများ ဖြစ်နေရှာသလား။

ဒါတော့ မဖြစ်နိုင်ဘူး ထင်သည်။



အဘယ့်ကြောင့်ဆိုသော် ကျွန်မတို့ မြန်မာနိုင်ငံသို့ ရောက်ရှိသော မြများ၏ ၇၅%သည် အိန္ဒိယမှ ဝင်သော မြတွေချည်းသာ ဖြစ်သည်။ ၁၀% လောက်သာ မြကြီးမြကောင်းများ ဖြစ်သော 'ကိုလံဘီယာ'မြမျိုး ဖြစ်ပြီး ကျန် ရာခိုင်နှုန်း အနည်းငယ်လောက်သည်သာ အခြားတိုင်းပြည်မှထွက်သော မြမျိုးနွယ်တွေ ဖြစ်သည်။

ကျွန်မအထင် ဤမြကလေးသည် အိန္ဒိယနိုင်ငံ 'အရာဝါလီတောင်တန်း'တွေဆီမှ ထွက်သော မြများထဲမှ ခပ်ညှို့ညှို့ မြကလေးတစ်ပွင့်သာ ဖြစ်နိုင်ချိမ့်သည်။ သို့သော် အိန္ဒိယမြ တော်တော်များများသည် အလယ်အလတ်တန်းစားအဆင့်မှ အကောင်းဆုံးအဆင့်အထိ ရှိသည်။

အစိမ်းနုရောင်၊အစိမ်းရင့်ရောင်၊ဝါစိမ်း၊ပြာစိမ်းစသည်ဖြင့် အစိမ်းဘက်သို့ ဦးတည်သော အစိမ်း၏လှည့်စားမှု အရောင်တစ်မျိုးမျိုးဖြင့် တွေ့နိုင်သည်။



သို့ဆိုလျှင် ကျွန်မအစ်ကို၏ မြကလေးတစ်ပွင့်သည် အိန္ဒိယမြဖြစ်သည့်တိုင် အရည်အသွေး အင်မတန် အင်မတန်မှ ညှို့ဖျင်းလှစွာသော အရုပ်ဆိုးအကျည်းတန် မြကလေးတစ်ပွင့်သာ ဖြစ်ချိမ့်မည်။

ကျွန်မစိတ်ထဲတွင် ကျေနပ်မနေ။ နောက်ထပ် ဘယ်နိုင်ငံတွေက ဘယ်လိုမြတွေ ထွက်ကြသေးသည်ကို သိချင်လာပြန်သည်။ လေ့လာလိုက်သောအခါ ဩစတေးလျက မြထွက်သလို ဇင်ဗာဘွေကလည်း မြများထွက်ကြောင်း သိရသည်။ သို့သော် ထွက်သမျှသော မြများသည် ရာခိုင်နှုန်းတော်တော်များများတွင် အောင်းဝင်နှင့် ဒင်းမည်းများ များစွာပါရှိပြီး အောင်းဝင်အလွန်နည်းလာသည့် စိမ်းပြာပြာ မြအချို့သည် ဇင်ဗာဘွေ၏ ဂုဏ်သိက္ခာကို ပြန်လည် မြှင့်တင်ချင်လောက်အောင် ရံဖန်ရံခါတွင် ရှားရှားပါးပါး တွေ့တတ်ပေသေးသည်။

'ရှိတော့ ရှိသည်၊ ရှားသည်ပေါ့'

ရိုဒီးရှားနိုင်ငံ 'ဆန်ဒါဝါနမြ'များသည် မြစိမ်းရောင်တွင် ရင့်ပုပ်မည်းနက်သော အောင်းဝင်များဖြင့် မလှမပ တွေ့ရကာ အရွယ်အစားမှာလည်း သေးငယ်လှသဖြင့် မြလောကတွင် နာမည်မရှိသလောက် မျက်နှာငယ်ကြသည်။

တောင်အာဖရိကတိုက် 'ကော်ပရာမိုင်းမှ မြ' များသည်လည်း ထိုနည်းတူတူပင်။

ဘရာဇီးနိုင်ငံမှ ဆာလီးနားစ်မြများသည် ဝါစိမ်းရောင် ခပ်ဖျော့ဖျော့ ရှိသော်လည်း သူမ၏ အစိမ်းရောင်ဖြင့် လှပမှု တစ်မျိုးမှာ ဆွဲဆောင်မှုတစ်ခုဖြင့် ညှို့အားကောင်းသော မြရည်အဖြစ် တွေ့ရသည်။ အောင်းဝင် အနည်းငယ်မျှသာ ပါရှိပြီး ကမ္ဘာပေါ်တွင် တန်းဝင်မြစာရင်းထဲ ပါသည်။

ကမ္ဘာကျော် ကိုလံဘီယာမြကမူ ကမ္ဘာ့တန်းဝင် မြမျိုးဖြစ်သည်။

ကိုလံဘီယာမှ 'မုဇိုမြမိုင်း'နှင့် 'ကောစကွတ်မြမိုင်း'မှ ထွက်သော မြများသည် ကမ္ဘာ့ကျောက်မျက်ဈေးကွက်တွင် ခေါင်ခိုက်အောင် ဈေးရတတ်သည်။ ကိုလံဘီယာမြ၏ အရောင်အသွေးမှာ မြသားရောင်ရင့်ပြီး လှပသက်ဝင်သော အစိမ်းရောင်တစ်မျိုးဖြင့် လွှမ်းခြုံထားသည်။ မြင်ရသူ ဘဝင်ခိုက်အောင် အေးချမ်းမှုပေးနိုင်စွမ်းသော အလှတစ်မျိုး ဖြစ်သည်။

ညှို့ချက်က ပြင်းထန်သည်။

စိမ်းပြာပြာအရောင်ရှိ ရှီးဗားမြနှင့် ဂုဏ်ဒြပ်ချင်းဆင်တူသလို ဆွဲဆောင်မှုလည်း တူညီကြသည်။

'တကယ်ဆို ဒီလို အရည်အသွေးကောင်းပြီး လှပတဲ့ ကိုလံဘီယာမြ တစ်ပွင့်လောက်နဲ့တော့ ကိုယ့် ညီမလေးကို ကိုယ်စားပြုပြီး သတိရစေတယ်ဆိုရင်ဖြင့် လွှမ်းလောက်စရာပေါ့ ကိုကြီးရယ်၊ ခုတော့ သည့်ထက်ညံ့တဲ့ မြတောင် သည်လောက်ညံ့မှာ မဟုတ်တဲ့ 'မြရုပ်ဆိုး' လေးတစ်ပွင့်နဲ့ နှိုင်းယှဉ်ပြီး အမှတ်ရစေခဲ့ခြင်းဟာ လုံလောက်တဲ့ အကြောင်းတွေရှိနေလို့ပေါ့၊ ကဲ… ပြော' ဟု မေးလေလျှင် ကျွန်မ၏ အစ်ကိုကြီးက ကျွန်မ ထင်မထားသော စကားတို့ဖြင့် တုံ့ပြန်လာပါသည်။

'မနေ့ကမိုမိုဟာ သည်ကနေ့မိုမို မဟုတ်ဘူးဆိုတဲ့ ငါ့ညီမရဲ့ ရဲဝံ့တဲ့ခံယူချက်ကို အမြတ်တနိုး သိမ်းဆည်းလိုက်ခြင်းပဲမို့ပေါ့ကွယ်၊ ဟိုးတုန်းက ဒီလို မြရုပ်ဆိုးလေးတစ်ပွင့်ကို ပိုင်ဆိုင်ခဲ့တဲ့ ညီမဟာ ခုဆိုရင် တန်ဖိုးမြင့်မားတဲ့ ကိုလံဘီယာမြ ပိုင်ရှင်မလေး ဖြစ်နေပြီလေ၊ မင်း ဖြတ်သန်းဆင်းခဲ့ရတဲ့ မြရေစီးကြောင်းရဲ့ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့ပြီပဲ၊ မြသင်ခန်းစာတွေ ဘယ်နှစ်ကြိမ်တက်ခဲ့တက်ခဲ့ အဖိုးတန်မြတွေ ဘယ်လောက်ရခဲ့ရခဲ့ မင်းရဲ့ ဘဝကို စခဲ့တဲ့ ဒီမြကလေးတစ်ပွင့်ကိုတော့ မေ့မထားနိုင်အောင်လို့' တဲ့။

တန်ဖိုးရှိလိုက်လေခြင်း။

'မြရုပ်ဆိုးလေး' ရယ်။ တန်ကြေးနည်းတယ်လို့ ထင်ခဲ့ပေမယ့် မင်းရဲ့တန်ဖိုးကို ကျွန်မ နားလည်လိုက်ပါပြီကွယ်။

တစ်ခါက ကျွန်မ ဖတ်ခဲ့ရတဲ့ ပြင်သစ်တို့ရဲ့ အဆိုစကား 'သိပ်လှတဲ့ မြတစ်ပွင့်ကို အနုကြည့်မှန်ဘီလူးတစ်ချပ်နဲ့ အဆများစွာချဲ့ပြီး ကြည့်မယ်ဆိုလျှင် အလွန်တရာမှ လှပစိမ်းစိုသော ဥယျာဉ်ကြီးတစ်ခုကို တွေ့မြင်လိုက်ရသလိုဆိုတဲ့ စကားနဲ့ ကိုကြီးရဲ့ 'မြရုပ်ဆိုးလေး' ကို သေသေချာချာ ကြည့်လိုက်တော့…။

ဘုရားရေ…

မည်းမှောင်မှောင် စိမ်းညို့ညို့ ရေပြင်နက်နက်ရှိုင်းရှိုင်းကြီးအောက်က စိမ်းပုပ်ပုပ် ရေမှော်ပင်တွေကြားမှာ အနက်ရောင် ကျောက်ဆောင်ကြီးတစ်ခုက ထီးထီးကြီး ရပ်တည်နေသလို တွေ့လိုက်သည်။ ကျွန်မအတွက် သမိုင်းဝင် အမှတ်တရကျောက်စာတိုင်ကြီး တစ်ခုလိုပါပဲလား။ ကျွန်မ၏ ကိုကြီးနှင့် သူ၏ 'မြရုပ်ဆိုးလေး'



ကို လေးစားစွာ ဦးညွတ်လိုက်မိလေသည်။

ရတနာတစ်မျိုးကို ဝယ်ယူပိုင်ဆိုင်လိုတိုင်း ထိုရတနာ၏ သမိုင်းကြောင်းကို ဈေး၊ သေး၊ အူမ, မကျန် လေ့လာလိုသူ ကျွန်မကိုယ်ကျွန်မ ဒုက္ခပေးသည် မဟုတ်။ ကျွန်မအစ်ကိုကိုပါ ဒုက္ခပေးစမြဲ ဖြစ်သည်။

ကျောက်မျက်ဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သူ မဟုတ်သော ကျွန်မအတွက် ရတနာတစ်ခု၏ ဓာတုဖွဲ့စည်းမှုနှင့် အောင်းဝင်များ၊ ဖြစ်တည်ဖွဲ့စည်းမှုများကို သေသေချာချာ ဂဃနဏ မဟုတ်သည့်တိုင် အထိုက်အလျောက်တော့ အမှန်ရအောင် လေ့လာရလေသည်။

ထိုစဉ်က မြတစ်ပွင့်၏ ဖွဲ့စည်းမှုကိုလေ့လာရင်း အရောင်ဖြစ်တည်မှုတွင် ဒွိဟဖြင့် ငြင်းခုံခဲ့ကြရလေသည်။ ကျွန်မက ဓာတုဗေဒသမား။အစ်ကိုကြီးက ဥပဒေသမား။ ဒါပေမယ့် စာပေလိုက်စားမှုတွင်ကား အစ်ကိုက ကျွန်မနှင့်ယှဉ်လျှင် တုနှိုင်းမမီအောင် တော်လှသည်။

အလယ်တန်းကျောင်းသူဘဝ ရောက်စကတည်းက အတွေးအခေါ်နှင့် မွန်မြတ်နူးညံ့သည့် စိတ်နှလုံးရှိစေဖို့ဆိုပြီး Eleanor-Porter ရေးသားသော Pollyanna ဆိုသော စာအုပ်ကလေးကစပြီး စာပေလောကကြီးနှင့် တံတားခင်း



ကာ ဆက်သွယ်ပေးခဲ့သူ ဖြစ်သည်။

ကျွန်မက မြတစ်ပွင့်၏ ဓာတုဖွဲ့စည်းပုံကို (ဗေရီလီယမ်၊ အလူမီနီယမ်၊ ဆီလီကိတ်)ဟု ပြောသောအခါ ပတ္တမြား၏ အနီရောင်ဖန်တီးရှင် ခရိုမီယမ် ဒြပ်စင်သည် ယခု မြ၏ အစိမ်းရောင်ကို ဖန်တီးသူလည်း ဖြစ်သည်ဟု အနိုင်အမာ ဆိုလာသည်။

မဖြစ်နိုင်တာဟု ဝိုးတဝါးငြင်းဆိုရင်း

'အနီရောင်ရဲ့ မူလသတ္တိဟာ နီခြင်းကိုပဲ ပေးမှာပေါ့၊ ဘာကိစ္စနဲ့ အစိမ်းရောင်ကို ပေးလိုက်တယ်သလဲ'ဟု ဘုတောရင်း မေးသောအခါ

'ဟဲ့ ... ငါ ဖတ်ဖူးတယ်၊ ဒါဟာ မှော်'တဲ့ဟူသော စကားတစ်လုံးဖြင့် အနိုင်ယူခဲ့သည်။

ဒါဟာ သဘာဝရဲ့ ဆန်းကြယ်မှုတစ်ခုပဲပေါ့။ မြတစ်ပွင့်၏ အံ့သြဖွယ်ရာကောင်းသော လျှို့ဝှက်နက်နဲသည့် အလှတစ်ခုသာ ဖြစ်ချိမ့်မည်။ ကျွန်မ မျက်စေ့ထဲ ခင်ဖုန်းပြသွားသည့် 'မောင်မောင်၏ ချက်သက်လက်ဆောင် မြလက်စွပ်ကလေး'ကို ပြေးမြင်မိသည်။

(Sleepy Appearance)ခေါ် မှော်ဝင်မြသားရောင် မြတစ်ပွင့် အလှတစ်ခု။

ပြိုင်ဘက်ကင်းသည့် အပြာနုနုလေးဘက်ကူးသော စိမ်းမြနက်ရှိုင်းရှိုင်း ရောင်စဉ်အေးလေးတစ်ခု။ အခြား စိန်၊ ရွှေ ကျောက်သံပတ္တမြားတွေလို ဖျပ်ဖျပ်ခါကာ မြူးလက်တောက်ပမနေဘဲ ဣန္ဒြေရရနှင့် သေသပ်လှပသော ဆွဲဆောင်မှုရှိသည့် အေးမြသည့် အလှတစ်ပါး။

တုနှိုင်းမမီသည့် ဂန္ဓဝင်မြောက်အလှ 'မြသားရောင်'။

ဘာပဲဖြစ်ဖြစ် ဒီလို မြကလေးတစ်ပွင့်လောက်နဲ့တော့ ဘယ်သူပဲ မဆို ပိုင်ချင်ကြမှာပေါ့ ရှင်ရယ်။

## သမားတော်မြကလေး

တစ်နေ့သောအခါ ကျွန်မ၏ အစ်ကိုသည် သူ၏ မြရုပ်ဆိုးကလေးနှင့် ပတ်သက်ပြီး ထူးဆန်းသော စကားအချို့နှင့် သတင်းဆန်းဆန်းလေးတစ်ခု



လာရောက်ပို့ဆောင်ခဲ့ပြန်ပါသည်။

'ဒီမြကလေးအတွက် မင်းဂုဏ်ယူစရာတစ်ခု ရခဲ့ပြန်ပြီဟေ့၊ မျက်လုံးတွေကို ခွဲစိတ်နေရတဲ့ ဟောဒီလက်က မြကလေးဟာ မျက်စိသမားတော်လည်း ဖြစ်တယ်ကွယ့်၊ ခွဲစိတ်နေချိန်မှာ တစ်နေရာမှာရှိပေမယ့် သူ့ရဲ့အငွေ့အသက်နဲ့ သူ့ရဲ့ ဂုဏ်သတ္တိတွေဟာ ကိုကြီးနဲ့အတူတူ လူနာတွေကို ကုကြစမြဲပဲ'ဟု ပြောလာသည်။

ထူးဆန်းလှချေတကား။

'ခွဲစိတ်လူနာတွေကို ပတ်စီးစတွေ စတင်ခွာဖွင့်ချိန် လက်ချောင်းလေးတွေကို ပြတတ်တဲ့ ကိုကြီးရဲ့ လက်ကလေးကို ကြည့်မိတိုင်း ဒီမြကလေးဆီ ရောက်သွားတတ်ကြတယ်တဲ့။ အဲဒီမှာ သည်မြကလေးကလည်း ဆေးကုတော့တာပဲ၊

တကယ်တော့ ဒီမြကလေးတွေဟာ 'မှော်ဝင်သမားတော်ကလေးတွေ'ဖြစ်ကြတယ် ဆိုတာ သိရအောင် ဒီမှာ ဖတ်ကြည့်'ဟု ဆိုကာ သူ စုဆောင်းခဲ့သမျှ မြ၏ ဆေးဖက်ဝင်ကဏ္ဍများကို အံ့သြဖွယ် ပြသလာပါသည်။



'မြရတနာတို့သည် လူသားတို့အတွက် အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာတစ်ပါးဖြစ်သလို လူသားတို့ကို အကျိုးပြုသော သမားတော်ကလေးတွေလည်း ဖြစ်ကြလေသည်။ တွေးခေါ်ပညာရှင် Pliny က မြကျောက်တို့သည် မျက်စိ၏ ပင်ပန်းနွမ်းနယ်မှု၊ မျက်စိအားနည်းမှု၊ အညောင်းမိခြင်းနှင့် မျက်စိ အင်အားကို ပြန်လည်ပြည့်ဝစေပြီး စိတ်နှလုံးကို ချမ်းမြေ့စေ၏'ဟု ရေး







သားထားလေသည်။

အစိမ်းရောင်သည် လူသားအားလုံး၏ စက္ခုအာရုံကို ငြိမ်းချမ်းမှု အပေးနိုင်ဆုံးအရောင်ဟုလည်း သတ်မှတ်ခဲ့ကြသည်။ အို… ဒါဆို ဒီမြကလေးဟာ ကိုကြီးအတွက် တကယ့်ကို အားကိုးထိုက်တဲ့ ကူညီသူ သမားတော်လေးပဲပေါ့။

ကျွန်မအစ်ကိုသည် ဥပဒေဘွဲ့ရခဲ့သူ ဆိုသော်လည်း မျက်ခမ်းစပ် တိုက်ဖျက်ရေးဌာနတွင် နှစ်ပေါင်း(၂၀)ကျော် တာဝန်ထမ်းဆောင်ရင်း မျက်စိလူနာပေါင်းများစွာကို ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်သော ကျန်းမာရေးဝန်ထမ်းတစ်ဦး ဖြစ်သည်။

ကျွန်မတို့ မိသားစုအားလုံး၏ အားကိုးရာ မဏ္ဍိုင်သဖွယ်ဖြစ်သလို ကျန်းမာရေး ညွှန်ဖျင်းသူ ကျွန်မလို ညီမငယ်အတွက်လည်း အားကိုးရာ တံတိုင်းကြီး တစ်ခုပင် ဖြစ်ခဲ့သည်။



သည်တော့ မြတစ်ပွင့်၏ ဂုဏ်အင်္ဂါရပ်တွေကို စေ့စေ့စပ်စပ် လေ့လာခဲ့ပုံ ရလေသည်။

မြရတနာကလေးများသည် မှော်ဝင်သမားတော်ကလေးများ ဖြစ်ကြသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြတစ်ပွင့်တွင် လွန်စွာမှ သိနိုင်စွမ်းခက်သော ထူးခြားအံ့ဩလောက်ဖွယ်သော ဂုဏ်သတ္တိများရှိနေပေရာ ဝက်ရူးပြန်ရောဂါကို ကာကွယ်နိုင်သည်ဟု အရှေ့တိုင်းတယ်က ပြောခဲ့ဖူးသည်။

ထို့ကြောင့် ဝက်ရူးပြန်ရောဂါရှိသော ဂျူးလီးယက်ဆီဇာသည် မြများကို ထိုယုံကြည်ချက်ကြောင့် စုဆောင်းခဲ့ဖူးကြောင်း သမိုင်းက ပြောခဲ့ပြီးဖြစ်သည်။

ထို့မျှမက ရှေးဟိန္ဒူ သမားတော်တို့သည် ဝေဒနာ အမျိုးမျိုးကို



ကုစားရာ၌ မြများကို အသုံးပြုခဲ့ကြသလို 'မြသည် အဆိပ်အတောက်ရှိသော သတ္တဝါကိုက်ခဲခြင်းမှ ကယ်တင်နိုင်သည်'ဟု အဆိုရှိခဲ့သည်။ အခြားသော ဝမ်းကိုက်၊ ဗိုက်အောင့်၊ ဗိုက်နာဖြစ်သော သူတို့ကိုလည်း မြနှင့် ကုစားပါက ရောဂါဘယ ပျောက်ကင်းသည်ဟု အဆိုရှိသည်။

မြရတနာတစ်ပွင့်ကို ဆင်မြန်းသူသည် အတိတ်နိမိတ်ကောင်းခြင်း၊ ဒုစရိုက်အပေါင်းကို အောင်မြင်ခြင်း၊ ကောင်းခြင်း မင်္ဂလာနှင့် ပြည့်စုံခြင်း စသော ကောင်းမှုမှန်သမျှကို ခံစားနိုင်ပါသည်ဟု ဆိုထားသည်။

ကဲ… အပျိုမကလေးတို့ရေ-

လုံးဝမရှိတာနဲ့ စာရင်တော့ မတော်တဆကလေးနဲ့များ ဘယ်လို အကြောင်းမျိုးနဲ့ပဲ ဖြစ်ဖြစ်ပေါ့နော်၊ ကိုကြီးလို မြရုပ်ဆိုးကလေးတစ်ပွင့် ပိုင်ဆိုင်ခွင့် ရကြမယ်ဆိုရင်တောင်မှ ဘယ်လိုမဆို ဝမ်းသာလို့ ရနိုင်တာပေါ့နော်။

'ချစ်မတို့ရဲ့ အမိမြန်မာပြည်ဟာ ရတနာတွေနဲ့ ပေါကြွယ်ဝတယ်' လို ဆိုရိုးစကားရှိခဲ့သည့်အတိုင်း မိုးကုတ်က ပတ္တမြားမိုင်းတွင်းကြီးတွေလို၊ ရတနာကုန္ဓေကုဋ္ဌာ နီလာပိုင်တွင်းကြီးတွေလို၊ လုံးခင်း၊ ဖားကန့်က ကျောက်စိမ်းမိုင်းတွင်းကြီးတွေလို ရှိခဲ့ကြပေမယ့် မြမိုင်းတွင်းကြီးရှိတယ်လို့ မကြားမိ သေးပါဘူးကွယ်။

ဒါပေမယ့် ရတနာမြေအကြောရှိတဲ့ သယံဇာတ ပေါလှတဲ့ ချစ်မတို့ရဲ့ ရတနာမြေမှာ တစ်နေရာရာမှာတော့ 'ကိုလံဘီယာမြ'ထက် လှပတဲ့ မြကြောကြီးတစ်ခု မရှိနိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။ မသိ၊ မတွေ့သေးတာလည်း ဖြစ်နိုင်တာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ တို့မြန်မာသမိုင်းဦးအစ ပုဂံခေတ်ကတည်းက ပုဂံသူမလေးတွေရဲ့ လည်တိုင်မှာ မြရတနာတွေကို အပြိုင်အဆိုင် ဝတ်ခဲ့ကြတယ်လို့ အထောက်အထားတွေ ရှိထားခဲ့ပြီပဲလေ။ ဒါတော့ မြေအောက်က မြကြောကြီးတွေကိုး။

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင်ကျော်ကတည်းက ဗေဘီလုံရဲ့ ကျောက်မျက်ရတနာဈေးကွက်မှာ လူတွေရဲ့ နှလုံးသားထဲကို တန်ဖိုးတွေ ကုဋေကုဋာနဲ့ ဈေးကစားနိုင်ခဲ့ကြတာ သည်မြလေးတွေပဲ ဖြစ်လို့ပေါ့။

ပြီးတော့ အချစ်ကို ကိုးကွယ်သူ ကလီယိုပါထရာ ဘုရင်မရဲ့

အမြတ်နိုးဆုံး လက်ဝတ်ရတနာဟာ မြရတနာတွေသာ ဖြစ်တယ်လို့ အဆိုရှိခဲ့ကြတယ်။

ကဲ… ဒါဆိုရင် အဲဒီတုန်းကတည်းက ဂုဏ်ယူမဆုံး ဖြစ်ခဲ့တဲ့ သည်မြတွေဟာ ခု တို့များရဲ့ အသည်းနှလုံးဆီကို ဦးတည်လို့ လာနေကြပြီလေ။

အပျင်းပြေ တစ်ခါတစ်ခေါက်တော့ မြဈေးတန်းဆီ လျှောက်လိုက်ကြရအောင်ပါကွယ်။

'လိုက်ခဲ့နော်'

## အပျိုမလေးတို့ ရဲ့ မြရေစီးကြောင်း

ချစ်မတို့ မြန်မာနိုင်ငံမှာတော့ တန်းဝင်ရတနာလေးပါးထဲမှာ မြရတနာဟာ တစ်ပါး အပါအဝင်ပါပဲကွယ်။

စိန်၊ ပတ္တမြားနဲ့ နီလာ၊ မြရယ်လို့ အဆိုရှိခဲ့ပေမယ့် တစ်ခါတစ်ရံမှာ ရှားပါးတဲ့ ဂုဏ်သတ္တိတွေနဲ့ မွှန်းထုံနေတတ်တဲ့ မြတစ်ပွင့်ဟာ ပတ္တမြားတစ်ပွင့်ထက်ပင် တန်ဖိုးမြင့်မားတာကိုလည်း တွေ့ရတတ်ပါတယ်။

မြတွေကို အဝိုင်းပုံ၊ ဘဲဥပုံ၊ မိုးစက်ပုံနဲ့ လုံးချောပုံစသည်ဖြင့် ပုံစံမျိုးစုံနှင့် ဘယ်လိုပင် သွေးကြစေကာမူ မြ၏ ပင်ကိုဒီဇိုင်းဖြစ်သော (စတုရန်းကွက်) မြကွက်ပုံသည် မြ၏ပင်ကို အလှတစ်ပါး ဖြစ်ပါသည်။

ဂန္ထဝင်မြောက် အဖိုးထိုက် အဖိုးတန် မြကျောက်မျက်ရတနာတိုင်းကို မြကွက်ဒီဇိုင်းအဖြစ်နှင့်သာ တွေ့ရမြဲ ဖြစ်သည်။

ချစ်မတို့ရဲ့ မြန်မာပြည်မှာတော့ အိန္ဒိယက ဝင်လာသည့် မြများကိုသာ အများအားဖြင့် မြင်တွေ့နိုင်ပြီး အဖိုးနှုန်း ချိုသာသည်လည်း တွေ့ရသည်။ အလယ်အလတ်တန်းစား 'အိန္ဒိယမြ'များကို တစ်ရတီ ၅၀၀ိ/-ဈေးမှ ၁၀၀၀ိ/-လောက်အထိရှိသည်။ အောင်းဝင်ကင်းပြီး မြသားလှသည့် အတော်အသင့် အရည်ပြည့်မီ 'မြ'များကို တစ်ရတီလျှင် ၃၀၀၀ိ/-လောက်သာ ပေးရသည်။

ချစ်မအကြိုက်တော့ 'မြ'ဆိုလျှင် ဘဲဥပုံနှင့် အဝိုင်းပုံကိုသာ ပို၍ မက်မောသည်။

အကြောင်းမှာ ဘဲဥပုံမြကလေးများဖြင့် ခြယ်နားကပ်၊ ခြယ်လက်စွပ်နှင့် မြစံပယ်ထပ် ဆွဲသီးကလေးများသည် အလွန်တရာ လှပတတ်သည်။ အဖိုးနှုန်း





မှာလည်း ၇၅%သော အပျိုမလေးတွေ တတ်နိုင်သော အနေအထားပင် ဖြစ်သည်။ မည်သူမဆို ဝယ်ယူဝတ်ဆင်နိုင်သော အခွင့်အရေး တစ်ရပ်လည်း ဖြစ်သည်။

အသက်(၄၀) ကျော်အရွယ် တည်ငြိမ်ခံ့ညားသော အလှပိုင်ရှင် မမများအတွက်လည်း မြဘဲဥပုံ၊ မြကရောင်းကြိုးနှင့် မြခြယ်နားကပ်တို့၏ အလှသည် ဣန္ဒြေသိက္ခာ တစ်ခွဲသားနှင့် အေးချမ်းသိမ်မွေ့စွာ အလှတစ်ခုကို ငြိမ်ငြိမ်ကလေး ထိန်းသွားနိုင်သည်။

အကယ်၍ လေးထောင့်ပုံ မြကလေးတွေကို ရခဲ့ပြီဆိုလျှင် အဖိုးမများတတ်သော အိန္ဒိယစိန်ကျင်ကလေးများနှင့် ညှပ်ကာ (စိန်တစ်ရစ်၊ မြတစ်ရစ်) ဒီဇိုင်းဖြင့် တော်ဝင်မြမင်းသမီးလေးတစ်ပါးအဖြစ် ဖန်တီးနိုင်ကြသည်။

အသားညိုသူ အပျိုမလေးများသည် မြသားရင့်ရင့် စိမ်းညို့နေသော အရောင်ပုပ် မြကလေးများကို အထူးရှောင်ပြီး အဝါရောင်လှနေသည့် အနည်းငယ် အရောင်ဖျော့ပြီး လင်းလက်သော မြသားရောင်ကို ရွေးချယ်ပါ။

မြဝတ်ဆင်ရာ၌ ယှဉ်တွဲဝတ်ဆင်မည့် အဝတ်အစားကို အဖြူ၊ အဝါ၊ ပုစွန်ဆီရောင်နှင့် ရွှန်းလဲ့တောက်ပသော အရောင်များဖြင့် တွဲ၍ ဝတ်ဆင်သင့်ပါသည်။

အစိမ်းရောင်နှင့် ဝတ်ဆင်မည်ဆိုလျှင် မိမိဆွဲထားသော မြရတနာကို မိမိ၏ ရင်ညွန့်သားပေါ်တွင် တင်၍ ဝတ်ဆင်ခြင်းဖြင့် ရွှန်းမြစိမ်းစိုသော မြ၏အလှကို ခံစားကြစေလိုပါသည်။



အသားဖြူသူ အပျိုမလေးတွေအနေဖြင့် မြသားရောင်နုနု မြရည်ထက် စိမ်းစိုနက်ရှိုင်းသော အလှတစ်ပါးဖြင့် ပြည့်စုံသည့် မြအရည်ကြီးများဖြင့် အလှဆင်စေလိုပါသည်။

တစ်ခုသော အထူးသတိပေးလိုသည်မှာ မြသည် ကြွပ်ဆတ်သော သတ္တိရှိသဖြင့် မိမိ၏ လက်ဝတ်ရတနာပြုလုပ်သော ပန်းထိမ်တွင် အထူးသတိထား၍ လုပ်ဆောင်ရန် သတိပေး မှာကြားပါ။ မြေချဉ်ပစ်ခြင်း၊ မီးပူပေးခြင်း၊ ပန်းတိမ်ကိရိယာတို့ဖြင့် ပြင်းပြင်းထန်ထန်ဖိမိခြင်းမှ မလိုလားအပ်သော ကွဲခြင်း၊ ရှခြင်းတို့မှ လွတ်ကင်းစေရန် ဖြစ်ပါသည်။

မြကို ဆေးကြောသန့်စင်ရာတွင် ဆပ်ပြာ၊ ဆပ်ပြာမှုန့် အထူးရှောင်ကြဉ်ပြီး ရိုးရိုးပန်းထိမ်သုံး တရော်ကင်ပွန်းတို့ဖြင့်သာ ဆေးကြောရပါမည်။ အကွဲအနာ အက်ကြောင်းများ ပါရှိသော မြများကို တာရှည်ထားလျှင် တဖြည်းဖြည်းနှင့် အဖြူအက်ကြောင်းပေါ်လာတတ်သည့်အတွက် အုန်းဆီ(သို့မဟုတ်)အိန္ဒိယဘက်မှ ဝင်သော အစိမ်းရောင်မြဆီတို့ဖြင့် သုတ်လိမ်းပေးခြင်းဖြင့် မြ၏အလှကို တာရှည်စွာ ထိန်းသိမ်းနိုင်ပါသည်။

အခြားသော လက်ဝတ်ရတနာများနှင့် ရောထွေးထားရှိခြင်းမှ ရှောင်ကြဉ်ပြီး ဘူးသန့်သန့်တစ်လုံးဖြင့် ဂွမ်းစခံကာ မျက်နှာကို မှောက်ပြီး မြလက်ဝတ်ရတနာကို သေသေသပ်သပ် သိမ်းဆည်းရန် လိုအပ်ပါတယ်။

ယခုအခါ တိုးတက်လျက်ရှိသော မြဈေးကွက်ထဲတွင် သဘာဝမှ ထွက်သော မြရတနာအစစ်တွေနှင့် လုံးဝခွဲခြား၍ ခက်ခဲလောက်အောင်ဖြစ်သော မြတုတွေလည်း ပေါ်နေပြီ ဖြစ်သည်။

ဥပမာ ချက်သန်မြ၊ လက်ချိုလိုက်နာမြ၊ ဘိုင်ရွှန်မြ၊ ဂယ်လဆင်မြနှင့် ဆိုဗီယက်မှ နောက်ဆုံးပေါ် ဗာဆားမြများသည် အစစ်နဲ့ ခွဲခြား၍ ခက်လောက်



အောင် ပြုလုပ်ထားသည်ကို တွေ့ရပါသည်။

သို့သော် အပျိုမလေးတို့ မပူကြပါနဲ့ကွယ်။

တော်ရုံတန်ရုံ မြကုန်သည်လေးတွေပင် မြရောင်းလျှင် မြကြည့်ကိရိယာလေးတွေ ဆောင်ထားကြပါတယ်။

မြကြည့်ကိရိယာဆိုတာ မှန်ဘီလူးလို သေးငယ်တဲ့ မှန်ချပ်လေးတစ်ခုဖြစ်ပြီး အဲဒီကိရိယာကလေးနဲ့ မြကို ကြည့်လိုက်လျှင် မြသားစစ်စစ်များကို မူလအစိမ်းရောင်အတိုင်းတွေ့မြင်နိုင်ပြီး မြတုများကိုတော့ သွေးနီရောင်အတိုင်း တွေ့ရပါတယ်။

ချစ်မ အကြံပေးလိုတာကတော့ သိန်းနဲ့ချီ၍ မြဝယ်တော့မယ်ဆိုရင် ကျောက်မျက်ရတနာ စစ်ဆေးတဲ့နေရာတိုင်းမှာ ခေတ်မီတိုးတက်တဲ့ ကိရိယာတွေ၊ ပညာရှင်တွေနဲ့ စမ်းသပ်တိုင်ပင်ပြီးမှ ဝယ်ယူစေလိုပါတယ်။

စမ်းသပ်ခဟာလည်း ဘာမှ မပြောပလောက်တဲ့ ငွေကြေးပမာဏမို့ ကိုယ့်ရဲ့တစ်သက်တာ စိတ်ချမ်းသာမှုကို ငွေကလေး အနည်းငယ်မျှဖြင့် လဲယူကြစေလိုပါတယ်။

ချစ်မ အကြံပေးချင်တာကတော့ ဘယ်ရတနာ ဘယ်လိုအမျိုးအစားကို ဝယ်ယူသည်ဖြစ်ပါစေ၊ ဝယ်ယူမည့် အချို့ ရတနာကုန်သည်တွေဟာ သူတို့ရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာတွေကို သူတို့ရောင်းတဲ့ ရတနာပစ္စည်းတွေထက် တန်ဖိုးထားတတ်ကြလို့ပါပဲ။

တချို့ဆိုရင် ချစ်မတို့ဆီက ရတနာပစ္စည်းတွေ ဝယ်ယူတဲ့အခါတိုင်း-

"ကျွန်မတို့က နားလည်လို့ဝယ်တာ မဟုတ်ဘူး၊ မမိုရဲ့ ဂုဏ်သိက္ခာနဲ့ သမာဓိကို ယုံကြည်လို့ ဝယ်တာ" ဆိုပြီး ပုံအောဝယ်လိုက်ကြပါတယ်။

ဒီတော့ ဒီစကားလေးတစ်လုံးနဲ့ပဲ ရတနာရောင်းသူချစ်မကို တုပ်ပြီးနှောင်ပြီးဖြစ်ကာ ပိုပြီး လေးလေးစားစား ဆက်ဆံရပါတော့မယ်။ ဒီကနေ့ ပေါက်ဈေးထက် ဈေးလည်းမများစေရသလို ပစ္စည်းလည်း မမှားစေရပါဘူး။

ကိုယ်ရောင်းလိုက်တဲ့ ကျောက်တစ်ပွင့်ဟာ ကျောက်စရစ်ခဲတစ်ခဲ ဖြစ်သွားဦးတော့ သူပေးခဲ့တဲ့ ငွေကြေးပမာဏအပေါ် တစ်ပြားတစ်ချပ်မှ မလျှော့ရ



အောင် တာဝန်ယူခဲ့ရခြင်းနဲ့လည်း ပတ္တမြားမိုမိုဆိုတဲ့ သိက္ခာတစ်ခုကို ထိန်းသိမ်းခဲ့ရပါတယ်။

ကဲ.. သည်တော့ ဘယ်မှာပဲဝယ်ဝယ် 'အာမခံ' ဆိုတဲ့ စကားလေး တစ်လုံးနဲ့ တုပ်နှောင်ချည်တည်းပြီးမှ ဝယ်ကြပါ။

၁၉၉၈ မေလပိုင်းဆီက စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ Myanmar Focu's 98 ရတနာပြပွဲမှာ ပထမဆုံးရက် ဖွင့်တဲ့နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးကတော်က ချစ်မရဲ့ဆိုင်က စိန်နဲ့မြ ဆွဲသီးကလေးကို ပထမဦးဆုံးအကြိမ် ဈေးဦးပေါက် ဝယ်



ယူခဲ့ပါတယ်။ စိန်ပွင့်ငယ် နှစ်ရတီခန့်ပါပြီး သုံးကာရက်အရွယ်ရှိ အနာမကင်းတဲ့ အိန္ဒိယမြတစ်ပွင့် ဖြစ်ပေမယ့် ရှားပါးတဲ့သူ့ရဲ့ အရောင်အဆင်း လှပခြင်းဟာ သူမကို မဝတ်လျှင် မနေနိုင်လောက်အောင် ညှို့ယူဖမ်းစားခဲ့ပါတယ်။

ချစ်မက ဈေးနှုန်းကိုပြောတော့ ဈေးမဆစ်ဘဲ သူက ဘာပြန်ပြောသလဲ သိသလား။

'မင်းရဲ့ ရိုးသားမှု ဂုဏ်သိက္ခာတွေဟာ ဒီမြရဲ့ တန်ဖိုးထက်မြင့်မားတဲ့ တန်ဖိုးတစ်ခုအနေနှင့် ပါပြီးဖြစ်ပါလိမ့်မယ်' တဲ့။ ကဲ… ဘယ်လောက်သိမ်မွေ့လှပပြီး နက်နဲတဲ့ ထိန်းချုပ်မှု တစ်ခုလဲကွယ်။

ရတနာတစ်ခုကို ယုံကြည်မှုဟာ ပိုင်ရှင်ရတနာကုန်သည်ရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ခြင်းပဲ ဖြစ်ပါတယ်။ ပြန်ခါနီးတော့ နှုတ်ဆက်ရင်း ပြောသေးတယ်။

'နောက်တစ်ကြိမ် မြနားကပ်လှလှလေးတစ်ခုနဲ့ မြလက်ကောက်လေးတစ်ဖက်ကို ကိုယ်စိတ်ကူးရင်း မင်းအလာကို စောင့်နေမယ်' တဲ့။

ချစ်မရဲ့ မြဆွဲသီးကလေးဟာ ဒီလို တော်ဝင်မိန်းမတစ်ယောက်အတွက် အစိမ်းရောင်မြ အိပ်မက်ထဲက မနိုးထနိုင်အောင် စွဲစွဲလမ်းလမ်းနဲ့ မက်စေတော့မယ်ဆိုတာ ချစ်မသိလိုက်ရပြီလေ။

သည်ကနေ့ ညနေရုံးဆင်းချိန် ကျွန်မ၏ ရုံးခန်းစားပွဲပေါ်တွင် မနက်ပိုင်းဆီက ခင်ဖုန်းမိုကို ပေးလိုက်သော 'ရတနာအပျိုမ' ဆောင်းပါးကလေးသည် ပြန်လည်ရောက်ရှိနေသည်ကို တွေ့ရပါသည်။

ထိုစာမူ၏ နံဘေးတွင် စာဖိမှန်တုံးကလေးဖြင့် ဖိထားသော စာရွက်အပိုင်းအစကလေး တစ်ခုကိုလည်းတွေ့ရသည်။

**ချစ်မ**

အပျိုမဟာ 'ထာဝရ' ပါ။
မြလေးတွေက 'တစ်ဘဝစာ'။
ချစ်မကိုတော့ 'ကျေးဇူးကုဋေကုဋာ'။

**မောင်မောင့်ခင်ဖုန်းမို**

တဲ့။ ကြည့်စမ်း၊ ဒီအချိန်လောက်ဆိုရင် အစိမ်းရောင်ကို မုန်းလိုက်

တာဆိုတဲ့ 'ခင်ဖုန်းမို' ဆိုတဲ့ ကောင်မလေးတစ်ယောက် အစိမ်းရောင် ဘောလုံးပြောက်ကလေးတွေပါတဲ့ အဖြူရောင်ပိတ်စလေးတစ်စရဖို့ စကော့ဈေးထဲကတောင်ပြန်ရောက်လောက်ရောပေါ့။ ဒါမှမဟုတ်

မောင်မောင်ရေ

ရှင်ပေးလိုက်တဲ့ မြလက်စွပ်လေးကြောင့်
ခင်ဖုန်းရဲ့ ဗိုက်အောင့်တတ်တဲ့ ဝေဒနာတောင်
သေသေချာချာ ပျောက်သွားပြီရှင်။

လို့ ကဗျာမဆန်တဲ့ စာတမန်လေးနဲ့ အဝေးရောက် မြန်မာလေးတစ်ယောက်ကို လွမ်းလောက်အောင် လုပ်နေပြီလားကွယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါနော်။

စိမ်းမြမြရောင်စဉ်တစ်ခုရဲ့ နက်ရှိုင်းတဲ့ အလှပိုင်ရှင် 'မြကလေးတစ်ပွင့်' ရဲ့ လျှို့ဝှက်နက်နဲတဲ့ ရသလေးတစ်ခုကို ခံစားရင်း ရတနာအပျိုမလေးတို့ရဲ့ ဘဝကို မြရတနာကလေး တစ်ပါးနဲ့ အလှဆင်ကြည့်လိုက်စမ်းပါနော်။

မြရတနာချစ်သူတိုင်း ပျော်ရွှင်ချမ်းမြေ့ ပြည့်စုံကြပါစေ။

ပတ္တမြားမိုမို
အပျိုမဂ္ဂဇင်း၊ ၁၉၉၈ နိုဝင်ဘာ









# တောင်ပင်လယ်ပုလဲ

တစ်ခုသော ညနေခင်းဆီက ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်၊ ၁၀၃လမ်းရှိ ကျွန်မ၏ ကျောက်မျက်ရတနာ ကုမ္ပဏီသို့ Ruby River ခရီးသွား ကုမ္ပဏီတစ်ခုမှ မေနှင့် အပျိုမလေးတစ်သိုက် ကျွန်မထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြပါသည်။

ကြည့်ရသည်မှာ အလည်သက်သက် ရောက်လာကြပုံတော့ မဟုတ်။ သူမလေးတို့ အပျိုမတစ်သိုက်သည် ပြဿနာ တစ်စုံတစ်ရာကိုလည်း ယူဆောင်လာကြသည်ဟု ကျွန်မ ထင်မိလေသည်။

မေသည် ကျွန်မ၏ အချစ်ဆုံးသူငယ်ချင်းမလေး 'နိုင်ရည်မာ'၏ ညီမဖြစ်ပြီး ကျွန်မ၏ ညီမအငယ်ဆုံး 'ပတ္တမြားစန္ဒာ'နှင့် ငယ်သူငယ်ချင်းတွေလည်း ဖြစ်သည်။

သည်တော့ ဘာမဆို ကျွန်မအား အစ်မရင်း တစ်ယောက်ကဲ့သို့ သူသိလိုသမျှကို နှဲ့ဆိုးဆိုးကာ အနိုင်ကျင့်စမြဲ ဖြစ်လေသည်။

သူမတို့ ကျောင်းပြီးစ ဘွဲ့ရကတည်းက ညီမငယ် မစန္ဒာက ကျွန်မ၏ ကုမ္ပဏီတွင် Marketing Director အဖြစ် တာဝန်ယူခဲ့သလို မေကလည်း သူမ၏ အစ်မပိုင် Ruby River ကုမ္ပဏီတွင် Managing Director အဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့လေသည်။

သည်တာဝန်တွေကြားက အခြားတာဝန်တစ်ခုကိုလည်း မေလေး

နှင့် ညီမစန္ဒာ ပျော်ရွှင်စွာ ထမ်းဆောင်နိုင်ကြပါသေးသည်။ ထိုတာဝန်မှာအခြားမဟုတ်၊ သူမတို့ အပျိုမလေးများသည် ကျွန်မ၏ လက်ဝတ်ရတနာတွေအတွက် မော်ဒယ်မ လေးများ လုပ်ပေးနေကြခြင်း ဖြစ်ပါသည်။

မေနှင့် အတူပါလာသော အပျိုမလေးများမှာ အသက်၂၅နှစ် ဝန်းကျင်ခန့် ရှိကြပြီး မေနှင့် အပျိုမလေးတစ်ဦးမှတစ်ပါး အခြားအပျိုမလေး လေးဦးမှာ ခေတ်ပုံ ဆံတိုလေးတွေနှင့် ဖြစ်သည်။

မေက သူ့ဆံပင်ရှည်ရှည်ကြီးတွေကို ဝေ့ခနဲ ဝဲကာသိမ်းရင်း ကျွန်မ၏ စားပွဲရှေ့မှ ထိုင်ခုံတွင် ထိုင်လိုက်ကာ သူမ၏ လက်ပွေ့အိတ် နက်နက် ကလေးထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်ပါသည်။

'ချစ်မကို ပြစရာရှိလို့' ဟု ဆိုကာ ကျွန်မ၏ စားပွဲပေါ်သို့ တစ်စုံ တစ်ခု လှမ်း၍ တင်လိုက်ပါသည်။

ရွှေဖြင့်ပြုလုပ်ထားသော လှပသည့် ပုလဲလက်စွပ်ကလေး နှစ်ကွင်း။ ဒီဇိုင်းပုံများက စွဲမက်ဖွယ် ဖြစ်သည်။ တစ်ကွင်းသည် အိန္ဒိယစိန်ခေါ် ကျင်ဝါရောင်ရှိ စိန်ငယ်ကလေး ဝိုင်းရံပတ်ခြယ်ထားသော ပုလဲစိန်ခြယ် လက်စွပ် တစ်ကွင်းဖြစ်သည်။



သည်လက်ရာသည် ရှေးယခင် ကာလများကတည်းက မရိုးလှသော နန်း ဆန်တော်ဝင် ဒီဇိုင်းတစ်ခု ဖြစ်သည်။ ပုလဲကို ခြယ်ထားသော စိန်ကလေး များကို စွန်ကုပ်တစ်ခုတည်းဖြင့် ချွန်ချွန်သွက်သွက်ကလေး ဖမ်းယူ ထားပြီး စိန်ကို ကုတ်ထားသည့် ရွှေ၏ အဝါရောင်ကို ပလက်တီနန် အဖြူရောင်ဆေးတင်ထားသည်။

အရောင်တင်ဆေးကြောမှာ တင်း ပြီး ၁င်းအိနေသည်။ ဗိုလ်ချုပ်အောင်ဆန်း ဈေး၊ စူပါဝေါ် အရောင်တင်ဌာနမှ လက်





ရာဟု ခန့်မှန်း၍ ရသည်။

စိန်၏ အရည် အသွေးညံ့ဖျင်းမှု၊ ကျင်ဝါညစ်ညစ် စိန် ရောင်ကို ပလက်တီနန်အဖြူရောင်က ရုတ်တရက် လှည့်စား ကူးယူစေနိုင် ခြင်းဖြင့် ဝယ်သူကို လှလှကလေး ဖြား ယောင်း သိမ်းသွင်းစေနိုင်သည်။

အလယ်မှခြယ်ထားသော ပုလဲ၏ အရောင်နှင့်လည်း လိုက်ဖက် စပ်ဟပ်သွားစေသည်။

ပုလဲ၏ အလေးချိန်သည် ၄-၅ရတီခန့်ဟု ခန့်မှန်းရပြီး ထိုပုလဲ သည် ရိုးရိုး နာဂူပုလဲတစ်လုံး ဖြစ်လေသည်။

ထို ဘုံတိုဟုခေါ်သည့် နာဂူပုလဲလုံး ရှည်သွယ်သွယ်လေးကို ဒေါင်လိုက်အနေအထားဖြင့် တည်စေပြီး အောက်ခြေ (သို့မဟုတ်) ဘေးတိုက်အနေ အထားမှ အပေါက်ဖောက်ကာ ဝက်အူရွှေရစ်တံဖြင့် ကုတ်ဆွဲထားခြင်း ဖြစ်သည်။

ထိုသို့ ပြုလုပ်လိုက်ခြင်းဖြင့် ပုလဲ၏ လေးဖက်လေးတန်မှ မျက်နှာ အလှတို့ကို ရွှေစွန်ကုပ်တို့ ဖုံးအုပ်ခြင်းမှ ကင်းလွတ်သွားပြီး ပုလဲ၏ အလှကို ထင်း ထင်းပေါ်လွင်စေပါသည်။

တစ်ခုတော့ အထူးသတိပြုသင့်ပါသည်။ မိမိ ဝယ်ယူထားသော ပုလဲမှာ မြိတ်ပုလဲကဲ့သို့ တန်ဖိုးအလွန်ကြီးမားသည့် အမျိုးအစားဖြစ်နေလျှင် အပေါက် ဖောက် ဝက်အူစုပ်ခြင်းမှ ရှောင်ကြဉ်ရပါမည်။

အဘယ်ကြောင့်ဆိုသော် အပေါက်ရှိပြီး ပုလဲတစ်လုံးသည် အပေါက်မပါသည့် ပုလဲတစ်လုံးဈေးနှင့် ယှဉ်လျှင် ထက်ဝက်ခေါက်ချိုး ဈေးလျော့ သွားနိုင်သောကြောင့် ဖြစ်ပါသည်။

(သို့သော် ယခုခေတ်နောက်ပိုင်းတွင် ကမ္ဘာသုံး ပုလဲ လက်ဝတ် ရတနာ ၉၀ ရာခိုင်နှုန်းသည် ပုလဲ၏ အလှအားလုံး ပေါ်လွင်စေသဖြင့် အပေါက် ဖောက်၍ တပ်ဆင်ခြင်းဖြင့်သာ ပြုလုပ်ကြသည်ကိုတော့ သတိချပ်ရမည်ဖြစ်ပါသည်)

ယခု မေ၏ လက်စွပ်ကလေးမှာ အရည်တင်းနေသော ကုလားပုလဲတစ်လုံးကို တစ်ရတီ ကျပ်သုံးသောင်းခန့်မျှတန်သည့် စိန်ကျင်ကလေးများ ဝိုင်းပြီး ပြုလုပ်ထားပေရာ ပုလဲဖိုး၊ စိန်ဖိုး၊ ရွှေဖိုးနှင့် အလျှော့လက်ခပါ ပေါင်းလိုက်လျှင် ကျပ်ငွေ လေးသောင်းနီးပါးခန့်သာ ကျသင့်နေသဖြင့် ဈေးနှုန်းမှန်ကန်သည်ဟု ဆိုနိုင်လေသည်။

ဘောက်ချာတွင် ပုလဲတန်ဖိုးကို 4R၈၀၀ိ/-ဟု ရေးထားပါသည်။ ထိုနာဂူပုလဲလေးများကို စကော့ဈေး Dရုံတွင် ဗန်းကြီးဗန်းငယ်တို့ဖြင့် မပြင်ချင်မှအဆုံး အမြောက်အမြားတွေ့နိုင်သည်။

တစ်ရတီလျှင် ၁ဝိ/-မှ ၁၀ဝိ/ဈေးအထိ ရှိပြီး အရွယ်အစားမှာ တစ်ရတီနှစ်လုံးစီမှ ခြောက်လုံး၊ ခုနစ်လုံးခန့်ထိ အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် တွေ့နိုင်ပါသည်။

တစ်ခါတစ်ရံ အလွန်လှပပြီး အရည်အသွေး ကောင်းမွန်လှသော နာဂူပုလဲလှလှလေးတစ်လုံးကို တွေ့ငြားအံ့။ တစ်ပွင့်တည်းနှင့် ငါးရာ၊ တစ်ထောင်လောက်တော့ ပေးသင့်ပါသည်။ အကြောင်းမှာ ရာထောင်မကသော ပုလဲဗန်းကြီးထဲမှ ရှားပါး၍ လှပလွန်းသော ထိုပုလဲလေးကို တွေ့ငြားအံ့။ ချစ်စိတ်ကလေးတစ်ခုနှင့်ပင် သင့်လှပေပြီ။

နာဂူခေါ် ဘုံတိုပုလဲလေးများ၏ သဘာဝကလည်း အရည်တင်းပြီး ရောင်လှလှလေးတို့ဖြင့် တောက်ပနေတတ်ပါသည်။

ယခု လက်စွပ်လေးတွင် ပုလဲလေးကို ဒေါင်လိုက်ထားပြီး ၅၀ ရာခိုင်နှုန်းကို အပေါ်တင်ကာ စောက်စောက်မောက်မောက် ဖွင့်ပြီး ဝင့်ကြွားကြွားကလေး လုပ်ထားသည်။ ဟုတ်ပြီပေါ့။

နောက်တစ်ကွင်းကို ကြည့်လိုက်မိပါသည်။ သူကလေးတို့၏ အစာမကျေဖြစ်မှုကို ချက်ချင်း နားလည်လိုက်ပြီ ဖြစ်ပါသည်။

ဒုတိယ လက်စွပ်ကလေးမှာ စိန်ပွင့်လေးတွေ တစ်ပွင့်မှ မပါဘဲ ရွှေဘောင်လေး လေးချောင်းပေါ်တွင် ကလပ်ကလေး တင်ထားဟန် ပြုလုပ်ထားသော အလေးချိန် ၁၀ရတီခန့်ရှိ မြိတ်ပုလဲ လှလှလေးတစ်လုံးကို ရိုးရိုးနှင့် ရှင်းရှင်းလေး ပြုလုပ်ကာ လိုချင်အောင် အတတ်နိုင်ဆုံး ဆွဲဆောင်ထားလေသည်။





ရွှေချိန်ကား တစ်မတ်သား လေးပဲခန့်သာပါသော်လည်း လက်စွပ်ကလေးက မဟာဆန်သည်။ ရိုးရှင်းသည်။ မြန်မာပြည်ထွက် မြိတ်ပုလဲလှလှလေး တစ်လုံး ဖြစ်သည်။

သည်အရည်၊ သည်အသားနှင့် သည်အရွယ်ကို ကျွန်မကတော့ တစ်ရတီလျှင် ၅၀၀ဝိ/-လည်း ရနိုင်သည်။

ယခုပုလဲလေးတွင်မူ ပုလဲ၏ အောက်ခြေတွင် ဒင်ပယ်ခေါ် အချိုင့်ကလေးများ ပါရှိသဖြင့် တစ်ရတီ ၃၀၀ဝိ/-လောက်တော့ ပေးရမည်။ ရွှေဖိုးနှင့်ဆိုလျှင် လေးသောင်းကျပ်လောက် ကျသင့်နေပါသည်။ ဤသည်မှာလည်း ဈေးနှုန်းမှန်ကန်နေပြန်ပါသည်။

သည်တော့ စိန်ပါသော ပုလဲလက်စွပ်ကလေး တစ်ကွင်းနှင့် စိန်မပါသော ပုလဲလက်စွပ်ကလေးတစ်ကွင်းတို့၏ မညီမျှသော ဈေးနှုန်းကွာဟမှုက မေကလေးတို့ အပျိုမ တစ်သိုက်ကို ရေရေလည်လည် စိတ်ဒုက္ခပေးခဲ့ပုံ ရလေသည်။

ဖြန့်းခနဲကြည့်လျှင်တော့ ထိုပုလဲလုံးလေးများမှာ ရတနာ အစစ်

အမှုန်လေးတွေပဲ ဖြစ်သည်။ သို့သော် တန်ကြေးက အနှိုင်းမဲ့ ကွာခြားလှချေသည် တကား။

ကျွန်မက အချိန်တိုတိုနှင့် ရှင်းရှင်းမြန်မြန် သိစေဖို့ ကျွန်မထံ အလွယ်တကူ ရှိနေသော နာဂူပုလဲတွေနှင့် မြိတ်ပုလဲတွေကို ယှဉ်ထိုးပြသ ရှင်းပြခဲ့ပါသည်။

ဈေးနှုန်းချိုသာလှသည့် နာဂူပုလဲလှလှလေးတစ်လုံးစီနှင့်လည်း နှစ်သိမ့်လက်ဆောင် ပေးလိုက်ရပါသည်။

'ကျေးဇူးပြုပြီး ညို တစ်ခုလောက် မေးပါရစေ' ဟု ဆိုကာ မေကလေး၏ သူငယ်ချင်းမလေးကို သတိပြုမိလေသည်။

ညိုဆိုသော မိန်းကလေးမှာ အမည်နှင့်လိုက်အောင် ညိုညက်ညက်ကလေးနှင့် လှသည်။ သူမ၏ နားတွင် ပုလဲအစစ်မဟုတ်သော ပုလဲနားကပ်လေး တစ်ရန်ပန်ထားသည်။ သူမ၏ အေးချမ်းလှသော မျက်နှာလေးနှင့် လိုက်ဖက်နေလေသည်။ တော်ရုံတန်ရုံ မိန်းကလေးတွေ မဆိုးရဲသော ဆိုဖီဆိုသည့် နှုတ်ခမ်းနီညိုညိုရှားရောင်စပ်ကို နှုတ်ခမ်းဖူးဖူးကလေးတွင် အညိုရောင် အနားကွပ်ကာ ဆိုးခြယ်ထားသည်။

နဖူးပြောင်သိမ်းပြီး ဖားလျားချထားသော ဆံနွယ်စတို့ဖြင့် သူမ၏ အလှက ညနေခင်းနှင့် ဣန္ဒြေရရ လိုက်ဖက်လှလေသည်။





'ညိုက မေကလေးတို့လောက် မချမ်းသာပါဘူး မမရယ်၊ ခု ညိုပန်ထားတာတောင် Fancy လေ မမရဲ့၊ ပြီးတော့ ရတနာတွေထဲမှာ ညိုအကြိုက်နှစ်သက်ဆုံးက ပုလဲပဲ၊ သည်တော့ ညို့အနေနဲ့က ဈေးနည်းနည်းနဲ့ ပုလဲစစ်စစ်ကိုလည်း ဝတ်ချင်တယ်၊ ဒီနာဂူပုလဲလေးတွေကို One Set လုပ်ဝတ်ရင် ဂုဏ်ငယ်စရာရှိမလား ဆိုတာရယ်၊ ပုလဲအတုနဲ့ အစစ်ကို ဘယ်လိုနည်းနဲ့ ချက်ချင်း သိနိုင်မလဲဆိုတာရယ်၊ အပန်းမကြီးရင် ရှင်းပြပါနော်' ဟု ဆိုလာသည်။

မေးခွန်းလေးတွေက လှသည်။ မေးလာသူကို ချစ်ဖို့ကောင်းသည်။ ညိုဆိုသည့် မိန်းကလေးကို တကယ့်ကိုပါပဲ ကျွန်မကတော့ နှစ်မြတ်နိုးလှစွာ ကြည့်မိလေသည်။

သည်အရွယ်၊ သည်မိန်းကလေးတွေ၏ ချစ်စရာကောင်းသည့် ဗီဇနှင့် စူးစမ်းလိုသည့် စိတ်ကလေးတွေက နှစ်သက်ဖွယ် ဖြစ်သည်။ ပွင့်လင်းသည်။ ရိုးသားသည်။ စူးစမ်းလိုသည်။ အရာရာကို ပေါ့ပေါ့ရှပ်ရှပ်ကလေး မတွေးဘဲ လေးလေးနက်နက်နှင့် ထဲထဲဝင်ဝင် ဗဟုသုတ ရလိုသည်။

ကျွန်မ မြတ်နိုးတယ်ဆိုတာလည်း သည်စိတ်ဓာတ်ကလေးတွေကိုပါပဲလေ။

ကျွန်မသိသော 'မေကလေး' ကိုယ်တိုင်ကပင် ဘွဲ့ရပြီးသည်နှင့် စာရင်းကိုင်သင်တန်းတက်ပြီး ဖြစ်ခဲ့သည်။ ကွန်ပျူတာဆင်းပြီး ဖြစ်သည်။ Speaking လည်း ကျွမ်းလှသည်။ အချိန်ရလျှင် ကျောက်မျက်သင်တန်းတစ်ခုခုတော့ တက်ချင်သည်ဟု ပြောဖူးခဲ့သည်။

ယခုလည်း ကျွန်မ၏ ပုလဲတွေကို ကိုင်ရင်း-

ဘယ်ကလာတာလဲ၊ ဘယ်လိုမေးတာလဲ၊ ဘယ်နှမျိုးရှိတာလဲ၊ ဘယ်လိုခွဲကြမလဲ၊ ဘယ်ပုလဲမျိုးဟာ ဘယ်လိုပုံစံမျိုးနဲ့ လိုက်ဖက်ပါသလဲဆိုသော လဲပေါင်းတစ်ရာခန့်ဖြင့် နှိပ်စက်ကလူ ပြုကြလေသည်။

အချိန်တော်တော်ကြာကြာ မေးမြန်းကြရင်း ကျွန်မ၏ ရုံးခန်းနံရံပေါ်က Time is Life ဆိုသော စာတန်းလေးက မေကလေးတို့ အပျိုမလေးတစ်သိုက်ကို တစ်စုံတစ်ရာ အချက်ပေးလိုက်ဟန် တူပါသည်။

'နော်' ဟူသော စကားလေးနှင့် အဆုံးသတ်ကာ ထကြသည်။

'ဟုတ်ပါပြီကွယ်၊ မေလေးတို့ သိချင်သမျှအားလုံး ပုလဲနှင့် ပတ်သက်သမျှ အားလုံး အစ်မ သိသလောက်၊ တတ်စွမ်းသလောက် ဖောက်သည်ချ ကူညီဖြေရှင်းပြပေါ့မယ်'ဟု ကတိပေးလိုက်ကာ မေနှင့်တကွသော ရတနာချစ်သူ အပျိုမလေးများအားလုံးအတွက် 'ပုလဲရနံ့'မွှေးပျံ့ပါစေရန် ရည်ရွယ်ကာရေးသားလိုက်ရပါတော့သည်။

## သဘာဝ၏ ကြည်နူးဖွယ် ပုလဲပဟေဠိ

ပုလဲလေးတွေကို 'သဘာဝတရားရဲ့ လျှို့ဝှက်ချက်အလှ'ဟု ကျွန်မကတော့ သည်လိုပဲ တင်စားချင်သည်။ အလှတရားပေါ်စ သမိုင်းဦးစကတည်းက ပုလဲလေးတွေဟာ ပုံပြင်တစ်ပုဒ်စီပါပဲ။

ရတနာတွေထဲမှာတော့ ပုလဲရတနာဟာ ရတနာတစ်ပါးအဖြစ် တည်ရှိခဲ့ပေမယ့် အခြားအခြားသော ကျောက်မျက် ရတနာတွေလို ကြည်လင်တောက်ပမှုလည်း မရှိခဲ့ကြပါဘူး။ အလင်းရောင်ကို ဖောက်ထွင်းပြီးလည်း မြင်နိုင်စွမ်းတဲ့ ရတနာလေးတစ်ခုလည်း မဟုတ်ခဲ့ရပါဘူး။

အလင်းပိတ် ရုပ်ဝတ္ထုလေးတစ်ခု ဖြစ်နေပြီး သူမရဲ့ မှုန်ဝါးဝါး အလှလေးဟာ 'လျှို့ဝှက်ချက်' တစ်ခုအဖြစ်နဲ့ ရှေးပဝေသဏီကတည်းကပင် လူသားတို့ရဲ့ အသည်းနှလုံးကို ရူးသွပ်မှုဖြင့် ဖန်တီးနိုင်ခဲ့သည်ဆိုလျှင် အမှန်ပင် ဖြစ်ပါသည်။

ပုလဲလေးတစ်လုံး၏ လျှို့ဝှက်ချက်အလှလေး တစ်ခုကလည်း လူသားတို့၏ 'အချစ်ရေး၊ ပျော်ရွှင်မှုနှင့် ကံကောင်းခြင်း'ဆိုသော အရာများကို ဖန်တီးနိုင်ခဲ့သည် မဟုတ်ပါလား။

ဂရိလူမျိုးများကတော့ ပုလဲဆိုသော ဝေါဟာရလေးကပင် 'အလုံးစုံသော သန့်ရှင်းစင်ကြယ်မှု'ဟု အဓိပ္ပာယ်လှလှလေးတစ်ခု ဖွင့်ဆိုနိုင်ခဲ့သည်။

ရောမတို့ကမူ 'ပုလဲရတနာသည် အချစ်နှင့် ပျော်ရွှင်မှုကို ပကတိပြည့်စုံစေခြင်း'ဟု ယူဆခဲ့ကြသည်။

ကဲ... ညို ဒါဆိုရင် ရှင်ကလေးနဲ့ ပုလဲလေးတွေပေါ် ချစ်ခင်မြတ်နိုးမှုတွေဟာ ဒါတွေကြောင့်များလားလို့ ကိုယ့်ကိုယ်ကို တွေးစရာလေးတွေ ဖြစ်မနေပေဘူးလားကွယ်။



အံ့သြဖွယ် တိုက်ဆိုင်မှုတစ်ခုလို့တော့ ပြောနိုင်တာပေါ့နော် ညို။

ဒါတွေကြောင့်လို့ ထင်ပါရဲ့ကွယ်။ 'မိုနာကိုမင်းသမီးလေး'နဲ့ ဒီကမ္ဘာကြီးရဲ့ အချစ်တော် အပျိုမလေးတွေရဲ့ အသည်းစွဲ 'ဒိုင်ယာနာမင်းသမီးလေး' တို့ဟာ ဒီပုလဲရတနာကိုပဲ အထွတ်အမြတ်ထားပြီး သူတို့ရဲ့ တော်ဝင်နန်းထိုက်ရတနာ တစ်ခုအဖြစ် အမြဲဝတ်ဆင်ခဲ့ကြပါတယ်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး အဲလီဇဘက်တေလာနဲ့ မာရီလင်မွန်ရိုးတို့ရဲ့ 'စံ'ထားဝတ်ဆင်ခဲ့တဲ့ ရတနာဟာလည်း ဒီပုလဲသွယ်တွေပါပဲ။

ကဲ... မေကလေးနဲ့ အပျိုမလေးတို့ရေ၊ ပုလဲဆိုတဲ့ ရတနာလေးတွေဟာ 'အချစ်ကို ကိုးကွယ်ခြင်း၊ ဖြူစင်မြတ်နိုးခြင်း၊ အလုံးစုံသန့်ရှင်းစေခြင်းနှင့် ပျော်ရွှင်မှုတို့ဖြင့် မေတ္တာတရားကို ဖန်တီးခြင်း'ဟု ဆိုလာလျှင်-

ရတနာအပျိုမလေးတွေက ပုလဲလေးတွေကို တမ်းတမ်းတတ ဝတ်ဆင်လာကြခြင်းဟာ အချစ်ရဲ့ ဆန်းကြယ်မှုတစ်ခုလို့ မှတ်ယူစရာပဲပေါ့။

ပုလဲလုံးလေးတစ်ခု ဘယ်လိုဖြစ်ပေါ်လာသလဲလို့ ဆိုတာလောက်တော့ဖြင့် ပုလဲချစ်တဲ့ ချစ်မရဲ့ အပျိုမလေးတို့ သိထားစေချင်ပါတယ်ကွယ်။

ရှေးရှေးတုန်းက ပုံပြင်လေးတစ်ပုဒ်မှာတော့ ဖြူဖွေးတဲ့ နှင်းပေါက်နှင်းစက်လေးတစ်ခုက ကမာကောင်လေးတစ်ကောင်ရဲ့ ရင်ထဲကို လိမ့်ကျသက်ဆင်းရာက စတင်ဖြစ်ပေါ်လာခဲ့တယ်လို့ ဆိုခဲ့ကြတယ်လေ။



ဒါပေမယ့် ဒဏ္ဍာရီတစ်ပုဒ်ထဲမှာတော့ ပုလဲလေးတွေဟာ နတ်သမီးလေးတွေရဲ့ မျက်ရည်စက်တွေလို့ လွမ်းမောဖွယ်ရာ ပြောကြပြန်ပါတယ်။

ဂရိပုံပြင်တစ်ပုဒ်မှာပေါ့။ ဒီပုလဲလေးတွေဟာ မိုးကောင်းကင်ကြီး ထဲက လျှပ်



စီးတွေ လက်ရာကနေပြီး ဖြစ်ပေါ်တည်ရှိကာ မဟာ သမုဒ္ဒရာကြီးရဲ့ ကြမ်းပြင်ဆီ ကို လွင့်စဉ်ကျရောက်လာပါ သတဲ့ကွယ်။

တကယ်တော့ ပုလဲ လေးတွေဟာ သူတို့ပြောတဲ့ ပုံပြင်တွေထဲကလို ဖြစ်ပေါ်ခဲ့ ကြတာတော့ လုံး၀ မဟုတ်ခဲ့ ရပါဘူး။ မုတ်ကောင်လို့ ခေါ် တဲ့ ကမာကောင်လေးတွေ ဆီက အလိုလို ဖြစ်ပေါ်လာတဲ့ ရတနာလေးတစ်ပါးသာ ဖြစ် ပါတယ်။

အရာဝတ္ထုပစ္စည်းလေးတစ်ခုခု ဒါမှမဟုတ် သဲမှုန့်စလေးတစ်စဟာ အဲဒီမုတ်ကောင်လေးရဲ့ ခန္ဓာကိုယ်ထဲကို မတော်တဆလေး ဝင်ရောက်မိရာက စပြီး ဒီဇာတ်လမ်းလေး ဖြစ်ပေါ်ခဲ့ရတာပါပဲ။ မုတ်ကောင်လေးဟာ ခိုးလိုးခုလု ခံစားရင်း အဲဒီ ဧည့်သည်တော်လေးကို ပြန်ပြီး မောင်းနှင်ထုတ်ဖို့ အကြိမ်ကြိမ် ကြိုးစားပါတော့တယ်။

ပေကတ်ကတ်နဲ့ အတင်းတွယ်ကပ်နေလို့ မောင်းထုတ်လို့ မရတော့ဘူးဆိုရင်လည်း သူ့ကိုယ်သူ ကာကွယ်ဖို့ စတင်ကြိုးစားပါတော့တယ်။ နယ်ကျွံလာတဲ့ ဒီဒုက္ခကောင်လေးကို မောင်းထုတ်လို့မရတဲ့ အတူတူတော့ သူ့ရဲ့ ကိုယ်ခန္ဓာထဲမှာ ရှိတဲ့ Naere လို့ခေါ်တဲ့ သက်တံရောင်တစ်မျိုးနဲ့ တစ်လွှာပြီးတစ်လွှာ တစ်ရစ်ပြီးတစ်ရစ် တစ်ထပ်ပြီးတစ်ထပ် ကြိုးစားပမ်းစား ဖုံးအုပ်ကာကွယ်တော့ တာပါပဲ။

ကဲ… ဒီလိုနဲ့ အချိန်ကလေးတွေ တော်တော်ရလာပြီး ကမာ



ကောင်ကလေးလည်း မေ့လောက်တဲ့အချိန်ရောက်ရော ပုလဲဆိုတဲ့ ရတနာလေးတစ်ပါး ဟာ ဒီကမ္ဘာကြီးပေါ်မှာ ကံကောင်းခြင်းကြီးစွာနဲ့ လှလှပပကလေး မွေးဖွားလာပါ တော့တယ်။

ကဲ… ကြည့်စမ်းပါဦး မေကလေးရယ်။ တစ်ချိန်က မေကလေး မေးခဲ့ဖူးတာ အမှတ်ရမိရဲ့လား။ ပုလဲဝတ်တာ တချို့လူကြီးတွေက မကြိုက်ကြဘူး ဆိုတဲ့။ 'ပုလဲ'ဆိုတော့ (ပုပြီးများ လဲသွားမှာလားလို့တဲ့လေ။) ရှာရှာဖွေဖွေကွယ်၊ ခု မေလေး သိပြီလေ။ ပုလဲလေးတစ်လုံးဆိုတာ 'ဒွဲတွေ၊ စွန့်စားမှုတွေ၊ ကြိုးစားမှုတွေ ကြားက လှပစွာ အနိုင်ယူ အောင်မြင်ခဲ့တဲ့ ကံကောင်းခြင်းလက်ဆောင်'လေးတစ်ခု ဆိုတာကိုလေ။ နောက် မေ မေးခဲ့ဖူးသေးပါတယ်။

ကမာကောင်လေးတွေရဲ့ မျက်ရည်မို့ မင်္ဂလာဆောင်တွေမှာ ဘယ် လိုသတို့သမီးကမှ မဝတ်ဆင်ရဲကြဘူးဆိုတဲ့ မေးခွန်းပဲ။ မှားယွင်းတဲ့ အယူအဆ တချို့က ဘယ်လောက်များ တက်တက်စင်အောင် လွဲမှားခဲ့ကြသလဲနော်။ ပုလဲလေး တွေဟာ 'ကံကောင်းခြင်း ကုဋေကဋာနဲ့ မွေးဖွားလာတဲ့ အေးမြသော ချစ်ခြင်း၏ ပျော်ရွှင်မှုတစ်ခု'ဆိုတဲ့ သူ့ဂုဏ်ဒြပ်လေးကို မေ့ထားလိုက်တော့မလား။

ချစ်မ သိသမျှတော့ ကိုယ့်ဆီကို ရတနာတွေ တစ်ခုပြီးတစ်ခု၊ တစ်မျိုးထက်တစ်မျိုး ဝင်လာစေချင်ရင် ဆွဲဆောင်သိမ်းသွင်းနိုင်ဆုံး ရတနာလေးတစ် ပါးဟာ ပုလဲပါပဲ။

'ဥစ္စာမြဲအောင် ပုလဲဆောင်၊ အိုအောင်မဆင်းရဲ'ဆိုတဲ့ မင်္ဂလာ ကျက်သရေအပေါင်းနဲ့ ပြည့်ဝတဲ့ ဒီဆိုရိုးစကားလေးဟာ တို့မြန်မာဘိုးဘွားတွေ လက်ထက်ကတည်းက ကြားဖူးခဲ့တာပေါ့နော်။

စကားစပ်လို့ တစ်ခုပြောရဦးမယ် မေကလေးရဲ့။ ချစ်မတို့ သွားခဲ့ တဲ့ အတိုင်းတိုင်းအပြည်ပြည်က ရတနာပြပွဲကြီးတွေမှာလေ ဖွင့်ပွဲကြီးတွေတိုင်းမှာ တက်ရောက်ကြတဲ့ ဂုဏ်သရေရှိ တော်ဝင်မိန်းမသားတိုင်းရဲ့ လည်တိုင်မှာ ထာဝရ ဂုဏ်ယူစွာ ဆင်ယင်ကြတဲ့ ရတနာကတော့ ဒီပုလဲသွယ်လေးတွေပါပဲ။

ရတနာစိန်ကျောက်နဲ့ ပတ္တမြား၊ နီလာတွေတောင် မျက်နှာငယ် လှစွာ နောက်ကောက်ကျလေ့ရှိပါတယ်။

ကဲ… ဒါဆိုရင် ပုလဲလေးတွေရဲ့ နှစ်သက်ဖွယ် ချစ်ပုံပြင်လေး

တွေကို စေ့စေ့ငငကလေး လေ့လာကြရအောင်ပါနော်။

သဘာဝတရားရဲ့ ဆန်းကြယ်စုံလင်မှုတွေ ဘယ်ကလောက်များ ကြီးကျယ်ခမ်းနား များပြားခဲ့သလဲဆိုတာ ကြည့်လိုက်ကြပါဦးကွယ်။

ယေဘုယျအားဖြင့်တော့ 'ပုလဲ'လေးတွေကို သုံးမျိုးသုံးစား ခွဲခြားလို့ လေ့လာသိရှိရပါတယ်။

- သဘာဝပုလဲ (Natural Pearl)
- မွေးမြူရေးပုလဲ (Cultural Pearl)
- ပုလဲတု (Imatation Pearl) တွေရယ်ပါပဲ။

**သဘာဝပုလဲ** (Natural Pearl)

မုတ်ကောင်လေးတစ်ကောင်ရဲ့ အသည်းနှလုံးထဲကို မထင်မှတ်ဘဲ ရောက်ရှိလာတဲ့ ဧည့်သည်တော်ပစ္စည်းလေးကို သူ့ရဲ့လှပတဲ့ ရောင်စဉ်ရည်ကြည်လေးတွေနဲ့ ပတ်ချာလည် ဝိုင်းရံကာကွယ်ရင်း ဖြစ်ပေါ်လာတဲ့ ကံကောင်းခြင်းလက်ဆောင်လေးပေါ့။

**မွေးမြူရေးပုလဲ** (Cultural Pearl)

မွေးမြူရေးပုလဲလေးကတော့ သက်သက်မဲ့မဲ့နဲ့ကို လူတွေက အလှဆင်ဖန်တီးခဲ့တာ။ မုတ်ကောင်လေးတစ်ကောင်ရဲ့ ခန္ဓာကိုယ်ထဲက အသည်းနှလုံးလေးထဲကို မိခင်ကမာကောင်ရဲ့ ကမာခွံအစလေးပဲဖြစ်ဖြစ်၊ ဝိုင်းစက်တဲ့ အရာဝတ္ထုလေးတစ်ခုကိုပဲဖြစ်ဖြစ် ထည့်သွင်းသန္ဓေတည်ပေးလိုက်ရာကအစ ပုံပန်းကျပြီး လှပဝိုင်းစက်တဲ့ ဗီဇလေးတစ်ခုပေါ်ကို ကမာကောင်လေးက သူ့ရဲ့လှပတဲ့ အရည်ကြည်လေးတွေနဲ့ စတင်ဖုံးလွှမ်းရာကအစ စတင်ဖြစ်ပေါ်ခဲ့ရပါတယ်။

အံ့ဩဖွယ်ဖြစ်လာမယ့် မျှော်လင့်ချက် အလှတစ်ခုအတွက် ဒီနျူးကလီယခေါ်တဲ့ ဝတ်ဆံလေးတစ်ခု ထည့်သွင်းဖို့ရာကိုတော့ ကျန်းမာပြီး အရွယ်ရောက်တဲ့ ကမာကောင်လေးတွေကို ရှာဖွေပြီး ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်ကာ ထည့်ပေးရတာပါပဲ။

အဲဒီကမာလေးကိုလည်း ယုယုယယ ဂရုတစိုက် မွေးမြူရပြန်ပါ





ရော။ သုံးနှစ်လောက် အချိန်တွေကြာညောင်းလာတဲ့အခါ လှပဝိုင်းစက်ပြီး အရည်အသွေးမြင့်မီလှတဲ့ 'သဘာဝရဲ့ ချစ်လက်ဆောင်' လှလှလေးတစ်ပါး ဖွားမြင်ခဲ့ပါတော့တယ်။ ဒါပေမယ့် သည်လို အခွင့်အရေး ရဖို့ဆိုတာ အင်မတန့် အင်မတန်မှ ခက်ခဲလှလွန်းလို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလုပ်ငန်းတွေဟာ အရမ်းကိုလူလည် ကျတတ်ကြလို့ပေါ့။ သူတို့ရဲ့ ကိုယ်ထဲကို ခွဲထည့်လိုက်တဲ့ အရာဝတ္ထုလေးတွေကို ပေကတ်ကတ်နဲ့ လက်မခံလိုတတ်ကြဘူး။ သူတို့ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတင်းတွန်းကန် စွန့်ထုတ်ပစ်လေ့ ရှိကြလို့ပါပဲ။

စွန့်မထုတ်နိုင်လို့ တည်မြဲသွားတဲ့တိုင် လှပဝိုင်းစက်ပြီး အရည်အသွေးမြင့်မီတဲ့ ပုလဲလေးတစ်လုံး ရရှိဖို့ဆိုတာ တစ်ရာခိုင်နှုန်းလောက်သာ အခွင့်အရေး ရတတ်ကြလို့ပါပဲ။ အများစုကတော့ မွေးမြူရေးပုလဲလေးတွေဟာ သုံးလို့မရတော့ဘဲ အဟောသိကံ ဖြစ်ကုန်ကြရတာလို့ပေါ့ကွယ်။

ကဲ သည်တော့-

မွေးမြူရေးပုလဲလေး တစ်လုံးပဲဖြစ်ဖြစ်၊ သဘာဝ ပုလဲလေးတစ်လုံးပဲဖြစ်ဖြစ်၊ လှပတဲ့ ပုလဲလေးတစ်လုံး ဖြစ်လာဖို့ရာကတော့ 'သဘာဝတရားရဲ့ ကြီးမားတဲ့ ကံကောင်းတဲ့ဆုကြီးတစ်ခု' လို့ ယူဆရမှာပေါ့နော်။

ဒါကြောင့်မို့ ကိုယ့်ရင်သွေးလို သဘောထားပြီး 'ချစ်စရာပုလဲ' လို့ အမည်တွင်တယ် ထင်ပါရဲ့။

တတိယပုလဲကတော့ အပျိုမလေးတစ်ရာမှာ တစ်ရာလုံးကြိုက်ကြတဲ့-

## ပုလဲတု (Imitation Pearl)

(Imitation Pearl)လို့ ခေါ်တဲ့ ပုလဲတုပါပဲ။ ဒီပုလဲလေးတွေကတော့ လူသားတို့က သဘာဝမဟုတ်တဲ့ ပလတ်စတစ်တွေ၊ ဖန်တွေ၊ ပရောစလိပ်စ်တွေနဲ့ ဖန်တီးထုတ်လုပ်ထားတဲ့ ပုလဲရတနာလေးတွေ ဖြစ်ကြပါတယ်။ စိတ်ကူးဉာဏ်ရှိသလောက် အနိုင်းမဲ့ တီထွင်ဖန်တီးတာကြောင့် ပုလဲတုများရဲ့ အလှဟာ တုနှိုင်းမမီလှတတ်ကြပါတယ်။

ဒါပေမယ့် အတုဟာ အတုပါပဲ။ အစစ်မှ မဟုတ်ခဲ့တော့ သူ့ရဲ့သိက္ခာနဲ့ တန်ကြေးဟာ နိမ့်ကျလွန်းလှပါတယ်။

တန်ဖိုးနည်းသလို ပျက်စီးလွယ်တယ်။ ဒါပေမယ့် ချစ်မတို့လို ရတနာကုန်သည်တွေအတွက်တော့ နမူနာပုံစံလှလှလေးတွေအဖြစ် သူတို့က ကူညီပြန်ပါတယ်လေ။

လူဟွေ ကျပ်ညပ်နေတဲ့ ပွဲလမ်းသဘင်တွေမှာတော့ 'ပုလဲတုလေး' တွေနဲ့ အလှဆင်ရင်း အန္တရာယ်ကို ကာကွယ်နိုင်တာပေါ့ကွယ်။ အငြိမ့်သဘင်၊ ဇာတ်သဘင်တွေမှာတော့ ဒီပုလဲသွယ်လေးတွေဟာ သူတို့ကို ဘယ်ကလောက် ပံ့ပိုးကူညီကြတယ်ဆိုတာ သူတို့ပဲ ပိုသိပါလိမ့်မယ်။

ဒီတော့ ဘယ်လိုပုလဲပဲဖြစ်ဖြစ် လူသားတွေရဲ့ စိတ်နှလုံးကို နူးညံ့သိမ့်မွေ့ခြင်းတွေနဲ့ ပျော်ရွှင်ခြင်းအတိကို ပြီးစေတာတော့ အမှန်ပါပဲ။

လူသားတွေကို မပြောပါနဲ့။ တစ်ခါတုန်းက ချစ်မတွေ့ဖူးတဲ့ ကျန်းမာရေးစာစောင် တစ်ခုထဲမှာ ထင်ပါရဲ့။ (လူအရိုးစုလေးတစ်ခုဟာ ခန်းမကျယ်ကြီးတစ်ခုထဲက သေတ္တာ ပုပုလေးတစ်လုံးပေါ်မှာ လူတစ်ယောက်လို ထိုင်နေတဲ့ပုံပါပဲ။ ကိုယ်ကို တစ်ခြမ်းစောင်း ပက်လက်လဲလျောင်းရင်း အရိုးခြောက်၏ လက်ကလေးတစ်ဖက်က သွဲ့သွဲ့လေးထောက်လို့။ ဦးခေါင်းရိုးက အပေါ်ကိုမော့နေတဲ့ အနေအထားနဲ့ ကျန်လက်တစ်ဖက်က ပုလဲလေးတစ်လုံးကို ကိုင်မြှောက်ထားတဲ့ ပြုံးပြီးကြည့်နေတဲ့ပုံ။



အဲဒီမှာ ချစ်မအကြိုက်ဆုံးက သူ့လည်တိုင်က ပုလဲသွယ်ကြီးပေါ့။ ဒူးအောက်ထိ လျှောကျအောင် ဆွဲချထားတယ်လေ။ တစ်စေ့၊ တစ်လုံးစီ ပျံ့နှံ့လွင့်နေတဲ့ ပုလဲဖြူလွလွလေးတွေက သူ့ခြေထောက် အရိုးချောင်းတွေအောက်မှာ ပျံ့လွင့်လို့။

တကယ့် ကဗျာတစ်ပုဒ်ပဲကွယ်။

ဂန္ထဝင်မြောက် ကားချပ်တစ်ခုပဲ ဖြစ်ပါတယ်။

တစ်သက်လုံးက လူ့အရိုးစုတွေကို ရှုံ့ခဲ့၊ ကြောက်ခဲ့၊ မုန်းခဲ့တဲ့၊ စေ့စေ့မကြည့်ရဲခဲ့တဲ့ ချစ်မလေ အဲဒီနေ့ကစပြီး အရိုးစု တစ်ခုရဲ့ အလှအပဆိုတဲ့ 'ချစ်ခြင်း'တစ်ခုကို လွယ်လွယ်ကလေးနဲ့ ဖြားယောင်းသိမ်းသွင်းခြင်း ခံခဲ့ရပါတယ်။ ဒီအရိုးစုနဲ့ ချစ်မရဲ့ကြားကို မေတ္တာတံတား ခင်းပြအောင်သွယ်ပေးခဲ့တဲ့ ဆက်သွယ်ရေး သံတမန်လေးတွေဟာ ပုလဲလေးတွေကလွဲပြီး ဘယ်သူ ရှိနိုင်မှာလဲနော်။

ဒီပုံဟာ ပီကာဆို ရှိခဲ့ရင် ကမ္ဘာကျော် ဂန္ထဝင်ပန်းချီကားတစ်ချပ်ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူပြောနိုင်ပါ့မလဲနော်။

ဒီတော့ အပျိုမလေးရယ်-

ရှင်သန်ခြင်းတွေနဲ့ အလှတွေ မွှန်းထုံနေတဲ့ မင်းကလေးဆီကို ကံကောင်းခြင်းဆိုတဲ့ ပုလဲလေးတစ်လုံး ရောက်ရှိလာခြင်းဟာ သဘာဝကပေးတဲ့ ဆုကြီးတစ်ခုပေါ့ကွယ်နော်။

ကဲ ဟုတ်ပြီ။



ဒီတော့ Cultural Pearl ကိုတော့ နည်းနည်းလောက် စိတ်ရှည်ရှည်ထားပြီး လေ့လာလိုက်တဲ့အခါ အုပ်စုသုံးခုကွဲလာတာ တွေ့ရပြန်ပါတယ်။ ပထမဆုံးကတော့-

Akoya Pearl

လို့ခေါ်တဲ့ ဂျပန်ပုလဲကို တွေ့ရပါမယ်။

ကမ္ဘာပေါ်မှာ ဒီပုလဲကိုတော့ အများဆုံး တွေ့ရှိ

နိုင်ပါတယ်။ ဒီပုလဲလေးတွေကို ဂျပန်နိုင်ငံရဲ့ တောင်ဘက်နှင့် အနောက်ဘက် ကမ်းရိုးတန်းတွေမှာရှိကြတဲ့ ကမာကောင်လေးတွေက မွေးဖွားသန့်စင်ပေးပါတယ်။ အရွယ်ပမာဏဟာ ၉ မီလီမီတာထက် မကျော်တတ်ကြပါဘူး။ တန်ဖိုးကြီးမားလှတဲ့ ပုလဲစစ်စစ်လေးတွေပေါ့။

ဒုတိယပုလဲကတော့-

South Sea Pearl ခေါ်တဲ့ တောင်ပင်လယ်ပုလဲပါပဲ။

ဒီပုလဲကိုတော့ 'ပုလဲတို့ရဲ့ဘုရင်မ' ရယ်လို့ လူသိများလှပါတယ်။ ပုလဲဘုရင်မလေးတစ်ပါးရဲ့ အလှကိုလည်း ကြည့်လိုက်ပါဦး။ ခံ့ညားပြီး မဟာဆန်လှတဲ့အလှ၊ ရှားပါးတဲ့ အရည်အသွေး တောက်ပြောင်မှုဆိုတဲ့ ဂုဏ်ပုဒ်တွေကြောင့် ကမ္ဘာပေါ်မှာ လူကြိုက်အများဆုံးပုလဲရယ်လို့ ကျော်ကြားခဲ့ပါတယ်။

အရွယ်အစားကလည်း ခံ့မှခံ့၊ ကြီးမှကြီးပေါ့။ ၉ မီလီမီတာအရွယ်ကနေ ၁၆မီလီမီတာထိတောင် ရှိတတ်ကြပြီး အဖိုးနဂ္ဂလည်း ထိုက်တန်လှပါတယ်။

နောက်

Australia မှထွက်တဲ့ ပုလဲတွေကတော့ မှော်ဝင်ပုလဲလို့တောင် ထင်ရပါတယ်။

ဘော်ငွေရောင်၊ ပုလဲရောင်၊ အပြာရောင်အပြင် စိမ်းမြမြနဲ့ လျှို့ဝှက်နက်နဲ ဆန်းကြယ်လှတဲ့ ရောင်စဉ်တွေနဲ့ အရူးအမူးဖြစ်အောင် ဖမ်းစားနိုင်တာမို့ အံ့သြဖွယ် ပုလဲလေးတွေအဖြစ် တွေ့ကြရမယ်လေ။ ကမ္ဘာပေါ်မှာတော့ ဩစတေးလျ ပုလဲဟာ တန်ဖိုးကြီးလွန်းလို့ နာမည်ကြီးလှပါတယ်။

Tahiti က ထွက်တဲ့ ပုလဲနက်ကလေးတွေကတော့ ကမ္ဘာပေါ်မှာရှိတဲ့ အပျိုမလေးတွေရဲ့ မဟူရာရွှေအိပ်မက်တွေကို ရူးသွပ်စွာ မက်စေအောင် ဆွဲဆောင်နိုင်ဆုံး ရတနာတွေ ဖြစ်ခဲ့ပါတယ်။ ဘယ်လောက်များ တမ်းတဖို့ကောင်းသလဲဆိုရင် ရှင်ကလေးတို့ မယုံရင်တော့ ပုလဲနက်ပုံပြင်လေးတွေနဲ့ ထိတွေ့ ဆော့ကစားချင်သပဆိုရင်ဖြင့် 'ပဏ္ဏမြားမိုမို' တို့ဆီ လာခဲ့စမ်းပါလားကွယ်။

မင်း သိပ်ပျော်သွားမယ်လေ။

နောက်တစ်မျိုးကတော့-



Fresh Water Pearl ခေါ်တဲ့ ပုလဲပါပဲ။ တရုတ်ပုလဲလို့လည်း ခေါ်ကြတယ်။

ဒီပုလဲလေးတွေကိုတော့ ရေချိုတွေထဲမှာ ရှိကြတဲ့ ကမာကောင်လေးတွေက မွေးကြတယ်ကွယ့်။ အပျင်းကြီးတဲ့ ကမာအကောင်လေးတွေက ပုလဲလုံးငယ်ကလေးတွေကိုပဲ မွေးပေးကြတယ်လေ။ ရေချိုပုလဲလေးတွေဟာ ၂မီလီမီတာကနေ ၅မီလီမီတာအရွယ်လောက်သာ ကြီးတတ်ပြီး ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ အရောင်အမျိုးမျိုးတွေ့နိုင်ပါတယ်။ ဈေးမကြီးဘဲ ဈေးပေါလွန်းလို့ မျက်နှာငယ်ပုလဲတွေလည်း ဖြစ်ပါတယ်။

ကဲ… ဒီလောက်ဆိုရင်ဖြင့် ပုလဲရတနာလေးတွေကိုမှ တမ်းတမ်းတတ ချစ်မြတ်နိုးကြတဲ့ ရတနာအပျိုမလေးတို့ ဘဝင်ကျလောက်ကြပြီလို့ ထင်ပါရဲ့နော်။

ဒါပေမယ့် ချစ်မကတော့လေ ကိုယ့်ရဲ့ ချစ်ညီမလေးတွေကို ကိုယ့်ကိုယ်ကို ပုလဲလှလှလေးတစ်လုံးလို ခံယူပြီး ပုလဲပုံပြင်တွေကို နားလည်အောင် ခံစားစေချင်လိုက်တာ။

နောင်အခါ သူတကာတွေရဲ့ ပုလဲပဟေဠိတွေကြားမှာ မတော်တဆလေး ရောက်ရှိခဲ့ရင်ဖြင့် ပုလဲလေးဘဝ ရောက်ရှိနေတဲ့ ကိုယ်က သူတစ်ပါးထံကို ပုလဲလေးအကြောင်း ကောင်းကောင်း ကူးစက်စေခြင်းဖြင့် ပျော်ရွှင်မှုတွေ မျှဝေခံစားစေနိုင်တာပေါ့နော်။ ဒီတော့ တို့တွေ မသိသေးတဲ့ ပုလဲလေးတွေ အကြောင်းကို ထပ်လေ့လာရအောင်လား။

Keshi Pearls ဆိုတဲ့ ပုလဲလေးကတော့-

ပုလဲထုတ်ပေးတဲ့ ကမာကောင်ကလေးရဲ့ နူးညံ့သိမ်မွေ့တဲ့ အသားနုနု၊ အသားဆိုင်လေးတွေထဲက အလိုလိုဖြစ်ပေါ်လာတယ်ဆိုရင် မှန်ပါတယ်ကွယ်။ အသေချာဆုံးကတော့ သတ္တဝါလေးတစ်ကောင်ကောင်ရဲ့ အရေခွံအပိုင်းအစလေး တစ်ခုဝင်ရောက်သန္ဓေတည်ရာက စဖြစ်ပေါ်လာတယ်လို့ ဆိုရပါမယ်။ ဖြစ်ပေါ်လာတဲ့ ပုလဲလေးရဲ့ အရွယ်ကလည်း အင်မတန်မှ ငယ်တတ်ကြပါတယ်။

ဒါပေမယ့် 'တောင်ပင်လယ်' ဘက်ကထွက်တဲ့ Keshi Pearls တွေကတော့ အားရှိတဲ့ အစားတွေ စားကြရလို့လား မသိပါဘူး။ ဝဝတုတ်တုတ်နဲ့

အရွယ်ကြီးကြီးလေးတွေ ရတတ်ကြပြန်ပါတယ်။ တစ်ခါတလေများ (၁၀ မီလီမီတာ) ထက်တောင် ကျော်သေး။

ဒီ Keshi ပုလဲလေးတွေဟာ ကြီးသည်ငယ်သည်မရွေး လှုကြိုက်များလှပြီး သူ့အလှနဲ့ ဂုဏ်သိက္ခာသတင်းဟာ သူ့ရဲ့ တန်ဖိုးကို အမြင့်မားဆုံးထိ မြင့်တင်စေခဲ့ပါတယ်။

ဒီတော့ ရတနာ အပျိုမလေးတစ်ယောက်အနေနဲ့ Keshi ပုလဲလေး တစ်လုံးတလေလောက်နဲ့တော့ ခပ်မြန်မြန်လေး ဂုဏ်ယူကြည့်လိုက်စမ်းပါလားကွယ်။



ရတနာပြပွဲတစ်ခုမှာ Keshi Pearls လေးတွေ နာမည်ကြီးလွန်းလို့ ချစ်မတော့ နားကပ်တစ်စုံလောက် ဝယ်ယူဖူးပါတယ်။ ၅ ရတီတစ်စုံမှ အမေရိကန် ဒေါ်လာ ၂၀၀ လောက်သာ ကျသင့်တာမို့ ဒီဈေးလောက်ကဖြင့် ဘယ်အပျိုမလေးမဆို အဟမ်း- မဆိုလောက်ပါဘူးကွယ့်နော်။

ဟော နောက်တစ်မျိုးကတော့-

Mabe Pearls ဆိုတဲ့ "အခြမ်းပုလဲ" လေးတွေပါပဲ။ ကတ်ကတ်သတ်သတ်ကွယ်။ ချစ်မတောင် မျက်စိလည်ဖူးသေးပါရဲ့။ ပိုက်ဆံလေးနည်းနည်းလောက် ချွေတာချင်တာနဲ့ ပုလဲလုံးလုံးလေးတစ်လုံးကို ဒီလို ရက်ရက်စက်စက် ထက်



ပိုင်းခွဲတာတော့ မကောင်းပါဘူးနော်လို့ ထင်မိတာ။

နောက်တော့မှ ချစ်မ အ,တာလေ။

ဒီ Mobe ပုလဲခြမ်းလေးတွေဟာ ပုလဲတစ်လုံးကို တစ်ခြမ်းခြမ်းပြီး လက်ဝတ်ရတနာ လုပ်ထားတာမှ မဟုတ်ဘဲကွယ့်။

ကမာကောင်လေးရဲ့ ရင်ထဲကို တည်မွေးတာ မဟုတ်ဘဲ ကမာခွံလေးထဲမှာ ဘဲဥပုံ၊ ရေစက်ပုံ၊ အသည်းပုံနဲ့ စက်ဝိုင်းပုံစတဲ့ ကိုယ်လိုချင်တဲ့ပုံရအောင် မွေးယူကြတာ ဖြစ်ပါတယ်။

အကြီးဆုံး ၂၂ မီလီမီတာထိတောင် ရှိတတ်ကြပါတယ်။ ဒါပေမယ့် အရွယ်ကြီးပြီး အချိန်မစီးဘဲ ရှိကြသလို ဈေးနှုန်းကျတော့လည်း သက်သာနေပြန်ပါရော။ သူကမုတ်ခွံပုလဲကိုး။

လက်ဝတ်လုပ်ထားလို့ကတော့ မယူဘဲ မနေနိုင်လောက်အောင် ခံစားရလိမ့်မယ်။

နားပါးပါးနဲ့ ချစ်ညီမလေးတွေအတွက်တော့ အသင့်တော်ဆုံး ရတနာ တစ်ခုပါပဲ။

ကဲ... ဒီလောက်ဆိုရင်ဖြင့် ပုလဲလေးတွေ ဘယ်လိုဖြစ်လာသလဲ၊ ဘယ်နှမျိုးလောက် ရှိတယ်ဆိုတာ၊ ဘယ်ပုလဲက တန်ကြေးများတယ်၊ ဘယ်ပုလဲကို ဘယ်မှာရနိုင်တယ်ဆိုတာ သိပြီပေါ့နော်။ ဒါဆို ချစ်မတို့ ပုလဲလေးတစ်လုံး ရယူကြစမ်းမယ်လေ။

အရည်အသွေး ကောင်းမွန်တဲ့ ပုလဲလေးတစ်လုံးကို ဘယ်လိုရွေးကြမလဲ။

ပုလဲတစ်လုံးမှာ ကြီးမားတဲ့ ဂုဏ်အင်္ဂါငါးရပ်နဲ့ ပြည့်စုံပါတယ်။ အဲဒါတွေကတော့-

- အရောင် (Colour) နဲ့
- အရွယ် (Size)၊ ပြီးတော့
- တောက်ပစွမ်းအား (Lustre) နဲ့
- Shape ဆိုတဲ့ ပုံသဏ္ဍာန်၊ ပြီးတော့-
- Coating ဆိုတဲ့ အရည်လွှာရဲ့ သိပ်သည်းမှုအလှပါပဲ။

ဒါတွေကို သေသေချာချာ စစ်ဆေးသင့်ပါတယ်။

ကိုယ် ဂရုတစိုက်နဲ့ ရွေးချယ်ဝယ်ယူလိုက်တဲ့ ပုလဲလေးတွေဟာ တစ်ခဏမက 'တစ်ဘဝ' သိမ်းဆည်းချင်လောက်အောင် မြတ်နိုးဖွယ်ရာ စာစုတစ်ခု ဖြစ်ဖို့ လိုတာပေါ့နော်။ ဒီတော့ အရောင်အသွေး ရွေးချယ်တတ်ဖို့ရာ ပထမထားပြီး ဂရုစိုက်ပါနော် ချစ်ညီမ။

## အရောင်

ပုလဲရဲ့ အရောင်ဟာ ဝယ်ယူသူ အပျိုမလေးရဲ့ အကြိုက်ပေါ် မူတည်တတ်ပေမယ့် ကိုယ်နဲ့မကွာ တည်ရှိနေမယ့် ရတနာလေးမို့ ကိုယ့်အသားအရေနဲ့ လိုက်ဖက်မယ့် အရောင်လေးကို ရွေးချယ်စေချင်ပါတယ်။

ဥပမာ အသားသိပ်ညိုလွန်းတဲ့ အပျိုမလေးတစ်ယောက်အတွက် နှင်းပေါက်လေးလို ဖြူဖွေးနေတဲ့ ပုလဲလေးတစ်လုံးတော့ မပိုင်ဆိုင်စေချင်ဘူးလေ။ တကယ်လို့ အသားရောင် ပုလဲလေးတစ်ခု ပန်ဆင်လိုက်မယ်ဆိုရင်တော့ ပုလဲလေးရဲ့ လျှို့ဝှက်နက်နဲတဲ့ အလှလေးက အပျိုမလေးရဲ့ ညိုမောင်းမောင်း အသားရောင်ကို မဟာဆန်တဲ့အလှအဖြစ် ပြောင်းလဲသွားစေနိုင်မှာ အမှန်ပဲကွယ်။ ဒါပေမယ့် ရတနာ အပျိုမ အများစုကတော့ ပန်းရောင်နဲ့ ပန်းရောင်ဖျော့လေးတွေ၊ ရွှေဝါရောင်လေးတွေ၊ ဘော်ငွေရောင်လေးတွေ၊ နို့သားနှစ်ရောင်လေးတွေကို ကြိုက်နှစ်သက်တတ်ကြပါတယ်။

ဝါဝင်းနှစ်အိနေတဲ့ အသားရောင်ပိုင်ရှင်လေးတွေကတော့ ပုလဲနက်ကို တမ်းတမ်းမက်မက် ဝတ်ဆင်ကြတာ တွေ့ရပါတယ်။ ဥပမာ-တောင်ကြီးသူလေးတွေပေါ့။

သာမန် အသားအရေရှိတဲ့ အပျိုလေးတွေကတော့ အဖြူရောင်လေးတွေနဲ့ပဲ အလှဆင်ပါ။ တစ်ခုတော့ ပြောပြချင်ပါတယ်။ ပုလဲလေးတွေဟာ အဝတ်အစား ကြောင်ကျားကျားလေးတွေကိုတော့ သိပ်မနှစ်သက်တတ်ကြဘူးကွယ့်။ ဒီတော့ ပုလဲလေးတွေ ဝတ်တိုင်း ကြော့ရှင်းနေတဲ့ ခပ်ရင့်ရင့်ရောင် 'ပြောင်'သားတွေကိုသာ ရွေးချယ်ပါ။

ပုလဲနက်ကိုတော့ ဂရုတစိုက်ထားပြီး ညချမ်းကို ရှောင်ရှားပြီး



တ်ပါနော်။

တော်ဝင်မင်းသမီးတွေကတော့ ပုလဲနက် ဝတ်ဆင်တိုင်း နှင်းသားတွေလို ဖြူလွနေတဲ့ ပိုးသားဂါဝန်ဖြူလေးတွေနဲ့ တွဲဖက် ဝတ်ဆင်ကာ တွေ့ရပါတယ်။

နေညိုညို ညနေခင်းလေးမှာ ခဲသားရောင် ပုလဲလေး တစ်စုံဟာ အေးချမ်းမှုနဲ့ သိမ်မွေ့လှပနေပါလိမ့်မယ်။ နေ့လယ်ခင်းပွဲ တက်ရမယ်ဆိုရင်တော့ အနက်ရောင် သို့မဟုတ် စိမ်းနုရောင် ပိုးသားဝတ်စုံတွေပေါ်မှာ ရွှေဝါရောင်ပုလဲလေး တစ်လုံးက အလှဘုရင်မလေးတစ်ပါးကို ဖွားမြင်ပါစေလိမ့်မယ်ကွယ့်။

နံနက်ဦး မင်္ဂလာဦးပွဲများမှာတော့ တောက်ပရွှန်းလက်တဲ့ နေရောင်ခြည်ဟာ ဘော်သားရောင်လို လင်းလက်ဖြူဖွေးတဲ့ ပုလဲလေးနဲ့ လိုက်ဖက်စွာ ဝတ်ထားတဲ့ ဝတ်စုံနဲ့ အပျိုမလေးကို မိုးပေါ်က ကျလာတဲ့ နတ်သမီးလေးတစ်ပါး အလား ထင်မိမှားအောင် ဖမ်းစားသွားစေနိုင်ပါတယ်။

မီးရောင်တွေ ဖြာဖြာလင်းလက်နေတဲ့ မဟူရာညချမ်းမှာ အနက်ရောင်ကတ္တီပါ ဝမ်းဆက်လေးပေါ်က ဖြူလွတဲ့ ပုလဲသွယ်လေးဟာ ကြင်နာသူကို အနိုင်းမဲ့အလှတစ်ခုနဲ့ သေသေချာချာ ဆွဲဆောင်နိုင်ပါလိမ့်မယ်။ ကြင်နာသူမရှိတဲ့ အပျိုမလေးတွေအတွက်ကတော့ မင်းတို့ရဲ့ အလှကဗျာလေးတစ်ပုဒ်ကြောင့် အနည်းဆုံး သည်ပွဲထဲက ဓာတ်ပုံဆရာလေး တစ်ယောက်အတွက်တော့ တစ်စုံတစ်ရာ ရလိုမှုနဲ့ ပျာယာခတ်သွားနိုင်တာပေါ့။

ဒါဟာ သူ့အတွက် 'ပထမဆု'ရသွားစေနိုင်တဲ့ မော်ဒယ်လ်ပုံ လှလှလေးရဖို့ ကဗျာတစ်ပုဒ်ပဲ မဟုတ်လားကွယ်။

ကဲ… ဒီတော့ မင်းကလေး လိုချင်တဲ့ အရောင်ကိုတော့ ရွေးချယ်ဖြစ်အောင် ရွေးချယ်ပါ။ ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်မယ်။ 'မှုန်ဝါးဝါး မွဲတေတေ အရောင်ရှိတဲ့ ပုလဲ'လေးကိုတော့ မရွေးချယ်မိပါစေနဲ့နော်။

အရေခွံပါးပါးကလေးနဲ့ မရေရာတဲ့ ပုလဲလေးပိုင်ရှင်တော့ ဘယ်အပျိုမကလေးမှ မဖြစ်စေချင်လှပါဘူးတော်။ ဒါတော့ ကျွန်မ ဆန္ဒပဲ။

အရောင်ပြီးရင် အရွယ် (size) ပေါ့။

အရွယ်ကြီးတဲ့ ပုလဲပိုင်ရှင်မမလေးတွေတော့ အပျိုမကလေးတိုင်း

ဖြစ်ချင်တာချည်းပဲပေါ့နော်။

ဒါပေမယ့် ကိုရွှေပုလဲလေးတွေကလည်း ခွကျသား။ ဆိုက်ကြီးလာတာနဲ့အမျှ ဈေးကလည်း ခေါင်ခိုက်လာပြန်ရော။ ကဲ။

သေချာတာ တစ်ခုကတော့ ရှိပါတယ်လေ။

တန်ဖိုး မသေချာ၊ အရည်အသွေး မသေချာတဲ့ ပုလဲကြီးကြီးတစ်လုံးကို ရရှိဖို့ထက် အရွယ်ငယ်နဲ့ အရည်အသွေးကောင်းမွန်တဲ့ ပုလဲလေးတစ်လုံးရဲ့ ပိုင်ရှင် ဖြစ်ရမယ်ဆိုရင်တော့ ဘဝကို သပ်သပ်ရပ်ရပ်ကလေး အနိုင်ယူနိုင်တာပေါ့နော်။ ကြည့်။

'ဒါဟာ အလှတစ်ခုရဲ့ လျှို့ဝှက်ချက်တစ်ခုကို အနိုင်ယူ ဖော်ထုတ်နိုင်ခြင်းလည်း မဟုတ်ဘူးလားကွယ်'

တချို့ ငွေကြေးမပြည့်စုံပေမယ့် အလှတွေနဲ့ ပြည့်စုံနေတဲ့ ရတနာချစ်သူ အပျိုမလေးတွေကို ချစ်မတစ်ခု ပြောချင်ပါတယ်။

'ဒါတွေဟာ တို့နဲ့အဝေးကြီးပါ' လို့ ယောင်လို့တောင်မှ မတွေးလိုက်ပါနဲ့နော်။

ဘာလို့လဲဆိုတော့ နာဂူပုလဲလှလှလေးနဲ့ လုပ်ထားတဲ့ ပုလဲနားကပ်လေး တစ်ရန်ဟာ တစ်ခါတလေမှာ 'ကီရှိ' ပုလဲလေး ထိုင်ငိုအောင် လှတတ်ကြပါတယ်။ ရွေးချယ်တတ်ဖို့နဲ့ စိတ်ရှည်ဖို့သာ လိုတာကိုး။ တန်ကြေးကလည်း ရွှေဖိုးသာသာကလေးရယ်ပါ။

ဒီတော့ ညိုညက်ညက် အသားအရေပိုင်ရှင်မကလေးတွေဟာ နာဂူပုလဲလေးတွေနဲ့ ဂုဏ်ယူလို့ ရကြပါတယ်။ ငွေပိုငွေလျှံ အများကြီးမရှိရင်တောင်မှ သာမန် သင့်တင့်မျှတတဲ့ ဘဝနဲ့တင် ပုလဲဆွဲသီး၊ ပုလဲနားကပ်နဲ့ ပုလဲလက်စွပ်လေး တစ်ကွင်းတော့ တင့်တယ်အောင် ဝတ်လို့ရတာ အမှန်ပါပဲ။

ချစ်မတို့လို အသက်လေးဆယ်နား နီးနေတဲ့ ရတနာမမတွေအတွက်လည်း နာဂူအရည်ပြည့် ပုလဲလည်ဆွဲလေး တစ်ကုံးဟာ အေးချမ်းခြင်း၊ ဂုဏ်သရေရှိခြင်း၊ မဟာဆန်ခြင်းတို့နဲ့ ပြည့်စုံစေတယ်ဆိုရင်ဖြင့် ပုလဲဝမ်းဆက်လေး တစ်ခုတော့ ဝတ်ဆင်သင့်တယ်ပေါ့။

နောက်တစ်မျိုး ဂရုပြုရမှာက Shape ဆိုတဲ့ ပုံသဏ္ဌာန်ပါပဲ။



အရည်အသွေး ကောင်းမွန်လှချည့်ရဲ့ဆိုတဲ့ ပုလဲလေးတိုင်းဟာ ဝိုင်းဝန်းစက်နေတာ တွေ့ရပါတယ်။ ဈေးကလည်းကြီးမှကြီးပေါ့ရှင်ရယ်။

ဒါပေမယ့် ဘဲဥပုံ၊ မက်မန်းသီးပုံ၊ မိုးရေစက်ပုံစတဲ့ အချိုးမညီတဲ့ ပုလဲတွေကလည်း နာမည်ကြီးလှချည့်ပေါ့။ ဒိုင်ယာနာလေး တော်ဝင်မင်းသမီးလေးဘဝ ရခဲ့စဉ်က မင်္ဂလာ လက်ထပ်ပွဲမှာ မယ်တော် အဲလီဇဘက် ဘုရင်မကြီး ပေးခဲ့တဲ့ စိန်သရဖူကြီးမှာရှိတဲ့ ပုလဲတွေဟာ မိုးစက်ပုံပုလဲတွေပါပဲ။ ကမ္ဘာမှာ ဂန္ထဝင်မြောက် နန်းထိုက်ရတနာတစ်ခုပဲလေ။

အံ့သြစရာ အကောင်းဆုံးကတော့ ပုံသဏ္ဌာန်အတိအကျ ပြောလို့မရတဲ့ (Baroqug)ဘာရက်လို့ခေါ်တဲ့ ပုံမှဲ့လှလှ ပုလဲလေးတွေကို တွေ့ကြရတဲ့အခါ ချစ်မတို့ မြန်မာမလေးတွေဖြင့် ကြိုက်လိုက်ကြတာ၊ မြတ်နိုးလိုက်ကြတာ။

ဘာလို့လဲဆိုတော့ ဒီ ဘာရက်ပုံစံ ပုလဲလေးတွေရဲ့ အလယ်ဝတ်ဆံမှာ ချူးကလီးယပ်ခေါ်တဲ့ လူတို့တီထွင်ထားတဲ့ သဘာဝမဟုတ်တဲ့ ပစ္စည်းတစ်စုံတစ်ရာ မပါဘူးလို့ ယူဆခဲ့ကြလို့ပဲပေါ့။

ပုလဲစစ်စစ် ရတနာအနှစ်ကလေးကို မြတ်မြတ်နိုးနိုး တွဲလိုက်ကြတာ တို့များရဲ့ နိုင်ငံကျော်တီဗွီကြော်ငြာမင်းသမီးလေး မဆင့်(မေသန်းနု)ဝတ်တဲ့ စိန်နဲ့စီခြယ်ထားတဲ့ပုလဲသွယ်တွေ၊ အကယ်ဒမီလေးဆုရှင် မမို့ ဝတ်သမျှ တော်ဝင်နန်းထိုက် မြိတ်ပုလဲရတနာတွေဟာ အဲဒီ ဘာရက်ဆိုတဲ့ ပုံပျက်ပုလဲတွေပဲမို့ပေါ့။

ကဲ… ဘယ်ကလောက် မဟာဆန်ပြီး လှပကျက်သရေ တင့်တယ်ဆိုတာ အပျိုမလေးတို့ မျက်မြင်ပဲလေ။

နောက်တစ်ခု ဂရုပြုရွေးချယ်ရမှာကတော့ Lustre ဆိုတဲ့တောက်ပမှုပါပဲ။

ပုလဲလေးတစ်လုံးရဲ့တောက်ပမှုဟာ သူ့ရဲ့အရည်အသွေးကို သတ်မှတ်ခံရတဲ့ စံအဖြစ်နဲ့ ဂရုပြုသင့်လှပါတယ်။ တောက်ပမှုနဲ့ ပုလဲရွေးချယ်တဲ့နေရာမှာ 'အရောင်၊ အရွယ်၊ ပုံသဏ္ဌာန်' တို့ထက်ပင် အရေးကြီးလှပါတယ်။

Lustre ဟာ အပျိုမလေးတစ်ယောက်ရဲ့ စိတ်ထားဖြူစင်မှုနဲ့လည်း နှိုင်းယှဉ်လို့ ရပါတယ်။ ရုပ်ဆိုးတာ၊ အသားမည်းတာ၊ မလှတာတွေကို ဘေးချိတ်ထားလိုက်ပါဦးနော်။

နှလုံးသားလှတဲ့ အပျိုမလေးတစ်ယောက်ဆီက ကြင်နာတတ်တဲ့ အပြုံးလေးတစ်ခုလောက်ကိုတော့ လူတိုင်း မြတ်မြတ်နိုးနိုး မက်မောကြမှာ အမှန်ပါပဲ။

ပုလဲလေးရဲ့ တောက်ပမှုဟာ အဲဒီအပျိုမလေးရဲ့ နှလုံးသားဖြူစင်ခြင်းနဲ့ တစ်ထပ်တည်း ရှိနေပါတယ်။

အရောင်တောက်ပမှုများလေလေ ပုလဲလေးဟာ လှလေလေပါပဲ။ ဘယ်လောက်ပဲ ဆိုက်ကြီးဂိုက်ကြီးနဲ့ လုံးဝန်းဝိုင်းစက်နေပါစေ။ တောက်ပမှုမရှိတဲ့ ပုလဲလေးကိုတော့ ဝမ်းနည်းစွာနဲ့ ပစ်ပယ်လိုက်ပါနော်။

နောက်ဆုံး ရွေးချယ်ရမယ့် အရာကတော့-

Coating လို့ခေါ်တဲ့ အပေါ်ယံ အလွှာဖုံးခြင်းပေါ့။

ပုလဲလေးတစ်လုံးရဲ့ တောက်ပမှုဟာ Coating ဆိုတဲ့ အပေါ်ယံ အလွှာဖုံးနိုင်မှုပေါ် မူတည်ပါတယ်။ အပျိုမကလေးရဲ့ ကိုယ်ကျင့်တရားလေးနဲ့လည်း နှိုင်းယှဉ်လို့ ရတာပေါ့နော်။ စိတ်ထားဖြူစင်လှတဲ့ အပျိုမလေးတစ်ယောက်ဆီမှာ မွန်မြတ်တဲ့ ကိုယ်ကျင့်တရားလေးတွေ ရှိပြီဆိုပါစို့။ ဒီလို အပျိုမလေး တစ်ယောက်ဟာ လူနဲ့ လူ့ပတ်ဝန်းကျင်မှာ အဖိုးတန်တဲ့ လေးစားထိုက်ဖွယ် ပန်းမကိုဋ်လေးဖြစ်မှာတော့ မလွဲမသွေပဲနော်။ ဒီလိုပဲပေါ့။

ကမာကောင်လေးက လိမ်လိမ်မာမာနဲ့ ဝီရိယရှိရှိ၊ ဇွဲရှိရှိနဲ့ Coating လေးတွေ ကောင်းကောင်းပေးလေလေ ပုလဲလေးက အရည်အရောင်တွေ တက်သထက် တက်၊ လှသထက်လှလာလေပဲပေါ့။

ပုလဲရဲ့ အထူအပါးကို အကဲခတ်တဲ့အခါ ပေါ့ပေါ့ရှပ်ရှပ်ကလေးနဲ့တော့ မဆုံးဖြတ်လိုက်ပါနဲ့နော်။ ကိုယ် မကျွမ်းရင်တောင် ပုလဲပညာရှင်တွေကို မေးပြီး တိုင်ပင်ကြည့်ပြီးမှ ဝယ်သင့်ပါတယ်။

အလွှာဖုံးရဲ့ မျက်နှာပြင်ကို ကြည့်တဲ့နေရာမှာ အရင် အနာအဆာကို ဂရုစိုက်သင့်ပါတယ်။

ဒါပေမယ့် အလွန်ရှားပါးတဲ့ ပုလဲတစ်လုံးကိုရဖို့ ပုလဲအလုံးပေါင်း ၁၀၀မှာ တစ်ခုတွေ့နိုင်ဖို့က ခက်ခဲလိုက်တဲ့အဖြစ်။ အပြစ်ကင်းတဲ့ ပုလဲလေးတစ်လုံး ရဖို့ကတော့ ရှာမှရှားပေါ့။

ဒီတော့ ပုလဲဝယ်တိုင်း စိတ်ကလေးကို နည်းနည်းလျှော့ပြီး ပုလဲ



မျက်နှာပြင်က အစက်အပြောက်ကလေးလောက်ကတော့ ခွင့်လွှတ်သင့်တဲ့အပြစ်လို့ သူဆပြီး ဝယ်ရမယ်နော်။

ရတနာစစ်မှတော့ အပြစ် ဘယ်လွှတ်ပါ့မလဲနော်။

တချို့တချို့သော အပြစ်တွေကို ရတနာစစ်လို့ပါတာပဲလို့ သဘောထားပြီး ဈေးကလေး အလျှော့အတင်းနဲ့ ဝယ်တတ်အောင် ဝယ်နိုင်တာဟာ အပျိုမလေးရဲ့ အရည်အချင်းတစ်ခုပဲပေါ့။

ကဲ… ပုလဲလှလှလေးတစ်လုံးရဖို့တော့ အဲဒီအချက်တွေနဲ့ ပြည့်စုံအောင် ရွေးလို့ရခဲ့ပြီ ဆိုပါစို့။

မေလေးတို့ ဘာလုပ်ကြမှာလဲဟင်။

မေကလေးရယ်၊ ရလာတဲ့ ပုလဲလေးတွေကို ဘယ်လို ဒီဇိုင်းပုံစံနဲ့ လုပ်ပြီး ဘယ်လိုနေရာတွေမှာ ဝတ်ဆင်သင့်တယ်ဆိုတာ တိုင်ပင်ကြည့်ကြရအောင်ပါနော် မေ။ ဒီအပိုဒ်ကိုတော့ ချစ်မက ဒီလိုလေး ခေါင်းစဉ်ပေးလိုက်မယ်။

## ပုလဲဆင်ဖွယ် နည်းအသွယ်သွယ်

ကမ္ဘာကျော် ပုလဲဒီဇိုင်းပုံများစွာထဲက ဂန္ထဝင်မြောက် ပုလဲပုံစံတစ်ခုခုလောက်တော့ သိဖို့လိုမှာပေါ့နော်။ ချစ်မပြောမယ်။

ပထမဆုံး ပုံတစ်ခုကတော့ The Classic Chocker ဆိုတဲ့ ဂန္ထဝင်မြောက် ပုလဲလည်ဆွဲလေးတစ်ခုရဲ့ ပုံပါပဲ။ ပုလဲသွယ်လေးရဲ့ အရှည်ဟာ ၁၅လက်မလောက် ရှည်လျားပါတယ်။ ဒီပုလဲသွယ်မျိုးကို နိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မာဂရက်သက်ချာ အမြဲလိုလို ဆင်ယင်ခဲ့ပါတယ်။

နောက်တစ်မျိုးက Princess Necklace ခေါ်တဲ့ ပုလဲသွယ်ပါပဲ။ ဒီပုလဲလုံးလေးဟာ ၁၈လက်မခန့်ရှိပြီး ရင်ညွန့်ရိုးလောက်ထိ လျှောချဝတ်ဆင်ကြပါတယ်။ ဒီပုံကို ဗြိတိန်နိုင်ငံရဲ့ အဲလီဇဘက်ဘုရင်မကြီး အမြဲဝတ်ဆင်ပါတယ်။

The Matinee (ညနေခင်းလည်ဆွဲ)လို့ခေါ်တဲ့ ဒီလည်ဆွဲလေးကတော့ ၂၂ လက်မလောက်ထိ ရှည်လျားပြီး ဝတ်ဆင်လိုက်တဲ့အခါ ရင်ညွန့်အောက်ထိ လှပစွာ လျှောကျ ရောက်နေတတ်ပါတယ်။

အပျိုမလေးတို့ ဒီပုလဲသွယ်လေးရဲ့ အလှကို ညတိုင်းမြင်တွေ့

နေကြတာပဲမဟုတ်လား၊ မဆင့်လေ။ တီဗွီကြော်ငြာတဲ့အခါ လွှင့်ထုတ်နေကျ ကေသီပန် သီချင်းကလေးနဲ့ လှချင်တိုင်းလှနေတဲ့ မဆင့်လည်က ပုလဲလေးဟာ ဒီပုလဲသွယ်လေး ပေါ့။ မှတ်မိတယ်ဟုတ်။

ဒီဇိုင်းကကို ချစ်မတို့ကုမ္ပဏီက ၉၇ ခု လောက်ဆီက ရွှေဥလေး တွေ တစ်လုံးစီခြားပြီး တစ်ခေတ်ဆန်းခဲ့ဖူးပါတယ်။ အသက်လေးဆယ်ကျော် မမတို့ အမြတ်တနိုးနဲ့ ဆွဲခဲ့ကြသလို အပြည်ပြည်ဆိုင်ရာ ပွဲတွေထဲက အနောက်တိုင်းသူ လှလှလေးတွေလည်း ဝမ်းသာအားရ ကြိုက်နှစ်သက်ခဲ့ဖူးကြတာပေါ့။

ပေါ့ပေါ့ပါးပါးနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် လှနေတဲ့ အလှတစ်ခုပါပဲ။ နောက်တစ်မျိုးကတော့-

Opera ခေါ်တဲ့ ပြဇာတ်လည်ဆွဲပါပဲ။

ဒီလည်ဆွဲကိုတော့ အငြိမ့်သဘင်၊ ဇာတ်သဘင်နဲ့ မော်ဒယ်လ် မလေးတွေ ဇာတ်ပုံရိုက်ခံတဲ့နေရာမှာ အဆွဲများကြပါတယ်။ ရှည်လျားလှတာကိုး။

Sautoir ကျစ်ပုလဲဆိုတဲ့

ဒီလည်ဆွဲကတော့ ပုလဲငယ်ငယ်လေး ငါးလုံးမှ ဆယ်လုံးထိကို ဆံကျစ်ကျစ်သလို ကျစ်ထားတဲ့ ဆွဲကြိုးဖြစ်ပါတယ်။ ချစ်မတို့ မြန်မာပြည်မှာတော့ ဒီလို ပုလဲကြိုးလေးတွေကို နာဂုပုလဲလေးတွေနဲ့ လှလှကလေး ကျစ်ထားပြီး သတင်း ကြေညာသူ အပျိုမလေးတွေ ဝတ်ဆင်သည့် ရင်ဖုံးအင်္ကျီအရှည်ကလေးများဖြင့် တွဲဖက် ဝတ်ဆင်ရာ အလွန်တရာမှ လှပကြော့ရှင်းနေသည်ကို တွေ့ရလေသည်။

ရုံဖန်ရံခါ ကျောင်းစိမ်းလုံချည်နှင့် ဆရာမကလေးတို့ရဲ့ လည်တိုင် မှာ တွေ့ရတဲ့အခါ ရင်ထဲမှာအေးပြီး ချမ်းမြေ့ ပြည့်စုံလှလေသည်။ ပုလဲနှင့် ဆရာမ လေးတွေသည် ဘာကြောင့်မှန်းမသိ လိုက်ကို လိုက်ဖက်သည်။ Dog Collar ဆိုသော လည်ပတ်ပုံ ပုလဲဖြစ်သည်။

ထိုပုလဲသွယ်လေး၏ ပုံစံမှာ ပုလဲသွယ်လေးငါးလုံးကို တစ်ဆက် တည်း ပူးတွဲပြုလုပ်ထားပြီး ကော်လာလေးတစ်ခု တင်ဆင်ထားသည်နှင့်တူသည်။ အပျိုမလေးတို့ မှတ်မိကြရဲ့လား။ ထက်ထက်ရဲ့ တော်ဝင်တဲ့ အလှလေးတစ်ခုလေ။ Follow Me ကြော်ငြာထဲက ခရမ်းဝမ်းဆက်နှင့် မဟာဆန်ဆန် လှနေတဲ့ သူကလေးရဲ့ အလှလေ။ ထက်ထက်ရဲ့ ပုလဲသွယ်နဲ့ ပုံရိပ်အလှလေးကို တမ်းတရင်း စိတ်ကူးအိပ်



မက်ထဲက မထွက်နိုင်သေးတဲ့ အပျိုမလေးတွေ ခုထိ ရှိတုန်းနေမှာပါလေ။ အဲဒီပုလဲ သွယ်လေးပေါ့။

Graduated Necklace ခေါ်တဲ့ ပုလဲကြိုးကတော့ အလယ်က ပုလဲ လုံးတွေက ကြီး၊ ဘေးက ပုလဲလေးတွေ သေးသွားတာ ဖြစ်ပါတယ်။ စိတ်အင်မတန်မှ နူးညံ့သူတွေ ဆွဲတတ်ကြပါတယ်။

မင်းသမီး မာရီလင်မွန်ရိုးဟာ ဒီပုလဲသွယ်ကို အမြဲဝတ်ဆင်ခဲ့ တယ်လို့ ဆိုပါတယ်။

နောက်ဆုံးပုံစာပုံဖြစ်တဲ့-

Uniform Necklace ပုလဲသွယ်ပဲ ဖြစ်ပါတယ်။ ဒီပုလဲသွယ်ပုံစံ ကို နှစ်သက်တဲ့ အပျိုမတွေတိုင်းဟာ စိတ်ဓာတ်ခိုင်မာတိကျပြတ်သားကြတာ တွေ့ ရပါတယ်။ ပုလဲသွယ်ရဲ့ ပုံသဏ္ဌာန်ဟာ ရင်ညွန့်ရိုးလောက်ထိသာရှိပြီး စမှဆုံးတိုင် ရွယ်တူဖြစ်သော ပုလဲလေးတွေကို တညီတည်း စီထားတာပါ။

ဒီပုလဲကိုတော့ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်(မြူဆီယံ) အရောင်းပြခန်းက ချစ်မရဲ့ သူငယ်ချင်းများ ဖြစ်ကြတဲ့ မမနယ်လီတို့ အမြဲတမ်း ဝတ်ဆင်ကြတာ တွေ့ရပါတယ်။ မဟာဆန်တဲ့ သူတို့ရဲ့ အလှနဲ့ ဒီပုလဲသွယ်ဟာ ဘယ်လောက် လိုက်ဖက်လှတယ်ဆိုတာ သွားကြည့်လိုက်ပါလား။

တန်ဖိုးလည်းမများ၊ ဂုဏ်မကြွားဘဲ ခံ့ညားထည်ဝါတဲ့ မဟာအလှ တစ်ခုမို့ အသက်နှစ်ဆယ်အရွယ် အပျိုမတို့နဲ့ အသက်လေးဆယ် မမတို့ ထာဝရ ဆွဲထားရင်တောင် အကောင်းဆုံးအလှလို့ ဆိုရအောင် တွေ့ရပါလိမ့်မယ်။

ကဲ… သည်လောက်ဆိုရင် ပုလဲလေးတွေ ဘယ်လိုသီကုံး ဝတ် ဆင်ကြမလဲဆိုတာ သိလောက်ကြပါပြီနော်။

မောပြီလား မေ။

သည်တစ်ခုတော့ နောက်ဆုံးပါနော်။ ကံကောင်းခြင်းတွေစုပြီး ကိုယ့်လက်ထဲရောက်လာတဲ့ ပုလဲလေးတွေကို ဘယ်လို ထိန်းသိမ်းရမှာလဲဆိုတာတော့ ပြောပြပါရစေ။ အရေးကြီးလို့ပါ။ တစ်ခါတုန်းက-

အိမ်တစ်အိမ်ကို ရောက်ရှိသွားပါတယ်။ အိမ်ရှင်အန်တီကြီးက သူ့ပုလဲလေးတွေကို ထုတ်ခဲ့ပြီး မထင်မှတ်ဘဲ မေးချလာပါတယ်။

'မိုမို၊ ဒီပုလဲတွေကို တာရှည်ခံအောင် ဘယ်လို သိမ်းဆည်းပါသလဲ၊ အန်တီကတော့လေ အန်တီ့ပုလဲတွေကို အမြဲနို့တိုက်တယ်'ဟု ဆိုလာသည်။

'ရှင်'

ချစ်မလေ သောက်လက်စ အအေးတွေ ပြန်ထွက်ကုန်တော့မလောက် ရယ်ချင်သွားမိပါတယ်။ ကြဲကြီးစည်ရာနော်။

နို့သောက်တဲ့ပုလဲလို့တော့ မကြားမိပါလား။ နို့နှစ်ရောင် ပုလဲကိုတော့ တွေ့ဖူးပါရဲ့။

ရှာရှာဖွေဖွေ အန်တီလေးရယ်။ သောက်ချင်းသောက် အန်တီပဲသောက်။ လှလာ၊ ဝလာ၊ သန့်ပြီး တောက်ပြောင်လာမှ ဒီပုလဲတွေဝတ်ရမှာ။ ဒါမှ 'ကွိတက်'ပဲလို့။ ပြောချလိုက်တော့-

'ဟဲ့… ကွိတက်ဆိုတာ ဘာပုံလေးလဲ၊ လုပ်စမ်းပါဦး'တဲ့။

ဗုဒ္ဓေါ၊ ဒီတစ်ခါမှ အစ်မ ဒုက္ခရောက်တော့တာပဲ။ ဆရာကြီးလုပ်ချင်လွန်းလို့ 'ကွက်တိ'ကို လှသွားတာပဲလို့ ပြောချင်မိရာက လောကြီးပြီး-

ကပျာကယာ အပြောမှားတော့ 'ကွိတက်'ဖြစ်သွားတာကိုး။

'ဟိုး… ဟိုး…. မိုမို မှားသွားတာပါ။ ကွိတက်ဆိုတာ ကွက်တိလို့ ပြောချင်တာ'ဆိုပြီး မျက်နှာချို မနည်းသွေးယူရတယ်။ (မတော်စိတ်ဆိုးပြီး ရှက်ရှက်နဲ့ ဘာမှ မဝယ်တော့ရင် ဒုက္ခ)မဟုတ်လား။

အဲ… အဲဒီလို လွဲမှားတဲ့အယူအဆတွေနဲ့ သိမ်းဆည်းမိမှာတော့ စိုးရိမ်လှပါတယ်ကွယ်။

တကယ်တော့ ကလေးရယ်။

ပုလဲဆိုတဲ့ ရတနာလေးဟာ အခြားအခြားသော ရတနာလေးတွေနဲ့ မတူဘဲ အလွန်တရာမှ နူးညံ့သိမ်မွေ့လှပါတယ်။ ဒီတော့ အခြားသော ရတနာလေးတွေထက်ပိုပြီး ဂရုစိုက် သိမ်းဆည်းတတ်ရမယ်ပေါ့။ ဘယ်လိုမဆို-

သိမ်းဆည်းသူရဲ့ ရိုးရှင်းတဲ့ အတွေးအခေါ်လေးနဲ့ပင် ပုလဲလေးတွေကို အချိန်ကြာမြင့်စွာ လှပကျက်သရေရှိဖို့ သိမ်းဆည်းတတ်ဖို့ လိုပါတယ်။

ပုလဲလေးတွေ အားလုံးက ရေမွှေးလည်း မကြိုက်ဘူးတဲ့။ မိတ်ကပ်လည်း မကြိုက်ဘူးတဲ့။ ပေါင်ဒါလည်း မကြိုက်ကြဘူးတဲ့လေ။ အဲ… အဲ…





နို့ဆို ပိုမကြိုက်ဘူးတဲ့နော်။

ဒီတော့ အပျိုမလေးနဲ့ ပုလဲလေးတို့ ရန်မဖြစ်ကြရအောင် အပျိုမလေးက အရင် မိတ်ကပ်လေးလိမ်း၊ ပေါင်ဒါလေးပုတ်ပြီးတော့မှ ရေမွှေးဆွတ်။ ပြီးမှ ပုလဲလေးကို ဆွဲပေါ့။

ကဲ… ဒါဆို အားလုံး အိုကေသွားမှာပါ။

ပုလဲလေးကို ဝတ်ဆင်ပြီးရင်တော့ ဝါဂွမ်းလိုနူးညံ့တဲ့ အဝတ်စလေးတစ်စနဲ့ ပြောင်ပြောင်ပွတ်ပြီးမှ သိမ်းပါနော်။

ပုလဲလေးများ ပါးသွားမှာလားလို့ လုံးဝမပူနဲ့ သိလား။ သူ့ကိုယ်လုံးလေးထဲမှာ အလွှာပေါင်း ကုဋေကုဋာနဲ့ အရည်လှလှလေးတွေက အများကြီး ရှိနေသေးတယ်လေ။ ပွတ်။ ကြိုက်သလောက် ပွတ်။ ပွတ်လေ ပြောင်လေပဲ။

ဒါဟာ သူ့ရဲ့ လျှို့ဝှက်ချက်တစ်ခုပေါ့။

ဒီတော့ သူ မကြိုက်တဲ့ ချွေးစတွေ၊ ရေမွှေးတွေ၊ မိတ်ကပ်တွေနဲ့တော့ သူ့အလှကို မထိပါးပါစေနဲ့ကွယ်။ ကတ္တီပါနုနုညံ့ညံ့ကလေးတွေ ခင်းထားတဲ့ ကတ္တီပါဘူးလေးနဲ့ဖြစ်ဖြစ်၊ ထုပ်သိမ်းတတ်ဖို့ လိုအပ်ပါတယ်။

အံ့ဖွယ်သုတလေးတစ်ခုတော့ ရှိဘယ်ကွယ့်။ တချို့တချို့သော

အပျိုမလေးတွေဟာ ပုလဲလေးတွေနဲ့ အရမ်းတည့်ပြီး ဝတ်လေပြောင်လေ ဖြစ်နေတတ်ပြန်ပါရော။

သူ့အသားအရေနှင့် ထိဆက်နေသမျှ ပုလဲလေးတွေရဲ့ အရောင်ဟာ ပြောင်သထက်ပြောင်၊ လှပထက်လှ ဖြစ်နေပြီး အချိန်တွေ ကြာမြင့်လာတာနဲ့အမျှ လှသထက်လှလာတာ တွေ့မြင်ကြရပြန်ပါလေရော။

(ပုလဲကလေးများ မျက်စိလည်ပြီး သူ့အမေ ကမာမလေးနဲ့များ ထင်မှတ်မှားသွားလေသလားနော်။)

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။

'ပုလဲလေးတွေနဲ့ အပျိုမ'

'အပျိုမရဲ့ ပုလဲကလေးတွေ'ဟာ ခွဲလို့မရအောင် ရှိခဲ့ကြတာတော့ သမိုင်းဦးအစ ဒဏ္ဍာရီတွေထဲကနေ ယခုထိတိုင် ဆက်နွယ်ဆဲပါပဲကလား။

ကဲ··· အပျိုမလေးရေ။

ချစ်မရဲ့ ပုလဲပုံပြင်လေးတွေကြောင့် မျက်တောင်လေးတွေလည်း ညောင်းပြီပေါ့။

ကော့မျက်တောင်ရှန်းကို ဖြည်းဖြည်းမှိတ်လို့ နှလုံးသားထဲက ပုလဲလုံး ရွှေအိပ်မက်လေးတစ်ခုနဲ့အတူ စိတ်ကူးကမ္ဘာ ဖြန့်ကြက်ပျော်ရွှင်ကြပါစေ။

ပတ္တမြားမိုမို

အပျိုမ မဂ္ဂဇင်း၊ ၁၉၉၉ စက်တင်ဘာ









# တော်ဝင် ပုလဲနက်

ဗိုလ်ချုပ်ဈေးကြီး တစ်ခုလုံး မဟုရာ ပန်းကော်ဓောကြီး ဖြန့်ကြက်ခင်းထားသလို လှပလွန်းနေ၏။ လုံးဝန်းမွတ်ညက်သည့် ရသတစ်မျိုးဖြင့် လှို့ဝှက်ဆန်းကြယ်မှု တစ်စုံတစ်ရာသည် ထိုအနက်ရောင် အရာဝတ္ထုလေးများအပေါ်တွင် လဲလျောင်းကျရောက်လျက်ရှိ၏။

အံ့သြမှုဖြင့် ငေးစင်နေစဉ် စွဲလမ်းစိတ်က အနိုင်းမဲ့ရှည်လျား၏။

မြင်မြင်သမျှသော ရတနာဆိုင်တိုင်းမှာ ထိုအနက်ရောင် လုံးလုံးကလေးတွေသည် နေရာယူ မင်းမူလျက် ရှိပါကလား။ တချို့က ဖဲကတ္တီပါဖြူဖြူလေးပေါ်မှာ။ အချို့က စိန်ပွင့်ငယ်တို့ ခြံရံလျက် ဘုရင်တစ်ဆူလို။ ဒါနဲ့ပဲ…။

ဟိုမှသည်မှ မျက်စိဝေ့ကြည့်မိတော့ အပျိုမလေးတွေရဲ့ လည်တိုင်ကြော့ကြော့မှာ၊ သူမတို့ရဲ့ လက်ချောင်းသွယ်လေးတွေမှာ၊ နီရဲနေတဲ့ နားရွက်ဖျားငယ်လေးမှာ တွဲလွဲခိုလျက်။

ဪ… ဒဏ္ဍာရီထဲက တော်ဝင်ပုလဲနက် ဘယ်သူ့ကိုများ မင်း မနိုင်တာရှိခဲ့တော့လဲဟင်။

F.M.I ပေါ်က သူငယ်ချင်းရဲ့ ရွှေဆိုင်ထဲကို ရောက်ခဲ့တော့ ရတနာကတ်တလောက်တစ်ခုပေါ်မှာ တွေ့လိုက်ရပြန်ပြီ။

1999 Royal Black Pearl Year.

(ချစ်သူတို့ရဲ့ တော်ဝင်ပုလဲနက်နှစ်) ဆိုပါကလား။

ကျွန်မ စိတ်အစဉ်က မကြာမတင်ကလေးကမှ ကြုံခဲ့ရသည်

ဟောင်ကောင်နိုင်ငံက (ပုလဲနက်ပွဲတော်)ကြီးဆီကို ပြန်လည်ရောက်ရှိခဲ့ရလေတော့၏။

## ကမ္ဘာ့ပုလဲပွဲတော်ကြီး

၁၉၉၉ မတ်လပိုင်းမှာ ကျင်းပသွားတဲ့ ကမ္ဘာ့ပုလဲ ပွဲတော်ကြီးကို တက်ရောက်ခဲ့ရသော မြန်မာနိုင်ငံမှ ရတနာကုမ္ပဏီရယ်လို့ ရှားရှားပါးပါး ကျွန်မတစ်ယောက်တည်း ဖြစ်လို့နေခဲ့သည်။

ဧရိယာစတုရန်းပေ နှစ်ထောင်ခန့်ကျယ်တဲ့ ဒီပြပွဲကြီး တစ်ခုလုံးသည် ပုလဲတွေနဲ့ ပြည့်နှက်နေပြီး ထိုထဲတွင် တီဟီတီနိုင်ငံမှ ထွက်ရှိသော ပုလဲနက်များသည် ပွဲတော် တစ်ဝက်နီးပါးခန့် ဖုံးလွှမ်းလျက်ရှိသည်ကို အံ့သြဖွယ် တွေ့ရှိရလေ၏။

ဟုတ်မှဟုတ်ရဲ့လား။

ငြိမ်းချမ်းမှုကိုပေးသော 'အိုရာ'နတ်ဘုရားသည် သက်တံ့များနှင့်အတူ ကမ္ဘာ့မြေပြင်ကိုဆင်းကာ ကျွန်မထံသို့ ပုလဲနက်များ ပေးပို့လေပြီလား။ ဒဏ္ဍာရီထဲက 'ဘိုရာ ဘိုရာ' မင်းသမီးကလေးအတွက် ချစ်သက်လက်ဆောင် ပုလဲနက်များသည် ကျွန်မနှင့် လက်တစ်ကမ်းမှာ ရောက်ရှိနေခဲ့ပါပကော။



ပျော်ရွှင်မှုနှင့်အတူ စွဲလမ်းစိတ်သည် ထုထည်အားကောင်းလာသည်မှာ ကျွန်မသည်ပင် ပုလဲတစ်လုံး ဖြစ်လာလေ၏။

သန္တာကျောက်တန်းစောင့်နတ်များသည် (တီယူဖီ)မုတ်ကောင်လေး၏ ကိုယ်ထဲသို့ (ပိုလီနီဇီးယား)ထဲမှ သက်တံ့ရောင် ငါးကလေးများ၏ အလှအားလုံးကို ထိုပုလဲလေးကိုယ်ထဲသို့ သွတ်သွင်းထည့်ပေး၏။ ထိုမှတစ်ဆင့်-

ပုလဲနက်ပေါ် ချစ်သည့်စိတ်အား ကျွန်မ၏ အသည်းနှလုံးဆီသို့





ထပ်မံထိုးနှက် သွတ်သွင်း၏။ ထိုအတွက်အိုရာနတ်ဘုရားအားကျေးဇူးတင်မိသည်။

မာကျူရီ မီးရောင် ဖွေးဖွေးကြီးအောက်မှ တော်ဝင်ပုလဲနက်တို့၏ အံ့သြလောက်ဖွယ် လွှမ်းမိုးမှုကြောင့် လူတော်တော်များများ ရူးသွပ်ရီဝေနေကြသည်ကို တွေ့ရတော့ ထိုအထဲတွင် ပတ္တမြားမိုမို ထိပ်က ပါနေ၏။

ကြားဖူးကြလေမလား။

ရတီနှစ်ဆယ်ကျော် လုံးဝန်းဝိုင်းစက်နေသော ပုလဲနက် တစ်လုံးသည် ဒေါ်လာတစ်သိန်းဟု ရေးထားလျှင် ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်ခဲ့။

သို့ပေမဲ့ ၁၉၆၉ ခုဆီက မင်းသမီးအဲလီဇဘတ်တေလာ၏ ချစ်သက်လက်ဆောင်ရခဲ့သော ပုလဲနက်သည် ဒေါ်လာသုံးသောင်းကျော်ဟုဆိုလျှင် ခုချိန်တော့ ဒေါ်လာသုံးသိန်းကျော်ပေါ့လေ။

ထိုအခါ ပုလဲတစ်လုံးသည် သည်မျှလောက် အဖိုးနဂ္ဂထိုက်တန်သည်ဆိုလျှင်တော့။

## ကျွန်မဘဝထဲသို့ စတင်ဝင်ရောက်ခဲ့သော ပုလဲနက်ရုပ်ဆိုးလေး

၉၇ နှစ်ဦးပိုင်းက ထင်ပါရဲ့။ F.M.I လှေကားထိပ်မှာ ညီမငယ်ကို ထိုင်စောင့်နေစဉ် သဘော်သားဆိုသည့် သူငယ်တစ်ဦးက အနက်ရောင် တွန့်တွန့်ခေါက်ခေါက် အလုံးလေးတစ်ခု လာပြခဲ့ပါသည်။

'ပုလဲနက်'ဟု ပြောသဖြင့် ငွေတစ်သောင်းဖြင့် ဝယ်ယူပြီး F.M.I အပေါ်ထပ်က ကျွန်မဆရာ ဦးစိန်မြင့်ထံ အပြေးတက်ကာ ပြမိသည်။

ကျွန်မ ရတနာလောက စရောက်ကတည်းက ပုလဲဆိုလျှင် ကျွန်မ

ရဲ့ ဆရာတစ်ဆူသည် ဦးစိန်မြင့်ဖြစ်၏။ သူ့ထံမှ ပုလဲများ ဝယ်ယူခဲ့သလို ပုလဲပညာများလည်း သင်ယူခဲ့၏။

'အမှိုက်ထဲကရွှေ'ဟု ခေါ်သော အဖိုးနှုန်းချိုသည့် ပုလဲအကျများကို အများကြီးဝယ်ယူလိုက်ပြီး (ဝတ်ထည်များ ဖောက်သီကြိုး)များ လုပ်ကာ ဈေးပေါပေါဖြင့် ပုလဲလောကကြီးကို လွှမ်းမိုးပစ်ခဲ့၏။

သို့နှင့် ပုလဲဆိုရင် ပတ္တမြားမိုမိုဆီကမှ ဈေးသက်သာတာဟူသော စကားဖြင့် ကိုင်လှုပ်နိုင်ခဲ့၏။

ထိုအချိန်မှစ၍ ပတ္တမြားမိုမိုမှသည် ပုလဲမိုမိုဖြစ်၍လာခဲ့၏။ ထိုမှုမကနောင်အခါ ပုလဲလေလံပွဲများတွင် ဆရာနောက် အမီလိုက်ခါ တက်ဆွဲခဲ့ပြန်၏။



'ဒါပေမယ့် ပတ္တမြားမိုမိုကတော့ ပတ္တမြားမိုမိုပါပဲ၊ ပုလဲမိုမို မလုပ်ခဲ့ပါဘူး ဆရာရယ်'ဟု ဆရာ့ကို တိုင်တည်မိသေး၏။ F.M.I အပေါ်ထပ်ရောက် တော့…

'ဒါ ဘာလေးလဲ၊ ဆရာ ကြည့်ပါဦး'ဟု ဆွမ်းတော်အုပ်လို အရစ်ရစ်ထနေသော ပုလဲနက်ချိုတ်ချိုတ်လေးတစ်လုံးကို ထုတ်ပြဖြစ်သည်။ ဆရာက 'ဟဲ့… ဒီပုလဲနက်ကလေး တီဟီတီက ထွက်တာ'ဟု ဆို၏။ 'ဒီလို အနက်ရောင်က သဘာဝအတိုင်းပဲ၊ သဘာဝအရောင်နဲ့ မွေးလာတာလား ဆရာ'ဟု မေးမိတော့

'နှုတ်ခမ်းမည်းမည်း အသားနက်နက် သူ့အမေ ကမာကောင်မက မွေးလာတာဟဲ့၊ သူ့ကလေးကလည်း မည်းတော့တာပေါ့'ဟု အင်မတန်မှ မနူးညံ့ မပျော့ပျောင်းစွာ ရှင်းပြလေသည်။

ထို့ကြောင့် ထိုသူကို ကျွန်မ ဆရာဦးစိန်မြင့်ဟု ခေါ်ပါသည်။

'ချစ်ဖို့ကောင်းလိုက်တာ ဆရာရယ်၊ ကျွန်မကို ရှိတဲ့အရပ်က



ရအောင် ရှာပေးပါလား'ဟု ပူဆာသောအခါ ထိုစဉ်က အလွန်အင်မတန် ရှားပါးလှပြီး အင်မတန် အရုပ်ဆိုးလှစွာသော ပုလဲနက် တွန့်တွန့်ခေါက်ခေါက်ကလေး ၁၀ပွင့် ရရှိခဲ့လေသည်။

ထိုစဉ်မှစ၍ ကျွန်မဘဝထဲသို့ ထိုအရုပ်ဆိုးလှစွာသော ပုလဲနက်ကလေးများသည် ဖျတ်ခနဲ ပေါ်ထွက်လာခဲ့ရလေ၏။

ထို့နောက် များမကြာမီ မြေနီကုန်း ဥက္ကာပုလဲနက်ဆိုင်သည် ပုလဲချစ်သူတို့အကြား သိမ့်ခနဲ လှုပ်ဝင်လာခဲ့လေသည်။

သည့်နောက်တွင်ကား ဘယ်ဆီ၊ ဘယ်ဌာနဆီက အင်မတန်မှ ဒဏ္ဍာရီဆန်လှသော ပုလဲနက်လေးများ ပေါက်ဖွားခဲ့သည်ဆိုတာ ဖော်ထုတ်ခဲ့ရာမှ အစ။

## ပုလဲနက်လမ်းမှ စမ်းတဝါး

ထိုနေ့က ဆောင်းရဲ့မနက် နှင်းတောထဲမှာ ခိုက်ခိုက်တုန် ချမ်းနေရသည့်အချိန် ကျွန်မတစ်ကိုယ်လုံး ချွေးစေးတို့ဖြင့် ရွှဲနစ်နေ၏။

ဒေါသကြောင့် အသည်းနှလုံးတို့သည် တုန်ခိုက်၍ နေကြ၏။ သူမ စကားကြောင့် ကျွန်မ တအံ့တဩငေးမိ၏။ သို့ပေမဲ့ ထိုအံ့ဩမှုနောက်တွင် ဝမ်းနည်းကြေကွဲမှုသည် တမြည့်မြည့် လောင်မြိုက်လာ၏။

'ဒီပုလဲနက်လေးတွေဟာ အရောင်ဆိုးထားတယ်တဲ့၊ ကျွန်မဆိုင်က ရတနာဆိုင်အကြီးကြီးရှင့်၊ နာမည်ပျက်မခံနိုင်ဘူး၊ ရှင့်ပုလဲတွေ ပြန်ယူပေးပါ'

'ဘုရားရေ၊ အံ့ဩစရာပဲ'

တစ်ကမ္ဘာလုံး ပုလဲနက်တွေ ၉၈-၉၉မှာ လူတွေရဲ့ အသည်းနှလုံးမှာ ဘုရင်ကြီးလို မင်းမူနေတဲ့ ပုလဲတွေ၊ ကမ္ဘာကို ဖြန့်နေတဲ့ တီဟီတီ ပုလဲနက်ကုမ္ပဏီကြီးတစ်ခုက အာမခံ စာတိဖိကိတ်တွေနဲ့ ရောင်းချနေတဲ့ ပုလဲတွေကို ဘယ်လိုလူမျိုးက လုပ်ကြံခဲ့သလဲ။

သူမ၏ စကားသည် ကျွန်မ၏ နှလုံးသားကို တက်ဆောင့်လာ၏။ အမှန်ကန်ဆုံးနှင့် အသင့်တော်ဆုံး စကားလုံးလေးတွေ ရေးသီပြီး ရှင်းပြချင်ပေမယ့် ပြောချင်စိတ် မရှိတော့။

သူမလက်ထဲက စာရွက်ငယ်ကို ကြည့်မိသည်။

"မွေးပုလဲစစ်စစ် ဖြစ်ပါသည်။ အရောင်ကို ဆေးဆိုးပြုပြင်ထားပါသည်"တဲ့။

ကြည့်စမ်း၊ ဒါက ဘာသဘောလဲ။

အံ့သြမှု၊ ထူးဆန်းမှု၊ ဝမ်းနည်းမှု ရသတွေက သွေးကြောတွေထဲမှ ခုန်ပေါက်နေ၏။

သို့ပေမဲ့ အေးချမ်းမှုကို ဖြည်းဖြည်းချင်း ရှာတွေ့၏။



ပထမဆုံး လုပ်ခဲ့သည့် အလုပ်ကတော့သူမငွေအားလုံး သူမကို ပြန်ပေးလိုက်ခြင်းဖြစ်သည်။ ဒုတိယကတော့ ရန်ကုန်သို့ အမြန်ဆင်းပြီး ကျောက်မျက်စစ်ဆေးသော ဌာနများတွင်ထိုပုလဲနက်အားလုံး၏ Certificate စာတမ်းဖီကိတ်များထုတ်ယူလိုက်ခြင်းဖြစ်၏။

အဖြေကား တစ်ခုတည်းသာ ထွက်၏။

"မွေးပုလဲစစ်စစ် ဖြစ်ပါသည်"တဲ့။

"ဒီပုလဲလေးတွေဟာ ပုလဲအဖြူတွေလိုပဲ အနက်ရောင် နှုတ်ခမ်းသားရှိတဲ့ မုတ်ကောင်က မွေးခဲ့တာပါ။ တကယ့် သဘာဝပုလဲစစ်တွေပဲ ဖြစ်ပါတယ်။ ကမာကောင်လေးရဲ့ အံ့သြဖွယ် သဘာဝတရားကြီးနဲ့ မွေးဖွားလာမှုအပေါ် အပြင်ရောက်မှ လူသားက ဆေးဆိုးဖန်တီးမရနိုင်ပါ။ မိခင်ကမာရဲ့ သဘာဝ အရည်ကြည်တစ်မျိုးနဲ့ အုပ်မိုးခဲ့တာသာ ဖြစ်၏"



ဒီကဏ္ဍမှာတော့ မိခင်ကမာကောင်ကို ကျန်းမာဖို့၊ ပုလဲတွေလှဖို့၊ သန့်ပြီးတောက်ပြောင်နေဖို့ ဆေးကျွေးခြင်း၊ ထိန်းသိမ်းခြင်း၊ မွေးမြူခြင်း စတဲ့ အပိုင်းတွေသာ ရှိပါတယ်။

"မွေးပုလဲစစ်စစ် ဖြစ်ပါသည်ဆိုတဲ့ အဖြေပေါ်မှာပဲ ရတနာဝယ်ယူသူဟာ ရာနှုန်းပြည့် စိတ်ချရမည့် အနေအထားရောက်နေပြီပဲ၊ ဒါဟာ ဘာမှ ဒွိဟဖြစ်စရာမလိုတဲ့ အချက်ပဲ"

G.G.A ကျောက်မျက်သင်တန်းမှအပြန် ဆရာဦးအောင်ကိုရဲ့ စကားသံများက နောက်မှ တောက်လျှောက်လိုက်လာ၏။

အမောပြေလိုက်ပါဘိ ဆရာ။ ကျေးဇူးတင်လိုက်ပါဘိ။ ပုလဲနက်ဝက်ပါမှာ ကျွန်မတစ်ယောက်တည်း မျက်စိလည်နေခဲ့တာ ခုတော့ လမ်းစရပြီပဲ။

ဘာပဲဖြစ်ဖြစ် တွေဝေတတ်သော၊ ဗဟုသုတ နည်းပါးသော ဒီလို ဝယ်သူတချို့ကြောင့် ရတနာကုန်သည်တွေ အနည်းနဲ့အများတော့ စိတ်ဆင်းရဲကြရသည်။ ဒါပေမယ့် ဒါဟာ ရတနာ ကုန်သည်တစ်ဦးဖြစ်လို့ မှတ်ကျောက်တင်ခံရခြင်းမို့ ကျွန်မအတွက်တော့ ဒီလိုဖြစ်လာရခြင်းကိုပဲ ကျေးဇူးတင်မိသည်။ ကျွန်မနှင့် ပုလဲနက်ကလေးတွေ ပိုပြီး ရင်းနှီးစရာ ဖြစ်လာခဲ့သည်မို့ပါပဲ။

သည်တော့ ဟောင်ကောင်ရတနာပြပွဲထဲ ရောက်တော့ တီဟီတီမှ လာသော ပုလဲနက်မွေးမြူသည့် ကုမ္ပဏီကြီးတစ်ခုကို သွားရောက်ကာ ပုလဲနက်တွေရဲ့ အလှ၊ ဘဝ၊ ဒဿနများကို ထဲထဲဝင်ဝင် မေးလာခဲ့ရလေတော့၏။

## ဒဏ္ဍာရီဆန်တဲ့ ပုလဲနက်

ချစ်ခင်လှိုက်မောစရာကောင်းလှသည့် သည်ပုလဲနက်များဟာ ပြင်သစ်နိုင်ငံ (ပိုလီစီးမား)ရဲ့ တောင်ပင်လယ်ထဲမှာ ရှိတဲ့ ရေငန်သဲအိုင်ထဲမှာ နေထိုင်ကြသတဲ့။

တောင်ပစိဖိတ် သမုဒ္ဒရာရဲ့အလယ် သန္တာကျောက်တန်းတွေကြားက နှုတ်ခမ်းမည်းမည်း မုတ်ကောင်လေးတွေက မီးခိုးရောင်နဲ့ အနက်ရောင်စစ်ထုတ်ရည်တွေနဲ့ လွှမ်းမိုးခဲ့တာ ဖြစ်သည်။

ရန်သူငါးမန်းကြီးများ ကြီးစိုးတဲ့ သူတို့ပိုင်နက်ထဲက သဘာဝ ပုလဲနက်



တစ်လုံးရဖို့ဆိုတာ ဘယ်ကလောက် ခက်ခဲသလဲ ဆိုရင်မှတ်ကောင်အကောင်ရေ တစ်သောင်းမှာတောင် ပုလဲနက်တစ်လုံး တွေ့ရဖို့ မလွယ်ကူပေ။

ထို့ကြောင့်လည်း ပုလဲနက်ရတနာသည် ဒဏ္ဍာရီဆန်လှပြီး ရှားပါးကာ တန်ဖိုးကြီးလှသဖြင့် မမွေးမြူမီကပင် သူ၏နန်းဆန်မှု၊ မြင့်မြတ်စက်ကြယ်မှုတို့ကြောင့် ပုလဲဘုရင်မရယ်လို့ ဂုဏ်သတင်း ကျော်စောလှတာ ဖြစ်၏။

တရုတ်အင်ပါယာတွင် 'မု-ပညာရှိ'အမှတ်အသားဖြစ်သော ပုလဲနက်သည် နဂါး၏ ခံတွင်းတွင် မြှုပ်နှံထားသဖြင့် ထိုနဂါးကို တိုက်ခိုက်မှ ပုလဲနက်ကို ရနိုင်၏တဲ့။

ဘာပဲဖြစ်ဖြစ် ပုလဲနက်တို့သည်ဒဏ္ဍာရီဆန်လွန်းတာတော့အမှန်ပင်။

## လှည့်ဖြားမှုနှင့် လျှို့ဝှက်နက်နဲမှု

တီဟီတီ ပုလဲနက်များဟာ ရှားပါးပြီး ရှုပ်ထွေးပွေလီလှသည့် အပြင် မယုံကြည်နိုင်လောက်အောင်လည်း ကောင်းမွန် ပြည့်စုံနေကြ၏။ သူတို့ရဲ့ သီးခြားဆန်လှတဲ့ သွင်ပြင်လက္ခဏာများဟာ ယနေ့ ရတနာအပျိုမလေးတွေကို တစ်စုံတစ်ရာ လွှမ်းမိုးမှုဖြင့် ဖန်တီးနိုင်ကြတာတော့ အမှန်။

ဒါဟာ ဘာကြောင့်လဲဆိုရင် ရှားပါးလှသည့် တစ်ခုတည်းသော လက္ခဏာသွင်ပြင်ကြောင့်နှင့် များများ မထုတ်ယူနိုင်ခြင်းကပင် ပုလဲနက်ရဲ့ တန်ဖိုး



ကို မြှင့်တင်ပေးခြင်းလည်း ဖြစ်၏။

အလုံးတူ၊ အရွယ်တူ၊ အရောင်တူ ဟူသော စကားလေးသည် ပုလဲနက်ကမ္ဘာမှာ မရှိနိုင်။ အပျိုမလေးတစ်ဦးရဲ့ နားပန်စုံလေး ၂လုံးမှာပင် တူညီမှု ဖြစ်ရန် မရစကောင်း။ ဤသည်ပင် ပုလဲနက်ကလေးတစ်ခု၏ ရှားပါးသော ဂုဏ်အင်္ဂါရပ်တစ်ခု ဖြစ်၏။

မွေးမြူထားသော တဟီတီပုလဲနက်များသည် သဘာဝလောကကြီး၏ ဖန်တီးစီရင်မှုကြောင့် ဖြစ်လာသော ပင်လယ်ထဲမှ သက်ရှိရတနာတစ်ပါးဖြစ်ပြီး ပုံမှန်အားဖြင့် ဆိတ်ငြိမ်သော ပင်လယ်ကွေ့တို့သည် ပုလဲထွက်ရာ ဒေသများဖြစ်၏။

ပုလဲများသည် ပင်ကိုအရည်အသွေးကပင် လှပပြီးဖြစ်ရာ ၄င်းတို့ကို အရည်အသွေးပိုကောင်းအောင်ဆိုပြီး ပြင်ပရောက်မှ ပြုပြင်၍ မရတော့နိုင်။ ပုလဲတို့၏ အရောင်အသွေးလှပမှုသည် သဘာဝကြီး၏ ရှားပါးလှသော ဖန်တီးစွမ်းဆောင်မှုကြောင့်သာ ဖြစ်၏။ သဘာဝပုလဲမှာ သဘာဝမှ ဖြစ်ပေါ်လာသော ဒုက္ခ ညှိသည်တော်လေးကို ပုလဲရည်တွေ အုပ်မိုးရင်းမှ ကမ္ဘာ့ပေါ်တွင် အံ့ချီးဖွယ် ရတနာတစ်ပါး ဖန်တီးခဲ့၏။



မွေးပုလဲမှာမူ လူသားတို့က တစ်စုံ တစ်ရာကို ထည့်ပေးခြင်းဖြင့် ထိုမိခင် ကမာကောင်အား ပုလဲရည်တို့ဖြင့် ဖုံးအုပ်ခြင်းကို မှတ်ကောင်က လုပ်ကာ သဘာဝပုလဲဖြစ်လာသည်အထိ သဘာဝအတိုင်း ပြုလုပ်ပေးခြင်းသာ ဖြစ်ပါ၏။

၁၉၆၁ခုနှစ်ထဲမှာ "ဘိုရာဘိုရာ"ရေအိုင်ကြီးတွင် ပုလဲနက် မွေးမြူမှု စတင်ခဲ့ကြ၏။ ထို့နောက် မနိဟိမာရူတီဟား နင်မန်တဲဗားကျွန်းများတွင် တိုးချဲ့ခဲ့ကြ၏။

မုတ်ကောင်ကလေးများသည် အလွန်ပင် နူးညံ့ပြီး ထိခိုက်ကာ သေလွယ်ကြသဖြင့် အလွန်ပင် ဂရုစိုက်ကြရ၏။ အချိန်တော်တော်ကြာသောအခါ သန္တာကျောက်တန်းများတွင် နှုတ်ခမ်းမည်းမုတ်ကောင်လေးများ ဥ,ဥကြ၏။

ထိုအကောင်ပေါက်ကလေးများကို ဂရုတစိုက် ကောက်ယူပြီး နှစ်နှစ်ခန့် ပြုစုရ၏။ အရွယ်ရောက်သောအခါ ပုလဲရရန် Nacre(နေကာ)ခေါ် စစ်ပုတ်ရည်များ ထုတ်လွှတ်လာနိုင်သည်နှင့် လုံးဝန်းသော အရာဝတ္ထုလေးများ မုတ်ကောင်ထဲ ထည့်သွင်းကာ ထိုအရာလေးကို မုတ်ကောင်လေးက သူ၏ ဘုရားပေးသော အရည်ကြည်လေးများဖြင့် တစ်လွှာပြီး တစ်လွှာ ဖုံးအုပ်လေတော့၏။



ဤမွေးမြူရေး စနစ်သည် ရိုးရှင်းလှသည်ဟု ထင်ရသည့်တိုင် လက်ဝင်လှ၏။ မုတ်ကောင် ၁၀၀မှာပင်လျှင် လှပသော ပုလဲလေးတစ်လုံးဖြစ်ဖို့ မလွယ်ကူခဲ့။ ထို့ကြောင့် ပုလဲနက်ဆိုသော ရတနာသည် ဒဏ္ဍာရီဆန် လှပြီး လျှို့ဝှက်ကာ ရှားပါးလှ၏။

တီဟီဟီ ပုလဲများသည် ဤကမ္ဘာလောကကြီးထဲကို ရောက်ရှိလာပုံမှာ အံ့ဩဖွယ်ရာတွေနှင့် မွှန်းထုံနေပြီး လူသားနှင့် သဘာဝမိခင်တို့၏ ဂရုတစိုက် ပူးပေါင်းဆောင်ရွက်မှုကြောင့် အံ့ဩစရာ ပေါ်ထွက်ခဲ့ရသော ဂန္ထဝင် ရတနာတစ်ပါးပဲဖြစ်၏။



ပုလဲနက်များကို အမျိုးအစားခွဲခြားရာတွင် ပုလဲအဖြူများကဲ့သို့ ပုံသဏ္ဍာန်၊ အရောင်၊ တောက်ပမှု၊ သန့်စင်မှုပေါ် မူတည်၍ ခွဲခြား၏။

## ရောင်စဉ်လှလှလေးများ ပိုင်ဆိုင်သူ

တီဟီတီ ပုလဲနက်ဆိုသည့်တိုင် ပုလဲနက်များသည် အနက်ရောင်၊ မီးခိုးရောင်နှင့် ပုလဲမျက်နှာပြင်ပေါ် အလင်းကျရောက်မှုကြောင့် အရောင် ရောနှောတတ်သည်ကိုလည်း တွေ့ရ၏။

ဂန္ထဝင်အရောင်များက ဒေါင်းမြီးစိမ်းရောင်၊ ခရမ်းရင့်ရောင်၊ ပင်လယ်ပြာရောင်၊ မီးခိုးရောင်နှင့် သက်တံရောင်ထွက်သော ပုလဲများ ဖြစ်၏။

## အပျိုမလေးရဲ့ အသားရောင်နှင့်လိုက်ဖက်သော ပုလဲများ

ဖျော့တော့တော့ အသားရေရှိ အပျိုမလေးသည် မီးခိုးရောင် ပုလဲလေးနှင့် လိုက်ဖက်ပြီး ညိုသောအသားအရေရှိသူ အပျိုမကလေးကမူ အနက်ရောင် ပုလဲကို ရွေးရပါမည်။ ဖြူသော အသားပိုင်ရှင်ကား ပုလဲတိုင်းနှင့် လိုက်၏။

ပုလဲလေးတွေဟာ ရောင်စဉ်လှလှလေးများ ပိုင်ဆိုင်တာကြောင့် အပျိုမလေးတို့ အလိုကျ ပြည့်ဝတဲ့အလိုအတိုင်းရနိုင်ပါတယ်။

ပုလဲနက်လေးတစ်လုံးရဲ့ ပြည့်စုံမှု (Perfect)ဆိုတာ ရှာဖွေတွေ့ရှိဖို့ကတော့ အိပ်မက်တစ်ပုဒ်ကို ဖမ်းစားရသလို ခက်ခဲလှ၏။

"သဘာဝတရားသည်ပင်လျှင် ပြည့်စုံမှုမရှိ"ဟူသော စကားနဲ့အညီ ထိုမှန်ကန်သည့် အယူအဆမျိုး ရှိခဲ့လျှင် Perfectဖြစ်သော ပုလဲကလေးကိုရဖို့ ရှာဖွေနေသူသည် မိမိကိုယ် မိမိ မယုံကြည်သူ၊ သဘာဝကို လက်မခံသူ၊ လောဘကြီးသူသာ ဖြစ်ပါလိမ့်မည်။

မရှိဘူးလားဆိုလျှင် ရှိပါလိမ့်မည်။ ဒါပေမယ့် တစ်ပွင့်လျှင် ဒေါ်လာ တစ်သိန်းတန် ပုလဲမျိုးပေါ့လေ။

ကျွန်မတို့လို ရတနာကုန်သည် သေးသေးလေးတွေ လက်မှာတော့ ဘယ်မှာလာပြီး (ပါဖက်) ရနိုင်ပါမလဲ။

သဘာဝတရား၏ စီမံတော်မူသည့်အတိုင်း ပေးလာတဲ့ ရောင်စဉ်



ကလေးတွေကိုသာ ချစ်တတ်ကြပါစေလို့ပဲ တောင်းပန်ချင်သည်။

ကျွန်မဆရာ ဦးစိန်မြင့် ပြောခဲ့သလိုပဲပေါ့။ 'သဘာဝတရားရဲ့ ဖန်တီးမှု တစ်စုံတစ်ရာဟာ ဘယ်မှာလာလို့ တူနိုင်ပါ့မလဲ၊ လူလုပ်တဲ့ ပုလဲဆိုရင်တော့လည်း အရောင်မတူရင်ညှိ၊ အရွယ်မတူလျှင် တူအောင်ဖြည့်၊ အပေါက်ကလေးပါရင် ဖာလို့။ ကဲ··· အဲဒါ ရတနာမှ မဟုတ်တော့ဘဲ။

ခက်ခဲခြင်း၊ လှပခြင်း၊ အလွယ်တကူ တုပခြင်းကင်းလို့မှ ရတနာလို့ ခေါ်တာမဟုတ်လား' (F.M.I ပေါ်က အပြောက်ကလေးတွေပါလို့ ချေးများချင်တဲ့ ကောင်မလေးတွေ သတိထား၊ ကြားတယ်နော်)။

## ပုလဲ၏ ဖန်ဆင်းရှင်တန်ခိုးများ

မှော်ဝင် သတ္တဝါလေးရယ်လို့ အဆိုရှိတဲ့ ဒီကမာကောင်လေးတွေဟာ တကယ့်ကို တန်ဖိုးရှိတဲ့ သတ္တဝါလေးတွေ ဖြစ်ပါတယ်။ ကံကောင်းခြင်း စုပေါင်းပါဝင်နေတဲ့ ဈေးပျစ်ပျစ် ကမာရည်ချည်တွေဟာ အနှိုင်းမဲ့ အလှတွေနဲ့ အံ့ဩဖွယ် ပုလဲနက်ရယ်လို့ ပေါ်ထွက်စေခဲ့ပြီး ဒီထူးဆန်းတဲ့ ရတနာလေးထဲမှာ လူသားတို့ လိုက်မမီနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေ ရှိနေတာကိုက အံ့ဩဖွယ်ရာပဲ မဟုတ်ပါလား။

ဇွန်လဖွားတို့ရဲ့ အဆောင်ကျောက်ဟာ ပုလဲဆိုရင် တော်ဝင်တဲ့



ဒီပုလဲနက်မှာဖြင့် အံ့ချီးမကုန်နိုင်တဲ့ ဆေးဖက်ဝင် တန်ဖိုးတွေကြောင့်များလား။ ဒီကနေ့ လူသားတွေရဲ့ လက်မှာ၊ ယောကျ်ားသားတွေရဲ့ နှလုံးသားမှာ မင်းမူနိုင်လွန်းတာ အံ့ဩစရာပေါ့။

သေချာတာတစ်ခုကလည်း ပုလဲနက် **ဝတ်ဆင်သူ**ဟာ အတွေးအခေါ် ရင့်သန်ပြီး စဉ်းစားဉာဏ်ကောင်းသတဲ့။ ပြောသမျှ နိုင်သတဲ့။ တွေးသမျှ အောင်မြင်သတဲ့ရှင်။

ဒါတင်ကရိုးလား။ အသက်ရှည် ကျန်းမာပြီး ပျော်ရွှင်ဖွယ်ကောင်းသော မင်္ဂလာရှိခြင်းရဲ့ ပြယုဂ်လည်းဖြစ်ပြီး ရာထူးစည်းစိမ် ဂုဏ်ရှိန်မြင့်သတဲ့။

ရှိသေးပါရောလား။ ပုလဲနက်၏ အရှိန်အဝါသည် ဝတ်ဆင်သူ၏ စိတ်နှလုံးကို နူးညံ့အေးချမ်းမှုတို့ ဖြစ်စေသဖြင့် ရှေးကတည်းကပင် ဘုရင်များကိုယ်တိုင် ဝတ်ဆင်ခဲ့ကြပါသတဲ့ရှင်။



## မဟူရာပုလဲ ကော်ဇောမှာ ရောနှောလို့ထိုင်

ဗိုလ်ချုပ်ဈေးထဲက ပုလဲနက်ဈေးကွက်ကြီး ဘယ်လော လွှမ်းမိုးသွားပြီလဲဆိုတာ ကျွန်မ သိလိုက်ပြီ။

ခုခါမှာတော့ မဟူရာ ပုလဲကော်ဇောမှာ ရောနှောကာ ထိုင်နိုင်ကြ ပြီပေါ့။

မင်္ဂလာရှိသော မြင်ကွင်းပေပဲ။

အဆောင်တစ်ပါးရယ်လို့ ကိုးကွယ်ရင်း ဝတ်ဆင်နေကြတဲ့ ဂုဏ် သရေရှိ ပုဂ္ဂိုလ်ကြီးတွေ၊ နိုင်ငံကျော် ရုပ်ရှင်မင်းသားတွေသာမက အပျိုမလေး အား လုံးရဲ့ ကိုယ်မှာ၊ တီဗွီမင်းသမီးလေးတွေပေါ်မှာ၊ မော်ဒယ်လ်မယ်လေးတွေပေါ်မှာ ဒီမဟူရာပုလဲနက်တွေက စွဲမက်စရာ တွေ့ရပြီ။

ကဲ... ပုလဲနက်လေးချစ်တဲ့ ရှင်ရယ်။

ဒီနှစ်မှာ ပုလဲနက် မဝတ်မိရင်ဘဲ...။ ဒါဆို ပြောလိုက်မယ်နော်။

ပတ္တမြားမိုမို အလွန် မဟုတ်တော့ဘူး။

ပတ္တမြားမိုမို
အပျိုမဂ္ဂဇင်း၊ ၁၉၉၉ နှစ်လ









# ရတနာဝတ်ဆင်ခြင်း၏ အကျိုးကျေးဇူးများ

'အပျိုမတို့ အလှဖြာဖို့ ချစ်စရာ့ရတနာ' ဆိုပြီး ၁၉၉၈ နှစ်ဦးပိုင်းကစပြီး အပျိုမ မဂ္ဂဇင်းမှာ အခန်းဆက် လစဉ်ရေးသားခဲ့ပါတယ်။ အဲဒီမှာ ရတနာတွေရဲ့ အကြောင်းကိုလည်း အကျယ်တဝင့် ဖော်ပြခဲ့ပါတယ်။ ဥပမာ ကျောက်တစ်ပွင့်ရဲ့ အခြေခံသဘောတရားတွေ၊ ဖြစ်တည်မှုတွေ၊ သွေးပုံသွေးနည်း အတုအစစ်ခွဲခြားပုံ၊ ဝယ်ယူပုံ၊ ဝတ်ဆင်နည်းနဲ့ ဘယ်လဖွား ဘာအဆောင်ကျောက်ရယ်လို့ ဂဃနဏ ရေးသားခဲ့ပါတယ်။ ဒါတွေကို အားလုံးစုစည်းပြီး အမျိုးသမီးရေးရာ ဂျာနယ်မှာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဒီကဏ္ဍမှာတော့ အမျိုးသမီးလေးတို့နဲ့ နေ့စဉ်တွေ့ထိနေရတဲ့ ရတနာလေးတွေ အကြောင်းကို အမျိုးသမီးရေးရာ ဒီဂျာနယ်မှာ အကြံပေးဆွေးနွေးသွားချင်ပါတယ်။

အဓိက ကျွန်မ ရေးချင်တာလေ။

- မြန်မာမလေးတွေအကြိုက် ရတနာတွေဟာ ဘာတွေလဲ။
- ရတနာတစ်ခုစီရဲ့ အဓိကအကြောင်းက ဘာတွေလဲ။
- ဘယ်လိုဝတ်ဆင်ရင် ကောင်းမလဲ။
- ဘာနဲ့ အဝတ်အစားနဲ့ တွဲဝတ်ရင် ကောင်းမှာလဲ
- ဘယ်အချိန် ဘာဝတ်ရင် ကောင်းမှာလဲ

- မိမိအတွက် ဘယ်ကျောက်ဟာ အဆောင်ကျောက်လဲဆိုတာနဲ့
- နောက်ဆုံးကဏ္ဍကတော့ ဒီရတနာဝတ်ရတဲ့ အကျိုးတရား ဘာတွေလဲ ဆိုတာပါပဲ။

ကျွန်မကတော့ ထင်တယ်လေ။

အမျိုးသမီးလေးတစ်ယောက်ရဲ့ အပျော်ရွှင်ဆုံးအချိန်နဲ့ အလိုချင်ဆုံးသော ဆန္ဒကို ပြောပါဆိုရင်တော့ ရတနာလေးနဲ့ တွေ့ထိနေရတဲ့ အချိန်ဟာ ပျော်စရာအကောင်းဆုံး အချိန်လို့ပဲ ထင်မိတယ်။ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ၊ ဘယ်လောက်ပဲ အလှအပကြိုက်၊ မကြိုက် ရတနာနဲ့ကင်းဝေးပြီး နေနိုင်တဲ့ မိန်းကလေး ဆိုတာ မရှိနိုင်ပါဘူး။

ဆင်းရဲလွန်းလို့ဆိုတဲ့သူတောင် နားကပ်အတုလေး တစ်ရံတော့ ပန်ထားမှာပါ။ အတုအစစ်ဆိုတာ တန်ကြေး သတ်မှတ်မှုတစ်ခုသာဖြစ်ပြီး ပန်ဆင်ခြင်း၊ မြတ်နိုးခြင်းနဲ့ ဝတ်ဆင်ရခြင်းဆိုတဲ့ရသကတော့ တူပါလိမ့်မယ်။

အနီရောင် ပြင်သစ်ကျောက်လေးတစ်ပွင့်နဲ့ နှစ်သိမ့်နေမိတဲ့ မိန်းမပျိုလေးအတွက် ကိုယ့်ရင်ထဲမှာ ပတ္တမြားတစ်ပွင့်ပါပဲလို့ ခံယူပြီး ကျေနပ်ချင် ကျေနပ်နေမှာ။ ဒီတော့ ကျွန်မရဲ့ ရတနာရသမှာ ပါဝင်လှည့်ပါနော်။

ကျွန်မတို့တွေ တပျော်တပါးနဲ့ လက်တွဲပြီး ရတနာမြစ်မှာ လက်ပစ်ကူးကြရအောင်လား။

ဟိုးရှေးတုန်းကတည်းက ကျွန်မတို့ မြန်မာမကလေးတွေ အနှစ်သက်ဆုံး ရတနာဟာ သိပ်များများစားစား မရှိလှပါဘူး။ အများအားဖြင့် 'စိန်၊ ပတ္တမြား၊ မြ၊ နီလာ၊ ပုလဲ' လောက်သာ အဓိက ထားတတ်တာ တွေ့ပါတယ်။ သိပ်ပြီး ခေတ်မီတဲ့ မိန်းကလေး တချို့တလေကတော့ နိုင်ငံကျော် ရုပ်ရှင်မင်းသမီး မို့မို့ကြိုက်တဲ့ ခရမ်းစွဲနဲ့ ရွှေတွင်းဝါတွေကိုပါ ဝတ်တာ တွေ့ရပါတယ်။

၁၉၈၅ရဲ့နောက်ပိုင်း အမျိုးသမီး အများဆုံးဝတ်ခဲ့တဲ့ ရတနာဟာ အညှို့ရောင်စုံကျောက်တွေဖြစ်ပြီး တော်တော်များများပဲ အမြတ်တနိုး ဝတ်ဆင်ခဲ့တာ တွေ့ရပါတယ်။ ဒီ ကျောက်ရောင်စုံတွေဟာ မြန်မာနိုင်ငံ မိုးကုတ်မြို့က ထွက်ရှိပြီး တန်ဖိုးမများတဲ့ ရတနာစစ်စစ်တွေလည်း ဖြစ်ပါတယ်။ ဟိုးတစ်ခေတ်က တစ်ကလပ် ၂၅/-လောက်ရှိပြီး ခုခါတော့ ၁၀ဝိ/-ကနေ ၅၀ဝိ/-ဈေးထိ ရှိပါပြီ။



၁၉၉၀ခုနှစ် နောက်ပိုင်းမှာတော့ မြန်မာ့တွင်းထွက် ရတနာဖြစ်တဲ့ ပတ္တမြား၊ နီလာနဲ့ ကျောက်စိမ်းဟာ ကမ္ဘာကို လွှမ်းမိုးနိုင်ခဲ့သလို ကျွန်မတို့ မြန်မာမိန်းကလေးတွေရဲ့ ကြားမှာလည်း အကြီးအကျယ် ရေပန်းစားခဲ့မှုဟာ ဒီနေ့အထိပါပဲ။

သူတို့အကြောင်း မပြောမိရင်ဘဲ တစ်ခေတ်နောက်ကျသလို ခံစားရပြီး အနည်းဆုံးတော့ မိန်းမလှလေးရဲ့ လက်သူကြွယ်လေးမှာ နီလာတစ်တန်း၊ ပတ္တမြားတစ်တန်း၊ မြတစ်တန်းဆိုတဲ့ လက်စွပ်ရောင်စုံလေးဟာ အကြီးအကျယ် ခေတ်စားခဲ့တာ မှတ်မိပါသေးတော့။

အဲဒီရဲ့နောက် နိုင်ငံတော်ရဲ့ ပွဲပိုးမှု၊ ဖော်ထုတ်မှု၊ ခွင့်ပြုမှုတွေနဲ့ မြန်မာ့ရတနာတွေဟာ ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခဲ့ရပြီး ကမ္ဘာပေါ်ရှိရှိသမျှသော အပျိုမလေးတွေရဲ့ အသည်းနှလုံးမှာ မြန်မာ့တွင်းထွက်ရတနာတွေဟာ နေရာရခဲ့ပါတယ်။

ဟိုးတစ်ခေတ်က ရွှေဆိုင်တွေဟာ ရွှေသားချည်း ရောင်းခဲ့ပြီး ခုခါမှာတော့ ကျောက်မျက်ရတနာဈေးကွက် တစ်ဆန်းသစ်ခဲ့ပြီမို့ ကျောက်မျက်ရတနာဆိုင်တွေအဖြစ် ဝင့်ထည်လို့ နေပါပြီ။

ကဲ… ဒါဆိုရင်တော့ အမျိုးသမီးလေးတို့ အကြိုက်ဆုံးဖြစ်တဲ့ စိန်၊ ပတ္တမြား၊ မြ၊ နီလာ၊ ကျောက်စိမ်းနဲ့ ပုလဲတို့ရဲ့အကြောင်း တစေ့တစောင်း ကြည့်လိုက်ကြရအောင်ပါနော်။ နည်းနည်းလောက်တော့ သိထားရအောင်ပေါ့။

* * *

## အမျိုးသမီးလေးတို့ရဲ့ ရင်ထဲက ထာဝရစိန်

စိန်ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကိုက 'ထာဝရရှုံးနိမ့်ခြင်း မရှိသော အရာ' လို့ အဓိပ္ပာယ်ရပါတယ်။ ကမ္ဘာပေါ်မှာ အမာကျောဆုံး၊ အလှပဆုံး၊ အဖိုးနဂ္ဂသိုက်တန်ဆုံးနဲ့ အတည်မြဲဆုံးအရာကတော့ စိန်ပါပဲ။

ကျွန်မကတော့ မြန်မာမလေးတွေရဲ့ ရင်ထဲမှာ ထဲထဲဝင်ဝင် နေရာယူနေတဲ့ စိန်သုံးမျိုးသုံးစားရှိတာ တွေ့ရပါတယ်။

တစ်မျိုးက 'ကျင်စိန်' ခေါ်တဲ့ အိန္ဒိယကဝင်တဲ့ စိန် ဝါဝါကျင်ကျင်ကလေးတွေပါ။ အတုအစစ် စစ်ဆေးရန် မလိုလောက်အောင် စိတ်ချလက်ချ ဝယ်ယူနိုင်ပြီး ဈေးနှုန်းလည်း ချိုသာလှပါတယ်။



၁၉၉၅ခုနှစ် နောက်ပိုင်း ဒီစိန်ကျင်လေးတွေ ဘယ်လောက်များ ခေတ်စားခဲ့ပါသလဲဆိုရင် မြန်မာမလေးတွေရဲ့ ရင်ညွန့်မှာ မိုးရေစက်ဆွဲသီးမှန်သမျှ ဒီစိန်ကျင်ကလေးတွေချည်းပါပဲ။ ၁၉၉၇ခုနှစ် လောက်မှာတော့ စကော့ဈေး၊ ရူပါဝေါ၊ ဆေးသုတ် အရောင်တင်ဌာနရဲ့ လက်စွမ်းပြချက်နဲ့ ပလက်တီနမ် သုတ်ထားတဲ့အတွက် အဖြူသန့်လို့လှပပြီး သူ့ရဲ့ဂုဏ်သတင်းက ပိုမိုဝင်းပြောင်ခဲ့ ရပါတယ်။ ဘယ်သူမဆို တစ်ရတီ နှစ်သောင်းဈေးကနေ ငါးသောင်းဈေးလောက်သာ တန်ကြေးရှိတဲ့ ကျင်စိန်လှလှ ဆွဲသီးတစ်လုံးနဲ့တော့ အလှဆင်သင့်ကြပြီနော်။

နောက်တစ်မျိုးစိန်ကတော့ 'အဖြူသန့်' လို့ ခေါ်တဲ့ စိန်ပါ။ သွေးကွက်စုံ အနာကင်းပြီး ဖြူဖွေးသန့်စင်နေတဲ့ စိန်သန့်သန့်လေးတွေဟာ အများအားဖြင့် အိန္ဒိယနိုင်ငံကသာ အဝင်များခဲ့ပါတယ်။

ကျင်ဝါစိန်လေး ၂၀လုံးစီ တစ်ရတီကို နှစ်သောင်းကျပ် ဝယ်ရမယ့် အချိန်ဖြူသန့်စင် ၂၀လုံးစီ တစ်ရတီကို တစ်သိန်းကျော် ဈေးပေးနေရပါပြီ။ ကျင်စိန်မှာ အတုမရှိပေမယ့် စိန်အသန့်မှာတော့ အတုတွေ ပေါလှပါတယ်။ စိန်ဝယ်လိုသူက မကြည့်တတ်ရင် ကြားခံပွဲစား (သို့မဟုတ်) ပိုင်ရှင်၊ အာမခံ (သို့မဟုတ်) ကျောက်မျက်စစ်ဆေးတဲ့ ဌာနရဲ့ အကူအညီနဲ့ ဝယ်ပါလို့ အကြံပေးပါရစေ။



နောက်တစ်မျိုးကတော့ ဘယ်လ်ဂျီယံ သွေးဆိုတဲ့ စိန်လှလှလေးတွေပါပဲ။ အာဖရိက ထွက်တဲ့ စိန်သားတွေ ဖြစ်ပါတယ်။ အိန္ဒိယစိန်တွေထက် ဈေးကွက် ပိုမိုလှပပြီး ဈေးလည်းပိုပါတယ်။ ပွင့်အားနဲ့ လှပမှုဟာ အိန္ဒိယစိန်တွေထက်လည်း သာလွန်ကောင်းမွန်လှပါတယ်။

နောက်တစ်မျိုးစိန်က သွေးကွက်စုံ မသွေးရသေးတဲ့ ရှေးကသုံးခဲ့တဲ့ ကွက်မစုံ ရှေးစိန်တွေပါပဲ။ ဒီစိန်တွေဟာ သွေးကွက်လှပမှုကို ဦးစားမပေးဘဲ အလေးချိန်ကို ဦးစားပေးပြီး အကြမ်းချောခေါ်တဲ့ သွေးနည်းမျိုးနဲ့ သွေးထားပါတယ်။ ဒီသွေးကွက်ကို စကချော၊ မျောက်ခေါင်း စသည်ဖြင့် ခေါ်ဝေါ်ပြီး ရှေးစိန်လို့ အမည်တပ်ကာ ရောင်းကြပါတယ်။ အပါးပိုင်းခေါ်တဲ့ ကွက်စုံစိန်ထက် ဈေးသက်သာလှပြီး သန့်စင်မှု အားနည်းတာ တွေ့ရမှာပါ။

ကျွန်မကတော့ လက်အား၊ ပွင့်အားလိုတဲ့ ရှေးစိန်လေး တစ်ပွင့်ထက် ဈေးသက်သာတဲ့ ကျင်စိန်ကတောင် လှပမှုမှာသာတယ်လို့ ထင်မိပါတယ်။ ဒီလောက်ဆိုရင်တော့ ဘယ်စိန်မျိုးဟာ မိမိနဲ့ သင့်လျော်ပါမလဲလို့ တွေးပြီး ဆင်ယင်ပါနော်။

* * *

## ပျော်ရွှင်ခြင်း၊ ကံကောင်းခြင်းတို့ကို ယူဆောင်လာသော ရတနာ (သို့မဟုတ်) ပတ္တမြား

အမျိုးသမီးတို့ရဲ့ နှလုံးစိတ်ဝမ်း အချမ်းမြေ့ဆုံးအရာ ဘာလဲဆိုလျှင် ပတ္တမြားတစ်ပွင့်ကိုပဲ ပြချင်ပါတယ်။ အကောင်းဆုံး ပတ္တမြားတစ်ပွင့်ကို ပိုင်ဆိုင်သူဟာ ကံကောင်းခြင်း အများဆုံးကို ပိုင်ဆိုင်သူလို့ ရတနာယုံကြည်သူတွေက လက်ခံကြပါတယ်။ တချို့ကတော့ ရင်းနှီးမြှုပ်နှံဖို့၊ အချို့ကတော့ မြတ်နိုးချစ်ခင်လို့၊ ဘာပဲဖြစ်ဖြစ်ပေါ့ အမျိုးသမီးတွေရဲ့ အသည်းနှလုံးတွေကို ရောင်စဉ်တွေအများကြီးနဲ့ ဖုံးလွှမ်းနိုင်သော ရတနာဟာ ပတ္တမြားပါပဲ။

ဒီအနီရောင်ရှိ ရဲရင်တဲ့ပတ္တမြားဟာ ကမ္ဘာကြီးမှာ ဟိုးကတည်းက 'မြန်မာ့ရတနာ' ရယ်လို့ လူသိများခဲ့ပါတယ်။ ပတ္တမြားကို မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကထွက်တာ မဟုတ်ဘဲ 'ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာ' နဲ့ အခြားသောနိုင်ငံတို့ကလည်း ထွက်ပါတယ်။ အဲဒီနိုင်ငံတွေက အထွက်နည်းပါးပြီး အရည်အသွေး

မကောင်းတတ်ကြပါဘူး။ သို့ပေမဲ့ 'မြန်မာ့မြေက မိုးကုတ်ပတ္တမြား' ကိုတော့ ဘယ်နိုင်ငံမှ လိုက်လို့မမီခဲ့ပါဘူး။ ပတ္တမြားဟာ ဟိုးလွန်ခဲ့တဲ့ ရာစုများစွာကတည်းက မြန်မာမလေးတွေရဲ့ အသည်းနှလုံးထဲ ကိန်းအောင်းခဲ့ပေမယ့် ကျွန်မအထင်တော့ ၉၀ခုနောက်ပိုင်းမှ ပိုလို့ သည်းသည်းလှုပ်နှစ်သက်ခဲ့တယ်လို့ ထင်ပါတယ်။ နိုင်ငံတော်ရဲ့ ဖော်ထုတ်မှုကြောင့်လည်း ဖြစ်ပါတယ်။

အဲဒီကနေ ရတနာလောကမှာ ပတ္တမြားဆိုရင် များများစားစား ဝိဝါဒ ကွဲပြားမှုတွေ မရှိလှပါဘူး။ မိုင်းရှူးပတ္တမြား၊ မိုးကုတ်ပတ္တမြားနဲ့ ပတ္တမြားအတုရယ်လို့ပဲ ရှိပါတယ်။

သာမန်အရပ်သူ**တစ်ဦးအနေနဲ့** အတုအစစ်ကို ခွဲခြားဖို့ ခက်မှာပဲနော်။ ပတ္တမြားကျောက်ဟာ ထိထိရောက်ရောက် ငွေပမာဏနဲ့ ဝယ်ရမှာမို့ ကိုယ်ဝတ်မယ့် ကျောက်ထုပ်ကိုတော့ ငွေတစ်ထောင်လောက် မနှမြောဘဲ စစ်ဆေးပြီးမှ ဝယ်စေချင်ပါတယ်။ ကျောက်မျက်ခတ်ခွဲခန်း မရှိတဲ့ နေရာမှာတော့ အာမခံရှိမှ ဝယ်ပါလို့ ပြောပါရစေ။

မိုင်းရှူးဆိုရင် ပေါ်စက အတုလောက် သဘောထားပြီး နှိမ်နှိမ်ချချ ပြောဆိုနေတာ တွေ့ရပါတယ်။ 'နိုင်ငံတကာ ရတနာပြပွဲ' တွေ ကျွန်မရောက်တဲ့အခါ မိုင်းရှူးပတ္တမြားဟာ မိုးကုတ်ကျောက်ထက်တောင် ပိုလို့ နှစ်သက်မြတ်နိုးစွာ ဝယ်ယူမှုကို လက်တွေ့ကြုံခဲ့ရပါတယ်။

တစ်ခုရှိတာက မိုင်းရှူးကျောက်အများစုဟာ (Tradement)အပူပေးပြုပြင်ထားတာကြောင့် မြန်မာလူမျိုးတို့ရဲ့ အသည်းမှာ စွဲထင်နေတဲ့ 'သဘာဝမဟုတ်တော့ဘူး' ဆိုတဲ့ အသိတရားကြီးက ခြောက်လှန့်နေခဲ့ကြလို့ပါပဲ။

ဒါဟာ မှားယွင်းတဲ့ အယူအဆပါ။ ရောင်းသူက မိုင်းရှူးမီးဖုတ်လား၊ မိုးကုတ်စစ်စစ်လားဆိုတာ သစ္စာရှိရှိ ပြောပြဖို့ လိုသလို ဝယ်သူဘက်ကလည်း မေးဖို့လိုပါတယ်။ တချို့က မေးချင်ပါတယ်။ မီးဖုတ်မိုင်းရှူး ဒီအရည်နဲ့ မိုးကုတ်ဒီအရည် ဘယ်လောက်ကွာလို့လဲလို့။ ပေါ်ခါစက ထက်ဝက်ခေါက်ချိုး ကွာခဲ့ပေမယ့် ခုခါမှာတော့ ဈေးအနည်းငယ်မျှသာ ကွာဟပါတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရတနာထွက်ရှိမှု နည်းပါးလာလို့ပါပဲ။ ကျွန်မ ဆိုလိုတာကတော့ မိုင်းရှူးကျောက်ဟာ အတုမဟုတ်ပါဘူး။ လှရင် မိုးကုတ်ပတ္တမြားထက် ဈေးပိုပြီးတောင် ဝယ်ရပါမယ်။





ဒီတော့ ပတ္တမြားဝယ်ဖို့ စိတ်ကူးရှိခဲ့ရင် ရတနာ နားလည်သူအချို့နဲ့ တိုင်ပင်ပြီး ဝယ်ယူပါလို့ပါပဲ ပြောပါရစေနော်။

* * *

## ဘာသာတရား သက်ဝင်ယုံကြည်မှုနှင့် အချစ်ရဲ့သင်္ကေတ (သို့မဟုတ်) နီလာ

ဒိုင်ယာနာတို့ နန်းတော်ထဲက ဒီအချစ်ရဲ့ သင်္ကေတအဖြစ် ဘိုးဘွားဘုရင်တွေ လက်ထက်ကတည်းက 'နီလာ' ဆိုတဲ့ ကျောက်မျက်ရတနာလေးနဲ့ သက်သေပြခဲ့ကြပါတယ်။ အပြာရောင်နဲ့ အေးချမ်းမှုဟာ ဘာသာတရား သက်ဝင်ယုံကြည်မှုကို ညွှန်းဆိုတယ်လို့လည်း ဆိုခဲ့ပါတယ်။

စိတ်နှလုံး မာထန်မှုမရှိ နူးညံ့သိမ်မွေ့ပြီး အေးချမ်းတဲ့ စိတ်ထားရှိသူဟိုင်း အပြာရောင်ကို မြတ်နိုးတယ်လို့ ဆိုရင်တော့...။ အပြာရောင်နီလာလေး တစ်ပွင့်ဟာ ကျွန်မတို့ရင်ထဲ လှလှလေး ဝင်လာသင့်တာပေါ့နော်။

မြန်မာနိုင်ငံ မိုးကုတ်မြို့နယ်က ကျောက်ပြာသာဒ်ဆိုတဲ့ ရတနာ ကုရွှေကုဋ္ဌာက ထွက်ရှိတဲ့ နီလာဟာ ကမ္ဘာ့ အကောင်းဆုံးလို့ ဆိုခဲ့ကြပါတယ်။ ဒါပေမယ့် နီလာဟာ မြန်မာနိုင်ငံတစ်ခုတည်းကမှ ထွက်တာမဟုတ်ဘဲ သီရိလင်္ကာ၊ ကက်ရှမီးယား၊ ထိုင်းနဲ့ ဩစတြေးလျတို့ကပါ ထွက်ရှိပါသေးတယ်ရှင်။ အားလုံးသော နီလာတွေထဲကမှ မြန်မာ့မြေ ရတနာ ကုရွှေကုဋ္ဌာကထွက်တဲ့ နီလာဟာ ဒီကမ္ဘာမှာ အကောင်းဆုံး ကျောက်ရယ်လို့ သရဖူဆောင်းခဲ့ပါတယ်။

နီလာမှာ မီးဖုတ်ထားတဲ့နီလာနဲ့ ဆေးသွင်းနီလာ ဆိုပြီး ရှိပါသေးတယ်။ မီးဖုတ်ထားတဲ့ နီလာကတော့ သဘာဝနီလာလောက် ဈေးရတာ တွေ့ရပါတယ်။ သဘာဝနီလာ အရည်ကြီးတွေလို အပူပေး အရောင်လျှော့ထားလို့ သဘာဝနီးနီးတန်ကြေးရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ရတနာပြပွဲတွေမှာတော့ မီးဖုတ်ထားတဲ့ နီလာလို့ ပြောရောင်းတဲ့တိုင်အောင် ဈေးကြီးဈေးကောင်းပေးရတာ တွေ့ရပါတယ်။

ဆေးသွင်းထားတဲ့ နီလာကတော့ နီလာဖြူများကို ဆေးဆိုးထားပြီး ထိုင်းနိုင်ငံဟာ ဆေးသွင်းပြုပြင်တဲ့နေရာမှာ သူမတူအောင် တော်လှပါတယ်။

ဒီကျောက်တွေဟာ မီးဖုတ်နီလာလောက် တန်ကြေးမရှိဘဲ တန်ဖိုးနည်းလှပါတယ်။ နီလာ သိပ်လှပြီဆိုရင်တော့ စစ်ဆေးပြီးမှ ဝယ်စေချင်ပါတယ်။

## ချစ်မြတ်နိုးဖွယ် စကားလှလှ မွေးဖွားသောရတနာ (သို့မဟုတ်) မြ

လှပတဲ့ မြပိုင်ရှင်တစ်ဦး ဖြစ်ရုံနဲ့ မှတ်ဉာဏ်တွေတိုးစေလို့ ချစ်မြတ်နိုးဖွယ် ပီယဝါစာ စကားတွေလည်း ပြောနိုင်စေတယ်ဆိုတဲ့ အဆိုဟာ ဟိုးရှေးရှေးကတည်းက ရှိခဲ့ပါတယ်။

မြန်မာမလေးတွေကြား ရေပန်းစားနေတဲ့ မြတွေကတော့ အများအားဖြင့် အိန္ဒိယကဝင်တဲ့ မြတွေပါပဲ။ မြတွေဟာ မြန်မာနိုင်ငံက မထွက်ပါဘူးလို့ပဲ အကြမ်းဖျင်း ပြောလို့ ရပါတယ်။ အိန္ဒိယမြတွေဟာ အလွန်မှ အဖိုးနှုန်းချိုသာလှပြီး အလှဆုံး၊ အကောင်းဆုံးမြ တစ်ရတီမှ နှစ်ထောင်ကျပ်ထက် ပိုမပေးရပါ။ ကိုလံဘီယာမြကတော့ မြကြီးလို့ခေါ်ပြီး အလွန်မှ အဖိုးတန်လှတာ တွေ့ရပါတယ်။ အိန္ဒိယမြတွေကို အလေးချိန်နဲ့ ချိန်တွယ်ပြီး ဝယ်ရင်ရပေမယ့် ကိုလံဘီယာမြ(သီတာမြ)တွေကတော့ အများအပြားမတွေ့ရဘဲ ပွင့်ကောက်သဘောလောက်သာ တွေ့ရပါတယ်။ တစ်ပွင့်



တိုင်း တစ်ပွင့်တိုင်း သူ့ဈေးနဲ့သူ ရှိနေပြီး သိန်းဂဏန်းလောက်ထိ အရွယ်လိုက်၊ အရည်လိုက်ပြီး ဈေးများတာ တွေ့ရပါတယ်။

မြစစ်မစစ် မြထဲမှာ အောင်းဝင်အမည်းစက်လေးတွေပါရှိတာ အလွယ်တကူ တွေ့နိုင်ပါတယ်။ မြတစ်ပွင့် သန့်ရှင်းကြည်လင်စွာ တွေ့ရဖို့ဆိုတာ ၇၀%လောက် မဖြစ်နိုင်တာမို့ မြလေးတစ်ပွင့်မှာ အောင်းဝင်တချို့နဲ့ မလှမပတွေ့ရတဲ့တိုင် မြအစစ်ကလေးပါလားလို့ အောက်မေ့ပြီး ဝယ်ပါလို့ တိုက်တွန်းပါတယ်။ သိပ်စင်ရင်တော့ ဂရုစိုက်ပေတော့။

## ဖြူစင်သောအပျိုစင်တွင်ရှိသည့် ကျောက်မျက်ရတနာတို့၏ ဒေဝီ သို့မဟုတ် ပုလဲ

သဘာဝတရားရဲ့ လက်ဆောင်မွန်လို့ ခေါ်ဆိုနိုင်တဲ့ ပုလဲဟာ ကျောက်မျက်တစ်ပါး မဟုတ်ပါဘူးရှင်။ ပင်လယ်ပြင်ကြီးအောက်က ကမာလေးတစ်ကောင်ရဲ့ ဖြစ်တည်မှုတွေ၊ စွမ်းဆောင်ချက်တွေနဲ့ လူသားတို့အတွင်း အံ့ဩဖွယ် ရောက်ရှိလာတဲ့ ရတနာတစ်ခု တစ်ပါးသာ ဖြစ်ပါတယ်။

ဘယ်ကလောက်များ ထူးဆန်းအံ့ဩစွာ လှပစေသလဲဆိုရင် စာဖြင့်ရေးသီဖို့ပင် ခက်ခဲလှပါတယ်။ ဘော်ငွေရောင် ကမာရည်လှလှလေးတွေနဲ့ အလင်းမပေါက်ပေမယ့် 'ပုလဲ'ဆိုတဲ့ ရတနာလေးဟာ ကမ္ဘာကြီးကို တုန်လှုပ်သွားစေတဲ့ထိ လွှမ်းမိုးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာတော့ အိန္ဒိယကဝင်တဲ့ ဈေးပေါလှတဲ့ ကုလားပုလဲတွေနဲ့ မြန်မာနိုင်ငံက ဘိတ်ကျွန်းစုက မွေးမြူခဲ့တဲ့ 'ဘိတ်ပုလဲ'ခေါ်တဲ့'မွေးပုလဲ' တွေ ရှိကြပါတယ်။ ကုလားပုလဲကတော့ တစ်ရတီ(၇ကျပ်ကနေ ၂၅ကျပ်)သာ ရှိပြီး ဘိတ်ပုလဲကတော့ တစ်ရတီ တစ်ထောင်ဈေးကနေ တစ်သောင်းဈေးထိ ဈေးကြီးလှပါတယ်။ ၁၉၉၈နှစ်ဦးပိုင်းမှာတော့ တီဟီဟီကျွန်းကထွက်တဲ့ 'တော်ဝင် ပုလဲ'ဆိုတဲ့ 'ပုလဲနက်လှလှလေး'တွေဟာ အပျိုမတို့အလယ်မှာ အကြီးအကျယ် ရေပန်းစားခဲ့ပါတယ်။

'ပုလဲနက်'ဆိုတဲ့ ပုလဲလေးတစ်လုံးဟာ လွန်ခဲ့တဲ့ ခုနှစ်လောက်က အကြီးအကျယ် ရှားပါးပြီး ဂုဏ်ယူစရာကောင်းတဲ့ ရှားပါးရတနာလေးဖြစ်ခဲ့ပေမယ့် အခုမှာတော့ ကံကောင်းခြင်းကြီးစွာ ဝမ်းမြောက်ဖွယ် ဝယ်ယူလို့ရနေပါပြီ။



'ပုလဲနက်'တွေဟာ တီဟီတီနိုင်ငံမှာမွေးတဲ့ မွေးပုလဲ စစ်စစ်တွေသာဖြစ်ပြီး ဆေးဆိုးပုလဲရယ်လို့ မရှိဘူးနော်။ ဒီကမ္ဘာကြီးမှာ ပုလဲဆိုတာ သုံးမျိုးပဲ ရှိပါတယ်။

ဓာတုဗေဒနည်းနဲ့ ပြုလုပ်ထားတဲ့ ပလတ်စတစ်ပုလဲတွေ၊ နောက်မလှပပြီး ဈေးနည်းလှတဲ့ နာဂူပုလဲတွေပေါ့။ တတိယကတော့ လူသားတွေ ငွေကုန်ကြေးကျခံကာ တယုတယ မွေးယူခဲ့ရသော 'မွေးပုလဲစစ်စစ်'တွေပဲ ဖြစ်ပါတယ်။ မွေးပုလဲစစ်စစ်လို့ ဖော်ပြတယ်ဆိုရင်ပဲ ဆေးဆိုးခြင်းဆိုတာ မရှိနိုင်တော့ပါဘူး။ ဒါဟာ ကမာကောင်လေးရဲ့ သဘာဝထုတ်ပေးတဲ့အရည်ပဲ ရှိနိုင်တယ် မဟုတ်လား။

မွေးပုလဲတွေဟာ လူသားတို့ရဲ့ စွမ်းရည်၊ ကမာကောင်လေးတွေ



ရဲ့ စွမ်းရည်၊ ကမာကောင်လေးတွေရဲ့ အစွမ်း၊ ရေမြေသဘာဝ၊ အစားအသောက်တွေနဲ့ ဖြစ်ပေါ်လာတဲ့ လှပတဲ့ရောင်စဉ်တွေနဲ့ ဘုရားသခင် ဖန်တီးတော်မူတဲ့အတိုင်း အံ့ဩဖွယ် ရေးသီမစွမ်းနိုင်သော စကားလုံးတွေထက် လှပသော သဘာဝအရောင်ပေးတာသာ ဖြစ်ပါတယ်။ ကဲ… ဒီရတနာလေးတွေရဲ့အကြောင်း အခြေခံလောက်သိထားပြီဆိုရင်ဖြင့် ကျွန်မတို့တွေ ဒီရတနာလေးကို ဘယ်လိုဝတ်ကြရင် ကောင်းမလဲလို့ ဆွေးနွေးကြရအောင်ပါနော်။

* * *

## ဆင်တတ်မှ လှမှာနော်

ဗိုလ်ချုပ်အောင်ဆန်းဈေးထဲ တစ်ခေါက်ရောက်တိုင်း မြန်မာမလေးတွေ ခေတ်မီလာကြပြီလို့ ဝမ်းသာအားရ ဖြစ်ပါတယ်။ ဒါဆိုရင် အရင်တုန်းက နောက်ကျနေလို့လား မေးစရာရှိတာပေါ့နော်။ ဟင့်အင်း ရှင့်။

သူကလေးတို့ ခေတ်နောက်ကျတာ မဟုတ်ပါဘူး။ ပတ္တမြားမိုမို ခေတ်နောက်ကျခဲ့တာပါ။

ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်ဦးပိုင်းဆီက အလှူပွဲတစ်ခုမှာ ကျွန်မရဲ့ ရတနာဆင်ယင်မှုကို ပြန်တွေ့ရလို့ပါပဲ။ အဲဒီတုန်းက ကျွန်မလေ တစ်ပါးသွား စိန်ကြိုးတစ်ကုံးကို ဆွဲခဲ့ပါတယ်။ သူ့အောက်ကမှ နီလာကို စိန်ခြယ်ထားတဲ့ သုံးပါးသွား စိန်ဘယက်တစ်ခုကို ထပ်ဝတ်ပြီး 'အဲဒါ ကျွန်မပေါ့'လို့ မိန့်မိန့်ကြီး ပြုံးနေမိတဲ့ ကိုယ့်ပုံကိုယ် ပြန်ကြည့်မိတိုင်း ရှက်မိပါရဲ့။

လက်ထဲမှာလည်း ဘာရမလဲဆိုပြီး တစ်ပါးသွားကြိုးရဲ့ One Set လက်ကောက် တစ်တန်းသွားကြီးကို စွပ်လို့။ သုံးပါးသွားကြိုး ဝတ်ထားမိပြန်တော့ သုံးပါးသွား လက်ကောက်ကို ဒါလည်းချန်ထားလို့ မရသေးဘူးဟု ကိုယ့်ကိုယ်ကို လှချင်လွန်းကြီးစွာ ထပ်ဝတ်လိုက်ပြန်ပါတယ်။

ခုခါ သေသေချာချာ ကြည့်မိတိုင်း အရှုးလည်ပင်းမှာ နို့ဆီခွက်တွေ စီချိတ်ခဲ့သလို အမြီးအမောက်မတည့်ဘဲ မျက်စိနောက်စရာ ဖြစ်ကုန်ပြီး ပသာဒမဖြစ်ဘဲ ဟာသဖြစ်လို့နေပြန်ပါတော့တယ်။

ဒါ ဘာကြောင့်လဲ။ ဘာဖြစ်လို့ အဲဒီအချိန်က အဲဒီစိတ်တွေ

ဝင်ခဲ့ရသလဲလို့ တွေးမိတိုင်း ဝမ်းနည်းမိခဲ့တယ်။ ရှက်လည်းရှက်မိတယ်။ ကြွားချင်လွန်းလို့ ကိုယ့်ပစ္စည်းနဲ့ကိုယ် လူရွဲ့ခံရအောင် ဝတ်ခဲ့တာလေ။ အဖြေက ရှင်းနေပါတယ်။ အလှလောဘ မသတ်နိုင်ခဲ့လို့ပေါ့ရှင်။ မိန်းကလေးတိုင်းရဲ့ ခံယူချက်တိုင်းက ပြင်းထန်လွန်းလှတယ်။ ဘယ်အချိန် ထမေးမေး မလွဲတဲ့ စကားလေးတစ်ခွန်းတော့ အမြဲပြောနိုင်ကြတယ်။ အဲဒါကတော့ ရတနာတွေ ဘယ်လောက်ဆင်ဆင် ကိုယ့်ကိုယ်ကို သိပ်လှတယ်လို့ ထင်ထားမိခြင်းပဲပေါ့။

ဘာတွေကောက်ဝတ်ဝတ် လှမှာပါပဲလို့ လောဘတက်ခြင်းပဲပေါ့။ တကယ်တော့ ကိုယ့်ကိုယ်ကို ပိုလှသလားလို့ ဘယ်တော့မှ မမေးမိပါစေနဲ့။ သူတစ်ပါးကပဲ လှပါတယ်လို့ ပြောကြပါစေ။ ကိုယ့်ကိုယ်ကို မကျေနပ်ပါနဲ့။ သူတစ်ပါးမျက်စိထဲမှာ ကိုယ့်ကို ကျေနပ်နေပါစေ။ ဒါမှ အလှစစ်ကို တွေ့ရမှာ။ မှတ်မိသေးတယ်။

အဲဒီတုန်းက ပန်းချီဆရာ ကျွန်မရဲ့ မောင်ငယ်က ကျွန်မကို သက်သက်သာသာကလေး ဝေဖန်ခဲ့တာပေါ့။ ဂန္ဓဝင်ပန်းချီကားချပ်ထဲကို တောက်တောက်ပပ ရောင်စုံဆေးခွက်ကြီး မှောက်ကျထားတဲ့ အတိုင်းပဲ ပျက်ရောတဲ့။ ပြောရက်လိုက်တာလို့ ဝမ်းနည်းပန်းနည်း ခံစားခဲ့တဲ့ ကျွန်မက သူပြောတဲ့ ပန်းချီကားတွေ ကြည့်မိတော့ ဟုတ်ကဲ့၊ ပန်းချီတစ်ချပ်ရဲ့ ရသမှာ ရောင်စုံမများတဲ့ ဆေးချက်ညက်ညက်ကလေး တစ်ခုကပဲ ရသဆိုတဲ့ ခပ်သေးသေးတစ်ခုလောက်ကိုသာ နက်နက်နဲနဲ တင်ကျန်စေတာကလား။

အဲဒီနေ့က မမဝတ်ထားတဲ့ ဝတ်စုံ အလှဆုံးပဲလို့ ပန်းချီဆရာလေးက ကောက်ချက်ချခဲ့သေးတယ်။ ကျွန်မ နားကြားမလွဲဘူး။ ဒါပေမယ့် ရတနာတွေကြောင့် အလှပျက်ပြီလို့ တန်ဖိုးများစွာရှိတဲ့ စိတ်လည်ဆွဲကြီးနှစ်ကုံးကို ရေမြောင်းထဲ ရောက်အောင် ပြောရက်ခဲ့တာ သူ မမှား။ ကျွန်မ မှားခဲ့တာ၊ ရှက်မိတယ်။ သူပြောမှ အဲဒီတုန်းက ကျွန်မ ဝတ်ခဲ့တာတွေ ပြန်ကြည့်တော့ အနက်ရောင် ဆွစ္စလန်ဇာနဲ့ အနီအနက်ပါလွန်းတစ်ရာကြိုးကြီးချိတ်ကို ပြင်သစ်ဇာ အနီရောင်ပုဝါကို ခန့်ခန့်လေးခြုံလို့။

ဒီဝတ်စုံနဲ့ အဲဒီအချိန်က ကိုယ့်မျက်နှာကို ချန်ပြီး ကြည့်လိုက်ရင် ဝတ်စုံကတော့ တော်တော်ကို လိုက်ဖက်လှတာ တွေ့ရပါတယ်။





လောဘကို အတောသတ်ပြီး တစ်ပါးသွားစိန်ကြိုးလေး တစ်ကုံးလောက်နဲ့သာဆို တော်ဝင်အလှတစ်ပါး ဖြစ်နိုင်ပါလျက် လောဘ တက်ပြီး နှစ်ကုံး ထပ်ဆွဲလိုက်တော့ ကျွန်မ ပေါတောတောကြီး ဖြစ်သွားတာပေါ့နော်။

တစ်ခါတလေ မင်္ဂလာပွဲတွေမှာ ဂုဏ်မက်လို့၊ လှချင်လို့၊ နဂိုကလည်း ရှိပြီးသားမို့ ဆိုပြီး ရောင်စုံ ကြိုးကြီးအောက်က ပုလဲကြိုးတစ်ကုံးနဲ့ နီလာ ကြိုးပါခံပြီး ပတ္တမြားကြိုးကို ညှပ်ဆွဲလာတော့ ဘာတွေဖြစ်ကုန်မှန်းတောင် မသိတော့။ မွန်းလို့၊ ကျပ်လို့၊ ညှပ်လို့။ တစ်ခါတလေ ပတ္တမြားကြိုးတစ်ကုံးကို နည်းနေပါသေးတယ်ဆိုပြီး ပတ္တမြားလော့ကက်ကို ရွှေဆွဲကြိုးကြီးနဲ့ဆွဲချပြီး ဝတ်လာကြသူတွေကိုလည်း ခဏခဏ မြင်ဖူးပါရဲ့။

မျက်နှာလှလှလေးအောက်က ရင်ညွန့်ပေါ်မှာ အရူးလွယ်အိတ်လို ရှုပ်ယှက်ခတ်နေတာတော့ အမှန်ပဲရှင်။

တစ်ခါတလေမှာ လီမ်းထားတဲ့ မိတ်ကပ်ထူလပျစ်တွေကြောင့် စိတ်အိုက်ရတဲ့အထဲ ဒီလိုတွေ့ကရာ ရောင်စုံကျောက်တွေကြောင့် မြင်ရတာ မလှဘဲ ပျို့ချင်အန်ချင်တောင် ဖြစ်လာမိသေးတယ်။ အမျိုးသမီးလေးတစ်ယောက်ရဲ့ အလှဆုံး ရတနာဟာ ရင်ညွန့်ပေါ်က ရတနာလေးတစ်ခုလောက်ပဲဆိုတာ ပြည်ပရပ်ခြား သွား

ရောက်တဲ့အခါမှ ကျွန်မ သိလာခဲ့ရပါတယ်။

မြန်မာမလေးတွေကို ရတနာတွေကို များများကြိုက်တတ်တဲ့ လူမျိုးကတော့ မလေးရှားက မလေးမလေးတွေပဲ ဖြစ်ပါတယ်။ ဂျပန်၊ အမေရိကား၊ ဟောင်ကောင်၊ စင်ကာပူ၊ ဘန်ကောက် ရောက်ခဲ့တဲ့အခါမှာတော့ သူတို့ရဲ့ လည်တိုင်ကြော့ကြော့မှာ အီတလီလုပ် ပလက်တီနမ်ကြိုး သေးသေးလေးတွေနဲ့ ကိုယ့်ရဲ့ ပိုင်ဆိုင်နိုင်မှုအလိုက် ဒီဇိုင်းလှလှနဲ့ အဖိုးတန်တန် အဆီနှစ်နှစ် သေးသေးလေးတွေကို လက်စွပ်၊ နားကပ်၊ ဆွဲသီးလေးတွေလောက်သာ ဝတ်တာ တွေ့ရပါတယ်။

မြင်ရတာ ရှင်းပြီး သန့်နေလိုက်တာနော်။ ဒါက နေ့စဉ်ဝတ်တဲ့ ဆင်ယင်မှုပါ။ ရတနာပြပွဲကြီးတွေရဲ့ ဖွင့်ပွဲမှာ၊ ညစာ စားပွဲကြီးတွေမှာ တော်ဝင်ရတနာ မော်ဒယ်ရှိုးပွဲတွေမှာတော့ သူတို့ရဲ့ ဝတ်ဆင်မှုဟာ အံ့သြလောက်အောင် ပုလဲစစ်စစ်လေး တစ်လုံးလောက်နဲ့ ပွဲလည်တင့်နေတာ တွေ့ခဲ့ရပါတယ်။

တချို့ကတော့ မြန်မာ့ကျောက်စိမ်း အဖိုးတန်တစ်ပွင့်၊ တချို့ကတော့ နီလာလှလှကြီးတစ်ပွင့်တလေနဲ့၊ တချို့ကတော့ အဖိုးမည်မျှလို့ မှန်းရခက်နေတဲ့ စိန်ကြီးတစ်ပွင့်လောက်နဲ့ သူမရဲ့ ကမ္ဘာဟာ ပြီးပြည့်စုံနေတာ တွေ့ရပါတယ်။ ပတ်ကားကြိုးကုံးကြီးတွေ ဆွဲထားတာ တစ်ခါမှ မတွေ့ခဲ့ပါဘူး။

သူတို့က ကြီးလေကြောက်လေတဲ့လေ။

ကြီးရင် ရိုင်းတယ်လို့ မြင်ထားတာကိုး။

အဲဒီကစပြီး နည်းနည်းနဲ့ ကောင်းကောင်းဆိုတဲ့ ခံယူချက်ဟာ အရိုးစွဲအောင် မှတ်ခဲ့မိရတယ်။

နောင်အခါ ကမ္ဘာ့ပွဲစဉ်တွေရဲ့ ရတနာပြပွဲဖွင့်ပွဲတက်တိုင်း အနက်ရောင်ချိတ်ဝတ်စုံနဲ့ ဘိတ်ပုလဲကြိုး စစ်စစ်ကလေး တစ်လုံးနဲ့ တက်နိုင်အောင် ကြိုးစားခဲ့ရပါတယ်။

ကျွန်မတို့ မြန်မာကလေးတွေလည်း ခုခါမှာတော့ ရတနာဝတ်ဆင်မှုအပိုင်း အံ့သြလောက်အောင် ခေတ်မီနေတာ တွေ့ရပါပြီ။ အဝတ်အစားအရောင်နဲ့ လိုက်ဖက်တဲ့ ရတနာလေးတွေကို ကြော့နေအောင် ဝတ်တတ်ကြပါပြီ။ အရင်ကလို ရွှေစင်ရွှေသား အပြားလက်ကောက်ကြီးတွေအစား သေးသေးကျစ်ကျစ်နဲ့ အခေါက်ပုံဆန်းလေးတွေနဲ့ ယဉ်ယဉ်ကလေး ဝတ်တတ်သလို ရတနာလေးတွေကိုလည်း ဆွဲသီး၊



နားကပ်နဲ့ လက်စွပ် One Set လေးလောက် ဝတ်နေကြပြီလေ။

ပုလဲဆို ပုလဲနားကပ်၊ လက်စွပ်၊ ဆွဲသီးကလေးနဲ့ ယဉ်ယဉ်ကလေးနဲ့ ပန်းရစ္စာ ကျက်သရေရှိရှိ ဆင်ယင်ကြတာ မြင်ရတော့ စိတ်ချမ်းမြေ့စရာ။

ဒီလိုပါပဲ။ ဝတ်ဆင်လာမှုဟာ ရတနာမှာ ပိုပြီး တန်ကြေးရှိလာသလို မိမိရဲ့ နဂိုရုပ်ကိုလည်း ရတနာ ဂုဏ်ရောင်နဲ့ ပိုပြီး ကျက်သရေ ထွန်းပြောင်လာတာ တွေ့ရပါတယ်။

ပွဲနေပွဲထိုင် မဟုတ်ရင် ကြိုးနဲ့လက်ကောက် One Set ကြီးတွေ ရှောင်ရှားပါ။ တစ်ခါတလေ အဲသလို အများကြီး ဝတ်ဆင်တာနဲ့စာရင် မဝတ်တာကမှ ပိုလှတတ်ပါတယ်။

ကျွန်မ အကြိုက်နှစ်သက်ဆုံး ရတနာစတိုင်လ်လေးကတော့ ကိုယ်ဝတ်ဆင်တဲ့ ရတနာနဲ့ယှဉ်ပြီး လက်ဝဲလက်ရည်ညွှန့်လေးပေါ်မှာ မကြီးလွန်း၊ မလေးလွန်းတဲ့ ရတနာရင်ထိုးလေးတစ်ခု ဆင်ယင်ကြည့်စေချင်တာပါပဲ။

ဒီစတိုင်လ်လေးဟာ ထိုးခါစမှာ ကြောင်တယ်လို့ ဆင်ရပေမယ့် တကယ့်ကို သန့်ပြီး တောက်ပြောင်နေပါတယ်။ လူကိုလည်း ပိုပြီး နုနယ်စေပါတယ်။ အစပထမမှာ ရတနာစစ်ကို မဝတ်သေးဘဲ Fancy ရင်ထိုးလေးတွေနဲ့ အလှဆင်ကြည့်ပါဦး။ နောက်တော့မှ ···။

ကိုယ့်ကိုယ်ကို တစ်မျိုးလေး စိတ်ချမ်းမြေ့နေတာ တွေ့ရပါလိမ့်မယ်။ ကဲ··· ဒါဆို ရင်ထိုးလေး ထိုးတတ်အောင် ကြိုးစားကြည့်ပါလား။

* * *

## ရတနာနဲ့ နေရာ

ရတနာဟာ သူ့နေရာနဲ့သူဝတ်မှ အံဝင်ခွင်ကျ ကြည့်လို့လှပါတယ်။ 'တင့်တယ်ခြင်း' ဆိုတဲ့ စကားဟာ 'နေရာ' ပေါ် များစွာ မူတည်လှပါတယ်။

မှတ်မှတ်ရရ ကျွန်မတို့အိမ်ဘေးက အစ်မကြီးတစ်ယောက်ကတော့ ဆွဲကြိုးငါးကုံး၊ လက်ကောက်သုံးဖက်၊ လက်စွပ်ခြောက်ကွင်းကို ထာဝရ ဆွဲထားတာ တွေ့ရပါတယ်။ (စိတ်လည်းကောင်းပါတယ်)။

ဘယ်ညာဖက်နှစ်ဖက်မှာ လက်မနဲ့ လက်သန်းချန်ပြီး မြ၊

ပတ္တမြား၊ နီလာရောင်စုံနဲ့ ပုလဲလက်စွပ်တွေ ဝတ်ထားပြီး လည်ပင်းမှာ ရောင်စုံကရောင်းကြိုး၊ မြကြိုး၊ ပတ္တမြား၊ နီလာနဲ့ ကုလားပုလဲကြိုးကြီး အမြဲဆွဲထားတာ တွေ့ရပါတယ်။

တစ်နေ့တော့ သူ ကျွန်မအိမ် အလည်ရောက်နေချိန် ရန်ကုန်က ကျွန်မမိတ်ဆွေ အပျိုမလေး ရောက်လာပြီး 'ဒီမိန်းမကြီးက ရူးနေတာလား' လို့ မေးတာ သူကြားသွားတာနဲ့ 'ကြိုက်လို့ဟေ့၊ ကိုယ့်ရှိလို့ကိုယ်ဝတ်တာ ဘာဖြစ်လဲ' လို့ ဆိုကာ ရန်ဖြစ်ပါတော့တယ်။

ငတိမလေးကလည်း ... ကက်ကက်လန်နေတာပါပဲ။

'ရှိတိုင်းဝတ်ရမလား၊ အရူးနဲ့တူလို့ တူတယ်ပြောတာ' ဟု ပြန်ပြောရာ ရန်ပွဲကြီးကို မနည်းဆွဲခဲ့ရပါတယ်။

ဒီရတနာ ချစ်မကြီးကို နေရာဒေသမရှောင် ဒီအတိုင်းတွေ့ရပါတယ်။ အသုဘအိမ်မှာလည်း သည်ပုံကြီးနဲ့ ဝင်လာတော့ မသာရှင်တွေ ဘယ့်နှယ် ခံစားကြရပါမလဲ။ အသုဘလို့ ဆိုမှပဲ။ ရတနာဆိုတာ ပျော်ရွှင်ခြင်းရဲ့ အထိမ်းအမှတ်။ ခုလို ဝင်းပင်းပြောင်ပြောင် လိုးလိုးလက်လက်တွေ လိုသည်ထက် ဆွဲသွားသင့်ပါသလား။ အသုဘကို ရန်စနေသလိုပဲနော်။

ကိုယ့်ပစ္စည်းနဲ့ကိုယ် မုန်းခံရတယ်ဆိုတာ အဲဒါကို ပြောတာ။

ညစာစားပွဲလေးလောက်၊ သမီးရဲ့ ပညာရေး ဆုယူတာလောက်တော့ဖြင့် ဆွဲသီး၊ နားကပ်၊ လက်စွပ်လောက်သာ ဝတ်သင့်ပါတယ်။

ခေတ်မီတဲ့ ညှော့ခံပွဲမျိုးမှာတော့ ကရောင်းကြိုးနဲ့ ကျောက်လက်ကောက်အမာတွေဟာ ပေါင်မုန့်ကို ငါးပိသုတ်ပြီး ရွှေရောင်ဇန်းပေါ် တင်လာသလို ဖြစ်ပါလိမ့်မယ်။ ရှောင်ဖြစ်အောင် ရှောင်ပါနော်။

မြန်မာဆန်တဲ့ အလှူပွဲမျိုး၊ ညှော့ခံပွဲမျိုး၊ မင်္ဂလာဆောင်မှာတော့ ရတနာကျောက်စီကြိုး လက်ကောက်တွေမှ ဂုဏ်တင်ထည်ဝါ ခန့်ညားပါလိမ့်မယ်။

သတို့သမီးလေးတွေဆိုရင် အလှဖန်တီးရှင်ရဲ့ စိန်တစ်ရစ်၊ နီလာတစ်ရစ် သို့မဟုတ် စိန်တစ်ရစ် ပတ္တမြားတစ်ရစ်တွေဟာ အတုဖြစ်နေရင်တောင် အင်မတန်မှ သင့်မြတ်လျော်ညီတဲ့ ရတနာဆင်မှုပါပဲ။

သိပ်ပြီး ဂုဏ်သရေရှိ အသိုင်းအဝိုင်းတွေက အစစ်ဝတ်မှ ဂုဏ်



ရှိတယ်ထင်ပြီး ရတနာအရောင်စုံစုံတွေ ဝတ်ပေးတတ်ကြပါတယ်။ မလှဘဲ ကြောင်သွားတာ တွေ့ရပါတယ်။

တချို့ကတော့ 'ပြည့်စုံလွန်းသူ' လို့ ထင်စေချင်ပြီး ငွေကြေးနဲ့ ပေးပြီး စိန်စစ်စစ်တစ်ဆင်စာ ဝတ်စေခြင်းဖြင့် ဂုဏ်ယူတတ်ပြန်ပါတယ်။

သတို့သမီးဆိုတာ အခမ်းနားတစ်လျှောက်လုံး သူ့ရဲ့ အသိတရားတွေ ခန္ဓာကိုယ်နဲ့ မကပ်နိုင်အောင် အလုပ်ရှုပ်ကာ ပျံ့လွင့်နေတတ်ပါတယ်။

ဘယ်သူမှ ကိုယ့်ရတနာတွေကို ဂရုမစိုက်မိပါဘူး။ ဒီတော့ ပျောက်ရှမှာ ပူရတာနဲ့စာရင် အဆင်အပြင် အံဝင်ခွင်ကျရှိတဲ့ သတို့သမီးတစ်ဆင်စာကိုသာ အလှဖန်တီးရှင်ရဲ့ ဖန်တီးမှုနဲ့ ရယူပါလို့ စေတနာနဲ့ တိုက်တွန်းပါရစေ။

## အဝတ်အစားအလိုက် ဝတ်ဆင်မှုများ

ရတနာတို့ရဲ့ ဘုရင်လို့ခေါ်တဲ့ စိန်ဟာ ကြည်လင်သန့်ရှင်းတဲ့ အဖြူရောင်သာ အခြေခံပါတယ်။ ဒါဆို အခြားအရောင်တွေ မရှိဘူးလားဆိုရင် အဖြူရောင်တင် မကပါဘူး။ အဝါနု၊ အညို၊ အစိမ်းနဲ့ နီလာပြာရောင်၊ ပတ္တမြားလို အနီရောင်တွေထိ ရှိပါတယ်။

လက်တွေ့ကျကျ တွေ့မြင်ရတာကတော့ အဝါညစ်ညစ်ကျင်စိန်နဲ့ အဖြူရောင်စိန်တွေကိုသာ တွေ့ရတတ်ပါတယ်။ စိန်ရဲ့ သဘောသဘာဝဟာ လှပတဲ့ ရောင်စဉ်တွေနဲ့ လင်းလက် ဖြာဝေခြင်းသဘောရှိလို့ သူ့ကို ဝတ်ဆင်တဲ့အခါ ဘယ်လို အင်္ကျီကြောင်ကြောင်ကျားကျား အချိုးမကျတဲ့တိုင် မိန်းမသားတို့ရဲ့ ရင်ညွန့်မှာ ပုံစံတစ်မျိုးနဲ့ တင့်တယ်တတ်ပါတယ်။

လှချင်လွန်းလို့ပါလို့ ရွေးချယ်ကာ ဝတ်မယ်ဆိုရင်တော့ ဖြောင်သားပေါ်မှ အရောင်ရင့်မှန်သမျှအားလုံး စိန်နဲ့ ဆန့်ကျင်ဘက် လှပစွာ ထင်းထင်းကြီး ပေါ်စေပါတယ်။ တစ်ဖက်သားကို အံ့သြဖွယ်ကောင်းအောင် လှပစေပါလိမ့်မယ်။

အဖြူရောင်နဲ့ ဆိုရင်လည်း စိန်နဲ့အလှဟာ ပိုပြီး လင်းလက်တောက်ပလေ့ ရှိပါတယ်။

ဘယ်အပျိုမလေးမဆို ကျင်ဝါရောင်စိန်လေးတွေနဲ့ လုပ်ထားတဲ့ မိုးစက်ပုံဆွဲသီးလေး တစ်လုံးလောက်တော့ ရှေးသက်သောင့်သက်သာစွာ ဝတ်ဆင်

နိုင်ကြပါလိမ့်မယ်။

စိန်ဆိုရင် အရောင်မရွေး ဝတ်သမျှ အထည်ပေါ်မှာ လှပသစ်လွင်စွာနဲ့ သင့်ရဲ့ ပျော်ရွှင်မှုကိုပေးမယ့် ရတနာလို့ ပြောပါရစေ။

## အနီရောင်ပတ္တမြားနှင့် တွဲဖက်ဝတ်ဆင်မှု

ပတ္တမြားတစ်ပွင့်ရဲ့ ရဲရင့်တဲ့ အရောင်ဟာ ဝတ်ဆင်သူကို အင်အားရှိစေပါတယ်။ အဖြူရောင်အင်္ကျီနှင့် အနီပွင့်ပါ ထဘီတို့နဲ့တွဲဖက်ပြီး ပတ္တမြားဆွဲသီးလေး ဆွဲကြည့်စမ်းပါ။

ဒါမှမဟုတ် ပန်းနုရောင်ဖျော့ဖျော့ ပြောင် One S:t လေးပေါ်မှာ ပတ္တမြားလည်ဆွဲတစ်ကုံးနဲ့ ဆင်ယင်ကြည့်ပါနော်။ ဘယ်မျှ လိုက်ဖက်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။

အဝါရောင်နုနုလေးခံပြီး အနက်ရောင်ထဘီနဲ့ မိန်းမလှလေးက ပတ္တမြားဆွဲသီးကလေး ဝတ်မတဲ့။ ကဗျာတစ်ပုဒ်လို ကိုယ်တိုင်ကို မှန်ထဲကြည့်လိုက်ပါလား။ တွေ့ရမှာပါရှင်။

တစ်ခါတလေမှာ ကြည်ပြာနုနုရောင်စဉ် အေးအေးလေးဟာ ပတ္တမြားရဲ့အနီရောင်ကို နှစ်သက်တတ်ပြန်သတဲ့။

## နီလာဆိုတဲ့ အပြာရောင်သင်္ကေတ

နီလာဆိုတဲ့ ရတနာလေးတွေဟာ အပြာရောင်ဘက်လှပြီး အချစ်ရဲ့ သင်္ကေတ ဖြစ်ပါတယ်။ နီလာရဲ့ အရောင်ဟာ မာန်မာနကင်းစင်ခြင်း၊ ဘာသာရေး ကိုင်းရှိုင်းခြင်းရဲ့ ပြယုဂ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီပြယုဂ်ကလေး ဝင့်ထည်မှုဟာ မိမိရဲ့ အဝတ်အစားပေါ်မှာပဲ မူတည်နေပါတယ်။ နီလာရဲ့ အပြာရောင်ဟာ အေးချမ်းလှပြီး အမျိုးသမီးလေးတို့ မိမိရဲ့ အဝတ်အစားနဲ့ တွဲဖက်ဝတ်ဆင်ရာမှာ ပန်းရောင်ဖျော့ဖျော့ သို့မဟုတ် အခြားပန်းနုပြောင်တစ်ခုပေါ်မှာ နက်ပြာရောင်လုံချည်လေးနဲ့ တွဲဖက်လို့ ဝတ်ဆင်ကြည့်စမ်းပါ။ တစ်ခါတလေ အပြာနုရောင်အင်္ကျီပေါ်မှာ နက်ပြာပွင့်လေးတွေ ဖောက်ထားတဲ့ ဘရိုကိတ်လုံချည်ကလေးနဲ့ တွဲဖက်ဝတ်စမ်းပါ။ ရွှမဝ





ဖြစ်တာ တွေ့ရပါလိမ့်မယ်။

## အေးချမ်းတဲ့ ပုလဲကလေးနဲ့ တွဲဖက် ဝတ်ဆင်မှု

ဘယ်လို ဝတ်စုံပေါ်မဆို ပုလဲတစ်လုံးဟာ ဂုဏ်ရှိန်မြင့်စွာ တည်ရှိတတ်ကြပါတယ်။ နုနုရင့်ရင့် ကြောင်ကြောင်ကျားကျား ပုလဲဆွဲထားလို့ကတော့ ပကတိ အေးချမ်းတည်ငြိမ်လျက်ရှိတဲ့ အလင်းမပေါက်တဲ့ ရတနာလေးပါ။ စိတ်နှလုံး အေးချမ်းမှုလည်း အပြည့်ရှိပြီး မဟူရာစိန်ပွင့်တွေရဲ့ ညည့်ခံညတွေမှာတော့ ဖြူစင်တဲ့ ပိုးသားဝတ်စုံတွေပေါ်မှာ ဘုရင်မလေးတစ်ပါးလို ဂုဏ်ထည်စွာ တွေ့ပါလိမ့်မယ်။

ကဲ… ရှင်ကလေးရယ်၊ တစ်ခါလောက် အဲသည်လို ပိုးသားဝတ်စုံကလေး ဝတ်ကြည့်ပြီး အလှဆင်လိုက်မယ်ဆိုရင်တော့ အဲဒီညက အလှဘုရင်မလေးဟာ ရှင်ပဲ ဖြစ်လိမ့်မယ်။

## မဟာရောင်နဲ့ ခရမ်းစွဲနဲ့ လိုက်ဖက်ဝတ်စုံ

လှပစွဲလမ်းဖွယ်ရာ ခရမ်းရောင်တစ်ခုဟာ ဘယ်ကလောက် ယစ်မူးဖို့ကောင်းသလဲဆိုရင် ခရမ်းစွဲ ကျောက်တစ်ပွင့်ကို ဝတ်ဖြစ်အောင် ဝတ်ကြည့်ပြီးမှ ပြောပြလိုက်မယ်နော်။

ကိုယ့်ကိုယ်ကို တော်ဝင်အလှမယ်လေးလို့ခံယူချင်လာပါလိမ့်မယ်။

ခရမ်းရောင်အပွင့်ပါတဲ့ လုံချည်လေးနဲ့ ခရမ်းဖျော့ဖျော့ပေါ်က အင်္ကျီပေါ်မှာ ခရမ်းစွဲလှလှလေးတစ်ပွင့်ကို ဆွဲထားရင် အလိုက်ဖက်ဆုံး ဆင်ယင်မှု ပါပဲ။ ခရမ်းစွဲရတနာကို ရုပ်ရှင်မင်းသမီး မို့မို့တစ်ယောက် တမ်းတမ်းစွဲ ဝတ်ဆင်ပြီး နှစ်စဉ် ပြက္ခဒိန်လှလှတွေ ထုတ်ဆဲပါ။ ခရမ်းစွဲရတနာနဲ့ လိုက်ဖက်တဲ့ ဇေဒါရောင်ဖျော့ဖျော့၊ မျက်ခွံရောင်၊ နုတ်ခမ်းနီရောင်တွေဟာ ခရမ်းစွဲ လော့ကတ်ကလေးတစ်လုံးရဲ့ ဂုဏ်ရှိန်ကို ပိုပြီး မြင့်တင်နိုင်စေခဲ့သလို ဆင်ယင်ထားတဲ့ မိန်းမလေးဟာ ဘယ်ကလောက် တော်ဝင်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကို ပြန်ကြည့်ရင် သိပါပြီရှင်။

## စိမ်းဝါရောင် ပြောင်ခေါင်းစိမ်း

ဒီရတနာလေးကတော့ ဖက်ဖူးစိမ်းရောင် ပြောင်သားဓာလေးနဲ့ အနက်ခံမှာ အစိမ်းနုလွှင်လွှင်လေးပါတဲ့ အချိတ်ထဘီလေးနဲ့ လိုက်ဖက်လှပါတယ်။ ပဝါကိုတော့ အဝါရောင်သုံးပါ။ ဈေးသွားရုံ၊ ရိုးရိုးသွားရုံဆိုရင်တော့ စိမ်းဝါရောင် အပွင့်ပါ ဘရိုကိတ်လုံချည်၊ ခုခေတ်တော့ မာစား၊ ရှမ့်ပိုင်းအစ အပွင့်တွေနဲ့ ရောပြီး ဝတ်ဆင်ပါ။

ကဲ ဤဖွေ့ဤမျှဆိုရင်ဖြင့် ဘယ်ရတနာတွေဟာ ဘယ်ဝတ်စုံနဲ့ တွဲပြီး ဝတ်ဆင်ရင် လှပပြည့်စုံမယ်ဆိုတာ စိတ်ကူးယဉ်လို့ရကြပါပြီ။ နောက်ကဏ္ဍတွေမှာတော့ ရတနာလေးတွေရဲ့ ဆေးဖက်ဝင်မှု၊ အဆောင်နဲ့ အကျိုးအာနိသင်တွေကို အပျင်းပြေ လေ့လာကြည့်ကြပါဦးစို့လားရှင်။

## ပတ္တမြားဝတ်ဆင်ရခြင်း၏ အကျိုးကျေးဇူးများ

ကျောက်မျက်ရတနာ ၁၂ပါးတို့အနက် ပတ္တမြားဟာ စွဲမက်ဖွယ် အကောင်းဆုံးနှင့် တန်ဖိုးရှိဆုံးရတနာလို့ မှတ်ယူခဲ့ကြပါတယ်။

ဟိုးရှေးဘုရင် လက်ထက်တွေထဲက ပတ္တမြားတစ်ပွင့်ကို မြတ်စွာဘုရားမှာ လှူဒါန်းမိရုံနဲ့ နိုင်ငံရဲ့ အကြီးအကဲ ဘုန်းတန်ခိုးကြီးသော ဘုရင်တစ်ဆူ ဖြစ်တယ်ဆိုတဲ့ အစွဲဟာ လူသားတို့ရဲ့ နှလုံးသားမှာ စွဲထင်ခဲ့ကြပါတယ်။–

ချစ်မြတ်နိုးဖွယ်ရာသော ပတ္တမြားပွင့်ငယ်တစ်ခုရဲ့ ကိုယ်ခန္ဓာ



အတွင်းက တောက်ပလင်းလက်တဲ့ ရောင်စဉ်တန်းတွေဟာ ဝတ်ဆင်သူရဲ့ နှလုံးစိတ်ဝမ်းကို အေးချမ်းမှုရှိတဲ့အပြင် စိတ်ချင်းဆက်နွယ်မှု ပေးနိုင်တဲ့အရာလို့လည်း ဆိုခဲ့ကြပါတယ်။

ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ လူသားတို့ရဲ့ ဦးနှောက် အစိတ်အပိုင်းအချို့နဲ့ ရတနာကျောက်ပုံဆောင်ခဲတွေရဲ့ ဖွဲ့တည်မှုရဲ့အကြားမှာ စွမ်းအင်ချင်း ဖလှယ်မှုရှိတယ်ဆိုတဲ့ သိပ္ပံပညာရှင်နဲ့ စိတ်ပညာရှင်တို့ရဲ့ အဆိုကြောင့်ပါပဲ။

ဒီကျောက်ပုံဆောင်ခဲတွေဟာ လူတွေရဲ့ မွေးရာပါ အသိဉာဏ်ဖွံ့ဖြိုးမှုကို ပိုမိုနိုးကြွစေခဲ့သလို ကျန်းမာရေးရှုထောင့်ကလည်း များစွာ အထောက်အကူ ပေးခဲ့ပါတယ်။

သိပ္ပံနည်းကျကျ တွေးခေါ်ရမယ်ဆိုရင်လည်း ဒီ ပုံဆောင်ခဲတွေမှာ လျှပ်စစ်ဆိုင်ရာ သံလိုက်ဆွဲငင်မှုသတ္တိတွေ ရှိနေလို့ပါပဲ။ အဲဒီသတ္တိတွေကမှ တစ်ဆင့် လူသားတို့မှာရှိတဲ့ သံလိုက်ဆွဲငင်မှုကို အားကောင်းစေခြင်းဖြင့် လူသားတို့ရဲ့ စဉ်းစားတွေးခေါ်မှုတွေ၊ ဉာဏ်ရည်ဉာဏ်သွေးတွေ ပိုမိုတက်ကြွလာပြီး ထက်မြက်တဲ့ စွမ်းအားအချို့ကို ပေးဆောင်ခဲ့သလို ပုံဆောင်ခဲများမှတစ်ဆင့် စီးဆင်းသွားတဲ့ အီလက်ထရွန်တွေဟာ လူသားတို့ရဲ့ ခန္ဓာကိုယ်နဲ့ ထိတွေ့ပြီး ဒြပ်ပြောင်းလဲခြင်းများ ဖြစ်ပေါ်စေခြင်းကြောင့် လူသားတို့ရဲ့ စိတ်ခန္ဓာကိုယ်နဲ့ အသက်ဝိညာဉ်တွေ ရှင်သန်ရေးအတွက် ခွန်အားအသစ် ဖြစ်ပေါ်စေခဲ့လို့ ဖြစ်ပါတယ်။

ဒါကြောင့် ရှေးကတည်းက ရတနာတိုင်းမှာ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတယ်လို့ ဆိုရိုးရှိခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

ပတ္တမြားကျောက်မျက်ရတနာတစ်ပါးရဲ့ ကြီးစွာသော တန်ခိုးအာနိသင်တစ်ခုတော့ ပတ္တမြားဟာ ပျော်ရွှင်ခြင်းနဲ့ ကံကောင်းခြင်းအားလုံးကို သယ်ဆောင်လာသော ရတနာလို့ အမည်ရလို့ပဲ ဖြစ်ပါတယ်။ ဒီအယူအဆလေးကြောင့်ပဲ ပတ္တမြားဝတ်ဆင်သူ ဘယ်သူမဆို ပတ္တမြားကျောက်နီနီလေးတစ်ပွင့် ပန်ဆင်ရုံဖြင့် ထာဝရ ကံကောင်းခြင်းများ ပိုင်ဆိုင်ရတဲ့အပြင် ပျော်ရွှင်မှုအပေါင်း အစဉ်အမြဲခညောင်းနေမှာလည်း ဖြစ်ပါတယ်။

ပတ္တမြားရဲ့ အစွမ်းဟာ အံ့မခန်း ကြီးမားလှပါတယ်။ ပတ္တမြားဆောင်လျှင် အနာရောဂါအမျိုးမျိုး ကင်းဝေးစေပြီး တုတ်၊ ဓား၊ လက်နက်ပင် ပြီးတယ်

လို့ အယူအဆ ရှိခဲ့ပါတယ်။

ဒါတင်မကပါဘူး။ ပတ္တမြားဝတ်ဆင်လျှင် မိမိကိုယ်ကိုမိမိ ယုံကြည်မှုနဲ့ ပြည့်ဝစေပြီး ကိုယ်ရည်ကိုယ်သွေး ကောင်းလာတယ်လို့လည်း ခံယူခဲ့ကြပါသေးတယ်။

ကဲ… ပတ္တမြားချစ်တတ်သော ရှင်ရယ်။ အနီရောင် ပတ္တမြားလေးတစ်ပွင့်ရဲ့ အံ့ဖွယ်အစွမ်းသတ္တိ တစ်စုံတစ်ရာအောက်မှာ ထူးဆန်းပျော်ရွှင်ဖွယ် ရသတစ်ခုခုကိုဖြင့် ဝင်ရောက် ခံစားကြည့်လိုက်ကြရအောင်ပါလားလို့ တိုက်တွန်းလိုက်ပါဦးမယ်။ ကဲ… ဝတ်ကြည့်လိုက်ရအောင်ပါနော်။

## နီလာဝတ်ဆင်ရခြင်း အကျိုးတရားများ

အပြာရောင်ကျောက်တစ်ပွင့်ရဲ့ အံ့သြဖွယ် သုတ၊ ရသတို့ကို ခံစားကြည့်လိုက်တဲ့အခါ နီလာဆိုတဲ့ ရတနာဟာဖြင့် အချစ်ရဲ့ သင်္ကေတကိုပြတဲ့ ကျောက်တစ်ပွင့်အဖြစ် ထင်ရှားကျော်ကြားလှပါတယ်။

အပြာရောင်ရဲ့ ငြိမ်းချမ်းမှုရောင်စဉ်ဟာ အေးမြခြင်းလို့ သရုပ်ဆောင်စေခဲ့သည့်အပြင် နူးညံ့ခြင်း၊ သိမ်မွေ့ခြင်းတို့နဲ့လည်း စီးမျောစိမ့်ဝင်လျက် ရှိပါတယ်ရှင်။

အနှိုင်းမဲ့အေးမြမှုကို ပေးသော ဗုဒ္ဓ၏အရိပ်လို့ ဆိုအပ်တဲ့ ဘာသာတရား သက်ဝင်ယုံကြည်မှုကို အားပေးစေတာလည်း ဒီရတနာလေးရဲ့ တွန်းအားပေးမှုကြောင့်ပါပဲ။

ကိုယ့်ရင်ထဲက မနာလိုဝန်တို မာန်မာနတွေ ဖယ်ခွာချချင်ရင်ဖြင့် နီလာလေးတစ်ပွင့်ဆောင်ပါလို့ပဲ တိုက်တွန်းချင်ပါတယ်။

ကဲ… ဒီတော့ လူ့ဘဝရလာတဲ့ တစ်ခဏ ရတနာ မြတ်နိုးတတ်တဲ့သူတစ်ယောက်အတွက်-

- ဘာသာတရား သက်ဝင်ခြင်းရဲ့ ပြယုဂ်
- အချစ်ရဲ့သင်္ကေတ
- ငြိမ်းအေးမှုရဲ့ နယ်မြေ
- နူးညံ့တဲ့ စိတ်နှလုံးပိုင်ရှင်



ဖြစ်ရလေအောင် အပြာရောင်ကျောက်လေးတစ်ပွင့်က စောင့်ဆိုင်းနေတယ်ဆိုလျှင်တော့ နီလာလေးတစ်ပွင့် မဆင်ယင်သင့်ဘူးလား ရှင်။

## နဝရတ်ကိုးပါးထဲမှ ရတနာများ၏ ကျေးဇူးတရားများ

တန်ခိုးရှိတဲ့ကျောက်တွေဟာ ဒီကမ္ဘာကြီးပေါ်မှာ တကယ်ပဲ ရှိခဲ့ကြပါတယ်။

ဒီကျောက်မျက်ရတနာတွေကြောင့် လူသားတို့၏ စိတ်တန်ခိုးစွမ်းအင်တွေ ထက်မြက်ခဲ့ကြပါတယ်။

ရတနာတစ်ခုတလေကြောင့် လူသားတို့ရဲ့ အတွေးအခေါ် ကိုယ်ပိုင်ဉာဏ်ရည်ဉာဏ်သွေးများကို ပိုမိုမြင့်မားခဲ့ကြပြီး စိတ်ဓာတ်စွမ်းအား၊ ကာယစွမ်းအား ထက်မြက်ခဲ့တာတွေလည်း သာဓကေ အများကြီး ရှိခဲ့ကြပါတယ်။

ဒါတင် မကပါဘူး။ စိတ်လှုပ်ရှားမှု ပြင်းထန်နေတဲ့အခါ တည်ငြိမ်အောင် ထိန်းချုပ်ပေးနိုင်ခဲ့သလို ဖြတ်ထိုးဉာဏ်၊ တီထွင်ဉာဏ်တွေကို ဒီရတနာတွေက အံ့သြဖွယ်ကောင်းအောင် ဒီကျောက်မျက်တွေဟာ တကယ်ပဲ ထိန်းချုပ်ခဲ့ကြပါတယ်။

ဒီတော့ ရတနာဝတ်ဆင်တဲ့အခါ လှပမှု၊ မြတ်နိုးမှု တစ်ခုတည်းအတွက်သာမက ဝတ်ဆင်သူရဲ့ ကိုယ်စိတ်နှစ်ပါးလုံးရဲ့ လိုအင်ဆန္ဒ ပြည့်ဝဖို့လို့ ရည်စူးပြီး ဝတ်ဆင်စေလိုပါတယ်။

ဒီယုံကြည်ချက်ဟာ မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝ ဖြစ်စေသလို တက်ကြွလာတဲ့ စိတ်ဓာတ်၊ ရင်ဆိုင်ရဲတဲ့ သတ္တိတွေကအစ ပြည့်ဝလာအောင် ဒီရတနာလေးကပဲ ကူညီပေးတာ တွေ့ရပါလိမ့်မယ်။

ဘယ်အတိုင်းအတာထိ ထိရောက်စေသလဲဆိုရင် ရတနာတိုင်းမှာ သမာဓိအား ပိုမိုကောင်းမွန်အောင် အားပေးနိုင်စွမ်းရှိတဲ့အတွက် ဘာသာတရား သက်ဝင်ယုံကြည်သူများအဖို့ပိုလို့ အစိပ္ပာယ်ပြည့်ဝလှပါတယ်ရှင်။ ကျောက်မျက်ရတနာတစ်ပါးပါး ဝတ်ဆင်ပြီး တရားထိုင်ကြည့်စမ်းပါ။ ပိုမို သမာဓိအားကောင်းတာ တွေ့ရပါလိမ့်မယ်။

## (၁)"ကြောင်"ကျောက်

ကြောင်တစ်ကောင်ရဲ့ သူငယ်အိမ်နဲ့ တူနေလို့ ကြောင်ကျောက် ရယ်လို့ ခေါ်ဆိုခဲ့ပြီး မိုးကုတ်မြို့ကသာမက ဘရာဇီး၊ ဆိုဗီယက်၊ သီရိလင်္ကာက ထွက်ပါတယ်။ နဝရတ်ကိုးပါးမှာ တစ်ပါးပါဝင်ပြီး ခုခေတ်မှာတော့ ကြောင်ကျောက် နေရာမှာ မွန်းစတုန်းခေါ်တဲ့ မျောများကိုလည်း ထည့်တတ်ကြပါတယ်။

ဒီကျောက်ကလေးရဲ့ ဂုဏ်အင်္ဂါသတ္တိစွမ်းတွေကတော့ စိတ်ဓာတ် ငြိမ်မှုကို ပေးစွမ်းသလို စိတ်နှလုံး အေးချမ်းရုံမျှမက ပျော်ရွှင်မှုကိုလည်း ပေးပြန် ပါတယ်။

ဒါတင်မက ကံကောင်းခြင်း၊ ဖြတ်ထိုးဉာဏ်ရှိခြင်း၊ အသိတရား ကို ထက်မြက်စေခြင်း၊ ခေါင်းကိုက်၊ ဗိုက်နာခြင်း၊ အကြောရောဂါများလည်း ပျောက် ကင်းစေတယ်လို့ ယူဆခဲ့ကြပါတယ်။

## (၂)ဥဿဖရား ဝတ်ဆင်ရခြင်း အကျိုးကျေးဇူး

နဝရတ်ကိုးပါးမှာ မပါမဖြစ်တဲ့ ရတနာတစ်ပါး ဖြစ်ပါတယ်။ သူ့ကို ထပ်တစ်ရာလို့ အများအားဖြင့် ခေါ်တတ်ကြပြီး စိန်သားလို လှပလင်းလက် တောက်ပသော သဘောရှိပါတယ်။ အဖြူရောင်သာမက အဝါ၊ အပြာ၊ အညို၊ ပန်း ရောင်နဲ့ အစိမ်းရောင်တို့ကိုလည်း တွေ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် နဝရတ်ကိုးပါးထဲက ဥဿဖရားကတော့ အဖြူ ရောင်ကျောက်များသာ ဖြစ်ပါတယ်။

ဥဿဖရားဟာ ခွန်အားကို ဖြစ်စေပြီး ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ပေးတယ်လို့လည်း အခိုင်အမာ ယူဆခဲ့ကြပါတယ်။ ဒါတင်မကပါဘူး။ ဥဿဖရားရဲ့ အစိက စွမ်းအားတစ်ခုကတော့ ကိုယ်ပျောက်ဝိဇ္ဇာတစ်ယောက်လို မှော် ဝင်ပြီး ကိုယ်ဖျောက်နိုင်တယ်လို့ ယူဆခဲ့ကြလို့ပါပဲ။

ဒီရတနာလေးကြောင့် ရန်သူက ကိုယ့်ကို မမြင်နိုင်အောင် ဖျောက် ဖျက်ပေးနိုင်တတ်တယ်လို့ ယူဆခဲ့ကြလို့ပါပဲ။

ဒါတင်မက တစ်စုံတစ်ယောက်က အဆိပ်ခပ်ခဲ့လျှင်လည်း ဥဿ ဖရားဟာ အရောင်ပြောင်းပြီး သတိပေးတတ်ပါတယ်တဲ့ရှင်။

ထို့မျှမက စကားမပြောတတ်သူများကို ဆောင်စေလျှင် စကား ပြန်လည် ပြောတတ်စေသည်ဟု ယူဆခဲ့ကြပါတယ်။



## (၃)ဂေါမိတ်ဝတ်ရခြင်း အကျိုး

နှာဂွန်လို့ခေါ်တဲ့ ဂေါမိတ်ဟာဖြင့် နဝရတ်ကိုးပါးပါ မပါမဖြစ်တဲ့ ရတနာလေးတစ်ပါးပါပဲ။

ရွှေရောင်အဆင်းရှိသလို အပြာရောင်၊ လိမ္မော်ရောင်၊ အဝါရောင် အနေနဲ့လည်း တွေ့ရတတ်ပါတယ်။

ဂေါမိတ်ကျောက်တွေဟာ လုံးချောဘဝနဲ့သာ အမြင်များပြီး စိန် လိုတောက်ပပြီး မြသားလို တည်ငြိမ်လှပါတယ်။

ဒီရတနာလေးဟာဖြင့် ချမ်းသာကြွယ်ဝခြင်းကို ပေးစွမ်းသလို ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ ပိုင်နိုင်တဲ့ ဆုံးဖြတ်ချက်ပေးနိုင်ခြင်း၊ ဦးဆောင်ဦးရွက် ပြုနိုင်ခြင်း၊ ငြိမ်းချမ်းတည်ငြိမ်စိတ်ထားနိုင်ခြင်း စတဲ့ ဒီတန်ခိုးတွေကြောင့် စစ်သူ ကြီးတွေ၊ စစ်ဖက်နယ်ဖက် ဝန်ထမ်းများ အများဆုံး ဝတ်ဆင်တာ တွေ့ရပါတယ်။

ဒါတင် မကပါဘူး။ ဂေါမိတ်ဟာ မကောင်းဆိုးဝါးတို့ကို နှိုင်နင်း သလို အိပ်မက်ဆိုးများက ကာကွယ်ပေးပြီး အိပ်မက်လှလှတို့နဲ့ အိပ်ပျော်စေတဲ့ ရတနာလေးတစ်ပါးလည်း ဖြစ်ပါတယ်ရှင်။ ကဲ… သည်ရွေ့သည်မျှဆိုလျှင်ဖြင့် ရတနာချစ်သူအပေါင်း ရတနာတို့ရဲ့ လှပမှုတန်ခိုးအာနိသင် အကျိုးတရားတို့ သိရှိ ပြီးလျှင်ဖြင့် မိမိဘဝကို လှပအောင် မွန်းထုံစေရင်း ရတနာမြစ်တွင် သက်ဆင်းပျော် ရွှင်စွာ ကူးခပ်ဆော့ကစား ပျော်ပါးနိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။ ရတနာ ချစ်သူများ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ။

ပတ္တမြားဘုန်းတောက်<br>
မြကျောက်အေးချမ်း<br>
စိန်စွမ်းဂုဏ်ရောင်<br>
ကြောင်ကား သိဒ္ဓိ<br>
မဏိ နီလာ

မေတ္တာလွန်စိတ်
ဂေါ်မိတ်ခွန်အား
ဥဿဖရား ကျန်းမာ
သန္တာကြီးကဲ
ပုလဲ ကျက်သရေ
စိတ်ဖြေ မဟူရာ
မင်္ဂလာ ကျောက်စိမ်း
မူးမိုက်တိမ်းက
ပယင်းကိုသာ
ရှုရှိက်ရာ၏။

(မဏိသျှတ္တရကျမ်း)
အမျိုးသမီးရေးရာဂျာနယ်

## ရတနာအဆောင်ကျောက်များ

ကျောက်မျက်ရတနာများကို မြတ်နိုးဝတ်ဆင်သူတိုင်း ဘာကြောင့် ဝတ်တာလဲလို့ မေးလာလျှင် ရိုးသားစွာပင် လှချင်လို့၊ ကြိုက်လို့ ဝတ်လိုက်တာပါပဲ ဟု ပြောကြပါသည်။

ဝတ်ဆင်သူများထဲမှ တစ်ယောက်တလေကသာ 'ဒါအဆောင် သဘောပါ'ဟု ဆိုလာသည်။ 'အဆောင်'ဆိုတဲ့ စကားလေးကို ကျောက်စိမ်းအကြောင်း ရေးခဲ့စဉ်က ကျွန်မ မြတ်မြတ်နိုးနိုး တွယ်တွယ်တာတာ သုံးခဲ့မိသည်။

အဘယ်ကြောင့်နည်း။

ကျောက်စိမ်းဝတ်ဆင်သူသည် မိမိကိုယ်မိမိ နှိမ့်ချသောနိဝါတ တရားရှိခြင်းဟူသော အစွဲလေးကို မြတ်နိုးလွန်း၍ နှစ်သက်စွာ ရေးသားခဲ့မိခြင်း ဖြစ်ပါသည်။

တကယ်တော့ ကျွန်မသည် ကျောက်မျက်ရတနာတွေအကြောင်း ရေးသီကုံးခဲ့ပေမယ့် လက်တွေ့ကိုင်တွယ် ရောင်းချခဲ့ရသည်မှအပ ဂဃနဏ မသိခဲ့ရပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးအပြင် ဆရာကြီး ဦးဉာဏ်သင်း၊





ဆရာဦးလှဝင်း၊ ဆရာဘူမိ ကျောက်ရိုင်းနှင့်ပြည်ပကျောက်မျက်ရတနာဆောင်းပါးများမှ လက်လှမ်းမီသလောက် လေ့လာ ရေးသားရခြင်း ဖြစ်ပါသည်။ တကယ်တော့ ကျွန်မ မတော်လှပါ။

ထိုအခါ ငါသိ၊ ငါတတ်ဖြစ်မည်ကို စိုးရိမ်လှ၍ နိဝါတတရား နှင့် ပြည့်စုံသော ကျောက်စိမ်းဆွဲသီးကလေးတစ်ခု အမြဲဆင်မြန်းခဲ့ရပါသည်။ အဲဒီ ရတနာလေးကို အဆောင်ဟု ကျွန်မက သုံးစွဲခဲ့ပါသည်။

သို့ဆိုလျှင် ကျောက်မျက်ရတနာသည် လှဖို့ပဖို့အပြင် အဆောင် ပစ္စည်းအဖြစ် မြတ်မြတ်နိုးနိုး ခုံခုံမင်မင် ဆင်ယင်ခဲ့သူတွေလည်း ရှိပါလိမ့်မည်။ ထို့ကြောင့် အဆောင်ကျောက်များ အကြောင်းကို ရေးသီရန် ဆန္ဒရှိခဲ့ပါသည်။

ရှေးအခါကတည်းက ကျောက်မျက်ရတနာများကို အဆောင် ကျောက်များအဖြစ် ဝတ်ဆင်ခဲ့ကြရာတွင် အချို့က ကံကောင်းအောင်၊ အချို့က စီးပွားဖြစ်ထွန်းအောင်၊ အချို့က အချစ်ရေးအောင်မြင်အောင်၊ အချို့က ကျန်းမာရေးကောင်းအောင်ဟု ယုံကြည်စွာ ဝတ်ဆင်ခဲ့ကြပါသည်။

အချို့ကျပြန်တော့ ဂြိုဟ်စီးဂြိုဟ်နင်းမှ လွတ်ကင်းရလေအောင် ဆိုပြီး မွေးနေ့မွေးနံ့အလိုက်၊ လအလိုက် ဆင်ယင်သူတွေလည်း ရှိခဲ့ကြသည်။ ထို့ကြောင့် ကျောက်မျက်တို့သည် ဆေးဖက်ဝင်ခဲ့ကြပြန်ပါသည်။ ကျန်းမာရေးအရ ဂြိုဟ်ခွင်တွေ အားနည်းလာသည့်အခါ၌ပင်လျှင် သက်ဆိုင်ရာ ကျောက်မျက် ရတနာများကို ပြောင်းလဲဝတ်ဆင်ကြခြင်းဖြင့် ကျန်းမာရေးကောင်းလာကြောင်း လက်တွေ့ကြုံနေကြလေပြီ။ သို့ပါ၍ ရတနာများ၏ ဆေးဖက်ဝင်ပုံကို လေ့လာလိုက်သောအခါ အောက်ပါအတိုင်း တွေ့ရပါတော့သည်။

## ဂြိုဟ်အလိုက် ကုစားတတ်သည့် ရတနာများ

**တနင်္ဂနွေဂြိုဟ်** အားနည်းသည့်အခါ၌ စီးပွားရေးကျခြင်း၊ ငွေထွက်များခြင်း၊ သွေးနဲ့ပတ်သက်သော ရောဂါများ ဖြစ်ပွားခဲ့လျှင် ပတ္တမြားကို ဝတ်ဆင်ခြင်းဖြင့် ထိုရောဂါတို့မှ ကာကွယ်ကုသနိုင်သည်ဟု ဆိုရိုးရှိခဲ့ပါသည်။

**တနင်္လာဂြိုဟ်** အားနည်းလာသောအခါ ရင်ဘတ်နှင့်ဆိုင်သော အသက်ရှူလမ်းပိတ်ခြင်း၊ ဆီးမသွားနိုင်ခြင်း စသည့် ကျောက်ကပ်ဝေဒနာများ သက်သာရန် ပုလဲကို ဝတ်ဆင်ကြပါသည်။

**အင်္ဂါဂြိုဟ်** အားနည်းသောအခါ အကြော၊ အဆုတ်၊ ဦးနှောက်ဝေဒနာဖြစ်ပွားလျှင် သန္တာကို ဆောင်ရပါလိမ့်မည်။

**ဗုဒ္ဓဟူးဂြိုဟ်** အားနည်းသောအခါတွင်ကား နာဗ်ကြော၊ လေကြော၊ လျှာနှင့်ဆိုင်သော ရောဂါ၊ ဂင်ကျပ်၊ ပန်းနာ၊ စကားမပြောနိုင်ခြင်းတို့အတွက် မြ(သို့)ကျောက်စိမ်းကို ဆောင်ရလိမ့်မည်။

**ကြာသပတေးဂြိုဟ်** အားနည်းသောအခါတွင်ကား အရေပြား၊ အသားအရည်၊ မျက်စိ၊ အစာချေအဖွဲ့၊ သုတ်သွေးနှင့် မီးမဖွားနိုင်သော ရောဂါဖြစ်ရခြင်းကြောင့် စိန်ကို ဝတ်ဆင်ရမည်ဟု ဖော်ပြပါရှိပါသည်။

**စနေဂြိုဟ်** အားနည်းသောအခါ အဆစ်မြစ်၊ အရိုးတီဘီနှင့် ကင်ဆာဖြစ်လျှင် နီလာပြာဆောင်ခြင်းဖြင့် ပျောက်ကင်းသည်ဟူသော စွဲလမ်းစိတ်ဖြင့် ရတနာကို လှချင်လို့ဆိုတာထက် အဆောင်ကျောက်လို့ သဘောထားခြင်းက ပို၍ တန်ဖိုးရှိ လေးနက်လှပါသည်။

ထို့ကြောင့် ရတနာတို့သည် သမားတော်လေးများဟုဆိုလျှင် မှားမည် မထင်ပါ။

## ကံကောင်းခြင်းကို ပိုင်ဆိုင်သူ

ရတနာဝတ်သူ ဘယ်သူမဆို မိမိဝတ်ဆင်တဲ့ ရတနာကြောင့် ကောင်းခြင်းကို ပြည့်ဝစွာ ခံစားလိုကြသည်။ ဘယ်သူကဖြင့် ဘာအဝင်မတော်လို့ နိုက်တတ်တယ်ဟူသော စကားတချို့ကလည်း ရှိတတ်ကြပြန်ရာ မိမိရဲ့ မွေးနံ၊ မွေး



ရက်၊ မွေးလသည် မည်သည့်ရတနာနှင့် အလိုက်ဖက်ဆုံးဆိုတာလောက်တော့ သိထားကြရန် လိုပါသည်။

တကယ်ဆိုလျှင် ဘယ်ရတနာဝင်လို့မှ ခိုက်သည်ဟူ၍ မရှိပါ။ သို့ပေမယ့် ရှေးစကား မပယ်စကောင်းကာ မိမိနေ့နံအလိုက် သင့်တင့်လျောက်ပတ်သော ရတနာကို ဝတ်ဆင်ရင်း ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ကြပါပြီ။

## မွေးရက်အလိုက် ဝတ်လိုသော်

မိမိမွေးရက်၏ (၁) ဂဏန်းပိုင်ရှင်များသည် ရွှေကို ဝတ်ဆင်ကြရပါမည်။ (၂)ဂဏန်းပိုင်ရှင်သည် ပလက်တီနမ် ရွှေဖြူကို ဝတ်ဆင်ပြီး၊ (၃)ဂဏန်းပိုင်ရှင်များသည် စိန်ကို ဝတ်ဆင်ကြပါသည်။ (၄)ဂဏန်းပိုင်ရှင်သည် နီလာကို ဝတ်ဆင်ပြီး (၅)ဂဏန်းပိုင်ရှင်သည် မြကို ဝတ်ကြရပါသည်။ (၆)ဂဏန်းပိုင်ရှင်သည် ပုလဲကို ဝတ်ဆင်ရပြီး (၇) ဂဏန်းပိုင်ရှင်သည် ကျောက်စိမ်းကို ဝတ်ဆင်ရပါမည်။ (၈)ဂဏန်းပိုင်ရှင်သည် မဟူရာကို ဝတ်ဆင်ပြီး (၉)ဂဏန်းပိုင်ရှင်သည် ပတ္တမြားကို ဝတ်ဆင်ရမည်ဟု ဆိုခဲ့ကြပါ၏။

## မွေးနံအလိုက် ဝတ်လိုသော်

အကယ်၍ မိမိ၏ နေ့နံအလိုက် ဝတ်ဆင်လိုပါလျှင် တနင်္ဂနွေသားတို့အတွက် စိန်ကို ဝတ်ဆင်ရပါမည်။ တနင်္လာသားအတွက်မူ ပုလဲကို ဝတ်ဆင်ရပြီး အင်္ဂါသားတို့သည်မြကို ဝတ်ဆင်ကြရပါမည်။ ပတ္တမြားကိုလည်း ဝတ်ဆင်နိုင်သည်ဟု ဆိုပါသည်။ ဗုဒ္ဓဟူးသားသမီးတို့သည် ခရမ်းစွဲကို ဝတ်ဆင်ပြီး ကြာသပတေးသားသမီးတို့သည် နီလာကို ဝတ်ရမည်ဟု ဆိုထားပါသည်။ သောကြာသားသည်ကား ကြောင်ကျောက်ကို ဝတ်ဆင်ရန်လိုပြီး စနေသားသမီးတို့သည် စိန်ကို ဝတ်ဆင်သင့်သည်ဟု ဆိုပါသည်။

## မွေးလအလိုက် ဝတ်ဆင်လိုသော်

ဇန်နဝါရီလဖွားတို့သည် ဥဒေါင်း(အညှံ့နီ)၊ ဖေဖော်ဝါရီလဖွား

တို့သည် ခရမ်းစွဲ၊ မတ်လဖွားတို့သည် အကွာပရင်း၊ ဧပြီလဖွားတို့သည် စိန်၊ မေလဖွားတို့သည် မြ၊ သို့မဟုတ် ကျောက်စိမ်း၊ ဇွန်လဖွားတို့သည် ပုလဲ၊ ဇူလိုင်လဖွားတို့သည် ပတ္တမြား၊ ဩဂုတ်လဖွားတို့သည် ကြောင်၊ စက်တင်ဘာလဖွားတို့သည် နီလာ၊ အောက်တိုဘာလဖွားတို့သည် အိုပယ်၊ နိုဝင်ဘာလဖွားတို့သည် အိုပက်(ဥဿဖရား)၊ ဒီဇင်ဘာလဖွားတို့သည် တာကွိုက်တို့ ဝတ်ဆင်ကြပါသည်။

သို့သော် မြန်မာမကလေးများ အမြတ်တနိုး ဝတ်ဆင်ခဲ့ကြသော စိန်၊ ပတ္တမြား၊ မြ၊ နီလာ၊ ပုလဲတို့၏ ဂုဏ်သတ္တိအသုံးဝင်မှုနှင့် အယူအဆအချို့ကို တင်ပြလိုပါသည်။

## ရတနာဝတ်ဆင်ရခြင်း အကျိုးကျေးဇူးများ

### ထာဝရရှုံးနိမ့်ခြင်း မရှိတဲ့ ရတနာဆိုတဲ့ စိန်

စိန်လေးတစ်ပွင့်ရဲ့ ဂုဏ်အင်္ဂါကြီးမြတ်မှုတွေဟာ ဘယ်စာပန်းချီ ရေးသီဖွဲ့မမီနိုင်လောက်အောင် များပြားလှတာ တွေ့ရလေသည်။

စိန်သည် အလွန်မာကျောသော ပစ္စည်းဖြစ်ရလေကား စိတ်ဓာတ်ကြံ့ခိုင်လိုမှု၊ တောင့်တင်းခိုင်မာမှု ရှိစေတဲ့အခါ စိန်ကို အဆောင်သဘောဆောင်တာ တွေ့ရပါသည်။



စိန်သည် ဆေးဖက်ဝင် ရတနာတစ်မျိုးဖြစ်ပြီး အဆိပ်အတောက်ကို ကျေစေနိုင်သည်ဟု ယူဆခဲ့ကြသည်။ ထို့အပြင် စိန်ဝတ်ဆင်ခြင်းကြောင့် စုန်းပယောဂတို့ မကပ်နိုင်သကဲ့သို့ ရန်ကိုငြိမ်းအေးစေခြင်း၊ ရူးသွပ်မှုကို ကုစားနိုင်ခြင်း၊ အိပ်မက်ဆိုးတို့မှ ကင်းစင်နိုင်ခြင်း၊ မည်သည့် စစ်ပွဲမဆို ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်ခြင်း ရှိသည်ဟု ယူဆခဲ့ကြသည်။

အဓိကအားဖြင့် စိန်သည် ချစ်မှုရေးရာကို အားပေးတတ်ပြီး ခိုက်ရန်ဖြစ်ပွားမှုကို တားဆီးသဖြင့် ချစ်သူရည်စား ဇနီးမယားကြားဝယ် စိန်ကို



မြတ်မြတ်နိုးနိုး ခုံခုံမင်မင် ဝတ်ဆင်ခဲ့သည်ဆိုလျှင်တော့ စိန်ဆိုတဲ့ ရတနာလေးတစ်ခုတလေတို့ဖြင့် မမလေးတို့ ဝတ်ဆင်သင့်ပါတယ်လို့ အကြံပြု ရေးသားချင်ပါတယ်ရှင်။

### အနှိုင်းမရှိ အေးချမ်းမှုကို ပေးသော မြ

ဣန္ဒြေရရ လှပရွှန်းစိုသော မြ၏ စိမ်းမြမြအေးချမ်းသော ရောင်စဉ်ကလေးသည် အိပ်ပျော်နေသော ရောင်စဉ်လေးတစ်ခုလို နက်နက်ရှိုင်းရှိုင်းလှပသော ရတနာတစ်ပါးလည်းဖြစ်၏။

မြသည် ခရစ်တော်မပေါ်မီ ဟိုးလွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်ကတည်းက အမျိုးသမီးထု၏ အသည်းနှလုံးကို အကြီးအကျယ် ဖမ်းစားအနိုင်ယူခဲ့သလို ဆေးဖက်ဝင်ရာတွင်လည်း သူမတူအောင် ကျော်ကြားလှဘိ၏။ မြသည် မေလဖွားတို့၏ အဆောင်ကျောက်ဖြစ်ပြီး ဝက်ရူးပြန်ရောဂါကို ကာကွယ်နိုင်သည်ဟု အဆိုရှိခဲ့သည်။ ထို့မျှမက မြကို ဆင်မြန်းထားသူသည် အတိတ်နိမိတ်ကောင်းခြင်း၊ ဒုစရိုက်အပေါင်းကို အောင်မြင်ခြင်း၊ ကောင်းခြင်းမင်္ဂလာပြည့်စုံခြင်း စသည်တို့ပြင် ယုံကြည်ကာ အမြတ်တနိုး ကိုးကွယ်ဝတ်ဆင်ခဲ့ကြလေ၏။

ထို့မျှမက ပလိုင်နီ၏ အဆိုအရ မြသား၏ အစိမ်းရောင် မြမြကလေးသည် လူသားတို့၏ စက္ခုအာရုံကို ငြိမ်းချမ်းမှု အပေးနိုင်ဆုံးအရာဟု မှတ်ချက်ချခဲ့သည်။

အသေချာဆုံးကတော့ မြကို ဆောင်သူသည် မှတ်ဉာဏ်တိုးခြင်း၊ စကားလှလှလေးတွေ ရွေးချယ်ပြောတတ်ခြင်း၊ ရေးဖြစ်ကို ကြိုတင်ဟောနိုင်ခြင်း၊ အနာဂတ်ကို ကြိုတင်မြင်နိုင်ခြင်း ထို့အပြင် အချစ်ရဲ့ သင်္ကေတတစ်ပါးဟုသာ ယူဆခဲ့ကြပါသည်။ သို့ဆိုလျှင် မြလေးတစ်ပွင့် ပိုင်ဆိုင်သူ သင်သည် ကံကောင်းသူတစ်ဦးဟု ဆိုနိုင်ပြီ ဖြစ်၏။

### သဘာဝတရား၏ လက်ဆောင်မွန်(သို့မဟုတ်)ပုလဲဝတ်ဆင်ရခြင်းအကျိုး

ကမာကောင်လေးတစ်ကောင်မှ လှပသန့်စင်စွာ မွေးဖွားခဲ့သော

ရတနာလေးတစ်ပါးသည် အံ့ဩထူးဆန်းဖွယ် ရောင်စဉ် လှလှလေးများဖြင့် ကမ္ဘာ့လောကကြီးထဲကို သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းများစွာဖြင့် မွေးဖွားရောက်ရှိကာ လူသားတို့ကို အကျိုးများစွာ ပေးစွမ်းခဲ့ပါ၏။

ပုလဲရတနာသည် အပြစ်ကင်းစင်ခြင်း၏ ပြယုဂ်လည်းဖြစ်ပါ၏။ ပုလဲရတနာသည် သမားတော်များလည်း ဖြစ်၏။ ရောင်စဉ်အမျိုးမျိုးဖြင့် လှပသော ပုလဲတိုင်းသည် ထူးခြားသော ဂုဏ်သတ္တိများဖြင့် လူသားတို့အား အကျိုးပြုကြောင်း တွေ့ရ၏။ မယုံကြည်လျှင် ဝတ်ဆင်ပြီး စမ်းသပ်ကြည့်ရအောင်လားရှင်။

ဥပမာ ရွှေရောင်အဆင်းနဲ့ ပုလဲဝါလေးတစ်လုံးသည် အသက်ရှည်ကျန်းမာခြင်းကို ပေးစွမ်းနိုင်ပြီ။

ပန်းရောင်ပုလဲလေးတစ်လုံးသည် ဝတ်ဆင်သူကို ချောမောလှပစေပါ၏တဲ့။

ပုလဲနက်လှလှလေးတစ်လုံး ပိုင်ဆိုင်သူသည် အတွေးအခေါ် ရင့်သန်သူပညာရှင်တစ်ဦး ဖြစ်လာနိုင်သလို ခဲရောင် ပုလဲသည်လည်း စဉ်းစားဉာဏ်ကို ရင့်သန်စေသည်ဟု ဆိုခဲ့ပါသည်။

မည်သည့်ပုလဲကိုဖြစ်စေ၊ အမှုန့်ကြိတ်ပြီး နွားနို့နှင့်သောက်လျှင် စိတ်တိုခြင်း၊ ဒေါသကြီးခြင်းမှ ကာကွယ်နိုင်၏ဟု အဆိုရှိခဲ့သည်။

ထို့ပြင် ပုလဲသည် ခွန်လဖွားတို့၏ အဆောင်ကျောက်ဖြစ်သလို ပျော်ရွှင်ဖွယ်ကောင်းသော မင်္ဂလာရှိသော ရတနာတစ်ပါးလည်း ဖြစ်ပေ၏ဟု ဆိုလေရာ ဘယ်လိုမဆို ပုလဲတစ်ပွင့်တလေဖြင့် မိမိကိုယ်ကိုမိမိ မင်္ဂလာရှိသော မိန်းမများ ဖြစ်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ပဒ္မာမြားမိုမို
အမျိုးသမီးရေးရာဂျာနယ်၊ ၁၉၉၉



## ACKNOWLEDGEMENTS

I want to express my sincerest gratitude and appreciation to those persons who offered their knowledge and tireless assistance in writting, compilation and publishing this book.

This book required the careful attention of all those involved in its production especially U Ohn Khine the translator and U Win Nyein(Shwe Amyute Magazine) who sponsored and managed the entire process of this publication.

**RUBY MO MO**







# MYANMAR'S RUBY

The beauty of the other side of Koung Loom Seen through the thick glass from the exhibition centre of Hong Kong island which is similarly called as the Adin park of the eastern island long for like a picture.

It is true to feel something that the indistinct flavour of the electric lights which cannot flash brightly because of the mist. I smile in hearing my friend's words "To see the beauty of Hong Kong is not clear" It is 26 degrees above zero and it is very cold, outside. As the cold is 24 degrees inside the exhibition centre and is lass than outside. For a Myanmar lady, she doesn't like that kind of cold.

It is very lovely to see the big flat with electric lights on the Lion Hill like the small quartzs standing together in a row under the sunlight. When I see the ships and the small boats with lights in the channel between Hong Kong and Koung Loon. I have a fanciful dream to visit the Lima Island having dinner on boat the moonlight, if I reach Hong Kong.

But now... where my dream be lost! As the jewellary exhibition will be finished tomorrow, the association serve with dinner to the international jewellary traders. Though everyone enjoys at the party I cannot enjoy it for being tired. When I gape, I hear a

voice. "Hi! Where did you keep your smile; Ms. Ruby?"

For such greeting, I cut my thoughts and see Mr. Kitakata, the Japanese jewellary trader from Kobay in Japan.

He gives me a buffet food and we feel the beauty of Kaung Lun together. "Thanks, Mr. Kitakata, I feel very exhaurted lovely... But now, I get a companion to speak with when you come."

We speak a lot by looking at the Lion Hill. It retains in my memory.

Tomorrow is the last day for jewellary exhibition. So, this is the farewell for the jewellary traders who meet annually to long for next year.

"Ms. Ruby, your business is OK, to day... It is very over crowded in frout of your shop. I feel very happy for that". I laugh by hearing his words.

"All are observers, Mr.Kitakata, there is a few people to buy. If it is finished, I fall down with cramps".

He laughs and says "Oh! my God!" "What about your shop", "Not so bad, he replys open! It is possible. His shop is very big enough and has three rooms. The wonderful thing is a almost all the jewellary shop from Japan (Kobay, Osaka and Tokyo) sell the white south sea, pearls and the black TIHITI pearls. But at his shop, he sells the jewellaries especially Myanmar rubies.

The most wonderful thing is the name of his shop which is in front of mine is "MO MO YO KI TO JE-WELLARY LTD JAPAN". If is a very wonderful coincedence. Because the name of my shop is "RUBY MO MO GEMS AND JEWELLARIES LTD' MYANMAR".

So we become very friendly.

"Ms. Ruby, Do you keep the rubies I chose yesterday?"

"Yes, certainly" I answer.

"Why don't you sell them to another buyers?"

"It is my priciple and it is also my duty."



Oh! Ms.Ruby, you're the one I have to admire. See you tomorrow.

He returns after picking me up to my hotel (HOUOUT VIEW HOTEL) at 10 p.m.

Anyway, I pray for that man who can give me a nice dream to get the right decision for my heart and my rubies tomorrow. When I lay down on my bed for being tried, the 9 rubies ( 1 karat size) which he packed in the afternoon get into my dream.

* * * * *

## The 1st day of Hong Kong international Jewellary Exhibition (1997).

Myanmar is the one which can attend on the jewellary exhibition among so countries. It is one of the historical mark for my life because my jewellary company canget a chance to attend on the exhibition in Myanmar pavitions. The exhibitions are let to display inside the centre at 9 a.m. At 11 a.m, when all the guests are allowed to come into the centre, my shop becomes one-crowd, The shop next to me is Rolax watch company from Switchzerland and the price for the worst quality is above US$ 10,000. At the opposite side is a big diamond shop called Li Li Diamond from Itali and beride it is the Colambia Emerald shop. So I feel down-hearted like a black crow among the peacocks. But for the very first day, my shop is prosperous with people. When they see



the word "Myanmar", their footsteps falter and their eyes are on the rubies.

"Can you show me that rubies?"

I take out the Ruby box from the counter and poui out into the white tray and give him a tweezes and a magnifying glass.

"You can see slowly and buy it only if you like... Please let me sell to another buyers".

I am so bury with the other people after asking him a permission.

I feel very tired. But I cannot take a rest for a while. After a few minutes, he collerts the 20 rubies among 50, to be packed and them he gives me his visiting card.

When he shows me his shop at the opposite, I'm very surprised to see the name "MO MO YO KI TO". I haven't noticed it before. When I gaze it with surprise,... "Please keep it, I'll see it again", he goes back then. "What kind of man he is! he did not bargin" says my sister I have to be patient with him who made in a daze in the first sale of the day.

"He'll come back soom he's also the exhibitar" The exhibition is crowded with the people from other countrie than HongKong. Among the guests, I can see the jewellary traders more than the buyers for wearing.

About 3 p.m the Japanese man comes again with one companion and intodue me to him. "He's the designer of my shop. Please show me the rubies I saw before."

They look them at for half an hour in speaking Japanese and then the designer goes back again.

Mr.Kitakata left alone then. Fortunately, there is no guest in my shop and we stay together at the table. "My name is Kitakata", he first introduce himself so I give him my hand saying, "I'm Ruby Mo Mo". "Oh! I think it's the company name, but now, it's also your name and it is very cute. I'm very pleased as he uses the word



"CUTE"instead of "LOVELY".

So I reply, "Thanks, Mr. Kitakata".

Then he asks me, "Ms.Ruby, Please may I know if there is any reason to put the word "RUBY" infront of your name?"

I have been starting my job for 10 years ago. But no one ask me like that. But now, When a Japanese man asks me this question, I've got a chance to give the answer which I wanted to for 10 years ago.

"The Jewellary means adorable, Mr. Kitakata". And my country is famous Ruby Land all over the world. So I give that name which respresents the meaning of "The Myanmar Jewellary"

"Oh! It's a very good intention. I want to know something. Can you tell me, for example, Moekoke Ruby are the Minshu Ruby"

"Oh! my God. It's very surprising. The Japanese jewellary lovers asks about Mineshu and Moekoke Rubies, which the Myanmar people cannot know thoughly. I didn't expect that kind of questions. What I think is may be he will ask how much it is, If it is real or not, if it has a guaranty something like that.

I feel very happy to hear that question. Because I always want to be proud of Myanmar Rubies.

"Mr. Kitakata! In Myanmar, we have many lovely mountain ranges like Fijiyama in Japan. As there are blossoming cherry trees in Fujiyama, Myanmar mountains are very beautiful with golden sunflowers.

The Japanese with white dress hanging the bells on their waists climb Fujiyama happily by accepting the nobility without offense. Also the people in Myanmar climb the mountain with mattock, grub hoe and get the jewellary. Because these mountains are the jewellary ranges, Mr. Kitakata. That mountain ranges were famous for the stories which made surprised to the world for many years".

"Thousand years ago, the vultures flied among that an

mountains in which the rubies were seattered thinking them as the fleshes. When the people climbed and saw the brilliant red rubies sticking at the mmmm, it sratred to become as **A Ruby Land**".

"It is very surprising and interesting. Please continue Ms. Ruby".

"Mr. Kitakata, As a Japanese think when they climb the Fujiyama once, their lives become pleasant, our country and the mountain ranges give us the rubies from the blood of her heart through the earth.



So Myanmar people believe the benefit of our fortune, never do sins and be devout the religion by loving the jewellary, doesn't it? Mr. Kitakata"

He nods his head deeply. "Either the Moekoke rubies are corumdum as the Mineshu's, aren't they, Ms. Ruby"

"That's right! Though the Moekoke ruby has been appearing for many years ago, the Mineshu's Ruby becomes anly for 10 years ago. A farmer dug for cultivation and found it. But it is not clear and pretty enough like the Moekoke ruby. Its colours lies in violet and there are black withs in the middle. When we repair it



by fising, we can get the Mineshu ruby which is lighter. If the Moekoke ruby is red because of cromium less. According to the gems craft, there are two aluminiums and three oxygen in ruby. Normally, Corundum is white but it becomes red because of cromium. If Titanium and Ironxide belong to it, it becomes sapphire. Now, that Mineshu ruby has only cromium. The ruby crystal has the rectangles at the side by the rival of the axle and at the tops are equal in base with closing type. The crystal of Mineshu ruby is the same as the Moekoke's. The Myanmar ruby has Rutile libs si fibre. The Sri Lan Kha has the feather-shaped inclusion and the Thailand ruby has the hexagon-shaped inclusion. By the reflection of that inclusion, they become stars."

"Ms. Ruby, You've studied a lot. But you haven't answered what I want to know. Please tell how you will distinguish the Mineshu and the Moekoke rubies."

He is not a worthless person. As he seems that he has a lot of knowledge about jewellary. I have to control myself to tell him about it. I have to choose the best words. He won't surrender a little. We can distinguish that two rubies by including flaw, the hardness of the stone, the sameness of spreading colours and having the violet colour. Then, have you seen one Ruby quietly under the thousand enlarged magnifying glass?"

"I can feel the beauty of its red colour as if I were in the volcans which explode continuously. Do you feel its dishitive rays. They are quite different all over the world". He see me with smile.

"Ms Ruby, You look like read ruby. I can feel by seeing you like a big ruby infront of me. By the way, the rubies I chose are Moekoke as the Moemate's then. Are they repaired by fire?"

He is an astute person. I know that, "These are the Moekoke' one. So they are not fired at all. When you see clearly, you'll find some flaws which stick on it. But there's no flaws on Mineshu's ruby. The 90 percent of Moekoke rubies are not fired. 70 percent

of Mineshu's are beautiful because of fring." Do you like the fired Ruby. Mr. Kitakata?"

"Yes, I like it. The fired Mineshu ruby is sparkle like a diamond and it is thought like a red diamond."

"You're right, Mr. Kitakata, So can you accept the fired Ruby?"

